http://www.dhammadownload.com

နိဗ္ဗာန်လမ်းညွှန်

# ဓမ္မပဒတရားတော်


(ပါဠိတော်၊ အဋ္ဌကထာ မြန်မာပြန်)

ပို့ချချက်




အရှင်ကုဏ္ဍိယ(သျှင်မိုးဝေ)
သာသနဓဇဓမ္မာစရိယ
သာသနကုံရဓမ္မာစရိယ





http://www.dhammadownload.com







## အမြတ်ဆုံး(၄)ပါး



သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ
အလှူတို့တွင် ဓမ္မအလှူသည် အမြတ်ဆုံး
သဗ္ဗရသံ ဓမ္မရသော ဇိနာတိ
အရသာတို့တွင် ဓမ္မရသသည် အသာလွန်ဆုံး
သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ
မွေ့လျော်ဖွယ်တို့တွင် ဓမ္မနှင့်မွေ့လျော်ခြင်းသည် အကောင်းဆုံး
တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ
တဏှာကုန်ခြင်းသည် ဆင်းရဲအားလုံးကို လွန်မြောက်၏။

(ဓမ္မပဒ)

မင်္ဂလာဗျူဟာအသင်းချုပ်၊ ဗုဒ္ဓဘာသာသင်တန်းကျောင်း
အာဇာနည်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၃၇၀၉၅၈

http://www.dhammadownload.com

မင်္ဂလာဗျူဟာအသင်းချုပ်၊
(ဗုဒ္ဓဘာသာသင်တန်းကျောင်း)
အာဇာနည်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၃၇၀၉၅၈

## နိဗ္ဗာန်လမ်းညွှန်

# ဓမ္မပဒတရားတော်

(ပါဠိတော်၊အဋ္ဌကထာမြန်မာပြန်ပို့ချချက်)

(ပထမတွဲ)

(ယမကဝဂ်မှ-အရဟန္တဝဂ်အထိ)

**အရှင်ဣန္ဒြိယ(သျှင်မိုးဝေ)**
သာသနဓဇဓမ္မာစရိယ၊သာသနကံ့ရဓမ္မာစရိယ
အဘိဓမ္မာဂုဏ်ထူးဆောင်သင်တန်းပြဆရာတော်

ကောဇာ-၁၃၇၀၊ သာသနာ-၂၅၅၂၊ ခရစ်-၂၀၀၈။

http://www.dhammadownload.com



ဓမ္မပဒတရားတော်ပို့ချချက်

# မာတိကာ

❁❁❁❁❁


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| မိတ်ဆက်အမှာစာ | ..... | ..... |

## ၁–ယမကဝဂ်

| | | |
|---|---|---|
| ၁။ စက္ခုပါလတ္ထေရဝတ္ထု | ..... | ..... ၁ |
| ၂။ မဋ္ဌကုဏ္ဍလီဝတ္ထု | ..... | ..... ၆ |
| ၃။ တိဿတ္ထေရဝတ္ထု | ..... | ..... ၉ |
| ၄။ ကာဠယက္ခိနီဝတ္ထု | ..... | ..... ၁၁ |
| ၅။ ကောသမ္ဗကဝတ္ထု | ..... | ..... ၁၃ |
| ၆။ မဟာကာလတ္ထေရဝတ္ထု | ..... | ..... ၁၆ |
| ၇။ ဒေဝဒတ္တဝတ္ထု | ..... | ..... ၁၉ |
| ၈။ သာရိပုတ္တတ္ထေရဝတ္ထု | ..... | ..... ၂၁ |
| ၉။ နန္ဒတ္ထေရဝတ္ထု | ..... | ..... ၂၄ |
| ၁၀။ စုန္ဒသူကရိကဝတ္ထု | ..... | ..... ၂၆ |
| ၁၁။ ဓမ္မိကဥပါသကဝတ္ထု | ..... | ..... ၂၈ |
| ၁၂။ ဒေဝဒတ္တဝတ္ထု | ..... | ..... ၃၀ |
| ၁၃။ သုမနာဒေဝီဝတ္ထု | ..... | ..... ၃၂ |
| ၁၄။ ဒွေသဟာယကဝတ္ထု | ..... | ..... ၃၄ |

## ၂–အပ္ပမာဒဝဂ်

| | | |
|---|---|---|
| ၁။ သာမာဝတီဝတ္ထု | ..... | ..... ၃၇ |

http://www.dhammadownload.com

## မာတိကာ

၂။ ကုမ္ဘဃောသကဝတ္ထု ..... ..... ၄၂
၃။ စူဠပန္ထကဝတ္ထု ..... ..... ၄၃
၄။ ဗာလနက္ခတ္တသဃုဋ္ဌဝတ္ထု ..... ..... ၄၆
၅။ မဟာကဿပတ္ထေရဝတ္ထု ..... ..... ၄၈
၆။ ပမတ္တာပမတ္တဒွေသဟာယကဝတ္ထု ..... ..... ၄၉
၇။ မဃဝတ္ထု ..... ..... ၅၀
၈။ အညတရဘိက္ခုဝတ္ထု ..... ..... ၅၄
၉။ နိဂမဝါသီတိဿတ္ထေရဝတ္ထု ..... ..... ၅၅

### ၃–စိတ္တဝဂ်

၁။ မေဃိယတ္ထေရဝတ္ထု ..... ..... ၅၇
၂။ အညတရဘိက္ခုဝတ္ထု ..... ..... ၅၉
၃။ အညတရဥက္ကဏ္ဌိတဘိက္ခုဝတ္ထု ..... ..... ၆၁
၄။ သံဃရက္ခိတဘာဂိနေယျတ္ထေရဝတ္ထု ..... ..... ၆၃
၅။ စိတ္တဟတ္ထတ္ထေရဝတ္ထု ..... ..... ၆၅
၆။ ပဉ္စသတဘိက္ခုဝတ္ထု ..... ..... ၆၇
၇။ ပူတိဂတ္တတိဿတ္ထေရဝတ္ထု ..... ..... ၇၀
၈။ နန္ဒဂေါပါလကဝတ္ထု ..... ..... ၇၁
၉။ သောရေယျတ္ထေရဝတ္ထု ..... ..... ၇၃

### ၄–ပုပ္ဖဝဂ်

၁။ ပထဝီကထာပသုတပဉ္စသတဘိက္ခုဝတ္ထု ..... ..... ၇၅
၂။ မရီစိကမ္မဋ္ဌာနိကတ္ထေရဝတ္ထု ..... ..... ၇၇
၃။ ဝိဋ္ဋူဘဝတ္ထု ..... ..... ၇၉
၄။ ပတိပူဇိကကုမာရိဝတ္ထု ..... ..... ၈၁
၅။ မစ္ဆရိယကောသိယသေဋ္ဌိဝတ္ထု ..... ..... ၈၃
၆။ ပါဝေယျကအာဇီဝကဝတ္ထု ..... ..... ၈၄

http://www.dhammadownload.com

# ဓမ္မပဒတရားတော်ပို့ချချက်


၇။ ဆတ္တပါဏိဥပါသကဝတ္ထု ..... ..... ၈၆
၈။ ဝိသာခါဝတ္ထု ..... ..... ၈၈
၉။ အာနန္ဒတ္ထေရဝတ္ထု ..... ..... ၉၂
၁၀။ မဟာကဿပတ္ထေရပိဏ္ဍပါတဒါနဝတ္ထု ..... ..... ၉၄
၁၁။ ဂေါဓိကတ္ထေရပရိနိဗ္ဗာနဝတ္ထု ..... ..... ၉၅
၁၂။ ဂရဟဒိန္နဝတ္ထု ..... ..... ၉၆


## ၅–ဗာလဝဂ်


၁။ အညတရပုရိသဝတ္ထု ..... ..... ၉၈
၂။ မဟာကဿပသဒ္ဓိဝိဟာရိကဝတ္ထု ..... ..... ၁၀၀
၃။ အာနန္ဒသေဋ္ဌိဝတ္ထု ..... ..... ၁၀၁
၄။ ဂဏ္ဌိဘေဒကစောရဝတ္ထု ..... ..... ၁၀၃
၅။ ဥဒါယိတ္ထေရဝတ္ထု ..... ..... ၁၀၄
၆။ တိံသပါဝေယျကဘိက္ခုဝတ္ထု ..... ..... ၁၀၆
၇။ သုပ္ပဗုဒ္ဓကုဋ္ဌိဝတ္ထု ..... ..... ၁၀၇
၈။ ကဿကဝတ္ထု ..... ..... ၁၀၈
၉။ သုမနမာလာကာရဝတ္ထု ..... ..... ၁၁၀
၁၀။ ဥပ္ပလဝဏ္ဏတ္ထေရီဝတ္ထု ..... ..... ၁၁၁
၁၁။ ဇမ္ဗုကတ္ထေရဝတ္ထု ..... ..... ၁၁၃
၁၂။ အဟိပေတဝတ္ထု ..... ..... ၁၁၅
၁၃။ သဋ္ဌိကူဋပေတဝတ္ထု ..... ..... ၁၁၆
၁၄။ စိတ္တဂဟပတိဝတ္ထု ..... ..... ၁၁၈
၁၅။ ဝနဝါသီတိဿသာမဏေရဝတ္ထု ..... ..... ၁၁၉


## ၆–ပဏ္ဍိတဝဂ်


၁။ ရာဓတ္ထေရဝတ္ထု ..... ..... ၁၂၃
၂။ အဿဇိပုနဗ္ဗသုကဝတ္ထု ..... ..... ၁၂၄
၃။ ဆန္နတ္ထေရဝတ္ထု ..... ..... ၁၂၆

http://www.dhammadownload.com

## မာတိကာ

၄။ မဟာကပ္ပိနတ္ထေရဝတ္ထု ...... ...... ၁၂၇
၅။ ပဏ္ဍိတသာမဏေရဝတ္ထု ...... ၁၂၉
၆။ လကုဏ္ဍကဘဒ္ဒိယတ္ထေရဝတ္ထု ...... ...... ၁၃၁
၇။ ကာဏမာတာဝတ္ထု ...... ...... ၁၃၃
၈။ ပဉ္စသတဘိက္ခုဝတ္ထု ...... ...... ၁၃၄
၉။ ဓမ္မိကတ္ထေရဝတ္ထု ...... ...... ၁၃၆
၁၀။ ဓမ္မဿဝနဝတ္ထု ...... ...... ၁၃၇
၁၁။ ပဉ္စသတအာဂန္တုကဘိက္ခုဝတ္ထု ...... ...... ၁၃၉

## ၇–အရဟန္တဝဂ်

၁။ ဇီဝကပဉှာဝတ္ထု ...... ...... ၁၄၂
၂။ မဟာကဿပထေရဝတ္ထု ...... ...... ၁၄၃
၃။ ဗေလဋ္ဌသီသတ္ထေရဝတ္ထု ...... ...... ၁၄၅
၄။ အနုရုဒ္ဓတ္ထေရဝတ္ထု ...... ...... ၁၄၇
၅။ မဟာကစ္စာယနတ္ထေရဝတ္ထု ...... ...... ၁၄၉
၆။ သာရိပုတ္တတ္ထေရဝတ္ထု ...... ...... ၁၅၁
၇။ ကောသမ္ဗိဝါသီတိဿတ္ထေရသာမဏေရဝတ္ထု ...... ၁၅၂
၈။ သာရိပုတ္တတ္ထေရဝတ္ထု ...... ...... ၁၅၄
၉။ ခဒိရဝနိယရေဝတတ္ထေရဝတ္ထု ...... ...... ၁၅၅
၁၀။ အညတရ ဣတ္ထိဝတ္ထု ...... ...... ၁၅၇

http://www.dhammadownload.com

# ဓမ္မပဒမိတ်ဆက်

## ဓမ္မပဒပို့ချချက်

စာရေးသူသည် ဗဟန်းမြို့နယ်၊ အာဇာနည်လမ်းရှိ၊ မင်္ဂလာဗျူဟာအသင်းချုပ်တွင် ၂၀၀၇-ခုနှစ်မှစ၍ သာသနာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော လူပုဂ္ဂိုလ်များဆိုင်ရာ အဘိဓမ္မာစာမေးပွဲများအတွက် အဘိဓမ္မာဂုဏ်ထူးဆောင်(ဋီကာကျော်)သင်တန်းကို ပို့ချပေးခဲ့သည်။ ယင်းနှစ်မှာပင် မင်္ဂလာဗျူဟာအသင်းချုပ်၊ ဓမ္မစာပေသင်တန်း အမှုဆောင်များဖြစ်သော ဆရာဦးစိုးသန်း၊ ဆရာဦးသန်းဦး(ကွယ်လွန်)၊ဒု-ဗိုလ်မှူးကြီး ဇင်ဝေသိမ်း(ငြိမ်း)၊ ဆရာဦးအောင်မွန်စသောပုဂ္ဂိုလ်တို့က ပင့်ဖိတ်လျှောက်သဖြင့် ဂရုဓမ္မလူ့သီလသင် တန်းနှင့် ပဋ္ဌာန်းတရားတော်သင်တန်းတို့ကိုပါ ပို့ချပေးနိုင်ခဲ့ပါသည်။

သင်တန်းအသီးသီးကို ပို့ချရာမှာ ပါဠိစာပေနှင့် ရင်းနှီးကျွမ်းဝင်မှုနည်းသော လူပုဂ္ဂိုလ်များ လွယ်ကူစွာ သင်ယူ,တတ်သိ နားလည်နိုင်စေရန် မိမိသင်ကြားသော အကြောင်းအရာတို့ကို ဆိုင်ရာမူရင်းကျမ်းတို့မှ ထုတ်နုတ်ပြီး သင်တန်းပို့ချချက်စာအုပ်အဖြစ် ရေးသားသည်။ ထိုအခါ သင်တန်းပြဆရာအတွက်ရော သင်တန်းသားများအတွက်ပါ အချိန်တို,သက်သာပြီး လွယ်ကူ,ရှင်းလင်းစွာ ပို့ချ,သင်ယူနိုင်ခဲ့ပါသည်။

သို့ဖြင့် ယခု မင်္ဂလာဗျူဟာအသင်းချုပ်၌ ပထမအကြိမ်အဖြစ် သင်ကြားပို့ချသော ဘုရားဟောဒေသနာ၊ ဓမ္မပဒသင်တန်းအတွက်လည်း သင်တန်းပို့ချချက်စာအုပ်ကို ရေးရပြန်ပါသည်။ ထိုစာအုပ်တွင် သင်တန်းသားများအား အလွယ်တကူ သင်ကြားပေးနိုင်ရန်အတွက် မူရင်းပါဠိတော်၊ အဋ္ဌကထာနှင့် မြန်မာပြန်ကျမ်းတို့ကို အခြေခံ၍ ပညာရှင်ကြီးများ၏ ထိုထိုကျမ်းစာအုပ်တို့မှ ကောက်နုတ်ဖော်ပြထားသည်။

ထိုတွင် မူရင်းဓမ္မပဒပါဠိတော်ကျမ်းသည် ပိဋကအားဖြင့် သုတ္တန္တပိဋက၊ နိကာယ အားဖြင့် ခုဒ္ဒကနိကာယ်၌ပါဝင်ပြီး ဝဂ်အပိုင်းအခြားအားဖြင့် ၂၆-ဝဂ်၊ ဂါထာအရေအတွက် ၄၂၃-ဂါထာရှိသဖြင့် တစ်ကြိမ်တည်း၌ သင်ကြားမှု၊ ရေးသားမှုတို့အတွက် အခက်အခဲ ရှိသဖြင့် ယမကဝဂ်မှ အရဟန္တဝဂ်အထိ ပါဠိဂါထာ ၁၀၀-မျှကို ဓမ္မပဒပို့ချချက်(ပထမတွဲ) အဖြစ် ခွဲခြားရေးသားထားပါသည်။

စာရေးသူသည် ကလျာဏဂိုဏ်းဝင်သော ဗုဒ္ဓဘာသာဝင် သူတော်စင် အမျိုးကောင်း သားသမီးများအား ဘုရားဟောဒေသနာတို့ကို မူရင်းပါဠိဂါထာများအတိုင်း အသံထွက် မှန်ကန်စွာ ရွတ်ဖတ်ပူဇော်နိုင်ပြီး သဘောအဓိပ္ပါယ်တို့ကို သိနားလည်ကာ လက်တွေ့လူမှု

http://www.dhammadownload.com

ဘဝတွင် လိုက်နာကျင့်သုံးနိုင်စေရန် ရည်ရွယ်လျက် ရေးသားပါသည်။

သို့အတွက် ပို့ချချက်စာအုပ်တွင် ပါဠိဂါထာများကို မှန်ကန်စွာ ရွတ်ဖတ်နိုင်ရန်၊ သဘောအဓိပ္ပါယ်များကို သိရှိပြီး လက်တွေ့ လိုက်နာကျင့်သုံးနိုင်ရန်အတွက်-

၁-ပါဠိဂါထာတော်များ

၂-အနက်အဓိပ္ပါယ်များနှင့်

၃-အဋ္ဌကထာလာ ဝတ္ထုအကျဉ်းချုပ်နှင့် အဓိပ္ပါယ်အဖွင့်များ

ဟူ၍ ၃-မျိုး ပါဝင်စေလျက် ရေးသားထားခြင်း ဖြစ်သည်။

ထို့ကြောင့် သင်တန်းသားများအဖို့ ဤ'**ဓမ္မပဒပို့ချချက်စာအုပ်**'(ပထမတွဲ)သည် မိမိတို့လေ့လာသင်ယူနိုင်သည့်လျောက် တတ်သိနားလည်သဘောပေါက်၍ လက်တွေ့ဘဝ၌ လိုက်နာကျင့်သုံးခြင်းဖြင့် မြတ်ဗုဒ္ဓ၏အဆုံးအမဖြစ်သော 'ဓမ္မရသ'တို့ကို ကိုယ်တိုင်ကိုယ်ကျ အပြည့်အဝ ရရှိခံစားနိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။

## ဓမ္မရသကို ခံစားခြင်း

စာရေးသူ ငယ်စဉ်သာမဏေအရွယ်တုန်းက ဇိနတ္ထပကာသနီကျမ်းစာအုပ်ထဲမှ ဗုဒ္ဓဝင် အကြောင်းအရာတို့ကို လေ့လာဖတ်ရှုဖြစ်ခဲ့သည်။ ထိုစဉ်က အလောင်းတော် သုမေဓာ ရှင်ရသေ့သည် ဒီပင်္ကရာမြတ်ဗုဒ္ဓ ထံတော်မှောက်တွင် ကိုယ်တိုင်နိဗ္ဗာန်ဆုကို ရယူနိုင်သော ပါရမီပြည့်စုံသူဖြစ်ပါလျက် 'ငါတစ်ယောက်တည်း နိဗ္ဗာန်သို့သွားသဖြင့် အဘယ်အကျိုး များအံ့နည်း။ ကျွတ်ထိုက်သည့်ဝေနေယျတို့အား နိဗ္ဗာန်တစ်ဖက်ကမ်းသို့ ကယ်တင်ပို့ဆောင် ပြီးမှ သွားအံ့'ဟူသော အလောင်းတော်မြတ်၏ ခံယူချက်ကို ကြည်ညိုမှုအဟုန် ပြင်းစွာဖြင့် နှလုံးပီတိစိမ့်အောင် ခံစားခဲ့ရသည်။

တစ်ဖန် အလောင်းတော်မြတ်၏ ပါရမီဖြည့်ကျင့်ခြင်းနှင့် သဗ္ဗညုတဉာဏ်တော် မြတ်အတွက် ရည်ရွယ်ချက်သဘောထားနှင့် ပတ်သတ်ပြီး 'ဗုဒ္ဓေါ ဗောဓေယျံ' ငါသည် သိထိုက်သူအားလုံးကို သိစေအံ့၊ 'မုတ္တော မောစေယျံ'ငါသည် လွတ်ထိုက်သူအားလုံးကို လွတ်စေအံ့၊ 'တိဏ္ဏော တာရေယျံ'ငါသည် ကူးနိုင်သူအားလုံးကို ကူးမြောက်စေအံ့ဟူသော စကား ၃-ခွန်းကိုလည်း အလွန်နှစ်သက်၍ ကြည်ညိုမှု ပွားခဲ့ရသည်။ သို့သော် ထိုခံယူချက်၊ ထိုသဘောထားစကား ၃-ခွန်းတို့၏ 'ဓမ္မရသ'ကိုကား အပြည့်အဝ မခံစားနိုင်ခဲ့ပါ။

မြတ်ဗုဒ္ဓသည် ဒီပင်္ကရာဘုရားခြေတော်ရင်းမှစ၍ လေးအသင်္ချေနှင့်ကမ္ဘာတစ်သိန်း ပါရမီဖြည့်ပြီး သဗ္ဗညုတဉာဏ်တော်မြတ်ကို ရတော်မူသောအခါ ၄၅-နှစ်ကြာ နယ်တကာ

http://www.dhammadownload.com


လှည့်၍ ဝေနေယျတို့အား ဓမ္မအမြိုက်ဆေး တိုက်ကျွေးတော်မူသည်။ ထိုဓမ္မဒေသနာတော်တို့သည် ခန္ဓာအစုအားဖြင့် ၈-သောင်း၊၄-ထောင်၊ နိကာယ်အားဖြင့် ၅-ရပ်၊ ပိဋကအားဖြင့် ၃-ပုံတို့ပင်တည်း။

ထိုဓမ္မဒေသနာတော်တို့ကို ထိုထိုကျမ်းဂန်တို့မှ လေ့လာသင်ယူခွင့်၊ လိုက်နာကျင့်သုံးခွင့်များ ရရှိလာသောအခါတွင်မူ အလောင်းတော်မြတ်ဘဝက ခံယူချက်နှင့် သဘောထားစကား ၃-ခွန်း၏ ဓမ္မရသကို အပြည့်အဝ ခံစားနိုင်ပါတော့သည်။ ထိုအခါတွင် မြတ်ဗုဒ္ဓ၏ ပါရမီဖြည့်တော်မူစဉ် အလောင်းတော်ဘဝကိုရော၊ သဗ္ဗညုတဉာဏသခင် ဘုရားရှင်အဖြစ်ကိုရော စကားလုံးတို့ဖြင့် ဖော်မပြနိုင်လောက်သော အတိုင်းအဆမဲ့ ကြည်ညိုမှုသဒ္ဓါ ပွားများခဲ့ရသည်။

ထို့ကြောင့် ရှင်တော်ဗုဒ္ဓအား ကြည်ညိုမှုသဒ္ဓါသည် အကြောင်း'ဥပနိဿယသတ္တိ' ဖြင့် ကျေးဇူးပြုပြန်သဖြင့် ရှင်တော်ဗုဒ္ဓဟောကြားသော ဓမ္မဒေသနာများကို အကြိမ်ကြိမ် အဖန်ဖန် လေ့လာသင်ယူဖြစ်ခဲ့ပြန်ရာ 'ဓမ္မရသ'တို့ကိုလည်း အကြိမ်ကြိမ် ခံစားနိုင်ခဲ့သည်။ ဤသို့ဖြင့် ရှင်တော်ဗုဒ္ဓအား ကြည်ညိုမှု သဒ္ဓါပွားများသူသည် ရှင်တော်ဗုဒ္ဓ ဟောကြားတော်မူသော ဓမ္မဒေသနာများ၏ ဓမ္မရသတို့ကို ခံစားနိုင်မည်ဖြစ်သလို ဓမ္မဒေသနာများကို လေ့လာသင်ယူသူ၊ လိုက်နာကျင့်သုံးသူတို့သည်လည်း ရှင်တော်ဗုဒ္ဓအား ကြည်ညိုမှု သဒ္ဓါတရား ပွားများလာနိုင်မည်မှာ မလွဲဧကန်ပင် ဖြစ်ပါပေသည်။

## ဓမ္မပဒထဲက ဓမ္မရသများ

ဓမ္မပဒကျမ်းစာအုပ်၌ ဓမ္မဒေသနာ ပါဠိဂါထာပေါင်း ၄၂၃-ဂါထာ ပါရှိသည်။ ထိုကျမ်းစာအုပ်သည် နိကာယ် ၅-ရပ်တွင် ခုဒ္ဒကနိကာယ်ထဲမှ ဖြစ်သော်လည်း အခြားပိဋကတ်ကျမ်းအစောင်စောင်, နိကာယ်အရပ်ရပ်တို့မှ အမှတ်သားထိုက်ဆုံးသော ဘုရားဟောဒေသနာတို့ကို ရွေးချယ်စုပေါင်းထားခြင်း ဖြစ်သည်။ ထို့ကြောင့် ဓမ္မပဒကျမ်းကို ပညာရှင်တို့က မိမိဝါသနာစရိုက်နှင့် ကိုက်၍ လေ့လာသင်ယူနိုင်၊ ကျင့်သုံးနိုင်သည့် 'ဒေသနာတော်ညွန့်ပေါင်းကျမ်း' ဟု အမည်ပေးကြသည်။

ထိုဓမ္မပဒကျမ်းတွင် ပါဠိဂါထာ ဒေသနာတစ်ခုစီကို ဆိုင်ရာအကြောင်းနိဒါန်း ဆက်သွယ်မှုကြောင့် မြတ်ဗုဒ္ဓ ဟောကြားတော်မူခြင်း ဖြစ်သည်။ ဟောကြားခြင်းကြောင့် ဝေနေယျတို့အတွက် နိဗ္ဗာန်ကိုမျက်မှောက်ပြုသည့်တိုင် ဓမ္မရသတို့ကို ရရှိခံစားနိုင်ခဲ့ကြသည်။ ထို့ကြောင့် ရှေးဆရာတော်ကြီးများက 'နိဗ္ဗာန်လမ်းညွှန်ကျမ်း' ဟူ၍ သမုတ်ခဲ့ကြသည်။

http://www.dhammadownload.com

ထို့ပြင် ဓမ္မပဒကျမ်းတွင် ပါဠိဂါထာများကို မိမိကြိုက်နှစ်သက်ရာ ရွေးချယ်၍ လေ့လာသင်ယူ၊ ကျင့်သုံးနိုင်ရန် ဆိုင်ရာဝဂ်အလိုက် အုပ်စုပြု၍ ဖော်ပြထားသည်။ ထိုတွင် အခြေခံလူမှုဘဝမှစ၍ ဘဝ၏ပန်းတိုင် နိဗ္ဗာန်ထိတိုင်အောင် အတုယူလိုက်နာကျင့်သုံး၍ ဓမ္မရသကို ခံစားနိုင်ရန် နည်းလမ်းအပြည့်အစုံ ပါရှိသည်။

သတ္တဝါတို့အဖို့ လောက၏သဘာဝတရားသည် ကံတရား၏ လှည့်စားမှုအောက်တွင် ရှိနေသည်။ အကောင်းနှင့်အဆိုး၊ အကြောင်းနှင့်အကျိုးတို့ ဒွန်တွဲလျက် ဖြစ်ပျက်လည်ပတ်နေတတ်ပုံကို 'ယမကဝဂ်' တွင် ဟောညွှန်ထားသည်။

နိဗ္ဗာန်ရောက်လိုသူအတွက် 'သတိ' တစ်လုံးသည် အရေးအကြီးဆုံး ဖြစ်၏။ လောကတွင် အသက်ရှင်နေရပါလျက်နှင့် ဘဝသေနေသူတွေရှိရာ ဓမ္မရေးရာ၌ မည်သူသည် ရှင်လျက်သေသူ ဖြစ်သနည်း? ဟူသည်ကို 'အပ္ပမာဒ' ဝဂ်တွင် တွေ့ရမည်။ 'စိတ်သာရှင်စောဘုရားဟော' ဟု စကားရှိ၏။ အခက်ဆုံးဖြစ်သော စိတ်တစ်လုံးကို မည်သို့ လွယ်အောင်ပြုနိုင်မည်နည်း?။ သူတော်စင်တို့၏ကျင့်ထုံး နည်းလမ်းများအကြောင်းကိုလည်း 'စိတ္တဝဂ်' တွင် ထင်ရှားစွာ ဟောညွှန်ထားသည်။

ထို့ပြင် လူတစ်ယောက်တွင် ကိုယ်ကျင့်သီလသည် အခြေခံမဏ္ဍိုင် ဖြစ်၏။ ကိုယ်ကျင့်သီလ မြှင့်တင်ရေးနှင့်ပတ်သတ်၍ အဆင်းသာရှိပြီး အနံ့မရှိသောပန်းကဲ့သို့ မဖြစ်စေရန် 'ပုပ္ဖဝဂ်' တွင် နည်းပေးထားသည်။ နေစဉ်ဘဝအတွင်း၌ လူမှုဆက်ဆံနေထိုင်ရေးအတွက် မပေါင်းသင့်သူနှင့် ပေါင်းသင့်သူတို့ကို 'ဗာလဝဂ်၊ ပဏ္ဍိတဝဂ်' တို့ဖြင့် ခွဲခြားညွှန်ပြသည်။ မည်သို့သောပုဂ္ဂိုလ်ကို ရဟန္တာဟု ဆိုကြသနည်း?။ ရဟန္တာတို့၏သဘောသဘာဝများကိုလည်း 'အရဟန္တဝဂ်' တွင် ညွှန်ထားသည်။

အချုပ်အားဖြင့် ဓမ္မပဒလာ ဒေသနာဓမ္မတို့သည် လောဘ၊ ဒေါသ၊ မောဟတို့ဖြင့် နှစ်မွန်းသော ဘဝဒုက္ခညွှန်အတွင်းမှ ရုန်းထွက်၍ သန္တိသုခနိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရန် လမ်းညွှန်ချက်တို့ပင် ဖြစ်သည်။ ထို့ကြောင့် နိဗ္ဗာန်သုခကို ရလိုသူသည် လောဘ၊ ဒေါသ၊ မောဟတို့ငြိမ်းအောင် ကျင့်ရမည်။ ခဏငြိမ်းလျှင် ခဏနိဗ္ဗာန်ဖြစ်မည်။ ကြာကြာငြိမ်းနိုင်လျှင် ကြာကြာနိဗ္ဗာန်ဖြစ်မည်။ ထာဝရငြိမ်းနိုင်လျှင် ထာဝရနိဗ္ဗာန်ဖြစ်မည်။ ငြိမ်းချမ်းခြင်းနိဗ္ဗာန်ရလိုလျှင် ဓမ္မအဆုံးအမအတိုင်း သင်ယူလေ့လာ၍ လိုက်နာကျင့်သုံးရပါပေမည်။

**ဓမ္မပဒသင်တန်းပြဆရာတော်။**

၅-၇-၂၀၀၈။

http://www.dhammadownload.com

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

နိဗ္ဗာန်လမ်းညွှန်

# ဓမ္မပဒတရားတော်

(ပထမပိုင်း)

## ၁။ ယမကဝဂ်

(အစုံတရားအုပ်စု)

### ၁–စက္ခုပါလမထေရ်ဝတ္ထု

**မျက်လုံးကွယ်သောမထေရ်မြတ်**

မြတ်စွာဘုရားသည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် စက္ခုပါလမထေရ်သည် စင်္ကြံသွားရာ၌ ပိုးပရန့်ကောင်များကို နင်းမိ၍ ပိုးကောင်တို့ သေကုန်၏။ တစ်ပါးသော ရဟန်းတို့က မြင်၍ စက္ခုပါလမထေရ်ကို ပြစ်တင်ကဲ့ရဲ့လျက် ဘုရားရှင်အား တိုင်တန်းလျှောက်ထားကုန်သည်။

ဘုရားရှင်က 'ငါ့ရှင်တို့၊ စက္ခုပါလ ပိုးကောင်များ သေအောင်ပြုသည်ကို သင်တို့ မြင်သလော'ဟု မေးတော်မူ၏။ ရဟန်းတို့က 'အရှင်ဘုရား၊ ကိုယ်တိုင်ကား မမြင်ကြပါ'ဟု လျှောက်၏။

'ရဟန်းတို့၊ သင်တို့သည် စက္ခုပါလ ပိုးကောင်များ နင်းသတ်သည်ကို မမြင် သကဲ့သို့ စက္ခုပါလသည်လည်း ပိုးကောင်တို့ကို မမြင်ရှာ။ စင်စစ်သော်ကား ရဟန္တာပုဂ္ဂိုလ် တို့၌ သေစေလိုသောစေတနာ မရှိကုန်'ဟု မိန့်တော်မူ၏။

http://www.dhammadownload.com



ထိုအခါ ''အရှင်မြတ်ဘုရား၊ စက္ခုပါလမထေရ်သည် ရဟန္တာတစ်ပါး ဖြစ်ပါလျက် အဘယ်ကြောင့် မျက်မမြင်ဒုက္ခိတ ဖြစ်နေရပါသနည်း''ဟု မေးလျှောက်ကြ၏။ မြတ်ဗုဒ္ဓက စက္ခုပါလမထေရ် ဆေးသမားဖြစ်စဉ်ဘဝက ဆေးခမပေးလိုသော မျက်စိဝေဒနာရှင်အား မျက်လုံးကန်းအောင်ပြုခဲ့သော အတိတ်ကံအကြောင်းကို ဆောင်တော်မူပြီး၍ ဤဓမ္မ ဒေသနာကို ဟောကြားတော်မူပါသည်။ ဒေသနာအဆုံးတွင် ရဟန်း ၃ သောင်းတို့ ပဋိသမ္ဘိဒါပတ္တရဟန္တာဖြစ်သည်။

## စိတ်သာရှင်စော ဘုရားဟော

ပါဠိ။ မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ။
မနသာ စေ ပဒုဋ္ဌေန၊ ဘာသတိ ဝါ ကရောတိ ဝါ။
တတော နံ ဒုက္ခ,မန္ဝေတိ၊ စက္ကံဝ ဝဟတော ပဒံ။

အနက်။ ဓမ္မာ၊ ဝေဒနာစသော စေတသိက်တရားတို့သည်။ မနောပုဗ္ဗင်္ဂမာ၊ စိတ်သာလျှင် ရှေးသွားရှိကုန်၏။ မနောသေဋ္ဌာ၊ စိတ်သာလျှင် အကြီးအမှူးရှိကုန်၏။ မနောမယာ၊ စိတ်ဖြင့် ပြီးစီးကုန်၏။

စေ၊ အကယ်၍။ ပဒုဋ္ဌေန၊ အဘိဇ္ဈာစသည်တို့သည် ဖျက်ဆီးအပ်သော။ မနသာ၊ စိတ်ဖြင့်။ ဘာသတိဝါ၊ ပြောမူလည်း ပြောအံ့။ ကရောတိဝါ၊ ပြုမူလည်း ပြုအံ့။ (စိန္တေတိဝါ၊ ကြံမူလည်းကြံအံ့။)

တတော၊ ထိုသို့ ပြစ်မှားလိုသောစိတ်ဖြင့် ပြောဆိုပြုလုပ်(ကြံစည်)ခြင်းကြောင့်။ နံ(ပုဂ္ဂလံ) ထိုပုဂ္ဂိုလ်ကို။ ဒုက္ခံ၊ ဆင်းရဲသည်။ အန္ဝေတိ၊ အစဉ်လိုက်၏။

ဝဟတော၊ ဝန်ဆောင်နွားလား၏။ ပဒံ၊ ခြေရာသို့။ စက္ကံ၊ လှည်းဘီးသည်။ အန္ဝေတိဣဝ၊ အစဉ်လိုက်သကဲ့သို့တည်း။

**အဓိပ္ပါယ်**။ ဝေဒနာစသော နာမ်ခန္ဓာတရားတို့သည် စိတ်လျှင် ရှေ့သွားရှိကုန်၏။ စိတ်လျှင် အကြီးအမှူး ရှိကုန်၏။ စိတ်ဖြင့် ပြီးစီးကုန်၏။ ပြစ်မှားလိုသောစိတ်ဖြင့် ပြောဆို,ပြုလုပ်,ကြံစည်သူအား မကောင်းကျိုးဆင်းရဲသည် အစဉ်လိုက်၏။

ဥပမာ။ လှည်းဘီးသည် နွားခြေရာသို့ အစဉ်လိုက်သကဲ့သို့တည်း။

**ဓမ္မသာရ**။ မကောင်းမှုကံကို ပြုလုပ်သူအား စိတ်သာ ပြဋ္ဌာန်း၏။

http://www.dhammadownload.com



### ဓမ္မာပုဒ်၌ ဓမ္မ ၄-မျိုး

၁။ ဂုဏဓမ္မ -ဂုဏ်တရား

၂။ ဒေသနာဓမ္မ-ဒေသနာတရား

၃။ ပရိယတ္တိဓမ္မ-သင်ယူခြင်းတရား

၄။ နိဿတ္တနိဇ္ဇီဝဓမ္မ- သတ္တ,ဇီဝမဟုတ်သောသဘောဟု ၄ မျိုး ရှိ၏။

ဤ၌ နိဿတ္တနိဇ္ဇီဝဓမ္မကိုသာ အလိုရှိအပ်သည်။

ထိုဓမ္မ၏ အရကား ဝေဒနာစသော နာမ်ခန္ဓာ ၃-ပါးကို ယူရသည်။

### ပြစ်မှားခြင်းရှိသောစိတ်

သတ္တဝါတို့သန္တာန်၌ ပကတိစိတ်သည်လည်းကောင်း, ဘဝင်စိတ်သည်လည်းကောင်း, ပြစ်မှားခြင်း အလျှင်းမရှိ။ အာဂန္တုဖြစ်သော အဘိဇ္ဈာ,ဗျာပါဒစသည်တို့ကြောင့်သာ ပြစ်မှားခြင်းရှိသည်။ ဥပမာ- ရေကြည်သည် အခိုက်အတန့်ဖြစ်သော အညစ်စသည်တို့ကြောင့် အညစ်ရေစသည် ဖြစ်သကဲ့သို့တည်း။

ထို့ကြောင့် ဤနေရာ၌ မန-အရ အဘိဇ္ဈာ,ဗျာပါဒစသည်တို့သည် ဖျက်ဆီးအပ်သောကြောင့်ပျက်စီးသော အကုသိုလ်စိတ်ကို ယူရသည်။

### ပြောခြင်း,ပြုခြင်း၌ ပရမတ်

'ဘာသတိဝါ ကရောတိဝါ'၌ ကာယဒုစရိုက် ၃-ပါးဖြင့် ပြုလုပ်၏။ ဝစီဒုစရိုက် ၄-ပါးဖြင့် ပြောဆို၏။ မနော ဒုစရိုက် ၃-ပါးဖြင့် ကြံစည်ကိုလည်း ယူရ၏။

### မကောင်းကျိုးတရားများ

'ဒုက္ခံ'အရ-အကုသိုလ်ကမ္မပထတရား ၁၀-ပါးကြောင့်ဖြစ် အပါယ် ၄-ဘုံ၊ လူ့ဘုံတို့၌ ကာယိကဒုက္ခ၊ စေတသိကဒုက္ခတို့ကို ခံစားရသည်။

### နွားခြေရာနောက် လှည်းဘီးရောက်

'စက္ကံဝ ဝဟတော ပဒံ'ဝန်ဆောင်နွားလား၏ ခြေရာနောက်သို့ လှည်းဘီးသည် အစဉ်လိုက်ပါသကဲ့သို့ ထို့အတူ ပြစ်မှားစိတ်ဖြင့် ပြောဆို,ပြုလုပ်,ကြံစည်သူ၏နောက်သို့

http://www.dhammadownload.com


ကိုယ်ဆင်းရဲမှု၊စိတ်ဆင်းရဲမှုတို့သည် အစဉ်လိုက်ပါနေသည်။

## သားဆုတောင်းခြင်း

သာဝတ္ထိပြည်တွင် သားသမီးမရှိသော မဟာဝဏ္ဏသူကြွယ်သည် အခတ်အရွက်နှင့်ပြည့်စုံသောသစ်ပင်ကြီးအား တန်ခိုးကြီးနတ်စောင့်ရှောက်မည်ဟု အထင်ဖြင့် သစ်ပင်အောက်ကို ရှင်းလင်းခြင်း၊ ရာဇမတ်ကာခြင်း၊ သဲခင်း၊တံခွန်စိုက်ခြင်း စသည်တို့ကိုပြု၍ သားဆုတောင်းရာ အကြောင်းအားလျော်စွာ မဟာပါလနှင့် စူဠပါလ သားနှစ်ယောက်ကို ရရှိသည်။ (ဓမ္မ၊ ဋ္ဌ-၁၊ ၂)

## သာဝတ္ထိပြည်မှန် ဇေတဝန်

သာဝတ္ထိမြို့၌ ဇေတဝန်ကျောင်းတော်ကို အနာထပိဏ်သူဌေးသည် ငွေ ၁၄-ကုဋေ အကုန်ခံ၍ ဆောက်လုပ်လှူဒါန်းသည်။ ထိုဇေတဝန်ကျောင်းတော်၌ ဘုရားရှင်သည် ၁၉-ဝါ သီတင်းသုံးတော်မူ၏။

## ပုဗ္ဗာရုံကျောင်း

သာဝတ္ထိပြည်၌ ပုဗ္ဗာရုံကျောင်းတော်ကို ဝိသာခါသည် ၂၇-ကုဋေ အကုန်ခံ၍ ဆောက်လုပ်လှူဒါန်းသည်။ ယင်းကျောင်းတော်၌ ဘုရားရှင်သည် ၆-ဝါမျှ သီတင်းသုံးတော်မူသည်။

## နိဂြောဓာရုံကျောင်း

ကပိလဝတ်ပြည်၌ နိဂြောဓာရုံကျောင်းတော်ကို ဘုရားရှင်၏ မိဘက်ဖဘက်မှ ဆွေမျိုးများက ဆောက်လုပ်လှူဒါန်းသည်။ (အဋ္ဌကထာ၌ တန်ဖိုးမပါ) ယင်းကျောင်း၌ ဘုရားရှင်သည် ၁-ဝါမျှသာ သီတင်းသုံးတော်မူပါသည်။

## သာဝတ္ထိပြည်၏ လူဦးရေ

သာဝတ္ထိပြည်၌ လူဦးရေ ၇-ကုဋေ ရှိ၏။ ထိုတွင် အရိယာသာဝပေါင်း ၅-ကုဋေရှိ၍ ပုထုဇဉ် ၂-ကုဋေ ရှိသည်။

http://www.dhammadownload.com


**အရိယာသာဝကတို့ ကိစ္စ ၂-မျိုးသည်-**

အရိယာသာဝကတို့သည် ပုံမှန်အားဖြင့်

၁။ နံနက်အချိန်၌ စွမ်းနိုင်သမျှ အလှူဒါန ပြုလုပ်ကြ၏။

၂။ ညနေချမ်းအချိန်၌ ပန်းနံ့သာစသည် လက်စွဲကာ တရားနာရန် ဘုရားရှင် သီတင်းသုံးရာကျောင်းတော်သို့ သွားကြသည်။

**သာသနာ့တာဝန် ၂-မျိုး**

၁။ ဂန္ထဓုရ- ပိဋကတ်စာပေတို့ကို သင်ယူပို့ချ ဟောပြခြင်း။

၂။ ဝိပဿနာဓုရ- ခန္ဓာကိုယ်အတွင်းဘောင်၌ အဖြစ်အပျက်ကို ရှုမြင်နှလုံးသွင်းခြင်း။

**ဝဋ်ကြွေးကံကြမ္မာ**

စက္ခုပါလမထေရ်သည် ရှေးဘဝတစ်ခု၌ ဆေးဆရာဖြစ်စဉ် ဆေးဖိုးမပေးလို၍ လိမ်ညာပြောသော မျက်စိရောဂါသည်အား မျက်စိကန်းစေသော ဆေးကို ပေးသည်။ ထိုအကုသိုလ်ကံကြောင့် ရဟန္တာဖြစ်သည့်တိုင် မျက်စိကန်းရသော မကောင်းကျိုးဝိပါက်ကို ခံစားရခြင်း ဖြစ်၏။

**မထေရ်မြတ်၏အတုယူဖွယ်**

စက္ခုပါလမထေရ်သည် မအိပ်ဘဲ ကမ္မဋ္ဌာန်းတရားအားထုတ်ရာ မျက်စိရောဂါ စွဲကပ်လာသည်။ ဆေးဆရာက အိပ်၍ မျက်စဉ်းခပ်ရန် ဆေးပေးသော်လည်း မိမိအဓိဋ္ဌာန်ကို မပျက်စေဘဲ မျက်စိကိုသာ အပျက်ခံသွားသည်။

မိမိ၏တူ ပါလိတသာမဏေသည် အမျိုးသမီးတစ်ယောက်နှင့် သီလပျက်မှန်းသိသည့်အချိန်မှစ၍ မည်သို့ပင် တောင်းပန်ဝန်ချသော်လည်း ယင်းသာမဏေ၏ အပြုစုကို လက်မခံတော့ဘဲ ရှောင်ကြဉ်နေခဲ့သည်။ (ဓမ္မ႒၁၊ ၁၃-၁၄)

စက္ခုပါလမထေရ်ဝတ္ထုပြီး၏။

♦♦♦♦♦

http://www.dhammadownload.com



## ၂-မဋ္ဌကုဏ္ဍလိဝတ္ထု

### မဋ္ဌကုဏ္ဍလီသူဌေးသား

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် မဋ္ဌကုဏ္ဍလီ သူဌေးသားသည် အလှူဒါနစသောကုသိုလ်ကောင်းမှုတစ်စုံတစ်ခုမရှိ။ သို့ရာတွင် သေခါနီး၌ ဆွမ်းခံကြွလာသော ဘုရားရှင်ကို ဖူးမြင်ရကာမျှဖြင့် တာဝတိံသာနတ်ပြည်သို့ ရောက်၍ နတ်သားဖြစ်သည်။

နတ်သားသည် ရွှေဗိမာန်နှင့်တကွ နတ်သမီးအပေါင်းခြံရံလျက် ဘုရားရှင်ထံမှောက် ရောက်လာ၍ ထိုအကြောင်းကို လျှောက်၏။ ဖခင်သူဌေးကြီးက 'အရှင်ဂေါတမဘုရား၊ အရှင်တို့ကို ကြည်ညိုကာမျှဖြင့်ပင် နတ်ပြည်သို့ရောက်နိုင်ပါသလော'ဟု မေး၏။

'ဒါယကာသူဌေး၊ ရတနာသုံးပါးကို ဖြူစင်သော စေတနာဖြင့် ကြည်ညိုမြတ်နိုးသူတို့ နတ်ပြည်ရောက်သောအရေအတွက်သည် မရေတွက်နိုင်။ စိတ်စေတနာ ဖြူစင် သန့်ရှင်းသောမည်သူမဆို ကောင်းသောအကျိုးကို မုချရရှိခံစားရနိုင်၏'ဟု မိန့်တော်မူကာ ဤဒေသနာကို ဟောကြားတော်မူပါသည်။ ဒေသနာအဆုံး၌ နတ်သားနှင့်အတူ ဖခင်အဒိန္နပုဗ္ဗကသူဌေးတို့ သောတာပန်တည်ကြ၏။

### ကြည်ညိုမှု၏ ကောင်းကျိုးဖန်

ပါဠိ။ မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ။
မနသာ စေ ပသန္နေန၊ ဘာသတိ ဝါ ကရောတိ ဝါ။
တတော နံ သုခ မန္ဝေတိ၊ ဆာယာဝ အနုပါယိနီ။

အနက်။ ဓမ္မာ၊ ဝေဒနာစသော စေတသိက်တရားတို့သည်။ မနောပုဗ္ဗင်္ဂမာ၊ စိတ်သာလျှင် ရှေးသွားရှိကုန်၏။ မနောသေဋ္ဌာ၊ စိတ်သာလျှင် အကြီးအမှူးရှိကုန်၏။ မနောမယာ၊ စိတ်ဖြင့် ပြီးစီးကုန်၏။

စေ၊ အကယ်၍။ ပသန္နေန၊ သန့်ရှင်းကြည်လင်သော။ မနသာ၊ စိတ်ဖြင့်။ ဘာသတိဝါ၊ ပြောမူလည်း ပြောအံ့။ ကရောတိဝါ၊ ပြုမူလည်း ပြုအံ့။ (စိန္တေတိဝါ၊ ကြံမူလည်းကြံအံ့။)

တတော၊ ထိုသို့ သန့်ရှင်းကြည်လင်သောစိတ်ဖြင့် ပြောဆိုပြုလုပ်(ကြံစည်)ခြင်း ကြောင့်။ နံ(ပုဂ္ဂလံ) ထိုပုဂ္ဂိုလ်ကို။ သုခံ၊ ချမ်းသာသည်။ အန္ဝေတိ၊ အစဉ်လိုက်၏။

http://www.dhammadownload.com


ဆာယာ၊ အရိပ်သည်။ အနုပါယိနီဣဝ၊ အစဉ်လိုက်သကဲ့သို့တည်း။။

အဓိပ္ပါယ်။ ဝေဒနာစသော နာမ်တရားတို့သည် စိတ်လျှင် ရှေးသွားရှိ၏။ စိတ်လျှင် အကြီးအမှူးရှိ၏။ စိတ်ဖြင့် ပြီးစီး၏။ ကြည်လင်သောစိတ်ဖြင့် ပြောဆို၊ပြုလုပ်၊ကြံစည်သူအား ကောင်းကျိုးသုခသည် အစဉ်လိုက်၏။

ဥပမာ-လူသွားရာနောက် အစဉ်လိုက်သော အရိပ်ကဲ့သို့တည်း။

ဓမ္မသာရ။လောက၌ စိတ်ကောင်း၊စေတနာကောင်းသည် ကောင်းကျိုးကို ဆောင်၏။

## စိတ်ရှေ့သွားဖြစ်ပုံ

'မနောပုဗ္ဗင်္ဂမာ'အရ ဤ၀တ္ထု၌ မဟာကုသိုလ်သောမနဿသဟဂုတ် ဉာဏသမ္ပယုတ်စိတ်နှင့် ယှဉ်ဖက်စေတသိက် ၃၈-ပါး ရ၏။ အခြားနေရာ၌တို့တွင် စိတ် ၈၉-ပါးနှင့် စေတသိက် ၅၂-ပါး ရသည်။

ထိုတွင် လူအများစုပေါင်း၍ ကုသိုလ်ကောင်းမှုပြုရာ၌ ဦးဆောင်နိုင်သူသည် ရှေ့သွားခေါင်းဆောင်ဖြစ်သကဲ့သို့ ထို့အတူ စိတ်သည် စေတသိက်တရားတို့၏ ရှေ့သွားခေါင်းဆောင် ဖြစ်၍ 'မနောပုဗ္ဗင်္ဂမ'မည်၏။

## စိတ်အကြီးအမှူးဖြစ်ပုံ

ဂိုဏ်းအသီးသီး၊အဖွဲ့အစည်းအသီးသီးတွင် ဥက္ကဋ္ဌဖြစ်သူသည် အကြီးအမှူးဖြစ်သကဲ့သို့ စိတ်သည် စေတသိက်တရားတို့၏ အကြီးအမှူးဖြစ်၍ 'မနောသေဋ္ဌာ'မည်၏။

## စိတ်ဖြင့်ပြီးစီးပုံ

ရွှေဘယက်သည် ရွှေဖြင့်လည်းကောင်း၊ စိန်ဘယက်သည် စိန်ဖြင့်လည်းကောင်း၊ ပြီးစီးရသကဲ့သို့ ထို့အတူ စေတသိက်တရား အားလုံးတို့သည် စိတ်ကြောင့်သာ၊ စိတ်ဖြင့်သာ ပြီးစီးကြရသည်။ ထို့ကြောင့် 'မနောမယာ'ဟုဆိုသည်။

## ကြည်လင်သောစိတ်ကြောင့်

'ပသန္နေန စေတသာ'၌ အနိဘိဇ္ဈာစသော ဂုဏ်တို့ကြောင့် ကြည်လင်သော ကုသိုစိတ်ဖြင့် ပြုလုပ်ပြောဆိုကြံစည်ခြင်းဟူသော ကုသိုလ်ကမ္မပထတရား ၁၀-ပါးကြောင့်

http://www.dhammadownload.com


သုဂတိဘုံတို့၌ ကာယိကသုခ၊စေတသိကသုခတို့ကို ခံစားရသည်။

### အရိပ်ပမာ

'ဆာယာဝ အနုပါယိနီ' အရိပ်သည် ကိုယ်ခန္ဓာနှင့် စပ်နေသဖြင့် ကိုယ်သွားတိုင်း မလိုက်ရန်တားမြစ်သော်လည်းမရ၊ လိုက်ပါနေမြဲဖြစ်သကဲ့သို့ ထို့အတူကုသိုလ်ကံတရားကို ပြုထားသူနောက်သို့ ကိုယ်ချမ်းသာမှု၊စိတ်ချမ်းသာမှုတို့သည် အရိပ်ပမာ အစဉ်လိုက်ပါနေသည်။

### လူမိုက် နောင်တ

အဒိန္နပုဗ္ဗကပုဏ္ဏားသည် သားဖြစ်သူ မဋ္ဌကုဏ္ဍလီ မကျန်းမာနေစဉ်က ငွေကုန်မှာ စိုး၍ ဆေးဆရာခေါ်ပြီး ဆေးကုမပေးခဲ့။ သေပြီးနောက်တွင်ကား သုသာန်သွား၍ နေ့စဉ် ငိုကြွေးမြည်တမ်းနေခဲ့သည်။ (ဓမ္မ၊ဋ္ဌ၊၁၊ ၁၉)

### စိတ်၏စွမ်းအင်

သူဌေးသားမဋ္ဌကုဏ္ဍလီသည် သေရညောင်စောင်း၌ လဲလျောင်းနေစဉ် ဘုရားရှင်အား စိတ်ဖြင့် ကြည်ညိုကာမျှဖြင့်ပင် တာဝတိံသာနတ်ပြည်၌ ရွှေဗိမာန်ရှင်နတ်သားဖြစ်၍ နတ်သမီးတစ်ထောင်ခြံရံလျက် နတ်စည်းစိမ်ခံစားရခြင်းသည် စိတ်၏စွမ်းအင်ပင်ဖြစ်သည်။

### လူ့အဖွဲ့အစည်း ၂-ခု စုဝေးပုံ

မိစ္ဆာဒိဋ္ဌိဖြစ်သော အဒိန္နပုဗ္ဗကပုဏ္ဏားသည် မြတ်စွာဘုရားကို ပင့်သောအခါ လူ့အဖွဲ့အစည်း ၂ ခု ထင်ရှားဖြစ်၏။ မိစ္ဆာဒိဋ္ဌိအဖွဲ့သည် 'ယနေ့ ရဟန်းဂေါတမကို အမေးပုစ္ဆာပြဿနာများ ပြုလျက် ညှင်းပန်းနှိပ်စက်သည်ကို ငါတို့ကြည့်ရှုကြကုန်အံ့ဟု စုဝေးရောက်လာကုန်၏။ သမ္မာဒိဋ္ဌိအဖွဲ့သည်လည်း ယနေ့ မြတ်စွာဘုရားရှင်၏ တင့်တယ်စံပယ်ခြင်းကို ငါတို့ကြည့်ရှုဖူးမြင်ကြကုန်အံ့ဟု စုဝေးလာရောက်ကြ၏။ (ဓမ္မ၊ဋ္ဌ၊၁၊ ၂၂)

မဋ္ဌကုဏ္ဍလီဝတ္ထုပြီး၏။

♦♦♦♦♦

http://www.dhammadownload.com


## ၃-တိဿတ္ထေရဝတ္ထု

### အပြောခက်တဲ့ တောထွက်ရဟန်းကြီး

မြတ်ဗုဒ္ဓ ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် အသက်ကြီးမှ ရဟန်းပြုသော ဘထွေးတော်၏သား တိဿရဟန်းကြီးသည် စားကောင်းသောက်ဖွယ်များကို စားသောက်လျက် အစည်းအဝေးခန်းမဆောင်၌ အိပ်နေလေ့ရှိ၏။ ဘုရားဖူးလာ အာဂန္တုရဟန်းတို့သည် ထိုရဟန်းအိုကြီးကို မထေရ်ကြီးဟု ထင်မှတ်၍ ဝတ်ကြီးဝတ်ငယ် အရိုအသေပြုရန် သိက္ခာဝါကို မေးကြ၏။

ရဟန်းအိုကြီးကား အဖြေမပေးဘဲ မသိမသာပင် အရိုအသေကို ခံယူနေ၏။ ထိုအကြောင်းကိုသိသော ရဟန်းတစ်ပါးက 'ငါ့ရှင်၊ သင်သည် မိမိပမာဏကို မသိ။ မိမိထက် သိက္ခာဝါကြီးသောရဟန်းတို့ကို မြင်ရလျက် အဘယ့်ကြောင့် ခရီးဦးကြိုဆိုခြင်း, အရိုအသေပေးခြင်းတို့ မပြုသနည်း'ဟု သွင်သင်ဆုံးမ၏။

ထိုအခါ တိဿရဟန်းကြီးသည် ခတ္တိယမင်းမျိုးတို့၏ မာန်တက်ကာ ဒေါသဖြင့် မြတ်ဗုဒ္ဓထံ သွားရောက်တိုင်တန်း၏။ မြတ်ဗုဒ္ဓသည် ထိုရဟန်းကိုပါခေါ်၍ စစ်ဆေးပြီးသော် တိဿရဟန်းကြီးကို ဆုံးမရန် ဤဒေသနာကို ဟောကြားတော်မူသည်။ ဒေသနာအဆုံး၌ တိဿရဟန်းကြီးသည် ဆုံးမလွယ်သူအဖြစ်သို့ ရောက်၍ ရဟန်း ၁-သောင်းတို့ သောတာပန်တည်သည်။

### ရန်ငြိုးမသိမ်း ရန်မငြိမ်း

ပါဠိ။ အက္ကောစ္ဆိ မံ အဝဓိ မံ၊ အဇိနိ မံ အဟာသိ မေ။
ယေစတံ ဥပနယှန္တိ၊ ဝေရံ တေသံ န သမ္မတိ။

အနက်။ (သော၊ ဤသူသည်) မံ၊ ငါ့ကို။ အက္ကောစ္ဆိ၊ ဆဲရေးပြီ။ မံ၊ ငါ့ကို။ အဝဓိ၊ ညှင်းဆဲပြီ။ မံ၊ ငါ့ကို။ အဇိနိ၊ အောင်နိုင်ပြီ။ မေ၊ ငါ၏။ (သန္တကံ၊ ဥစ္စာကို။) အဟာသိ၊ ဆောင်ယူပြီ။ ဣတိ၊ ဤသို့။ ယေ၊ အကြင်သူတို့သည်။ တံ၊ ထိုအမျက် ဒေါသကို။ ဥပနယှန္တိ၊ ရန်ငြိုးဖွဲ့ကုန်၏။ တေသံ၊ ထိုရန်ငြိုးဖွဲ့သူတို့အား။ ဝေရံ၊ ဖြစ်ပေါ်ပြီး ရန်သည်။ နသမ္မတိ၊ မငြိမ်းအေးနိုင်။

http://www.dhammadownload.com



## ရန်ငြိုးသိမ်းမှ ရန်ငြိမ်းသည်

ပါဠိ။ အက္ကောစ္ဆိ မံ အဝဓိ မံ၊ အဇိနိ မံ အဟာသိ မေ။

ယေစတံ နုပနယှန္တိ၊ ဝေရံ တေသူ,ပသမ္မတိ။

အနက်။ (သော၊ ဤသူသည်) မံ၊ ငါ့ကို။ အက္ကောစ္ဆိ၊ ဆဲရေးပြီ။ မံ၊ ငါ့ကို။ အဝဓိ၊ ညှင်းဆဲပြီ။ မံ၊ ငါ့ကို။ အဇိနိ၊ အောင်နိုင်ပြီ။ မေ၊ ငါ၏။ (သန္တကံ၊ ဥစ္စာကို။) အဟာသိ၊ ဆောင်ယူပြီ။ ဣတိ၊ ဤသို့။ ယေ၊ အကြင်သူတို့သည်။ တံ၊ ထိုအမျက်ဒေါသကို။ နဥပနယှန္တိ၊ ရန်ငြိုးမဖွဲ့လေကုန်။ တေသံ၊ ထိုရန်ငြိုးမဖွဲ့သူတို့အား။ ဝေရံ၊ ဖြစ်ပေါ်ပြီးရန်သည်။ ဥပသမ္မတိ၊ ငြိမ်းအေးနိုင်ပေသတည်း။

**အဓိပ္ပါယ်။** ဤသူသည် ငါ့ကို ဆဲ၏။ ညှင်းဆဲ၏။ အောင်နိုင်၏။ ငါ့ဥစ္စာကို ဆောင်ယူ၏ဟူ၍ ထိုသူ့အပေါ် အမျက်မာန်ထား၍ ရန်ငြိုးပွားနေသူအား ရန်မငြိမ်းနိုင်။ ထိုသူ့အပေါ် အမျက်ပယ်လျက် ရန်ငြိုးဖျက်မှသာ ရန်ငြိမ်းနိုင်သည်။

**ဓမ္မသာရ။** ရန်လိုလျှင် ရန်ပိုသည်။ ရန်မလိုမှ ရန်ပြိုသည်။

### အောင်နိုင်ခြင်း

မမှန်မကန်နည်းလမ်းဖြင့် ကောက်ကျစ်စဉ်းလဲ၍ အမှု၌ သက်သေအဖြစ်သွင်းခြင်း၊ ရှေ့နေငှါး၍ စကားတုံ့ပြောစေခြင်း၊ နိုင်ထက်ကလူ ပြုခြင်းစသည်တို့တွင် တမျိုးမျိုးဖြင့် မတရားပြုခြင်းမျိုးကို အောင်နိုင်ခြင်း'အဇိနိ'ဟု ဆိုသည်။

### ရန်ငြိုးဖွဲ့ခြင်း

လှည်းဦးထမ်းပိုးကို သားရေလွန်ကြိုးဖြင့် ဖွဲ့ချည်သကဲ့သို့လည်းကောင်း၊ ငါးပုပ်စသည်ကို သမန်းမြက်စသည်ဖြင့် အထပ်ထပ် ရစ်ပတ်ဖွဲ့ထုပ်သကဲ့သို့လည်းကောင်း၊ အမျက်ဒေါသကို စိတ်၌ ဖွဲ့ချည်ထားမှုကို 'ဥပနယှန္တိ'ရန်ငြိုးဖွဲ့သည်ဟု ဆိုသည်။

### ရန်ငြိုးပယ်ဖျောက်နည်း

မိမိအား ဆဲရေးခြင်းစသည်ပြုသူကို-

၁- မအောက်မေ့စေခြင်း

http://www.dhammadownload.com



၂- နှလုံးမသွင်းခြင်း

၃-မိမိပြုခဲ့ဖူးသော (ကံ)အမှုကို ဆင်ခြင်ခြင်းတို့ဖြင့် ရန်ငြိုးမဖွဲ့မိအောင် ပယ်ဖျောက်ရမည်။

## ဆိုဆုံးမခက်သူ

ခမည်းတော်သုဒ္ဓေါဒနမင်းကြီး၏ နှမတော်ကမွေးသဖြင့် ဘုရားရှင်နှင့် ညီအစ်ကိုဝမ်းကွဲတော်သူ တိဿရဟန်းကြီးသည် ဘုရားရှင်ကိုယ်တိုင် ဆိုဆုံးမသည်ကိုပင် နားမထောင်သဖြင့် ပြောဆိုဆုံးမရခက်သူ 'ဒုဗ္ဗစ'ရဟန်းကြီး ဖြစ်သည်။

တိဿမထေရ်ဝတ္ထုပြီး၏။

♦♦♦♦♦

## ၄-ကာဠယက္ခိနီဝတ္ထု

### ရန်ငြိုးသံသရာထဲက ဘီလူးမနှင့်လူမိန်းမ

မြတ်ဗုဒ္ဓ ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် အမျိုးသမီးတစ်ဦး၏ကလေးကို ကာဠီမည်သောဘီလူးမက သတ်ရန်လိုက်ရာ မြတ်ဗုဒ္ဓနှင့်တွေ့၍ မသတ်လိုက်ရ။ မြတ်ဗုဒ္ဓက ကလေးအမေနှင့် ဘီလူးမတို့၏ အတိတ်ရန်ငြိုးသံသရာကို ဟောပြတော်မူသည်။

ရှေးအခါက အမြုံမသည် တစ်အိမ်တည်းနေ လင်တူမိန်းမ၏ ကိုယ်ဝန်ကို သတ်၏။ နောင်ဘဝတွင် ကိုယ်ဝန်သည်မသည် ကြောင်ဖြစ်၍ အမြုံမက ကြက်ဖြစ်စဉ် ကြက်မ၏သားကို ကြောင်က သတ်၏။ တစ်ဖန် ကြက်မက ကျားသစ်ဖြစ်၍ ကြောင်မက သမင်ဖြစ်စဉ် သမင်၏သားကို ကျားသစ်က သတ်ပြန်၏။ ယခုဘဝတွင် ကျားသစ်မသည် သားအမေဖြစ်၍ သမင်မသည် ဘီလူးမဖြစ်လာ၏။

မြတ်ဗုဒ္ဓသည် ထိုသူနှစ်ဦး၏အတိတ်ကို ဟောပြ၍ 'သင်တို့သည်၊ အကယ်၍ ငါဘုရားနှင့်သာ မတွေ့ခဲ့လျှင် ရှေးအခါက မြွေနှင့်မြွေပါ၊ ကြို့ပင်နတ်နှင့်ဝက်ဝံ၊ ကျီးနှင့် ခင်ပုတ်ငှက်တို့ကဲ့သို့ ကမ္ဘာရန်သူများအဖြစ်ဖြင့် အမုန်းသံသရာဝယ် ချာလပတ် လည်ကြရပေတော့မည်'ဟု မိန့်တော်မူကာ ဤဒေသနာကို ဟောတော်မူသည်။ ဒေသနာအဆုံး၌ ဘီလူးမသောတာပန်တည်၍ ရန်သူမိန်းကလေးနှင့် ငြိမ်းချမ်းရေးရသွားသည်။

http://www.dhammadownload.com



## ရန်ပြေမာန်ပြေဓမ္မဒေသနာတော်

ပါဠိ။ နဟိ ဝေရေန ဝေရာနိ၊ သမ္မန္တီဓ၊ ကုဒါစနံ။
အဝေရေန စ ဝေရာနိ၊ သေဓမ္မော သနန္တနော။

အနက်။ ဣဓ၊ ဤလောက၌။ ဝေရာနိ၊ ရန်တို့သည်။ ဝေရေန၊ ရန်တုန့်မှု နေသဖြင့်။ ကုဒါစနံ၊ တရံတဆစ်မျှ။ နဟိသမ္မန္တိ၊ ငြိမ်းချမ်းခြင်းမရှိနိုင်ကုန်။ (ဝူမန္တိယေဝ၊ ရန်ပွားကုန် သည်သာတည်း) အဝေရေနစ၊ ရန်တုန့်မမူသဖြင့်သာလျှင်။ ဝေရာနိ၊ ရန်တို့သည်။ သမ္မန္တိ၊ ငြိမ်းချမ်းနိုင်ကြပေကုန်၏။ သေဓမ္မော၊ ဤသို့ရန်တုန်မမူသဖြင့်သာ ရန်ငြိမ်းခြင်း သဘောသည်။ သနန္တနော၊ ရှေးရိုးစဉ်လာ ဓမ္မတာသဘော ဖြစ်ပါပေသတည်း။

**အဓိပ္ပါယ်**။ ဤလောက၌ ရန်တုန့်မူနေသဖြင့် ဘယ်အခါမျှ ရန်မငြိမ်း။ ရန်တိုးခြင်းသာ ဖြစ်၏။ ရန်တုန့်မမူသဖြင့်သာ ရန်ငြိမ်း၏။ ဤသဘော ရှေးရိုးစဉ်လာ ဓမ္မတာပင်တည်း။

**ဓမ္မသာရ**။ ရန်မတုန့်မှ ရန်ငြိမ်းသည်။ ရန်တုန့်လျှင် ရန်ပွားသည်။

## ရန်မလိုမှ ရန်ပြီးခြင်း

တံတွေး၊နှပ်၊မစင်စသည်တို့ ပေကျံရာကို တံတွေးစသည်ဖြင့် ဆေးကြောသုတ်သင်သဖြင့် စင်ကြယ်အောင်၊ မကောင်းနံ့ပျောက်အောင် မပြုနိုင်။ ပို၍ပင် မစင်ကြယ်၊ မကောင်းနံ့ ကြွယ်သကဲ့သို့ ထို့အတူ ဆဲရေးပုတ်ခတ်သူကို တစ်ဖန်ပြန်၍ ဆဲရေးပုတ်ခတ်မှု ပြုလျက် ရန်တုန့်မူခြင်းသည် ဘယ်အခါမျှ ရန်မငြိမ်းသည့်အပြင် ရန်သာပိုလာသည်။

တံတွေး၊နှပ်၊မစင်စသည်တို့ ပေကျံရာကို ရေသန့်ဖြင့် ဆေးကြောသုတ်သင်မှသာ စင်ကြယ်အောင်၊ မကောင်းနံ့ပျောက်အောင် ပြုနိုင်သကဲ့သို့ ထို့အတူ ဆဲရေးပုတ်ခတ်သူကို တစ်ဖန်ပြန်၍ ဆဲရေးပုတ်ခတ်မှုမပြုဘဲ-

၁-ခန္တီ၊မေတ္တာ၊ကရုဏာ၊ဥပေက္ခာတို့ဖြင့်လည်းကောင်း၊

၂-ယောနိသောမနသိကာရဖြင့်လည်းကောင်း၊

၃-မိမိပြုသောကံကို ပညာ၊သတိတို့ဖြင့်ဆင်ခြင်၍လည်းကောင်း ရန်ပြီးငြိမ်းနိုင်သည်။

## အပြန်အလှန်ကျေးဇူးတရား

တစ်ချိန်တုန်းက အပြန်အလှန် ရန်ငြိုးဖွဲ့ခဲ့ကြသော ဘီလူးမနှင့် လူမိန်းမတို့သည် မြတ်ဗုဒ္ဓ၏ ဆုံးမတရားကို ခံယူရသဖြင့် အချင်းချင်း ရန်ငြိုးပြေလည်သွားကြသည်။

http://www.dhammadownload.com



တစ်ချိန်ကရန်ငြွေးကို ပြန်ဆပ်သည့်အနေဖြင့် လူမိန်းမက ထမင်းအစာများဖြင့် ကျွေးမွေး စောင့်ရှောက်သည်။ ဘီလူးမကလည်း အလုပ်အကိုင် အဆင်ပြေအောင် ပြန်လည် ကူညီ စောင့်ရှောက်ပေးသည်။ (ဓမ္မ၊၄၁၊ ၃၅)

ကာဠယက္ခိနီဝတ္ထုပြီး၏။

♦♦♦♦♦

## ၅–ကောသမ္ဗကဝတ္ထု

### ကောသမ္ဗကရဟန်းများ

မြတ်ဗုဒ္ဓ ကောသမ္ဗီပြည်၊ ဃောသိတာရုံကျောင်း၌ သီတင်းသုံးစဉ် ကောသမ္ဗီပြည်သား ရဟန်းတို့သည် ဂိုဏ်းကွဲနေကြ၏။ ဓမ္မကထိကရဟန်း ဦးဆောင်သောအဖွဲ့က တစ်ဂိုဏ်း၊ ဝိနည်းဓိုရ်ရဟန်းဦးဆောင်သောအဖွဲ့က တစ်ဂိုဏ်း ဖြစ်၏။ ဓမ္မကထိကရဟန်း ကုဋီတက်ရာ တွင် ရေခွက်၌ ရေအနည်းငယ်ကျန်သည်ကို ဝိနည်းဓိုရ်ရဟန်းက အပြစ်နှင့် စွပ်စွဲရာမှ စ၍ ပြဿနာပွားခြင်း ဖြစ်သည်။

နောက်ဆုံးတွင် ဘုရားရှင်ကိုယ်တိုင်ပင် ဖြေရှင်းစေ့စပ်ပေး၍ မရ။ ထို့ကြောင့် မြတ်ဗုဒ္ဓသည် ပတ်ဝန်းကျင်ပရိသတ်နှင့် နေရခြင်းကို ငြီးငွေ့တော်မူ၏။ ကိုယ်တော်တစ်ပါး တည်း ပါလိလေယျတောသို့ ကြွ၍ ဝါဆိုတော်မူ၏။ ဝါကျွတ်၍ ပြန်ကြွလာသောအခါ ရဟန်းများက မိမိတို့၏ ကွဲပြားမှုကို နောင်တအကြီးအကျယ်ရကာ မြတ်စွာဘုရားထံ တောင်းပန်ဝန်ချ ကန်တော့ကြသဖြင့် ဤဒေသနာကို ဟောကြားတော်မူသည်။ ဒေသနာ အဆုံး၌ ရဟန်းများ ငြိမ်းချမ်းရေးရကြ၍ သောတာပန်တည်ကြသည်။

### ရန်ငြိမ်းသူနှင့် ရန်မငြိမ်းသူ

ပါဠိ။ ပရေစ န ဝိဇာနန္တိ၊ မယမေတ္ထ ယမာမသေ။
ယေ စ တတ္ထ ဝိဇာနန္တိ၊ တတော သမ္မန္တိ မေဓဂါ။

အနက်။ ဧတ္ထ၊ ဤလောက၌။ ပရေ၊ ပညာရှိသူတော်ကောင်းမှ တစ်ပါးသော လူမိုက်များသည်။ မယံ၊ ငါတို့သည်။ ယမာမသေ၊ သေကြရကုန်လိမ့်မည်ဟု။ နဝိဇာနန္တိ၊ မသိနိုင်ကြကုန်။ တတော၊ ထို့ကြောင့်။ မေဓဂါ၊ ခိုက်ရန်ငြင်းခုံမှုတို့သည်။ နစသမ္မန္တိ၊ မပြေငြိမ်းနိုင်ကြကုန်။

http://www.dhammadownload.com



တတ္ထ၊ ထိုလောက၌။ ယေ၊ အကြင်ပညာရှိပုဂ္ဂိုလ်တို့သည်။ မယံ၊ ငါတို့သည်။ ယမာမသေ၊ သေကြရကုန်လိမ့်မည်ဟု။ ဝိဇာနန္တိ၊ သိကုန်၏။ တတော၊ ထို့ကြောင့်။ မေဓဂါ၊ ခိုက်ရန်ငြင်းခုံမှုတို့သည်။ သမ္မန္တိ၊ ပြေငြိမ်းကြလေကုန်၏။

**အဓိပ္ပါယ်။** လူမိုက်တို့သည် ငါတို့သေကြရလိမ့်မည်ဟု မသိမှုကြောင့် ခိုက်ရန်များကို ငြိမ်းအောင်မပြုကုန်။ ပညာရှိတို့ကား ငါတို့သေကြရလိမ့်မည်ဟု သိမှုကြောင့် ခိုက်ရန်များကို ငြိမ်းအောင်ပြုကုန်၏။

**ဓမ္မသာရ။** လူမိုက်တို့သည် ရန်မူ၏။ ပညာရှိတို့သည် ရန်ငြိမ်း၏။

## ရန်မပြေသူနှင့် ရန်ပြေသူ

ပညာရှိလူလိမ္မာတို့သည် ငါတို့သည် ရေရှည်အသက်ရှင်မနေရ မကြာခင်သေကြရကုန်လိမ့်မည်ဟု သိသဖြင့် ဖြစ်ပေါ်လာသောရန်ငြိုးကို တစ်ခဏချင်း ပြေငြိမ်းသတ်နိုင်ကြ၏။

ပညာမဲ့သူ လူမိုက်တို့ကား ငါတို့သည် ကြာရှည်အသက်ရှင်မနေရ မကြာခင်သေကြရကုန်လိမ့်မည်ဟု မသိသဖြင့် ဖြစ်ပေါ်လာသောရန်ငြိုးကို မပြေငြိမ်းနိုင်ကြကုန်။ ဆက်လက်မွေးဖွားထားကြကုန်၏။

## ပညာရှိအမျက်ဖြေနည်းများ

၁-အမျက်ထွက်သူကို တုန့်ပြန်အမျက်ထွက်သူသည် ရှေးဦးစွာ အမျက်ထွက်သူထက်ပို ယုတ်မာ၏။ မိမိအား အမျက်ထွက်သူကို တစ်ဖန်ပြန်၍ အမျက်မထွက်သူသည် အောင်နိုင်ခဲသောစစ်ပွဲကို အောင်သည်မည်၏။

၂-အမျက်ဒေါသ ခြောင်းခြောင်းထနေသူကို သိမြင်၍ သတိ,ပညာဖြင့် ငြိမ်းစေနိုင်သူသည် မိမိသူတစ်ပါး နှစ်ဦးသားတို့၏ အကျိုးစီးပွားကို ကျင့်ဆောင်နိုင်သူ ဖြစ်၏။

၃-ရန်သူသည် ပြုနိုင်ကောင်းသော သင်၏ကိုယ်၌ ဆင်းရဲမှုကို အကယ်၍ ပြုကြောအံ့။ ပညာရှိသည် ထိုရန်သူ၏အရာဖြစ်သော မိမိကိုယ်စိတ်ဆင်းရဲခြင်းအမှုကို အဘယ့်ကြောင့် ပြုအံ့နည်း။

၄-လူမိုက်တို့သည် 'တစ်ပါးသူတို့က ယုတ်မာသောပြစ်မှားမှုကို ငါ့အားပြုလေပြီ' ဟု

http://www.dhammadownload.com


အမျက်ထွက်၏။ ပညာရှိသည်ကား ထိုပြုသူနှင့်တူသော ယုတ်မာသောပြစ်မှားမှုကို အဘယ့်ကြောင့် ပြုလိုအံ့နည်း။

၅-သူစိမ်းပြင်ပဖြစ်သော ရန်သူတစ်ယောက်သည် သင့်ကို အမျက်ထွက်စေလိုသောကြောင့် မနှစ်သက်ဖွယ်ကို အကယ်၍ ပြုငြားအံ့။ ပညာရှိသူသည် 'ငါ့ကို အမျက်ထွက်စေပြီ'ဟု အဘယ်ကြောင့် ထိုရန်သူ၏ လိုဆန္ဒကို ဖြည့်ဆည်းစေအံ့နည်း။

၆-သင်သည် အကယ်၍ အမျက်ထွက်ငြားအံ့။ ထိုအမျက်ဖြင့် ရန်သူအား ဆင်းရဲခြင်းသို့ ရောက်အောင် ပြုနိုင်ကောင်းပြုနိုင်မည်။ မပြုနိုင်ဘဲလည်း ဖြစ်နိုင်မည်။ သို့သော် သင်ကိုယ်တိုင်မူကား ယခုပင် အမျက်ထွက်ခြင်းဆင်းရဲဖြင့် နှိပ်စက်ခံနေရလေပြီ။

၇-အိုပညာရှိ၊ လောက၌ ပရမတ်တို့၏ တည်နေနိုင်မှုကာလသည် ခဏတာလျှောသာ ဖြစ်၏။ ထို့ကြောင့် သင့်အား အမျက်ထွက်အောင်ပြုသူ၏ ခန္ဓာ,နာမ်ရုပ် အဟောင်းတို့သည် ချုပ်၍ အသစ်တို့ ဖြစ်လေပြီ။ ယခု ထိုရန်သူ၏သန္တာန်၌ အဘယ်ခန္ဓာအား သင်အမျက်ထွက်မည်နည်း။ (ဝိသုဒ္ဓိမဂ်၊ ဗြဟ္မဝိဟာရအဖွင့်)

## ရှေ့ဆောင်သူအမှား အပြစ်များ

ကောသမ္ဗီပြည် ဃောသိတာရုံကျောင်းတိုက်၌ တပည့်ငါးရာစီရှိသော ဝိနည်းမိုရ်ရဟန်းနှင့် ဓမ္မကထိကရဟန်းတို့ အပြစ်အလှန်စွပ်စွဲမှုကြောင့် တပည့်များ ဂိုဏ်းကွဲ၏။ ဩဝါဒခံဘိက္ခုနီမများနှင့် ကိုးကွယ်သူ ဒါယကာများလည်း နှစ်ခြမ်းကွဲ၏။ အစောင့်အရှောက်ဖြစ်သော စတုမဟာရာဇ်နတ်တို့ကို အစပြု၍ သူတို့နှင့်ရင်းနှီးရာ အကနိဋ္ဌဗြဟ္မာပြည်တိုင်အောင် နတ် ဗြဟ္မာများပါ နှစ်ခြမ်းကွဲသွားကြကုန်၏။ ဘုရားရှင်ကိုယ်တိုင် စေ့စပ်ပေးသည်ကိုပင် မလိုက်နာနိုင်အောင် ကွဲပြားခဲ့ကြသည်။ (ဓမ္မ၊ ဋ၊ ၁၊ ၃၅)

## မျောက်နတ်သား,ဆင်နတ်သား

ပါလိလေယျတော၌ မြတ်ဗုဒ္ဓသီတင်းသုံးစဉ် မိမိလှူသောပျားသကာကို ဘုန်းပေးသုံးဆောင်တော်မူသော မြတ်ဗုဒ္ဓအပေါ် ကြည်ညိုအားရဝမ်းသာဖြစ်ကာ မြူးတူးခုန်ပေါက်စဉ် သေသွားသောမျောက်သည် တာဝတိံသာနတ်ပြည်၌ နတ်သားဖြစ်ရသည်။

မြတ်ဗုဒ္ဓအား ရေပူရေချမ်း,သစ်သီးဆွမ်းများ ရှာဖွေကပ်လှူခြင်း၊ သပိတ်သင်္ကန်းတို့ကို ဦးကင်းပေါ်တင်ကာ ဘုရားရှင်နှင့်အတူ ဆွမ်းခံလိုက်ပါခြင်း၊ သစ်ခက်ဖြင့် ယပ်ခတ်

http://www.dhammadownload.com



ပေးခြင်း၊ ညအချိန်၌ အရဏ်တက်ချိန်ထိ စောင့်ရှောက်ပေးခြင်းတို့ကြောင့် သေလွန်သောအခါ နတ်သမီးတစ်ထောင်ခြံရံလျက် နတ်သားဖြစ်ရသည်။ (ဓမ္မ၊ ဋ္ဌ၊ ၁၊ ၄၀)

ကောသမ္ဗကဝတ္ထုပြီး၏။

♦♦♦♦♦

## ၆–မဟာကာဠတ္ထေရဝတ္ထု

### မယားဟောင်း၏ဖျားယောင်းချက်

မြတ်ဗုဒ္ဓ သေတဗျမြို့ ယင်းတိုက်တော၌ သီတင်းသုံးစဉ် သေတဗျမြို့သား စူဠကာဠနှင့်မဟာကာဠညီနောင်တို့ ရဟန်းပြုကြ၏။ မဟာကာဠသည် သဒ္ဓါတရားဖြင့် ရဟန်းပြုသူဖြစ်၍ စူဠကာဠကား သဒ္ဓါတရားဖြင့် ရဟန်းပြုသူမဟုတ်။

တစ်နေ့တွင် စူဠကာဠ၏ မယားဟောင်းသည် ဘုရားအမှူးရှိသောသံဃာကို ပင့်ဖိတ်ဆွမ်းကပ်လျက် စူဠကာဠကို အတင်းအဓမ္မ လူဝတ်လဲစေ၏။ နောက်နေ့တွင်လည်း မဟာကာဠ၏ မယားဟောင်းသည် ဆွမ်းကပ်လျက် မဟာကာဠအား အတင်းအဓမ္မ လူဝတ်လဲစေရန်ကြံ၏။

မြတ်စွာဘုရားနှင့် အခြားသံဃာတို့ပြန်ကြွသောအခါ မဟာကာဠကို ဆွမ်းအနုမောဒနာတရား ဟောကြားရန် ထားရစ်ခဲ့၏။ ကျောင်းရောက်သောအခါ၌ ရဟန်းများက မဟာကာဠမထေရ်အတွက် စိုးရိမ်မကင်းဖြစ်ကာ ဘုရားရှင်အား လျှောက်ကြားသဖြင့် ဤဒေသနာကို ဟောတော်မူသည်။ ဒေသနာအဆုံး၌ ရဟန်းများသောတာပန်စသည်ဖြစ်၏။

### ဣန္ဒြေမဲ့ အကျိုးပျက်

ပါဠိ။ သုဘာနုပဿိံ ဝိဟရန္တံ၊ ဣန္ဒြိယေသု အသံဝုတံ။
ဘောဇနမှိစာ မတ္တညုံ၊ ကုသီတံ ဟီနဝီရိယံ။
တံ ဝေ ပသဟတိ မာရော၊ ဝါတော ရုက္ခံဝ ဒုဗ္ဗလံ။

အနက်။ သုဘာနုပဿိံ၊ မတင့်တယ်သောအာရုံကို တင့်တယ်၏ဟု ရှုလေ့ရှိသဖြင့်။ ဝိဟရန္တံ၊ နေသော။ ဣန္ဒြိယေသု၊ စက္ခုစသောဣန္ဒြေတို့၌။ အသံဝုတံ၊ မစောင့်စည်းသော။ ဘောဇနမှိစ၊ ဘောဇဉ်၌လည်း။ အမတ္တညုံ၊ အတိုင်းအရှည်ကို မသိသော။ ကုသီတံ၊

http://www.dhammadownload.com



ပျင်းရိသော။ ဟီနဝီရိယံ၊ လုံ့လဝီရိယယုတ်လျော့သော။ တံ၊ ထိုပုဂ္ဂိုလ်မျိုးကို။ ဝါတော၊ လေမုန်တိုင်းသည်။ ဒုဗ္ဗလံ၊ အားနည်းသော။ ရုက္ခံ၊ သစ်ပင်ကို။ ပသဟတိဣဝ၊ ဖျက်ဆီးသကဲ့သို့။ မာရော၊ ကိလေသာမာန် ကိုယ်တွင်းရန်သည်။ ဝေ၊ စင်စစ်။ ပသဟတိ၊ နှိပ်စက်ဖျက်ဆီးနိုင်၏။

**အဓိပ္ပါယ်။** မတင့်တယ်သောအာရုံကို တင့်တယ်၏ဟု ရှုသူ၊ မျက်စိသောတ္ထန္ဒြေတို့၌ မစောင့်စည်းသူ၊ အစားအစာကို ရှာမှီး,ဆောင်ယူ,သုံးဆောင်ခြင်းတို့၌ အတိုင်းအရှည်မရှိသူ၊ ပျင်းရိသူတို့ကို လေမုန်တိုင်းသည် သစ်ပင်ကို အမြစ်ပြုတ် ဖျက်ဆီးသကဲ့သို့ ကိလေသာသည် နှိပ်စက်ဖျက်ဆီးပစ်၏။

**ဓမ္မသာရ။** ဣန္ဒြေကို မစောင့်စည်းသူအား ကိလေသာမာရ် နှိပ်စက်နိုင်၏။

## ဣန္ဒြေရှင်အကျိုးထင်

ပါဠိ။ အသုဘာနုပဿိံ ဝိဟရန္တံ၊ ဣန္ဒြိယေသု သုသံဝုတံ။
ဘောဇနမှိစ မတ္တညုံ၊ သဒ္ဓံ အာရဒ္ဓဝီရိယံ။
တံ ဝေ နပသဟတိ မာရော၊ ဝါတော သေလံဝ ပဗ္ဗတံ။

အနက်။ အသုဘာနုပဿိံ၊ တင့်တယ်သောအာရုံကို မတင့်တယ်ဟု ရှုလေ့ရှိသဖြင့်။ ဝိဟရန္တံ၊ နေသော။ ဣန္ဒြိယေသု၊ စက္ခုစသောဣန္ဒြေတို့၌။ သုသံဝုတံ၊ ကောင်းစွာစောင့်စည်းသော။ ဘောဇနမှိစ၊ ဘောဇဉ်၌လည်း။ မတ္တညုံ၊ အတိုင်းအရှည်ကိုသိသော။ သဒ္ဓံ၊ သဒ္ဓါတရားရှိသော။ အာရဒ္ဓဝီရိယံ၊ ထက်သန်သောလုံ့လဝီရိယရှိသော။ တံ၊ ထိုပုဂ္ဂိုလ်မျိုးကို။ ဝါတော၊ လေပြေလေညင်းသည်။ သေလံပဗ္ဗတံ၊ ကျောက်တောင်ကို။ နပသဟတိဣဝ၊ မဖျက်ဆီးနိုင်သကဲ့သို့။ မာရော၊ ကိလေသာမာန် ကိုယ်တွင်းရန်သည်။ ဝေ၊ စင်စစ်။ နပသဟတိ၊ မနှိပ်စက်မဖျက်ဆီးနိုင်ပေသတည်း။

**အဓိပ္ပါယ်။** မတင့်တယ်သောအာရုံကို မတင့်တယ်၏ဟု ရှုသူ၊ မျက်စိသောတ္ထန္ဒြေတို့၌ စောင့်စည်းသူ၊ အစားအစာကို ရှာမှီး,ဆောင်ယူ,သုံးဆောင်မှုတို့၌ အတိုင်းအရှည်ရှိသူ၊ မပျင်းရိသူ၊ သဒ္ဓါတရားပြည့်စုံသူတို့ကို လေပြေသည် ကျောက်တောင်ကို မဖျက်ဆီးနိုင်သကဲ့သို့ ကိလေသာမာရ်သည် မဖျက်ဆီးနိုင်။

**ဓမ္မသာရ။** ဣန္ဒြေကို စောင့်စည်းသူအား ကိလေသာမာရ် မနှိပ်စက်နိုင်။

http://www.dhammadownload.com



## သစ်ပင်လူနှင့် ကျောက်တိုင်လူ

လေမုန်တိုင်းသည် ကမ်းပါးပြတ်၌ ပေါက်သောသစ်ပင်ကို ပင်လုံးကျွတ် အမြစ်နှင့်တကွ ထက်အောက်ပြောင်းပြန် ပြုခြင်းဖြင့် နှိပ်စက်သကဲ့သို့ မတင့်တယ်သောအာရုံကို တင့်တယ်၏ဟု ရှုသူ၊ မျက်စိစသောဣန္ဒြေတို့၌ မစောင့်စည်းသူ၊ အစားအစာကို ရှာမှီးခြင်း စသည်တို့၌ အတိုင်းအရှည်မရှိ၊ ပျင်းရိသူမျိုးသည် ကိလေသာ ဖျက်ဆီးခံရ၍ ပြိုလဲကျနိုင်သဖြင့် သစ်ပင်နှင့်တူသူ ဖြစ်၏။

လေပြေသည် ကျောက်တောင်ကို မဖြိုဖျက်နိုင်သကဲ့သို့ မတင့်တယ်သောအာရုံကို မတင့်တယ်ဟု ရှုသူ၊ မျက်စိစသောဣန္ဒြေတို့၌ စောင့်စည်းသူ၊ အစားအစာကို ရှာမှီးခြင်း စသည်တို့၌ အတိုင်းအရှည်ရှိလျက် သဒ္ဓါ၊ ဝီရိယရှိသူမျိုးသည် ကိလေသာ ဖျက်ဆီးမခံရ၍ မပြိုလဲနိုင်သဖြင့် ကျောက်တိုင်နှင့်တူသူ ဖြစ်၏။

## ပျင်းရိသူဟူသည်

ကာမဝိတက်၊ဗျာပါဒဝိတက်၊ဝိဟိံသာဝိတက်ဟူသော မိစ္ဆာဝိတက်တို့၏ အလိုသို့ လိုက်၍ ဓမ္မအလုပ်တွင် အရိယာပုဒ် ၄-ပါးလုံး၌ လုံ့လမရှိသူသည် ပျင်းရိသူ 'ကုသီတ' မည်၏။

## စောင့်ထိန်းရမည့်ဣန္ဒြေ ၅-ပါး

၁-စက္ခု-မျက်လုံး၊ ၂-သောတ-နား၊ ၃-ဃာန-နှာခေါင်း၊ ၄-ဇိဝှါ-လျှာ၊ ၅-ကာယ-ကိုယ်ခန္ဓာ၊ မန-စိတ်ဟူသော ဣန္ဒြေ ၆-ပါးကို တရားအားထုတ်သူတို့သည် စောင့်ထိန်းရသည်။

## သဒ္ဓါ၏ ယုံကြည်မှု ၂-မျိုး

၁။ ကံကံ၏အကျိုးကို ယုံကြည်ခြင်းသဘောရှိသော လောကိယသဒ္ဓါ၊

၂။ ရတနာသုံးပါး၌ မတုန်မလှုပ် ယုံကြည်ခြင်းသဘောရှိသော လောကုတ္တရာသဒ္ဓါ၊

## သုသာန်စုတင်ဆောင်ရဟန်းကျင့်ဝတ်

၁-မိမိသုသာန်၌နေကြောင်းကို သုသာန်စောင့်နှင့်ကျောင်းထိုင်မထေရ်ရွာလူကြီးတို့အား

http://www.dhammadownload.com



ပန်ကြားထားရခြင်း။
၂-သား,ငါး,နှမ်း,မုန့် ဆီ,ထန်းလျက်စသည်တို့ကို ရှောင်ရခြင်း။
၃-နေ့အခါမအိပ်ရခြင်း။
၄-ပျင်းရိမှုမရှိရခြင်း။
၅။ ဝီရိယထက်သန်ရခြင်း။
၆။ ကောက်ကျစ်စဉ်းလဲမှုမရှိဘဲ စိတ်ဓာတ်ကောင်းမွန်ရခြင်း။
၇။ ညချမ်းအခါ လူသူမအိပ်ခင် ကျောင်းမှထွက်ခွာခဲ့ရခြင်း။
၈။ နံနက်စောစော၌ လူသူမနိုးခင် ကျောင်းသို့ပြန်ကြွရခြင်း။ (ဓမ္မ၊ဋ္ဌ၊၁၊ ၄၄)

မဟာကာဠမထေရ်ဝတ္ထုပြီး၏။

♦♦♦♦♦

## ၇-ဒေဝဒတ္တဝတ္ထု

### အရှင်ဒေဝဒတ်

မြတ်ဗုဒ္ဓ ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် အရှင်ဒေဝဒတ်သည် မိမိနှင့်မတန်သော အသပြာတစ်ထောင်တန်သင်္ကန်းကို ဝတ်ရုံ၍ ရာဇဂြိုဟ်မြို့၌ လှည့်လည်၏။ ရဟန်းတို့က မြတ်စွာဘုရားအား 'အရှင်ဘုရား၊ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်တို့နှင့်သာ ထိုက်တန်သော သင်္ကန်းမျိုးကို ဝတ်ရုံလှည့်လည်နေသည်'ဟု လျှောက်ကြ၏။

ထိုအခါ မြတ်ဗုဒ္ဓက 'ရဟန်းတို့၊ ဒေဝဒတ်သည် ရှေးအခါ မုဆိုးဖြစ်စဉ်ကလည်း ဤကဲ့သို့ မိမိနှင့်မထိုက်တန်သောသင်္ကန်းမျိုးကို ဝတ်ရုံ၍ ပစ္စေကဗုဒ္ဓါတို့အား ကြည်ညိုသော ဆင်ကို လှည့်ပတ်၍ သတ်ဖူး၏'ဟု အတိတ်ကို မိန့်တော်မူကာ ဤဒေသနာကို ဟောတော်မူသည်။ ဒေသနာအဆုံး၌လျှောက်ထားသောရဟန်းနှင့်အခြားရဟန်းများ သောတာပန်တည်ကြသည်။

### သင်္ကန်းဝတ်ရုံ မထိုက်တန်ဂုဏ်

ပါဠိ။ အနိက္ကသာဝေါ ကာသာဝံ၊ ယော ဝတ္ထံ ပရိဒဟိဿတိ။
အပေတော ဒမသစ္စေန၊ န သော ကာသာဝ မရဟတိ။

အနက်။ အနိက္ကသာဝေါ၊ ရာဂစသောကိလေသာ ဖန်ရည်မကင်းသော၊ ဒမသစ္စေန၊ ဣန္ဒြေကို ဆုံးမခြင်း,သစ္စာစောင့်ခြင်းမှ။ အပေတော၊ ကင်းသော။ ယော(ပုဂ္ဂလော) အကြင်

http://www.dhammadownload.com



ပုဂ္ဂိုလ်သည်။ ကာသာဝံ၊ ဖန်ရည်စွန်းသော အဝတ်သင်္ကန်းကို။ ပရိဒဟိဿတိ၊ ဝတ်ရုံအံ့။ သော(ပုဂ္ဂလော) ထိုပုဂ္ဂိုလ်သည်။ ကာသာဝံ၊ ဖန်ရည်စွန်းသော အဝတ်သင်္ကန်းကို။ နအရဟတိ၊ မဝတ်ထိုက်။

## သင်္ကန်းဝတ်ရုံ ထိုက်တန်ဂုဏ်

ပါဠိ။ ယော စ ဝန္တကသာဝဿ၊ သီလေသု သုသမာဟိတော။
ဥပေတော ဒမသစ္စေန၊ သ ဝေ ကာသာဝမရဟတိ။

အနက်။ ယောစ(ပုဂ္ဂလော)အကြင်ပုဂ္ဂိုလ်သည်ကား။ ဝံသကာသာဝေါ၊ စွန့်ပယ်အပ်ပြီးသော ကိလေသာဖန်ရည်ရှိသည်။ အဿ၊ ဖြစ်၏။ သီလေသု၊ စတုပါရိသုဒ္ဓိသီလတို့၌။ သုသမာဟိတော၊ ကောင်းစွာဆောက်တည်သည်လည်း။ အဿ၊ ဖြစ်၏။ ဒမသစ္စေန၊ ဣန္ဒြေကို ဆုံးမခြင်း,သစ္စာစောင့်ခြင်းနှင့်။ ဥပေတော၊ ပြည့်စုံသည်လည်း။ အဿ၊ ဖြစ်၏။ သော(ပုဂ္ဂလော) ထိုပုဂ္ဂိုလ်သည်။ ဝေ၊ စင်စစ်။ ကာသာဝံ၊ ဖန်ရည်စွန်းသော အဝတ်သင်္ကန်းကို။ အရဟတိ၊ ထိုက်၏။

အဓိပ္ပါယ်။ စက္ခုစသောဣန္ဒြေတို့ကို ဆုံးမခြင်းမရှိ၊ မှန်ကန်ခြင်းသစ္စာလည်းမရှိ၊ ရာဂစသောကိလေသာလည်း အပြည့်ရှိသူသည် သင်္ကန်းကို မဝတ်ဆင်ထိုက်။ စက္ခုစသော ဣန္ဒြေကိုဆုံးမခြင်း, မှန်ကန်မှုသစ္စာရှိ၍ အကျင့်သီလတို့ကို ကောင်းစွာစောင့်ထိန်းပြီး ရာဂစသောကိလေသာတို့ကို ပယ်ခွာဆဲပယ်ခွာပြီးသူသည်သာ သင်္ကန်းကို ဝတ်ဆင်ထိုက်၏။

**ဓမ္မသာရ**။ သင်္ကန်းဝတ်တိုင်း ဂုဏ်မထိုက်။

### အဓိပ္ပါယ်အဖွင့်များ

အနိက္ကသာဝေါ-၌ ကာသာဝ-အရ ရာဂစသော ကိလေသာဖန်ရည်ကို ယူရမည်။ သစ္စာအရ-ပရမတ္ထသစ္စာနှင့် ဝစီသစ္စာ။ သီလအရ-စတုပါရိသုဒ္ဓိသီလတို့ကို ယူရမည်။

၁။ ပါတိမောက္ခသံဝရသီလ၊
၂။ ဣန္ဒြိယသံဝရသီလ
၃။ အာဇီဝပါရိသုဒ္ဓိသီလ
၄။ ပစ္စယသန္နိဿိတသီလ။

http://www.dhammadownload.com



ဝန္တကာသာဝ-အရ မင်လေးပါးဖြင့် ရာဂစသော ကိလေသာတို့ကို ပယ်သတ်ပြီးသူသည် သင်္ကန်းကို ကေန်ဝတ်ရုံထိုက်၏။

**အရှင်သာရိပုတ္တရာဟောသောတရား**

၁-ကိုယ်တိုင်ပေးလှူ၏။ သူတစ်ပါးကို မတိုက်တွန်းသူသည် စည်းစိမ်ချမ်းသာနှင့် ပြည့်စုံ၏။ အခြွေအရံနှင့်ကား မပြည့်စုံ။

၂-ကိုယ်တိုင်ကားမလှူနိုင်။ သူတစ်ပါးကိုကားတိုက်တွန်းသူသည် အခြွေအရံနှင့် ပြည့်စုံ၏။ စည်းစိမ်ချမ်းသာနှင့်ကား မပြည့်စုံ။

၃-ကိုယ်တိုင်လည်းမလှူ။ သူတစ်ပါးကိုလည်းမတိုက်တွန်း။ စည်းစိမ်ချမ်းသာ၊ ခြွေရံသင်းပင်း မပြည့်စုံ။

၄။ ကိုယ်တိုင်လည်းလှူ၏။ သူတစ်ပါးကိုလည်းတိုက်တွန်း၏။ စည်းစိမ်ချမ်းသာ၊ ခြွေရံသင်းပင်း ပြည့်စုံ၏။ (ဓမ္မ၊ ၄၊ ၁၊ ၅၁)

ဒေဝဒတ္တဝတ္ထုပြီး၏။

◆◆◆◆◆

## ၈-သာရိပုတ္တတ္ထေရဝတ္ထု

**အရှင်သာရိပုတ္တရာထေရ်**

မြတ်ဗုဒ္ဓ ရာဇဂြိုဟ်မြို့၊ ဝေဠုဝန်ကျောင်း၌ သီတင်းသုံးစဉ် ဥပတိဿနှင့် ကောလိတ သူငယ်ချင်းနှစ်ယောက်တို့သည် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံလှည့်သော အရှင်အဿဇိထံမှ တရားနာကြား၍ သောတာပန် ဖြစ်၏။ ဘုရားထံမှောက်ရောက်၍ အဂ္ဂသာဝကအဖြစ်ကို ရရှိသဖြင့် အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်ဟု ထင်ရှားသည်။

တစ်နေ့တွင် အရှင်သာရိပုတ္တရာက မြတ်ဗုဒ္ဓအား 'အရှင်ဘုရား၊ တပည့်တော်တို့သည် ဆရာဟောင်းဖြစ်သော သိဉ္စည်းပရိဗိုဇ်ကို အရှင်မြတ်ထံ ခေါ်ဆောင်ပါသော်လည်း မလိုက်ပါ။ အိုးစရည်းကြီး ပြုလုပ်ပြီးလျက် အိုးငယ်,ခွက်ငယ်ဝယ် သောက်ခွက်ငယ် မလုပ်လိုဟုသာ ပြောပါသည်'ဟု လျှောက်၏။

ထိုအခါ မြတ်ဗုဒ္ဓက 'သာရိပုတ္တရာ၊ သင်တို့သည် အနှစ်ရှိနှင့် အနှစ်မဲ့ကို ခွဲခြားသိ၍ အကာကိုပစ်ပြီး အနှစ်ကို ယူကြသည်။ သိဉ္စည်းဆရာကား အနှစ်မဲ့ကို အနှစ်ရှိဟု၊ အနှစ်ရှိကို

http://www.dhammadownload.com



အနှစ်မဲ့ဟု မှတ်ထင်ယူဆနေ၏။ ထို့ကြောင့် အကာနဲ့အနှစ်ကို မခွဲခြားနိုင်သဖြင့် ငါ့ဘုရားထံ မလာခြင်း ဖြစ်သည်ဟု မိန့်တော်မူကာ ဤဒေသနာကို ဟောတော်မူသည်။ ဒေသနာအဆုံး၌ သောတာပန်စသည် တည်ကြ၏။

**အကာအနှစ် ခွဲစိစစ်**

ပါဠိ။ အသာရေ သာရမတိနော၊ သာရေစာ, သာရဒဿိနော။
တေ သာရံ နာဓိဂစ္ဆန္တိ၊ မိစ္ဆာသင်္ကပ္ပဂေါစရာ။
သာရဥ္စ သာရတော ဉတွာ၊ အသာရဉ္စ အသာရတော။
တေ သာရံ အဓိဂစ္ဆန္တိ၊ သမ္မာသင်္ကပ္ပဂေါစရာ။

အနက်။ ယေ၊ အကြင်သူတို့သည်။ အသာရေ၊ အနှစ်မရှိသောတရား၌။ သာရမတိနော၊ အနှစ်ရှိ၏ဟု မှတ်ထင်ကြကုန်၏။ သာရေစ၊ အနှစ်ရှိသော တရား၌ကား။ အသာရဒဿိနော၊ အနှစ်မရှိဟု မှတ်ထင်ကြကုန်၏။ တေ၊ ထိုသူတို့သည်။ မိစ္ဆာသင်္ကပ္ပဂေါစရာ၊ မှားသောအကြံစည်လျှင် အာရုံရှိကြကုန်သည်ဖြစ်၍။ သာရံ၊ အနှစ်ရှိသော သီလစသော ဂုဏ်ကျေးဇူးတရားကို။ နာဓိဂစ္ဆန္တိ၊ မရနိုင်ကြ လေကုန်။

ယေ၊ အကြင်သူတို့သည်။ သာရဥ္စ၊ အနှစ်ရှိသောတရားကိုလည်း။ သာရတော၊ အနှစ်ရှိသောအားဖြင့်။ အသာရံ၊ အနှစ်မရှိသော တရားကိုလည်း။ အသာရတော၊ အနှစ်မရှိသောအားဖြင့်။ ဉတွာ၊ သိရှိကြကုန်၍။ (ဌိတာ၊ တည်ကုန်၏။) တေ၊ ထိုသူတို့သည်။ သမ္မာသင်္ကပ္ပဂေါစရာ၊ မှန်သောအကြံစည်လျှင် အာရုံရှိကြကုန်သည်ဖြစ်၍။ သာရံ၊ အနှစ်ရှိသော သီလစသော ဂုဏ်ကျေးဇူးတရားကို။ နာဓိဂစ္ဆန္တိ၊ ရနိုင်ကြလေကုန်၏။

အဓိပ္ပါယ်။ အနှစ်မရှိသောတရားကို အနှစ်ရှိ၏။ အနှစ်ရှိသောတရားကို အနှစ်မရှိဟု ပြောင်းပြန်မှတ်ထင်ယူမှားသူတို့သည် သီလစသောကျေးဇူး ဂုဏ်အထူးကိုကို မရနိုင်ကုန်။ အနှစ်ရှိသော တရားနှင့် အနှစ်မရှိသောတရားကို အမှန်အတိုင်း ခွဲခြားသိသူတို့သည် သီလစသောကျေးဇူး ဂုဏ်အထူးကို ရကုန်၏။

ဓမ္မသာရ။ အကာနှင့်အနှစ်,အမှားနှင့်အမှန်ကို ခွဲခြားသိမြင်နိုင်သူသည် အကာကိုပစ်၍ အနှစ်ကို ရယူနိုင်သည်။

**သာရနှင့် အသာရ**

ပစ္စည်းလေးပါးနှင့် ဆယ်ပါးသောအကြောင်းရှိသော မိစ္ဆာဒိဋ္ဌိအယူ၊ ထိုမိစ္ဆာအယူ၏

http://www.dhammadownload.com



မိစ္ဆာ ဟောပြောမှုဒေသနာများသည် အသာရ မည်၏။ ဆယ်ပါးသောအကြောင်းရှိသော သမ္မာဒိဋ္ဌိအယူ။ ထိုအယူ၏မိစ္ဆာ ဟောပြောမှုဒေသနာသည် သာရမည်၏။

## သာရ, အသာရခွဲခြားပြု

အနှစ်သာရမရှိသော အယူဝါဒသည် ကာမဝိတက်,ဗျာပါဒဝိတက်,ဝိဟိံသဝိတက်ဟူသော မိစ္ဆာအတွေးအကြံလျှင် ကျက်စားရာ အာရုံရှိ၏။ သီလ,သမာဓိ,ပညာ,ဝိမုတ္တိ, ဝိမုတ္တိဉာဏဒဿနဟူသော မြတ်သောအနှစ်တို့ကို မရယူနိုင်ကုန်။

အနှစ်သာရရှိသော အယူဝါဒသည် နေက္ခမ္မဝိတက်,အဗျာပါဒဝိတက်,အဝိဟိံသဝိတက်ဟူသော သမ္မာအတွေးအကြံလျှင် အာရုံရှိ၏။ သီလ,သမာဓိ,ပညာ,ဝိမုတ္တိ, ဝိမုတ္တိဉာဏဒဿနဟူသော မြတ်သောအနှစ်တို့ကို ရယူနိုင်သည်။

## ဥပတိဿနှင့်ကောလိတ

အရှင်သာရိပုတ္တရာသည် ရူပသာရီပုဏ္ဏေးမကြီး၏သားဖြစ်သောကြောင့် သာရိပုတ္တဟုလည်းကောင်း၊ ဥပတိဿရွာသားဖြစ်သောကြောင့် ဥပတိဿဟုလည်း အမည်ရသည်။ အရှင်မောဂ္ဂလာန်သည် မောဂ္ဂလိပုဏ္ဏေးမကြီး၏သားဖြစ်သောကြောင့် မောဂ္ဂလာနဟုလည်းကောင်း၊ ကောလိတရွာသားဖြစ်သောကြောင့် ကောလိတဟုလည်းကောင်း အမည်ရ၏။

ဥပတိဿနှင့်ကောလိတသူငယ်ချင်းနှစ်ယောက်တို့သည် ဉာဏ်နုစဉ်အရွယ်၌ ရွှေထမ်းစင်ငါးရာ,အာဇာနည်မြင်းကသောရထားငါးရာတို့ ခြံရံလျက် မြစ်ဆိပ်,ဥယျာဉ်,ပွဲသဘင်များသို့ အတူလှည့်လည်သွားလာ၏။

ဉာဏ်ရင့်လာသောတစ်နေ့ဝယ် ရယ်ရွှင်ဖွယ်,ဝမ်းနည်းဖွယ်,ထိတ်လန့်ဖွယ်စသည်ကို တွေ့၍လည်း ပုံမှန်မဖြစ်။ ဆန့်ကျင်ဘက်ဘက်အနေဖြင့်သာ အနှစ်သာရမရှိခြင်းသဘောကို ဉာဏ်ဖြင့် ဆင်ခြင်ကြည့်မိလေသည်။

ထို့ကြောင့် 'ဤကြည့်ရှုဖွယ်တို့၌ စင်စစ် တစ်စုံတရာသော ကြည့်ရှုဖွယ်အခြင်းအရာသည်မရှိ။ အားလုံးသောဤသတ္တဝါတို့သည် အနှစ် တစ်ရာသို့မရောက်မီ သေကြရကုန်လိမ့်မည်' ဟု နှစ်ယောက်သားတိုင်ပင်ကာ လွတ်မြောက်ရာဓမ္မကို ရှာဖွေခဲ့ကြသည်။

### ဆရာစွဲမထားရ

ဥပတိဿနှင့်ကောလိတတို့သည် သိဉ္စည်းဆရာကြီးထံ ဆည်းကပ်၍လွတ်မြောက်ရေး

http://www.dhammadownload.com



ဓမ္မကိုရှာဖွေရန် တပည့်ခံ၍ ပရိဗိုဇ်ဝတ်၏။ အရှင်အဿဇိထံက အောက်ပါဓမ္မကို ကြားနာရသဖြင့် ဆရာများကို စွန့်ခဲ့ကာ ဆရာမှန်မြတ်ဗုဒ္ဓထံ သွားရောက်ခဲ့ကြသည်။

## သစ္စာ ၄–ပါးဒေသနာ

ပါဠိ။ ယေဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ။
တေသဉ္စ ယောနိရောဓော၊ ဧဝံဝါဒီ မဟာသမဏော။

အဓိပ္ပါယ်။ အကြင်အကျိုးတရားအားလုံးတို့သည် အကြောင်းကြောင့်သာ ဖြစ်ကုန်၏။ ထိုအကြောင်းတရားတို့၏ချုပ်ငြိမ်းရာ 'နိဗ္ဗာန်' ကိုလည်းကောင်း၊ ချုပ်ငြိမ်းကြောင်းတရား 'မဂ္ဂ' ကိုလည်းကောင်း ငါ့တို့ဆရာမြတ်ဗုဒ္ဓ ဟောကြားတော်မူ၏။

ဥပတိဿသည် ရှေး ၂-ပိုဒ်ကို ကြားနာရရုံဖြင့် သောတာပန်တည်၍ သူငယ်ချင်း ကောလိတအား သွားရောက်ဟောကြားသဖြင့် ကောလိတလည်း သောတာပန်တည်သည်။ ဘုရားရှင်ထံရောက်သောအခါ ဧဟိဘိက္ခုရဟန်းဖြစ်ကြ၍ ၇-ရက်မြောက်တွင် ကောလိတ ရဟန္တာဖြစ်သည်။ ၁၅-ရက်မြောက်တွင် ဥပတိဿရဟန္တာဖြစ်သည်။ (ဓမ္မ၊ ဋ္ဌ၊၁၊ ၅၉)

## ဥပတိဿရဟန္တာဖြစ်နောက်ကျခြင်း

ဥပမာအားဖြင့် ဆင်းရဲသားခရီးသွားရာတွင် အိမ်မှမြန်မြန်ထွက်ခွာနိုင်သော်လည်း ရှင်ဘုရင်စသူတို့ ခရီးသွားသောအခါ အခြံအရံများနှင့် ပြင်ဆင်မှုများသဖြင့် မြန်မြန် ခရီးမထွက်နိုင် မခွာနိုင်သကဲ့သို့တည်း။ ဥပတိဿသည် ဉာဏ်ပညာကြီးကျယ်သူဖြစ်၍ ပရိကံများပြားမှုကြောင့် ရဟန္တာဖြစ်နောက်ကျရခြင်းဖြစ်သည်။ (ဓမ္မ၊ ဋ္ဌ၊၁၊ ၆၁)

သာရိပုတ္တထေရ်ရဝတ္ထုပြီး၏။

♦ ♦ ♦ ♦ ♦

## ၉–နန္ဒတ္ထေရဝတ္ထု

### နန္ဒမထေရ်

မြတ်ဗုဒ္ဓသည် ရာဇဂြိုဟ်မှ ကပိလဝတ်နေပြည်တော်သို့ ကြွတော်မူစဉ် အဘိသိက် မင်္ဂလာ၊ အိမ်တက်မင်္ဂလာ၊ထိမ်းမြားမင်္ဂလာပြုသော ညီတော်နန္ဒကို သပိတ်ထမ်း ခေါ်ဆောင်ခဲ့၍ ရဟန်းပြုပေးလိုက်၏။

ရာဇဂြိုဟ်သို့ ရောက်သော် ညီတော်နန္ဒရဟန်းသည် ပြတင်းဝမှနေ၍ ဇနပဒကလျာဏီ

http://www.dhammadownload.com



မှာကြားလိုက်သော ' တုဝဋ္ဋံ ခေါ အယျပုတ္တ အာဂစ္ဆေယျ ' စကားသံကို စွဲလမ်း၍ သာသနာ၌ ငြီးငွေ့လာ၏။ ရဟန်းတို့က ထိုအကြောင်းကို မြတ်ဗုဒ္ဓအား လျှောက်ကြားရာ တာဝတိံသာ နတ်ပြည်သို့ခေါ်ဆောင်ကာ စိတ်ဖြေသိမ့်မှု ပြုတော်မူ၏။

ထို့နောက် ' နတ်သမီးများကို ရလိုသော် ဤမြတ်သောအကျင့်၌ မွေ့လျော်လေလော့ ' ဟု ညီတော်နန္ဒအား ပရိယာယ်ဖြင့် သိမ်းသွင်းတော်မူသည်။ ထို့ကြောင့် ညီတော်နန္ဒလည်း မကြာမတင် ရဟန္တာ ဖြစ်တော်မူသည်။ ရဟန္တာဖြစ်ကြောင်းကို ပြောကြားသည်ရှိသော် ရဟန်းများက မယုံကြည်ကြသဖြင့် ဘုရားရှင်အား လျှောက်ရာ ' ချစ်သားတို့၊ လွန်ခဲ့သောရက် တို့၌ နန္ဒ၏အတ္တဘောသည်၊ အမိုးမလုံသည် အိမ်နှင့်တူ၏။ ယခုသော်ကား လုံခြုံစွာမိုးထား အပ်သော အိမ်နှင့်တူ၏။ နန္ဒသည် နတ်သမီးများကို မြင်သည့်နေ့မှစ၍ ရဟန်းကိစ္စ အပြီးအဆုံးသို့ရောက်အောင် အားထုတ်အပ်ပြီ ' ဟု မိန့်ကာ ဤဒေသနာကို ဟောကြား တော်မူသည်။ ဒေသနာအဆုံး၌ သောတာပန်စသည် တည်ကြ၏။

### မမိုး မလုံ၊ မိုးမှလုံ

ပါဠိ။ ယထာ အဂါရံ ဒုစ္ဆန္နံ၊ ဝုဋ္ဌိ သမတိ ဝိဇ္ဈတိ။
ဧဝံ အဘာဝိတံ စိတ္တံ၊ ရာဂေါ သမတိဝိဇ္ဈတိ။
ယထာ အဂါရံ သုစ္ဆန္နံ၊ ဝုဋ္ဌိ သမတိဝိဇ္ဈတိ။
ဧဝံ သုဘာဝိတံ စိတ္တံ၊ ရာဂေါ နသမတိဝိဇ္ဈတိ။

အနက်။ ဒုစ္ဆန္နံ၊ မကောင်းသဖြင့် မိုးအပ်သော။ အဂါရံ၊ အိမ်ကို။ ဝုဋ္ဌိ၊ မိုးရေသည်။ သမတိဝိဇ္ဈတိယထာ၊ ထိုးဖောက်ဝင်သကဲ့သို့။ ဧဝံ၊ ဤအတူ။ အဘာဝိတံ၊ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းမှုမှကင်းသော။ စိတ္တံ၊ စိတ်ကို။ ရာဂေါ၊ ရာဂသည်။ သမတိဝိဇ္ဈတိ၊ ဖောက်ဝင်၏။

သုစ္ဆန္နံ၊ ကောင်းစွာမိုးအပ်သော။ အဂါရံ၊ အိမ်ကို။ ဝုဋ္ဌိ၊ မိုးရေသည်။ နသမတိ ဝိဇ္ဈတိယထာ၊ မဖောက်ဝင်နိုင်သကဲ့သို့။ ဧဝံ၊ ဤအတူ။ သုဘာဝိတံ၊ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းခြင်းရှိသော။ စိတ္တံ၊ စိတ်ကို။ ရာဂေါ၊ ရာဂသည်။ နသမတိဝိဇ္ဈတိ၊ မဖောက်ဝင်နိုင်။

အဓိပ္ပါယ်။ ကောင်းစွာမမိုးအပ်သော အိမ်ကို မိုးရေဖောက်ဝင်သကဲ့သို့ ကမ္မဋ္ဌာန်း ဘာဝနာအားထုတ်မှုမရှိသူ၏ စိတ်ကို ရာဂဖောက်ဝင်၏။ ကောင်းစွာမိုးထားအပ်သော အိမ်ကို မိုးရေမဖောက်ဝင်နိုင်သကဲ့သို့ ကမ္မဋ္ဌာန်းဘာဝနာ အားထုတ်မှု ရှိသူ၏စိတ်ကို ရာဂမဝင်နိုင်။

http://www.dhammadownload.com



ဓမ္မသာရ။ ဘာဝနာကမ္မဋ္ဌာန်းစီးဖြန်းခြင်းရှိသောစိတ်သို့ ကိလေသာမဝင်နိုင်။

### ရာဂမဝင်နိုင်ဟူသည်

ရာဂကို အဦးပြု၍ ဆိုထားသဖြင့် ရာဂနှင့်အတူ၊ ဒေါသ၊ မောဟ၊ မာနစသော ကိလေသာအားလုံး မဝင်နိုင်ခြင်းကို ဆိုလိုသည်။

### ဆွေတော်မျိုးတော်တို့ကို ချွတ်ခြင်း

မြတ်ဗုဒ္ဓသည် ကပိလဝတ်မြို့သို့ရောက်သောနေ့တွင် ဆွေတော်မျိုးတော်တို့အား ဝေဿန္တရာဇာတ်ကို ဟောကြား၍ ၂-ရက်မြောက်တွင် 'ဥတ္တိဋ္ဌေ နပ္ပမဇ္ဇေယျ' ဂါထာဖြင့် ခမည်းတော်မင်းကြီးကို သောတာပန်တည်စေ၏။ 'ဓမ္မဉ္စရေ သုစရိတံ' ဂါထာဖြင့် မိထွေးတော်ကို သောတာပန်တည်စေ၏။ ၃-ရက်မြောက်တွင် ညီတော်နန္ဒမင်းသားကို ရဟန်းပြုပေး၍ ၇-ရက်မြောက်တွင် သားတော်ရာဟုလာကို ရှင်ပြုပေးကာ 'ဓမ္မပါလဇာတ်' ဖြင့် ခမည်းတော်ကို အနာဂါမ်၌ တည်စေ၏။ (ဓမ္မ၊ ၄၊ ၁၈၀)

နန္ဒထေရဝတ္ထုပြီး၏။

♦♦♦♦♦

## ၁၀-စုန္ဒသူကရိယဝတ္ထု

### ဝက်သတ်သမားစုန္ဒ

မြတ်ဗုဒ္ဓ ဝေဠုဝန်ကျောင်း၌ သီတင်းသုံးစဉ် စုန္ဒဝက်သတ်သမားသည် ၅၅-နှစ်တိုင် ဝက်တို့ကို သတ်၍ သေခါနီးအချိန်တွင် ဝက်ကဲ့သို့ အော်မြည်ကာ ဝေဒနာခံနေရ၏။ ၇-ရက်လုံး ဝက်အော်သံ ကြားရသဖြင့် ရဟန်းတို့က မြတ်ဗုဒ္ဓအား 'အရှင်ဘုရား၊ စုန္ဒ၏အိမ်၌ ဝက်တို့ကိုသတ်နေသည်ကား ၇-ရက်မြောက်ရှိပါပြီ။ ဤမျှလောက် ဝက်တို့ကို သတ်နေသူအား သနားညှာတာစိတ်လုံးဝမရှိပါ။ ရုန့်ရင်းကြမ်းကြုတ်လှပါသည်' စသည်ဖြင့် လျှောက်ကြကုန်၏။ ရှင်တော်ဗုဒ္ဓက ချစ်သားတို့ ယခုအခါ စုန္ဒ ဝက်မသတ်နိုင်တော့ပါ။ သူပြုခဲ့သော မကောင်းမှုကံကသာ သူ့ကို ပြန်သတ်နေ၏။ မခံမရပ်နိုင်ဖြစ်သဖြင့် သူကိုယ်တိုင် ဝက်ကဲ့သို့ အော်မြည်နေခြင်း ဖြစ်သည်။ စင်စစ် မကောင်းမှုကံမည်သည် ဘယ်အခါမျှ ကောင်းကျိုးမပေးနိုင်ပါ' ဟု မိန့်ကြားကာ ဤဒေသနာကို ဟောတော်မူသည်။

http://www.dhammadownload.com



## ကိုယ်ပြုသောကံ ကိုယ်တိုင်ခံ

ပါဠိ။ ဣဓ သောစတိ ပေစ္စ သောစတိ၊ ပါပကာရီ ဥဘယတ္ထ သောစတိ။
သော သောစတိ သောဝိဟညတိ၊ ဒိသွာ ကမ္မကိလိဋ္ဌမတ္တနော။

အနက်။ ပါပကာရီ၊ မကောင်းမှုကိုပြုလေ့ရှိသူသည်။ ဣဓ၊ ဤဘဝ၌။ သောစတိ၊ စိုးရိမ်ရ၏။ ပေစ္စ၊ နောင်တမလွန်ဘဝ၌။ သောစတိ၊ စိုးရိမ်ရ၏။ ဥဘယတ္ထ၊ ပစ္စုပ္ပန်တမလွန် နှစ်တန်သော ဘဝတို့၌။ သောစတိ၊ စိုးရိမ်ရ၏။ သော၊ ထိုမကောင်းမှုကိုပြုလေ့ရှိသူသည်။ အတ္တနော၊ မိမိ၏။ ကမ္မကိလိဋ္ဌံ၊ ညစ်နွမ်းသောကံကို။ ဒိသွာ၊ မြင်၍။ သောစတိ၊ စိုးရိမ်ရ၏။ သော၊ထိုမကောင်းမှုကိုပြုလေ့ရှိသူသည်။ ဝိဟညတိ၊ ပင်ပန်းရ၏။

**အဓိပ္ပါယ်**။ မကောင်းမှုဒုစရိုက်ကို ပြုသူသည် ပစ္စုပ္ပန်တမလွန် နှစ်တန်သောဘဝတို့၌ မိမိ၏ညစ်နွမ်းသောကံကို မြင်ရ၍ စိုးရိမ်ပူဆွေးငိုကြွေးရ၏။ ပင်ပန်းဆင်းရဲရ၏။

**ဓမ္မသာရ**။ မကောင်းမှုကံသည် စိုးရိမ်ပူဆွေးငိုကြွေးရကြောင်းတရားဖြစ်၏။

### မကောင်းမှုပြုသူ

အကုသိုလ် ဒုစရိုက်မှုအားလုံးသည် ပါပမည်၏။ ထိုအကုသိုလ်ဒုစရိုက် တစ်ခုခုကို ကိုယ်,နှုတ်,စိတ်တို့ဖြင့် ပြုသူသည် မကောင်းမှုပြုသူ 'ပါပကာရီ' မည်၏။

### ဤဘဝ၌ စိုးရိမ်မှု

ငါသည် ကောင်းမှုကို မပြုမိ မကောင်းမှုကို ပြုခဲ့ပြီဟု သေခါနီး၌ စိုးရိမ်မှုသည် အကြောင်းကံနှင့် စပ်၍ 'ဣဓသောစတိ' ဤဘဝ၌ စိုးရိမ်မှု ဖြစ်၏။

### နောင်ဘဝ၌ စိုးရိမ်မှု

'ပေစ္စသောစတိ'- မိမိပြုခဲ့သော မကောင်းမှုကံအကျိုးကို ခံစားရသော် အကြောင်းကံနှင့်စပ်၍ တမလွန်ဘဝ၌လည်း စိုးရိမ်ရမှု ဖြစ်၏။

### ကံညစ်နွမ်းသူ

'ကမ္မကိလိဋ္ဌ'-ကံသည် ဖြူစင်သော သုက္ကကံ၊ ညစ်နွမ်းသော ကဏှကံဟု နှစ်မျိုး ရှိ၏။ ကုသိုလ်သုစရိုက်ကံတို့သည် ဖြူစင်သော သုက္ကကံဖြစ်၏။ အကုသိုလ်ဒုစရိုက်ကံတို့သည် ညစ်နွမ်းသော ကဏှကံမည်၏။

http://www.dhammadownload.com



ထိုတွင် အကုသိုလ်ဒုစရိုက်ကံတစ်ခုခုကို ပြုထားသူသည် နွံလိမ်းကျံထားသူကဲ့သို့ ညစ်နွမ်းသောကံဖြင့် လိမ်းကျံထားသောကြောင့် ကံညစ်နွမ်းသူ 'ကမ္မကိလိဋ္ဌ' မည်၏။

စုန္ဒသူကရိယဝတ္ထုပြီး၏။

♦♦♦♦♦

## ၁၁-ဓမ္မိကဥပါသကဝတ္ထု

### ဓမ္မိကဥပါသကာ

မြတ်ဗုဒ္ဓ ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ဓမ္မိကဥပါသကာသည် ဒါနမှု၊သီလမှုစသောကုသိုလ်မှုကို အစဉ်အမြဲ ပြုလုပ်၏။ သေခါနီးတွင် သံဃာတော်များကို ပင့်လျက် မဟာသတိပဋ္ဌာနသုတ်ကို နာယူ၏။ တရားမဆုံးမီ နတ်ပြည် ၆-ထပ်မှ နတ်ရထားများ ဆိုက်လာ၍ သူ့ထက်ငါ အလုအယက် ခေါ်ဆောင်ကြ၏။

ဥပါသကာက တရားနာမဆုံးသေးသဖြင့် 'ခဏ ဆိုင်းငံ့ကြပါ'ဟု လက်ပြတား၏။ သံဃာတော်တို့သည် မိမိတို့ကိုတားသည်ထင်၍ သုတ္တန်ရွတ်ဆိုခြင်းကို ရပ်ကာ ကျောင်းသို့ ပြန်ကြွကုန်၏။ မြတ်ဗုဒ္ဓအား 'အရှင်ဘုရား၊ တရားကို လွန်စွာလိုလားသော ဓမ္မိကဥပါသကာသည် သေခါနီးတွင် စိတ်ဖောက်ပြန်သဖြင့် တရားရွတ်ဆိုမှုကို တားမြစ်ပါသည်'ဟု လျှောက်ရာ မြတ်ဗုဒ္ဓက 'ရဟန်းတို့၊ ဓမ္မိကဥပါသကာသည် တရားကို တားခြင်းမဟုတ်။ နတ်တို့ကို တားမြစ်ခြင်းဖြစ်သည်'ဟု ကုသိုလ်၏အကျိုးအာနိသင်အဖြစ် ဤဒေသနာကို ဟောတော်မူသည်။ ဒေသနာအဆုံး၌ သောတာပန်စသည် တည်ကြ၏။

### ကိုယ်ပြုသောကံ ကိုယ်တိုင်စံ

ပါဠိ။ ဣဓ မောဒတိ ပေစ္စ မောဒတိ၊ ကတပုညော ဥဘယတ္ထ မောဒတိ။
သော မောဒတိ သော ပမောဒတိ၊ ဒိသွာ ကမ္မဝိသုဒ္ဓိမတ္တနော။

အနက်။ ကတပုညော၊ ကောင်းမှုကိုပြုသောသူသည်။ ဣဓ၊ ဤဘဝ၌။ မောဒတိ၊ ဝမ်းမြောက်ရ၏။ ပေစ္စ၊ တမလွန်ဘဝ၌။ မောဒတိ၊ ဝမ်းမြောက်ရ၏။ ဥဘယတ္ထ၊ ပစ္စုပ္ပန်တမလွန် နှစ်တန်သောဘဝတို့၌။ မောဒတိ၊ ဝမ်းမြောက်ရ၏။ သော၊ ထိုကောင်းမှုကို ပြုသောသူသည်။ အတ္တနော၊ မိမိ၏။ ကမ္မဝိသုဒ္ဓိံ၊ စင်ကြယ်သောကံကို။ ဒိသွာ၊ မြင်၍။ မောဒတိ၊ ဝမ်းမြောက်၏။ သော။ ထိုကောင်းမှုကို ပြုသောသူသည်။ ပမောဒတိ၊ အလွန်အကဲ။ အထူးအားဖြင့် ဝမ်းမြောက်ရ၏။

http://www.dhammadownload.com



**အဓိပ္ပါယ်**။ ကောင်းမှုသုစရိုက်ကို ပြုသူသည် ပစ္စုပ္ပန်တမလွန် နှစ်တန်သောဘဝတို့၌ မိမိ၏စင်ကြယ်သောကံကို မြင်ရ၍ ဝမ်းမြောက်ရ၏။ စင်ကြယ်သောကံအကျိုးကို ခံစားရ၍ အလွန်အကျူး အထူးအားဖြင့် ဝမ်းမြောက်ရ၏။

**ဓမ္မသာရ**။ ကောင်းမှုကံသည် အလွန်အကျူးအထူးဝမ်းမြောက်ရကြောင်းတရားဖြစ်၏။

## ကောင်းမှုပြုသူ

ကုသိုလ် သုစရိုက်မှုအားလုံးသည် ပုညမည်၏။ ထိုကုသိုလ်သုစရိုက် တစ်ခုခုကို ကိုယ်၊နှုတ်၊စိတ်တို့ဖြင့် ပြုသူသည် ကောင်းမှုပြုသူ 'ကတပုည' မည်၏။

## ဤဘဝ၌ဝမ်းမြောက်မှု

ငါသည် မကောင်းမှုကို မပြုမိ။ ကောင်းမှုကိုသာ ပြုခဲ့၏ဟု သေခါနီး၌ ဝမ်းမြောက်မှုသည် အကြောင်းကံနှင့် စပ်၍ ဤဘဝ၌ ဝမ်းမြောက်မှု 'ကမ္မမောဒတိ'ဖြစ်၏။

## နောင်ဘဝ၌ ဝမ်းမြောက်မှု

မိမိပြုခဲ့သော ကောင်းမှုကံအကျိုးကို ခံစားရသော် တမလွန်ဘဝ၌ အကြောင်းကံနှင့် စပ်၍ ဝမ်းမြောက်မှု 'ပေစ္စမောဒတိ' ဖြစ်၏။

## ကံစင်ကြယ်မှု

'ကမ္မဝိသုဒ္ဓိ'-ဖြူစင်သောကံ၊ ညစ်နွမ်းသောကံ ၂-မျိုးတွင် ဖြူစင်သော ကုသိုလ်သုစရိုက်ကံတို့ကို ပြုလုပ်သူသည် ရေသန့်စင်ထားသူကဲ့သို့ စင်ကြယ်သောကံဖြင့် သန့်စင်ဆေးကြောထားအပ်သောကြောင့် ကံစင်ကြယ်သူ 'ကမ္မဝိသုဒ္ဓိ'မည်၏။

ဓမ္မိကဥပါသကဝတ္ထုပြီး၏။

♦♦♦♦♦

http://www.dhammadownload.com



## ၁၂–ဒေဝဒတ္တဝတ္ထု

### အရှင်ဒေဝဒတ်

မြတ်ဗုဒ္ဓ ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ဒေဝဒတ်သည် အဇာတသတ်နှင့် ပူးပေါင်း၍ ဘုရားရှင်ကို သတ်ရန် လေးသမားတို့ကို စေလွှတ်၏။ ဂိဇ္ဈကုဋ်တောင်ပေါ်မှ ကျောက်တုံးလှိမ့်ချ၍ ခြေမတွင် သွေးစိမ်းတည်စေ၏။ နာဠာဂီရိဆင်ကို လွှတ်၏။ သံဃာကို သင်းခွဲ၏။ ၉–လပတ်လုံး ရောဂါနှိပ်စက်ခံရ၍ သေခါနီးတွင် ဘုရားကို ဖူးမြင်လို၍ ထမ်းစင်ဖြင့်လာရာ ဇေတဝန်ကျောင်းအနီး ရေချိုးကန်၌ ရေမချိုးမီ မြေမျိုခံရသည်။

ရဟန်းတို့က ထိုအကြောင်းကို လျှောက်ထားရာ 'ချစ်သားတို့၊ လူဖြစ်စေ၊ ရဟန်းဖြစ်စေ၊ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆနေမိပါက ပူပန်ရမည်သာတည်း' ဟု မိန့်တော်မူကာ ဤဒေသနာကို ဟောကြားတော်မူသည်။ ဒေသနာအဆုံး၌ သောတာပန်စသည်တည်၏။

### နှစ်ပါးဘဝ ပူပန်ရ

ပါဠိ။ ဣဓ တပ္ပတိ ပေစ္စ တပ္ပတိ၊ ပါပကာရီ ဥဘယတ္ထ တပ္ပတိ။
'ပါပံ မေ ကတ'န္တိ တပ္ပတိ၊ ဘိယျော တပ္ပတိ ဒုဂ္ဂတိံ ဂတော။

အနက်။ ပါပကာရီ၊ မကောင်းမှုကို ပြုလေ့ရှိသူသည်။ ဣဓ၊ ဤဘဝ၌။ တပ္ပတိ၊ ပူပန်ရ၏။ ပေစ္စ၊ နောင်တမလွန်ဘဝ၌။ တပ္ပတိ၊ ပူပန်ရ၏။ ဥဘယတ္ထ၊ ပစ္စုပ္ပန်တမလွန် နှစ်တန်သောဘဝတို့၌။ တပ္ပတိ၊ ပူပန်ရ၏။ သော၊ ထိုမကောင်းမှုကိုပြုလေ့ရှိသူသည်။ မေ၊ ငါသည်။ ပါပံ၊ မကောင်းမှုကို။ ကတန္တိ၊ ပြုအပ်ပြီ၍။ တပ္ပတိ၊ ပူပန်ရ၏။ ဒုဂ္ဂတိံ၊ ဒုဂ္ဂတိဘဝသို့။ ဂတော၊ ရောက်သည်ရှိသော်။ ဘိယျော၊ လွန်စွာ။ တပ္ပတိ၊ ပူပန်ရလေ၏။

**အဓိပ္ပါယ်**။ မကောင်းမှု ဒုစရိုက်ကို ပြုသူသည် ပစ္စုပ္ပန်တမလွန် ၂–တန်သော ဘဝတို့၌ ပူပန်ရ၏။ 'ငါသည် မကောင်းမှုကို ပြုမိလေပြီ' ဟု ဤဘဝ၌ပင် ပူပန်ရ၏။ အပါယ်ဒုဂ္ဂတိသို့ ရောက်သော် ပို၍ပင် ပူပန်ရလေ၏။

**ဓမ္မသာရ**။ မကောင်းမှုဒုစရိုက်သည် ပစ္စုပ္ပန်၊ သံသရာတွင် ပူပန်ရကြောင်းဖြစ်၏။

### အပါယ် 'ဒုဂ္ဂတိ'

ချမ်းသာကင်းသော ဘုံဘဝ။ ဆင်းရဲခြင်းဖြင့် ရောက်အပ်သော ဘုံဘဝသည် 'ဒုဂ္ဂတိ' မည်၏။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဟူသော အပါယ် ၄–ဘုံပင် ဖြစ်သည်။

http://www.dhammadownload.com



## ခတ္တိယမင်းသားများ၏ ဓမ္မခရီး

ခတ္တိယမာန်ကြီးမားကုန်သော သာကီဝင်မင်းသား ဘဒ္ဒိယ,အနုရုဒ္ဓါ,အာနန္ဒာ, ဘဂု, ကိမိလ,ဒေဝဒတ္တတို့သည် မာနနည်းစေရန်အလို့ငှါ ဆတ္တာသည်ဥပါလိကို ရှေးဦးစွာ ရဟန်းပြုစေ၏။ ပြီးမှ ဥပါလိကို အရိုအသေပြုလျက် မိမိတို့ ရဟန်းပြုကြသည်။

ရဟန်းပြုသောနှစ်၌ပင် အရှင်ဘဒ္ဒိယသည် ဝိဇ္ဇာသုံးပါးရ၍ အရှင်အနုရုဒ္ဓါသည် ဒိဗ္ဗစက္ခုအဘိညာဏ်ရကာ မဟာဝိတက္ကသုတ်ကို နာရသဖြင့် အရဟတ္တဖိုလ်သို့ရောက်သည်။ အရှင်အာနန္ဒာသည် သောတာပန်ဖြစ်၏။ အရှင်ဘဂုနှင့် အရှင်ကိမိလတို့က ဝိပဿနာကို ဆက်လက်အားထုတ်ရင်း ရဟန္တာ ဖြစ်ကြသည်။ အရှင်ဒေဝတ်ကား ပုထုဇဉ်အဖြစ်ဖြင့်ပင် လောကီစျာန်တန်ခိုး အဘိညာဏ်များကို ရရှိသည်။ (ဓမ္မ၊ဋ္ဌ၊ ၁၊ ၈၉)

## ဒေဝဒတ်၏ တောင်းဆု ၅-ပါး

၁။ ရဟန်းတော်များ အသက်ထက်ဆုံး တော၌ နေရခြင်း
၂။ ရဟန်းတော်များ အသက်ထက်ဆုံး ဆွမ်းခံစားခြင်း
၃။ ရဟန်းတော်များ အသက်ထက်ဆုံး ပံသုကူသင်္ကန်းဝတ်ရခြင်း
၄။ ရဟန်းတော်များ အသက်ထက်ဆုံး သစ်ပင်ရင်း၌ နေရခြင်း
၅။ ရဟန်းတော်များ အသက်ထက်ဆုံး အသား,ငါးစားခြင်းမှ ရှောင်ကြဉ်ရခြင်း

ဤဆု ၅-ပါးကို ခွင့်ပြုပါရန် မြတ်ဗုဒ္ဓထံ ပန်ကြား၏။ မြတ်ဗုဒ္ဓက အနာဂတ် သာသနာရေးအတွက် ခွင့်ပြုတော်မမူ။ (ဓမ္မ၊ ဋ္ဌ၊ ၁၊ ၉၁)

## ဒေဝဒတ်၏မိုက်နောင်တ

အရှင်ဒေဝဒတ်သည် ဘုရားရှင်အပေါ် ရန်ငြိုးအမျိုးမျိုးဖွဲ့၍ သေခါနီးတွင် ‘ငါကသာ နောင်တော်ဘုရားအား ပြစ်မှား၏။ နောင်တော်ဘုရားကတော့ ငါ့အပေါ်၌ လုံးဝရန်ငြိုးမရှိ။ နောင်တော်ဘုရားထံ အရောက်ပို့ပေးကြပါ’ဟု အပြစ်ဝန်ချတောင်းပန်ရန် ပြောသည်။ တပည့်များက ထမ်းစင်ဖြင့် ပို့ပေးကြသော်လည်း ဘုရားထံမရောက်မီ လမ်းမှာပင် မြေမျို၍ အဝီစိငရဲသို့ ရောက်ရသည်။ ( ဋ္ဌ၊ ၁၊ ၉၅)

## ဘုရားရှင်၏ဗျာဒိတ်တော်

အရှင်ဒေဝတ်သည် မြေမျိုနေစဉ် အရိုးတို့ဖြင့် ဘုရားရှင်ကို ပူဇော်ကန်တော့

http://www.dhammadownload.com



သွားသည့်အတွက် နောင်ကမ္ဘာတစ်သိန်းအလွန်၌ 'အင်္ဂီသရ'အမည်ရှိ ပစ္စေကဗုဒ္ဓါ ဖြစ်လိမ့်မည်ဟု ဘုရားရှင်က ဗျာဒိတ်စကား မိန့်ကြားတော်မူသည်။ (၄၊ ၁၊ ၉၅)

ဒေဝဒတ္တဝတ္ထုပြီး၏။

♦♦♦♦♦

## ၁၃–သုမနာဒေဝီဝတ္ထု

### သူဌေးသမီးသုမနာ

မြတ်ဗုဒ္ဓ ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် အနာထပိဏ်သူဌေးကြီးသည် သမီးငယ် သုမနဒေဝီ သေခါနီး၌ 'ချစ်သမီးသုမနာ'ဟု ခေါ်၏။ သုမနာက 'မောင်လေး၊ ဘာလဲ'ဟု ပြန်မေး၏။ သူဌေးကြီးက 'သမီး ယောင်ယမ်းနေသလော'ဟု မေးရာ 'မောင်လေး၊ ငါမယောင်ယမ်းပါ'ဟု ပြန်ဖြေ၏။

သူဌေးကြီးသည် သမီးသုမနာ သေခါနီးတွင် စိတ်ဖောက်ပြန်သွားပြီဟု ယူဆကာ စိတ်နှလုံးထိခိုက်လွန်းသဖြင့် ဘုရားရှင်ထံ လျှောက်၏။ မြတ်ဗုဒ္ဓက 'သူဌေးကြီး၊ သင်ကား သောတာပန်ဖြစ်သူတည်း၊ သင်၏သမီးကား သကဒါဂါမ်ဖြစ်၍ မဂ်ဖိုလ်အားဖြင့် သင့်ထက် ကြီးသောကြောင့် မောင်လေးဟု ခေါ်ခြင်းသာ ဖြစ်သည်'ဟု ရှင်းပြကာ ဤဒေသနာကို ဟောတော်မူသည်။ ဒေသနာအဆုံး၌ သောတာပန်စသည်တည် ကြ၏။

### နှစ်ပါးဘဝ နှစ်သက်ရ

ပါဠိ။ ဣဓ နန္ဒတိ ပေစ္စ နန္ဒတိ၊ ကတပုညော ဥဘယတ္ထ နန္ဒတိ။
ပုညံ မေ ကတန္တိ နန္ဒတိ၊ ဘိယျော နန္ဒတိ သုဂ္ဂတိံ ဂတော။

အနက်။ ကတပုညော၊ ကောင်းမှုပြုသူသည်။ ဣဓ၊ ဤဘဝ၌။ နန္ဒတိ၊ နှစ်သက်ရ၏။ ပေစ္စ၊ နောင်တမလွန်ဘဝ၌။ နန္ဒတိ၊ နှစ်သက်ရ၏။ ဥဘယတ္ထ၊ ပစ္စုပ္ပန် တမလွန် နှစ်တန်သောဘဝတို့၌။ နန္ဒတိ၊ နှစ်သက်ရ၏။ သော၊ ထိုကောင်းမှုပြုသူသည်။ မေ၊ ငါသည်။ ပုညံ၊ ကောင်းမှုကို။ ကတန္တိ၊ ပြုအပ်ပြီဟူ၍။ သုဂ္ဂတိံ၊ ကောင်းသောဘဝသို့။ ဂတော၊ ရောက်သည်ရှိသော်။ ဘိယျော၊ လွန်စွာ။ နန္ဒတိ၊ နှစ်သက်ရ၏။

**အဓိပ္ပါယ်။** ကောင်းမှုပြုသူသည် ပစ္စုပ္ပန်တမလွန် ၂-တန်သောဘဝတို့၌ နှစ်သက်ရ၏။ 'ငါသည် ကောင်းမှုကို ပြုမိပြီ'ဟု ဤဘဝ၌ပင် နှစ်သက်ရ၏။ တမလွန်တွင်

http://www.dhammadownload.com



သုဂတိဘဝသို့ရောက်သော် ပို၍ပင် နှစ်သက်ရ၏။

**ဓမ္မသာရ**။ ကုသိုလ်ကောင်းမှုပြုသူသည် ပစ္စုပ္ပန်သံသရာတွင် နှစ်သက်ပျော်ရွှင်ရ၏။

### သုဂတိဘဝ

ချမ်းသာသော၊ ကောင်းသော ဘုံဘဝ။ သို့မဟုတ်-ချမ်းသာသဖြင့် ရောက်အပ်သော ဘုံဘဝသည် သုဂတိ မည်၏။ ဤအရာ၌- လူပြည်နှင့် နတ်ပြည် ၆-ထပ်၊ ဟူသော ကာမသုဂတိ ၁၁-ဘုံကို ဆိုလိုသည်။

### သောတာပန် အိမ်ထောင်ပြု

ဝိသာခါသည် မိမိ၏သားကမွေးသော မြေးမကို မိမိအရာ၌ထား၍ သံဃာတော်များကို ပြုစုစေသကဲ့သို့ အနာထပိဏ်သူဌေးသည် သမီးကြီး မဟာသုဘဒ္ဒါကို မိမိရာ၌ထား၍ သံဃာတော်များကို ပြုစုစေသည်။ မဟာသုဘဒ္ဒါသည် သံဃာတော်များထံက တရားနာရသဖြင့် သောတာပန် ဖြစ်သွားသည်။ နောင်အခါ သမီးကြီး အိမ်ထောင်ပြုသွားသဖြင့် သမီးလတ် စူဠသုဘဒ္ဒါကို ထားပြန်သည်။ သမီးလတ်လည်း သောတာပန်ဖြစ်ပြီး အိမ်ထောင်ပြုပြန်ရာ သမီးငယ်သုမနာဒေဝီကို ထားပြန်သည်။ သမီးငယ်သုမနာလည်း တရားနာရ၍ သကဒါဂါမ်၌ တည်၏။ အိမ်ထောင်မပြုဘဲ တစ်သက်လုံး အပျိုစင်ကုမာရီဘဝဖြင့်ပင် သံဃာတော်များကို ပြုစုသွားခဲ့သည်။ (ဓမ္မ၊ ဋ၊ ၁၊ ၉၇)

### သောတာပန် ငိုကြွေး

သုမနာဒေဝီသည် သကဒါဂါမ်ဖြစ်၍ သောတာပန်သာဖြစ်သော ဖခင်အနာထပိဏ်သူဌေးကြီးကို မောင်ငယ်ဟု ခေါ်ပြီး သေဆုံးသွားသဖြင့်။ ဖခင်သူဌေးကြီးက သေခါနီးတွင် အယူမှားသွားခြင်းဖြစ်မည်ဟု သမီးအတွက် စိတ်မကောင်းဖြစ်ကာ ပူဆွေးလွန်း၍ ငိုကြွေးရှာသည်။ (ဓမ္မ၊ ဋ၊၁၊ ၉၈)

သုမနာဒေဝီဝတ္ထုပြီး၏။

♦♦♦♦♦

http://www.dhammadownload.com



## ၁၄-ဒွေသဟာယကဝတ္ထု

### သူငယ်ချင်းရဟန်းနှစ်ပါး

မြတ်ဗုဒ္ဓ ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် စာပေတတ်သော ရဟန်းတစ်ပါးသည် မိတ်ဆွေဖြစ်သော ဝိပဿနာရဟန်းအား စာပေအကြောင်းမေး၍ အခက်တွေ့အောင်ပြုမည်ဟု ကြံ၏။ ထိုအခါတွင် ဘုရားရှင်ကြွတော်မူကာ စာပေတတ်ရဟန်းအား မဂ် ၄-ပါးနှင့် စပ်သောပြဿနာကို မေးရာ မဖြေနိုင် ဖြစ်၏။

တစ်ဖန် ဝိပဿနာရဟန်းအား မဂ် ၄-ပါးနှင့်စပ်သော ပြဿနာကိုမေးရာ လွယ်ကူစွာ ဖြေဆိုနိုင်၏။ ထိုအခါ မြတ်ဗုဒ္ဓက ဝိပဿနာရဟန်းအား သာဓုခေါ်တော်မူ၍ ဤဒေသနာကို ဟောကြားတော်မူသည်။ ဒေသနာအဆုံး၌ သောတာပန်စသည် တည်ကြ၏။

### တာဝန် ၂-ရပ် အကျိုးအမြတ်

ပါဠိ။ ဗဟုမ္ပိ စေ သံဟိတ ဘာသမာနော၊ န တက္ကရော ဟောတိ နရော ပမတ္တော။
ဂေါပေါဝ ဂါဝေ ဂဏယံ ပရေသံ၊ န ဘာဂဝါ သာမညဿ ဟောတိ။

အနက်။ ယော-နရော၊ အကြင်သူသည်၊ သံဟိတံ၊ ပိဋကတ်သုံးပုံတည်းဟူသော ဘုရားစကားတော်ကို။ ဗဟုမ္ပိ၊ များစွာလည်း။ ဘာသမာနော၊ သူတစ်ပါးတို့အား ဟောပြော ပို့ချလျက်။ ပမတ္တော၊ မေ့လျော့သည်ဖြစ်၍။ တက္ကရော၊ ထိုတရားအတိုင်းကျင့်သည်။ နဟောတိ၊ မဖြစ်။ သောနရော၊ ထိုသူသည်။ ပရေသံ၊ သူတစ်ပါးတို့၏။ ဂါဝေါ၊ နွားတို့ကို။ ဂဏယံ၊ ရေတွက်လျက်။ နိယျာဒေန္တော၊ အပ်နှင်းရသော။ ဂေါပေါဝ၊ နွားကျောင်းသားကဲ့သို့။ သာမညဿ၊ ရှာန်မဂ်ဖိုလ်တရား၏။ ဘာဂဝါ၊ အဖို့ရှိသည်။ နဟောတိ၊ မဖြစ်နိုင်။

ပါဠိ။ အပ္ပမ္ပိ စေ သံဟိတ ဘာသမာနော၊ ဓမ္မဿ ဟောတိ အနုဓမ္မစာရီ။
ရာဂဉ္စ ဒေါသဉ္စ ပဟာယ မောဟံ၊ သမ္မပ္ပဇာနော သုဝိမုတ္တစိတ္တော။
အနုပါဒိယာနော ဣဓ ဝါ ဟုရံ ဝါ၊ သ ဘာဂဝါ သာမညဿ ဟောတိ။

အနက်။ ယော-နရော၊ အကြင်သူသည်။ သံဟိတံ၊ ပိဋကတ်သုံးပုံတည်းဟူသော ဘုရားစကားတော်ကို။ အပ္ပမ္ပိ၊ အနည်းငယ်မျှလည်း။ ဘာသမာနော၊ သူတစ်ပါးတို့အား ဟောပြောပို့ချလျက်။ ဓမ္မဿ၊ လောကုတ္တရာတရားကို။ အနုဓမ္မစာရီ၊ တရားအားလျော်စွာ ကျင့်သည်။ စေဟောတိ၊ အကယ်၍ဖြစ်အံ့။

http://www.dhammadownload.com



သော-နရော၊ ထိုသူသည်။ ရာဂဥ္စ၊ ရာဂကိုလည်းကောင်း၊ ဒေါသဥ္စ၊ ဒေါသကိုလည်းကောင်း၊ မောဟဥ္စ၊ မောဟကိုလည်းကောင်း၊ ပဟာယ၊ ပယ်၍။ သမ္မပ္ပဇာနော၊ ပညာအဆင်ခြင်နှင့်ပြည့်စုံသည်ဖြစ်၍။ သုဝိမုတ္တစိတ္တော၊ ကိလေသာတို့မှကောင်းစွာလွတ်သော စိတ်ရှိသည်ဖြစ်၍။ ဣဓဝါ၊ ဤလောကဌလည်းကောင်း၊ ဟုရံဝါ၊ နောင်ဘဝဌလည်းကောင်း၊ အနုပါဒိယာနော၊ စွဲလမ်းမှု မရှိသည်ဖြစ်၍။ သာမညဿ၊ ရဟန်းမဂ်ဖိုလ်တရား၏။ ဘာဂဝါ၊ အဖို့ရှိသည်။ ဟောတိ၊ ဖြစ်နိုင်၏။

အဓိပ္ပါယ်။ နွားကျောင်းသားသည် နွားတို့ကို ရေတွက်အပ်နှင်းသဖြင့် နွားကျောင်းခသာရ၍ နွားနို့အရသာကို မသုံးဆောင်ရ။ ထို့အတူ ပိဋကတ်သုံးပုံကို သူတစ်ပါးတို့အားဟောပြောပို့ချလျက် တရားနှင့်အညီ ဝိပဿနာအားမထုတ်သူသည် ရဟန်းမဂ်ဖိုလ်အရသာကို မသုံးဆောင်ရ။

ပိဋကတ်သုံးပုံကို အဟောအပြောနည်းသော်လည်း တရားတော်နှင့်အညီ ကျင့်ကြံအားထုတ်သူသည် ရာဂ,ဒေါသ,မောဟကိုပယ်လျက် ကိလေသာတို့မှလွတ်သောစိတ်ရှိသည်ဖြစ်၍ ဤဘဝနောင်ဘဝတို့၌ စွဲလမ်းမှုမရှိဘဲ ရဟန်းမဂ်ဖိုလ်အရသာကို သုံးဆောင်ခံစားရ၏။

ဓမ္မသာရ။ ပညာတတ်သော်လည်း အကျင့်သီလမရှိလျှင် တန်ဖိုးမရှိ။ သုတပြည့်စုံသော်လည်း သီလမဲ့လျှင် အဖိုးမတန်။ အသိရှိ၍ အကျင့်မပါက တန်ဖိုးဗလာ။

**မှတ်ချက်။** ပထမဂါထာသည် သီလ,ဗဟုသုတနှင့်ပြည့်စုံသော်လည်း အနိစ္စသည်ဖြင့် နှလုံးမသွင်းဘဲ မေ့မေ့လျော့လျော့နေသူကို ရည်ရွယ်၍ ဟောတော်မူသည်။ ဒုဿီလကိုရည်ရွယ်၍ ဟောသည်မဟုတ်။ ဒုတိယဂါထာသည် သီလနှင့်ပြည့်စုံ၍ အကြားအမြင်သုတနည်းသော်လည်း မမေ့မလျော့တရားအားထုတ်သူကို ရည်ရွယ်ဟောတော်မူသည်။

## ကိလေသာမှလွတ်သောစိတ်ရှိသူ

တဒင်္ဂ,ဝိက္ခမ္ဘန,သမုစ္ဆေဒ,ပဋိပဿဒ္ဓိ,နိဿရဏဟူသော'ဝိမုတ္တိ'လွတ်မြောက်ခြင်းတို့ ၏အစွမ်းဖြင့် ကိလေသာတို့မှ လွတ်လိုစိတ်ရှိသူသည် 'သုဝိမုတ္တစိတ္တ' မည်၏။

http://www.dhammadownload.com



## ရဟန်းဘဝ၏အကျိုး

ချွန်တရား မဂ်တရား ဖိုလ်တရားတို့သည် ရဟန်းဘဝ၏အကျိုး 'သာမညဲ'မည်၏။

## နွားကျောင်းသားနှင့် နွားပိုင်ရှင်

နွားကျောင်းသားသည် နွားတို့ကို ထိန်းကျောင်းခသာရ၍ နွားနို့စသည်ကို မသုံးဆောင်ရ။ ပိဋကတ်သုံးပုံကို သင်ကြားရုံ၊ ပို့ချဟောပြောရုံသာ ပြုသူတို့သည်လည်း သင်ကြားပို့ချခကိုသာရ၍ ချွန်မဂ်ဖိုလ်မရသဖြင့် နွားကျောင်းနှင့် တူသူဖြစ်၏။

ပိဋကတ်သုံးပုံကို သင်ယူ၍ ကိုယ်တိုင် ကျင့်ကြံအားထုတ်သူသည် ချွန်မဂ်ဖိုလ်ကို ရရှိသဖြင့် နွားနို့ကို စိတ်ကြိုက်သုံးဆောင်ရသော နွားပိုင်ရှင်နှင့် တူသူဖြစ်၏။

## သာသနာတော်နှင့် ဓုရနှစ်ဖြာ

ပိဋကတ်သုံးပုံစာပေတို့ကို သင်ယူပို့ချဟောပြောခြင်းအလုပ် ဂန္ထဓုရကိုသာလုပ် လုပ်၍ ဝိပဿနာအလုပ်အားမထုတ်သူကို ဘုရားရှင် ချီးမွမ်းတော်မမူ။ ဝိပဿနာအလုပ်အားထုတ်ခြင်း ဝိပဿနာဓုရဖြင့် ပဋိသမ္ဘိဒါ ၄-ပါးနှင့်တကွ ရဟန္တာဖြစ်သူကိုသာ ဘုရားရှင် ချီးမွမ်းတော်မူသည်။ (ဓမ္မ၊ ၄၊ ၁၊ ၁၀၂)

## သာသနာတည်နိုင်သူ

မြတ်ဗုဒ္ဓ၏သာသနာသည် ၁-ပရိယတ္တိ-သင်ခြင်း၊ ၂-ပဋိပတ္တိ-ကျင့်ခြင်း၊ ၃-ပဋိဝေဓ-သိခြင်းဟူ၍ ၃-ချောင်းထောက်သဖွယ် တည်ဆောက်ထားခြင်းဖြစ်၏။ ထို ၃-ခုတွင် တစ်စုံတစ်ခု မိမိ၌ ချွတ်ယွင်းနေလျှင် သာသနာ ကောင်းစွာတည်နိုင်မည် မဟုတ်။

ထို့ကြောင့် သာသနာ အရှည်တည်စေလိုသူသည် သင်ယူခြင်း-ပရိယတ္တိလည်းရှိရ၏။ ကျင့်သုံးခြင်း-ပဋိပတ္တိလည်း ရှိဖို့လို၏။ ထိုးထွင်းသိမြင်ခြင်း ပဋိဝေဓကား ပဓာနဖြစ်၏။

ထိုတွင်လည်း သင်ယူခြင်း-ပရိယတ္တိမရှိလျှင် အကျင့်မှန်-ပဋိပတ္တိလည်း မရှိနိုင်သဖြင့် အမှန်သစ္စာတရားကို ထိုးထွင်းသိမှု ပဋိဝေဓလည်း ရှိနိုင်မည်မဟုတ်။ တစ်ခုနှင့်တစ်ခု ကြောင်းကျိုးဆက်စပ်လျက် တည်ရှိနေခြင်း ဖြစ်သည်။

ဒွေသဟာယကဝတ္ထုပြီး၏။ ယမကဝဂ်ပြီး၏။

♦♦♦♦♦♦♦♦

http://www.dhammadownload.com



# ၂-အပ္ပမာဒဝဂ်

(မမေ့ခြင်းတရားအုပ်စု)

## ၁-သာမာဝတီဝတ္ထု

### သာမာဝတီမိဖုရား

မြတ်ဗုဒ္ဓသည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ သီတင်းသုံးစဉ် မာဂဏ္ဍီမိဖုရား မီးတိုက်သတ်သဖြင့် သာမာဝတီမိဖုရားနှင့် မောင်းမမိသံ ၅၀၀-တို့ သေကြသည်။ မာဂဏ္ဍီနှင့်တကွ ဆွေမျိုးများစွာတို့သည်လည်း ဥတေနမင်းသတ်သဖြင့် သေကြရပြန်၏။ ထိုမိဖုရား ၂-ဦးတို့၏ သေခြင်း ၂-မျိုးအကြောင်းကို ရဟန်းများက ဝေဖန်ပြောဆိုနေသဖြင့် မြတ်ဗုဒ္ဓက ဤဒေသနာကို ဟောကြားတော်မူသည်။ ဒေသနာအဆုံး၌ သောတာပန်စသည် တည်ကြ၏။

### မသေသူနှင့် သေသူ

ပါဠိ။ အပ္ပမာဒေါ အမတံပဒံ၊ ပမာဒေါ မစ္စုနော ပဒံ။
အပ္ပမတ္တာ နမီယန္တိ၊ ယေ ပမတ္တာ ယထာ မတာ။

အနက်။ အပ္ပမာဒေါ၊ မမေ့မလျော့ခြင်းသည်။ အမတံပဒံ၊ နိဗ္ဗာန်၏အကြောင်း တည်း။ ပမာဒေါ၊ မေ့လျော့ခြင်းသည်။ မစ္စုနော၊ သေခြင်း၏။ ပဒံ၊ အကြောင်းတည်း။ အပ္ပမတ္တာ၊ မမေ့လျော့သူတို့သည်။ နမီယန္တိ၊ သေသည်မမည်ကုန်။ ယေ၊အကြင်သူတို့သည်။ ပမတ္တာ၊ မေ့လျော့ကုန်၏။ တေ၊ ထိုသူတို့သည်။ မတာယထာ၊ သေသူတို့နှင့်တူကုန်၏။

ပါဠိ။ ဧဝံ ဝိသေသတော ဉတွာ၊ အပ္ပမာဒမှိ ပဏ္ဍိတာ။
အပ္ပမာဒေ ပမောဒန္တိ၊ အရိယာနံ ဂေါစရေ ရတာ။

အနက်။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ အပ္ပမာဒမှိ၊ မမေ့လျော့ခြင်း၌။ ဧဝံ၊ ဤသို့။ ဝိသေသတော၊ ထူးခြားသောအားဖြင့်။ ဉတွာ၊ သိ၍။ အရိယာနံ၊ အရိယာပုဂ္ဂိုလ်တို့၏။ ဂေါစရေ၊ ကျက်စားရာ လောကုတ္တရာတရား၌။ ရတာ၊ မွေ့လျော်ကြကုန်လျက်။ အပ္ပမာဒေ၊ မမေ့မလျော့သော သတိတရား၌။ မောဒန္တိ၊ မွေ့လျော်ကြကုန်၏။

ပါဠိ။ တေ ဈာယိနော သာတတိကာ၊ နိစ္စံ ဒဠှပရက္ကမာ။
ဖုသန္တိ ဓီရာ နိဗ္ဗာနံ၊ ယောဂက္ခေမံ အနုတ္တရံ။

http://www.dhammadownload.com


အနက်။ ဈာယိနော၊ သမထ,ဝိပဿနာ ဈာန်နှစ်ပါးဖြင့် ကိလေသာတို့ကို ရှို့မြှိုက်ကုန်လျက်။ သာတတိကာ၊ မြဲသောလုံ့လရှိကုန်သည်ဖြစ်၍။ နိစ္စံ၊ အမြဲ၊ ဒဠှပရက္ကမာ၊ မတွန့်မဆုတ်အားထုတ်ကုန်သော။ ဓီရာ၊ ထိုပညာရှိတို့သည်။ ယောဂက္ခေမံ၊ ယောဂ ၄-ပါးတို့၏ကုန်ရာဖြစ်သော။ အနုတ္တရံ၊ အတုမရှိမြတ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ဖုသန္တိ၊ ရောက်ကြကုန်၏။

အဓိပ္ပါယ်။ ကုသိုလ်ကောင်းမှု၌ မမေ့လျော့ခြင်းသည် သေခြင်းကင်းရာနိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်၏။ ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်းသည် သေခြင်း၏ အကြောင်း ဖြစ်၏။ မမေ့လျော့သူတို့သည် ဇာတိစသည်မှလွတ်၍ ဝဋ်ဆင်းရဲပြတ်သောကြောင့် သေသည် မမည်ကုန်။ မေ့လျော့သူတို့ကား ဇာတိစသည်မှ မလွတ်၍ ဝဋ်ဆင်းရဲ မပြတ်သောကြောင့် သေသည်မည်ကုန်၏။

ပညာရှိတို့သည် မမေ့လျော့မှု၌ ဤသို့ ထူးသောအကြောင်းကို သိ၍ အရိယာတို့အာရုံပြုရာ လောကုတ္တရာတရား၌ မွေ့လျော်ကုန်လျက် မမေ့သောသတိတရား၌ ရွှင်လန်းဝမ်းမြောက်ကုန်၏။

အမြဲမပြတ်လုံ့လပြုလျက် မတွန့်မဆုတ်အားထုတ်ကုန်သဖြင့် သမထ ဝိပဿနာ ဈာန်နှစ်ပါးဖြင့် ကိလေသာတို့ကို ရှို့မြှိုက်ကုန်သော ပညာရှိတို့သည် ယောဂ လေးပါးတို့ကုန်ရာ အတုမရှိမြတ်သောနိဗ္ဗာန်သို့ ရောက်ကုန်၏။

**ဓမ္မသာရ**။ အပ္ပမာဒတရား လက်ကိုင်ထားသူသည် သေသော်ငြားလည်း မသေ။
ပမာဒတရား လက်ကိုင်ထားသူသည် ရှင်သော်ငြားလည်း သေ၏။

## အပ္ပမာဒဟူသည်

ပိဋကတ် ၃-ပုံ၊ ဓမ္မက္ခန္ဓာပေါင်း ၈-သောင်း၊ ၄-ထောင်၏ အချုပ်ဖြစ်သော မမေ့လျော့ခြင်း 'သတိ'တရားသည်ပင် 'အပ္ပမာဒ'မည်၏။

## မသေသူများ

'အပ္ပမတ္တာ နမီယန္တိ'၌- သတိတရားနှင့် ပြည့်စုံသူသည် 'မအို,မနာ,မသေပါ'ဟု ဆိုလိုသည် မဟုတ်။ ပဋိသန္ဓေနေရသူမှန်သမျှ အိုနာသေရမည်မှာ မလွဲကေန်ဖြစ်၏။

http://www.dhammadownload.com



အိုနာသေနှင့် မကင်းနိုင်ချေ။ သို့သော် မမေ့လျော့မှုသတိတရားနှင့် ပြည့်စုံသူသည် အနေးနှင့် အမြန် မဂ်ဖိုလ်ကို မျက်မှောက်ပြု၍ ၂-ဘဝ၊ ၃-ဘဝစသည် မဖြစ်ရသောကြောင့် အသက်ပင် သေသော်ငြားလည်း သေသည်မမည်ဟု ဆိုသည်။

## သေသူများ

'ယေ ပမတ္တာ မတာ ယထာ'၌- သေသူတို့သည် ထင်းတုံးကဲ့သို့ အသက်ဝိညာဏ်ကင်းကုန်၏။ ထို့အတူ သတိလွတ်ကင်းသူတို့သည်လည်း ဒါန,သီလ, သမထ,ဝိပဿနာ စသည်တို့ကို ပြုမည်ဟု စိတ်အကြံမျှ မဖြစ်သဖြင့် အသက်တရာပင် ရှင်နေရသော်လည်း သေသောအခါ အပါယ် ၄-ပါးသို့သာ ရောက်ရသဖြင့် သေသူနှင့်တူသည်ဟု ဆိုသည်။

## ဝဋ်ဆင်းရဲမှ လွတ်ကြောင်း

သတိလွတ်ကင်းသောသူသည် ဝဋ်ဆင်းရဲမှ မလွတ်မြောက်နိုင်။ သတိရှိသူသည်သာ ဝဋ်ဆင်းရဲမှ လွတ်မြောက်နိုင်၏။ ထို့ကြောင့် 'အပ္ပမာဒ'ခေါ် သတိတရားသည် ဝဋ်ဆင်းရဲမှ လွတ်ကင်းကြောင်း တရားကောင်း ဖြစ်သည်။

## နိဗ္ဗာန်ကို ထိတွေ့နိုင်သူ

ဖုသန္တိအရ-မဂ် ၄-ပါးဟူသော ဉာဏဖုသန၊ ဖိုလ် ၄-ပါးဟူသော ဝိပါကဖုသန ၂-မျိုးတွင် တစ်ပါးပါးဖြင့်သာ နိဗ္ဗာန်ကို ထိတွေ့ခံစားနိုင်သည်။ ထို့ကြောင့် မဂ် ၄-ပါး, ဖိုလ် ၄-ပါးတို့နှင့် ပြည့်စုံသူသည် နိဗ္ဗာန်ကို ထိတွေ့နိုင်သူ မည်၏။

## သူတော်ကောင်းတို့ကျက်စားရာ အာရုံ

'အရိယာနံ ဂေါစရေ'၌- သတိပဋ္ဌာန်တရား ၄-ပါးစသော ဗောဓိပက္ခိယတရား ၃၇-ပါးနှင့် လောကုတ္တရာ တရား ၉-ပါးသည် သူတော်ကောင်းတို့၏ ကျက်စားရာအာရုံ ဖြစ်သည်။

## ဈာန် ၂-မျိုး

၁-သမာပတ် ၈ ပါးဟူသော အာရမဏူပနိဇ္ဈာန်၊

၂-ဝိပဿနာ မဂ်ဖိုလ်ဟူသော လက္ခဏူပနိဇ္ဈာန်။

http://www.dhammadownload.com



## အကုသိုလ်ကံ အကျိုးပေးမှု

အလ္လကပ္ပတိုင်း၌ ငတ်မွတ်မှုကြောင့် ကောတုဟလိကသည် ဇနီးနှင့် သားကာပီကို ခေါ်ကာ ကောသမ္ဗီပြည်သို့ သွား၏။ လမ်း၌ ရိက္ခာပြတ်သဖြင့် ဇနီးကတောင်းပန်ပါလျက် မိမိတို့သားလေးကို စွန့်ပစ်ခဲ့၏။ ထိုအကုသိုလ်ကံကြောင့် နောက်ဘဝ၌ ၇ ကြိမ်တိုင် စွန့်ပစ်ခံရခြင်း အကုသိုလ်ကံအကျိုးပေးခံရသည်။ (ဓမ္မ၊ ဋ၊ ၁၊ ၁၀၈)

## လူနှင့်တိရိစ္ဆာန်တို့သဘောထား

လူတို့သည် စိတ်ကူးတစ်ခြား အပြောတစ်မျိုး အလုပ်တစ်ပုံစံ ဖြစ်တတ်၏။ တိရစ္ဆာန် တို့သည်ကား ကောက်ကွေ့မှုမရှိ။ ဖြောင့်စင်းမှုရှိ၏။

## နတ်တို့စုတေကြောင်း ၄ ပါး

၁-အသက်တမ်းကုန်မှုကြောင့် စုတေခြင်း
၂-ကောင်းမှုကံစွမ်းကုန်မှုကြောင့် စုတေခြင်း
၃-အစာစားချိန်လွန်မှုကြောင့် စုတေခြင်း
၄-သူတစ်ပါးအပေါ် စိတ်ဆိုးမှုကြောင့် စုတေခြင်း။ (ဓမ္မ၊ ဋ၊၁၊ ၁၁၀)

## ဘုရားရှင်၏ခြေတော်ရာ

ဘုရားရှင်၏ ခြေတော်ရာသည် အဓိဋ္ဌာန်ပြု၍ နင်းရာ၌သာ ထင်ကျန်သည်။ နေရာ တိုင်း၌ ခြေတော်ရာမထင်။ မြင်စေလိုသောပုဂ္ဂိုလ်များသာ မြင်နိုင်သည်။ လူတိုင်းမမြင်နိုင်။ မြင်စေလိုသောပုဂ္ဂိုလ်မမြင်ရသေးလျှင်လည်း မည်သည့်အကြောင်းနှင့်မျှ မပျက်စီးနိုင်။

## ခြေရာဖြင့် ခန့်မှန်းခြင်း

၁-လောဘကြီးသူ၏ ခြေရာသည် ဆောင့်ကြောင့်ထိုင်သူ၏ ခြေရာကဲ့သို့ အလယ်၌ မထိပဲခွပ်နေသည်။
၂-ဒေါသကြီးသူ၏ ခြေရာသည် ဖနှောင့်ရာမညီညာ။ အနည်းငယ်သေးသည်။
၃-မောဟကြီးသည်၏ ခြေရာသည် ဆွဲငင်သွားသကဲ့သို့ မဖြောင့်တန်းဘဲရှိသည်။
၄-ကိလေသာကုန်ပြီးသူ၏ ခြေရာသည် စက်လက္ခဏာများ ပါရှိသည်။

http://www.dhammadownload.com


## ကောသမ္ဗီပြည်က ကျောင်း ၃-ကျောင်း

၁-ဃောသကသူဌေးဆောက်လှူသဖြင့် ဃောသိတာရုံကျောင်း

၂-ကုက္ကုဋ္ဋသူဌေးဆောက်လှူသဖြင့် ကုက္ကုဋ္ဋာရုံကျောင်း

၃-ပါဝါရိကသူဌေးဆောက်လှူသဖြင့် ပါဝါရိကာရုံကျောင်း။

## သောတာပန်ဖြစ်လျှင် မခိုးတော့

သာမာဝတီမိဖုရား၏ ပန်းဆက်သူမ ကျွန်မခုဇ္ဇုတ္တရာသည် နေ့စဉ် သုမနပန်းသည်ထံမှ ပန်း ၈-ကျပ်ဖိုး ဝယ်၍ ဆက်ရ၏။ တစ်နေ့တွင် သုမနပန်းသည်အိမ်၌ ဘုရားရှင်တရားဟော သည်ကို နာယူရင်းပင် သောတာပန်တည်၏။ ယခင်နေ့များတွင် ပန်းသည်ထံမှ ပန်း ၄-ကျပ်ဖိုးသာဝယ်၍ ၄-ကျပ်ကို မိမိအတွက် ခိုးယူထား၏။ ထိုနေ့မှစ၍ ပန်းဖိုး ၄-ကျပ်မခိုး ယူဘဲ ၈-ကျပ်ဖိုး အပြည့်ဝယ်တော့သည်။

မိမိနာကြားရသည့်တရားကို သာမာဝတီအမှူးရှိသော မောင်းမများအား ပြန်ဟော ကြားရာ အားလုံးသောတာပန် တည်ကြ၏။ နောက်အခါတွင် ခုဇ္ဇုတ္တရာကျွန်မသည် တရားဟောရာ၌ အမျိုးသမီးဓမ္မကထိက ထူးချွန်ဘွဲ့ရရှိသည်။ (ဓမ္မ၊၄၁၊ ၁၃၄)

## သာမာဝတီ၏မေတ္တာစွမ်း

မာဂဏ္ဍီ၏အကြံအစည်းကြောင့် ဥတေနမင်းသည် သာမာဝတီအပေါ် အထင်မှတ် မှားကာ မြားဖြင့်ပစ်သော်လည်း သာမာဝတီအမှူးရှိသောအမျိုးသမီးတို့၏ မေတ္တာစွမ်းကြောင့် သက်မဲ့ဖြစ်သောမြားသည် သာမာဝတီတို့ထံမသွားဘဲ ဥတေနမင်းထံသို့သာ မြားဦးပြန် လှည့်လာခဲ့သည်။

## အရှင်အာနန္ဒာ သင်္ကန်းအသုံးပြုပုံ

သာမာဝတီမိဖုရားသည် အရှင်အာနန္ဒာထံက တရားနာရ၍ ကြည်ညိုမှုဖြင့် သင်္ကန်း ဝတ်စုံပုဆိုး ၅၀၀-လှူဒါန်းသည်။ ဥတေနမင်းက အသုံးပြုပုံကို မေးလျှောက်သဖြင့် အရှင်အာနန္ဒာက ရသမျှသင်္ကန်းထဲတွင် မိမိဝတ်ရုံဖို့သာ ယူထား၍ ကျန်သင်္ကန်းများကို သင်္ကန်းနွမ်းပါးသောရဟန်းတို့အား ပေးလှူသည်။ နွမ်းပါးသောသင်္ကန်းတို့ကို အိပ်ယာခင်း ပြုလုပ်သည်။ အိပ်ယာခင်းဟောင်းတို့ကို မြေခင်းပြုလုပ်သည်။ မြေခင်းဟောင်းတို့ကို ခြေသုတ်ပြုသည်။ ခြေသုတ်ဟောင်းတို့ကို အပိုင်းပိုင်းဖြတ်ကာ မြေညက်ဖြင့်နယ်လျက်

http://www.dhammadownload.com



နံရံကို လိမ်းကျံအသုံးပြုသည်ဟု မိန့်တော်မူသည်။

### အောင်နိုင်သူနှင့် ရှုံးနိမ့်သူ

မာဂဏ္ဍီသည် မြတ်စွာဘုရားက မိမိအားအလိုမရှိသဖြင့် နှလုံးသွင်းမှားကာ ဘုရားရှင်အပေါ် ရန်ငြိုးထားသည်။ ဘုရားရှင်အား မိစ္ဆာဒိဋ္ဌိတို့နှင့် ပူးပေါင်းကာ နည်းမျိုးစုံဖြင့် နှောက်ယှက်၍ အန္တရာယ်ပြုသည်။ နောက်ဆုံးတွင် ဆွေမျိုးအပေါင်းနှင့်အတူ နန်းရင်ပြင်၌ မြေမြှုပ်မီးရှို့ကာ သံထွန်သွားဖြင့် အပိုင်းပိုင်းပြတ်အောင် နှိပ်စက်၍ သတ်ခံရသည်။

သာမာဝတီအမှူးရှိသော မောင်းမမောင်းမ ၅၀၀-တို့သည် မာဂဏ္ဍီက မီးရှို့သတ်သဖြင့် မီးလောင်ခံရစဉ် ဝေဒနာပရိဂ္ဂဟကမ္မဋ္ဌာန်းကို စီးဖြန်းလျက် သကဒါဂါမ်,အနာဂါမ်ဖြစ်၍ သေကြသည်။

### အကုသိုလ်ဝဋ်ကြွေးများ

အတိတ်ဘဝတွင် သာမာဝတီအမှူးရှိသောမောင်းမတို့သည် ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို မီးရှို့ခဲ့မှုအကုသိုလ်ကံကြောင့် နှစ်သိန်းပေါင်းများစွာ ငရဲ၌ခံရလျက် ဘဝပေါင်းတစ်ရာတွင် ယခုကဲ့သို့ မီးလောင်တိုက် သွင်းခံကြရသည်။

ခုဇ္ဇုတ္တရာကျွန်မသည်ကား ခါးကုန်းသောပစ္စေဗုဒ္ဓါအရှင်မြတ်အား ပြက်ရယ်ပြုခဲ့မှုကြောင့် ခါးကုန်းရ၍ ရဟန္တာထေရီမတစ်ပါးအား ခိုင်းစေခဲ့မှုကြောင့် ကျွန်ဖြစ်ရသည်။ ဘတိပြုဆင်ခြင်ဖွယ် ဖြစ်၏။ (ဓမ္မ၊ဋ္ဌ၊ ၁၊ ၁၄၃)

သာမာဝတီဝတ္ထုပြီး၏။

◆◆◆◆◆

## ၂-ကုမ္ဘဃောသကဝတ္ထု

### ကုမ္ဘဃောသကသူဌေးသား

မြတ်ဗုဒ္ဓ ဝေဠုဝန်ကျောင်း၌ သီတင်းသုံးစဉ် ဗိမ္ဗိသာရမင်းကြီးသည် ဘုရားရှင်ထံလာရောက်၍ 'အရှင်မြတ်ဘုရား၊ ရှေးအခါက ယဉ်းအနာတိုက်၍သေသော ရာဇဂြိုဟ်သူဌေးသား ကုမ္ဘဃောသကလုလင်သည် မိဖတို့အမွေအနှစ် မြုပ်ထားအပ်သော ဥစ္စာကုဋေ ၄၀ ရှိလျက် သူဌေးသားအဖြစ်ကို မသိစေဘဲ မထောင်မလွှား နှိမ်းပါးစွာ အသက်ရှင်သန်

http://www.dhammadownload.com



နေခဲ့ပါသည်။ ယခုမှ တပည့်တော်က ဥပါယ်တံမျဉ်ဖြင့် သိအောင်ပြု၍ သူဌေးအရာ ပေးရပါသည်'ဟု လျှောက်၏။ ထိုအခါတွင် မြတ်ဗုဒ္ဓက ကြီးပွားချမ်းသာရေးဒေသနာကို ဟောကြားတော်မူသည်။ ဒေသနာအဆုံး၌ ကုမ္ဘဃောသက သောတာပန်တည်၏။

## ကြီးပွားချမ်းသာရေးတရား ၇-ပါး

ပါဠိ။ ဥဋ္ဌာနဝတော သတီမတော ၊ သုစိကမ္မဿ နိသမ္မကာရိနော။
သညတဿ စ ဓမ္မဇီဝိနော၊ အပ္ပမတ္တဿ ယသော ဘိဝဍ္ဎတိ။

အနက်။ ဥဋ္ဌာနဝတော၊ လုံ့လရှိသော။ သတီမတော၊ သတိရှိသော။ သုစိကမ္မဿ၊ စင်ကြယ်သောကံရှိသော။ နိသမ္မကာရိနော၊ စူးစမ်းဆင်ခြင်၍ပြုလေ့ရှိသော။ သညတဿ၊ ကိုယ်နှုတ်စိတ်ကို စောင့်စည်းသော။ ဓမ္မဇီဝိနော၊ တရားသဖြင့် အသက်မွေးသော။ အပ္ပမတ္တဿ၊ မမေ့လျော့သူအား။ ယသော၊ အခြံအရံအကျော်အစောသည်။ အဘိဝဍ္ဎတိ၊ တိုးပွား၏။

**အဓိပ္ပါယ်**။ ၁-လုံ့လဝီရိယရှိသူ၊ ၂-သတိရှိသူ၊ ၃-ကံသုံးပါးစင်ကြယ်သူ၊ ၄-ပညာဖြင့် စူးစမ်းဆင်ခြင်မှုပြုသူ၊ ၅-ဣန္ဒြေတို့ကို စောင့်စည်းသူ၊ ၆-တရားသဖြင့်လည်း အသက်မွေးသူ၊ ၇-မမေ့မလျော့သူအား အခြံအရံအကျော်အစောတို့ တိုးပွားပြည့်စုံ၍ ကြီးပွားချမ်းသာ၏။

**ဓမ္မသာရ**။ ထကြွလုံ့လစသည်ရှိသူအား ကြီးပွားချမ်းသာသည်။

ကုမ္ဘဃောသကဝတ္ထုပြီး၏။

♦♦♦♦♦

## ၃-စူဠပန္ထကဝတ္ထု

**စူဠပန်မထေရ်**

မြတ်ဗုဒ္ဓ ဝေဠုဝန်ကျောင်း၌ သီတင်းသုံးစဉ် စူဠပန်ရဟန်းသည် ၄-ပိုဒ်သာရှိသော ပါဠိဂါထာတစ်ပုဒ်ကို ၄-လတိုင် သင်ယူပါသော်လည်း မရနိုင်ဘဲ ဖြစ်၏။ ထို့ကြောင့် နောင်တော်မဟာပန်မထေရ်က ကျောင်းမှ နှင်ထုတ်လိုက်၏။ မြတ်ဗုဒ္ဓက သိတော်မူသဖြင့် ခေါ်ယူကာ 'ရဇောဟရဏံ' ကမ္မဋ္ဌာန်းကို သင်ကြားပေးတော်မူလိုက်သည်။

http://www.dhammadownload.com



ထိုကမ္ဗဋ္ဌာန်းကို စီးဖြန်းလေရာ တစ်ခဏချင်းပင် ပဋိသမ္ဘိဒါအဘိညာဏ်တို့နှင့်တကွ ပိဋကတ်သုံးပုံဆောင် ရဟန္တာအဖြစ်သို့ ရောက်တော်မူသည်။ ထိုအကြောင်းကို ရဟန်းတို့က ချီးမွမ်းပြောဆိုကြရာ မြတ်ဗုဒ္ဓက ဤဒေသနာကို ဟောကြားတော်မူ၏။ ဒေသနာအဆုံး၌ သောတာပန်စသည် တည်ကြ၏။

## လောကုတ္တရာ ကြီးပွားရေး

ပါဠိ။ ဥဋ္ဌာနေန,ပ္ပမာဒေန၊ သံယမေန ဒမေနစ။
ဒီပံ ကယိရာထ မေဓာဝီ၊ ယံ ဩဃော နာဘိကီရတိ။

အနက်။ ဥဋ္ဌာနေန၊ လုံ့လနှင့်လည်းကောင်း။ အပ္ပမာဒေန၊ မမေ့လျော့မှုသတိနှင့်လည်းကောင်း။ သံယမေန၊ စောင့်စည်းခြင်းနှင့် လည်းကောင်း။ ဒမေန၊ ဣန္ဒြေကို ဆုံးမခြင်းနှင့်လည်းကောင်း။ (သမန္နာဂတော၊ ပြည့်စုံသော) မေဓာဝီ၊ ပညာရှိသည်။ (သံသာရသာဂရေ၊ သံသရာတည်းဟူသောသမုဒ္ဒရာ၌) ဒီပံ၊ အရဟတ္တဖိုလ်တည်းဟူသောကျွန်းကို။ ကယိရာထ၊ ပြုလုပ်နိုင်ရာ၏။ ယံ၊ အကြင်အရဟတ္တဖိုလ်ကျွန်းကို။ ဩဃော၊ ကိလေသရေအလျဉ်သည်။ နာဘိရီရတိ၊ မဖျက်ဆီးနိုင်ပေသတည်း။

**အဓိပ္ပါယ်။** ၁-လုံ့လရှိခြင်း၊ ၂-မမေ့လျော့ခြင်း၊ ၃-သီလစောင့်ခြင်း၊ ၄-ဣန္ဒြေကို ဆုံးမခြင်း၊ ဤတရား၄-ပါးနှင့်ပြည့်စုံသောပညာရှိသည် သံသရာတည်းဟူသော သမုဒ္ဒရာ၌ ကိလေသာရေအလျဉ် မဖျက်ဆီးနိုင်သော အရဟတ္တဖိုလ်တည်းဟူသော မီးရာကျွန်း ကို ပြုနိုင်၏။

**ဓမ္မသာရ။** ထကြွလုံ့လရှိခြင်းစသည်နှင့်ပြည့်စုံသူသည် အရဟတ္တဖိုလ်သို့ရောက်၏။

### သမုဒ္ဒရာနှင့် ကျွန်း

သတ္တဝါတို့အတွက် သံသရာသည် သမုဒ္ဒရာနှင့် တူ၏။ ဩဃလေးဖြာ ကိလေသာတို့သည် ရေအလျဉ်နှင့် တူ၏။ အရဟတ္တဖိုလ်သည် မှီခိုရာ ကျွန်းနှင့်တူ၏။ ထို့ကြောင့် သံသရာတည်းဟူသော သမုဒ္ဒရာပင်လယ်ပြင်၌ ကျင်လည်နေကြရသော သတ္တဝါတို့အဖို့ ကိလေသာတည်းဟူသော ရေအလျဉ်၏ တိုက်ဖျက်မှုဘေးအန္တရာယ်မှ မှီခိုလဲလျောင်းရာ ကျွန်းသည် အရဟတ္တဖိုလ်သာတည်း။

http://www.dhammadownload.com



### အရကောက်အစီပွါယ်များ

ဥဋ္ဌာန-အရ ဝီရိယ၊ အပ္ပမာဒ-အရ သတိ၊ သံသယမ-အရ စတုပါရိသုဒ္ဓိသီလ၊ ဒီပ-အရ အရဟတ္တဖိုလ်ဟူသောကျွန်း၊ ဩဃ-အရ ဩဃ ၄-ပါးတို့ကို ယူရမည်။

### သမီး ၁-ကောင် နွား ၁-ထောင်

ရာဇဂြိုဟ်မြို့နေ မဟာပန္ထကနှင့် စူဠပန္ထကမထေရ် ၂-ပါး၏ မယ်တော်လောင်း သူဌေးသမီးသည် အရွယ်ရောက်ချိန်၌ မိဘများက ဘုံ ၇-ဆင့်ပြာသာဒ်ထက်တွင် အထူး ကြပ်မတ်စောင့်ရှောက်ထားပါသော်လည်း မိမိ၏ကျွန်ဖြစ်သူနှင့် လိုက်ပြေးကာ တစ်နေရာတွင် ပေါင်းသင်းနေထိုင်ကြသည်။ (ဓမ္မ၊ ဌ၊ ၁၊ ၁၅၃)

### ဉာဏ်ထိုင်းရခြင်း အကြောင်းရင်း

စူဠပန္ထကမထေရ်သည် အလွန်ဉာဏ်လေးသူဖြစ်၏။ ကဿပဘုရားရှင်လက်ထက် တွင် စာတတ်ပေးတတ်တစ်ပါး ဖြစ်ခဲ့၏။ သို့သော် အလွန်ဉာဏ်လေးသော မိမိ၏တပည့် လေးတစ်ပါးကို အရှက်ရ၍ စာဆက်မသင်ချင်လောက်အောင် ပြက်ရယ်ပြုပြောဆိုခဲ့၏။ ထိုအကုသိုလ်ကြွေးကြောင့် ယခုဘဝတွင် စာသင်၍မတတ်လောက်အောင် ဉာဏ်လေးသူ ဖြစ်ရသည်။ (ဓမ္မ၊ ဌ၊ ၁၊ ၁၅၅)

### အနာနှင့်ဆေး တည့်အောင်ပေး

မိမိ၏နောင်တော် မဟာပန်မထေရ်သည် ညီတော်စူဠပန်အား တစ်ဂါထာကို ၄-လ သင်ပေး၍ မတတ်သဖြင့် ကျောင်းမှ နှင်ထုတ်လိုက်၏။ စူဠပန်မှာ ရှေးဘဝတစ်ခုတွင် ရှင်ဘုရင်ဖြစ်ခဲ့စဉ် နဖူးကချွေးတို့ကို ပုဝါဖြူဖြင့် သုတ်၍ အနိစ္စသညာ ဖြစ်ဖူး၏။ ထိုအကြောင်းကို သိတော်မူသော မြတ်ဗုဒ္ဓက စူဠပန်အား အနိစ္စသညာဖြင့် ကမ္မဋ္ဌာန်းနည်း လမ်းပေး၍ ပဋိသမ္ဘိဒါပတ္တရဟန္တာ ဖြစ်စေတော်မူသည်။ (ဓမ္မ၊ ဌ၊ ၁၊ ၁၅၅)

စူဠပန္ထကဝတ္ထုပြီး၏။

♦♦♦♦♦

http://www.dhammadownload.com



## ၄–ဗာလနက္ခတ္တသင်္ဃုဋ္ဌဝတ္ထု

### လူမိုက်တို့၏ကြွေးကြော်ပွဲ

မြတ်ဗုဒ္ဓ ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် သာဝတ္ထိမြို့တွင်း၌ ၇–ရက်ပတ်လုံး ဗာလနက္ခတ်ပွဲသဘင် ကျင်းပ၏။ သူမိုက်တို့၏ အမူအရာ အပြောအဆို ဆိုးသွမ်းမှုတို့ကြောင့် နားကွဲအက်လောက်အောင် ဆူညံပွက်လောထကုန်၏။ သူတော်ကောင်းတို့သည် အိမ်တွင်းမှ မထွက်ဝံ့ကုန်။ ဒါယကာတို့က မြတ်ဗုဒ္ဓနှင့် ရဟန်းတို့ကို မြို့တွင်းသို့ ဆွမ်းခံမဝင်ပါရန် လျှောက်၍ ကျောင်းမှာပင် ဆွမ်းကိစ္စ စီရင်ပေးကြ၏။

၇–လွန်သောနေ့၌ ဘုရားရှင်ကို ပင့်၍ ဆွမ်းကပ်လှူကာ လူမိုက်တို့၏ကြွေးကြော်ပွဲ အကြောင်းကို လျှောက်ကြားသဖြင့် ဤဒေသနာကို ဟောတော်မူသည်။ ဒေသနာအဆုံး၌ သောတာပန်စသည် တည်ကြ၏။

### လူမိုက်နှင့် ပညာရှိ

ပါဠိ။ ပမာဒ မနုယုဉ္ဇန္တိ၊ ဗာလာ ဒုမ္မေဓိနော ဇနာ။
အပ္ပမာဒဉ္စ မေဓာဝီ၊ ဓနံ သေဋ္ဌံဝ ရက္ခတိ။

အနက်။ ဒုမ္မေဓိနော၊ ပညာမရှိကုန်သော။ ဗာလာ၊ မိုက်ကုန်သော။ ဇနာ၊ လူတို့သည်။ ပမာဒံ၊ မေ့လျော့ခြင်းကို။ အနုယုဉ္ဇန္တိ၊ အားထုတ်ကြလေကုန်၏။ မေဓာဝီ၊ ကြောင်းကျိုးမြင်သိ ပညာရှိသည်။ အပ္ပမာဒံ၊ မမေ့လျော့ခြင်းကို။ သေဋ္ဌံ၊ မြတ်သော။ ဓနံဝ၊ ဥစ္စာကိုကဲ့သို့။ ရက္ခတိ၊ စောင့်ရှောက်တော်မူလေသတည်း။

ပါဠိ။ မာ ပမာဒ မနုယုဉ္ဇေထ၊ မာ ကာမရတိ သန္ထဝံ။
အပ္ပမတ္တော ဟိ ဈာယန္တော၊ ပပ္ပေါတိ ဝိပုလံ သုခံ။

အနက်။ တသ္မာ၊ ထို့ကြောင့်။ ပမာဒံ၊ မေ့လျော့ခြင်းကို။ တုမှေ၊ သင်တို့သည်။ မာအနုယုဉ္ဇေထ၊ အားမထုတ်ကြကုန်လင့်။ ကာမရတိသန္ထဝံ၊ ကာမဂုဏ်တို့၌ မွေ့လျော်ခြင်း ဟုဆိုအပ်သော တဏှာနှင့်ပေါင်းဖော်ကျွမ်းဝင်ခြင်းကို။ မာအနုယုဉ္ဇေထ၊ အားမထုတ်ကြ လေကုန်လင့်။ အပ္ပမတ္တော၊ မမေ့လျော့ခြင်းရှိသော။ ဈာယန္တော၊ သမထဝိပဿနာ ဈာန် ၂–ပါးဖြင့် ကိလေသာတို့ကို ရှို့မြိုက်သူသည်။ ဝိပုလံ၊ ကြီးကျယ်ပြန့်ပြောသော။ သုခံ၊ နိဗ္ဗာန်ချမ်းသာသို့။ ပပ္ပေါတိ၊ မုချမသွေ ရောက်ရပါပေသတည်း။

http://www.dhammadownload.com



အဓိပ္ပါယ်။ ပစ္စုပ္ပန်,တမလွန်ဘဝ ၂-တန်၌ ကြောင်းကျိုးကိုမသိသော ပညာမဲ့လူမိုက်သည် မေ့လျော့နေ၏။ ပညာရှိသည်ကား မမေ့လျော့သောသတိကို မြတ်သောဥစ္စာကဲ့သို့ စောင့်ရှောက်၏။

ထို့ကြောင့် မေ့လျော့ခြင်းဖြင့် အချိန်မကုန်စေဘဲ၊ ကာမဂုဏ်တို့၌ မွေ့လျော်သောတဏှာနှင့် မပေါင်းသင်းဘဲ၊ သမထဝိပဿနာ ဈာန်နှစ်ပါးဖြင့် ကိလေသာတို့ကို ရှို့မြိုက်သူသည် ကြီးကျယ်ပြန့်ပြောသော နိဗ္ဗာန်ချမ်းသာသို့ ရရှိနိုင်၏။

> ဓမ္မသာရ။ လူမိုက်သည် မေ့လျော့မှုဖြင့် အချိန်ဖြုန်း၏။ ပညာရှိသည် မမေ့လျော့မှုဖြင့် အချိန်ကို အသုံးချ၏။

## ဗာလဟူသည်

ပစ္စုပ္ပန်,တမလွန် ဘဝ ၂-တန်၌ အကြောင်းအကျိုးကို မသိသော ပညာမဲ့သူသည် ဗာလမည်၏။

## အပ္ပမာဒကို စောင့်ရှောက်ပုံ

သူတော်ကောင်းသည်လည်း မမေ့လျော့ခြင်း သတိတရားသည် ဈာန်,မဂ်,ဖိုလ်, ဝိဇ္ဇာ ၃-ပါး,အဘိညာဏ် ၆-ပါးတို့ကို ရနိုင်မည်ဟု အကျိုးဆက်ကို မြင်၍ မမေ့လျော့ခြင်း သတိတရားကို စောင့်ရှောက်၏။

ဥပမာ-'ဓနံ သေဋ္ဌံဝ ရက္ခတိ' ပစ္စည်းဥစ္စာကို အမှီပြု၍ ကာမဂုဏ်ချမ်းသာကို ခံစားနိုင်မည်။ သားမယားကို ကျွေးမွေးနိုင်မည်။ နောင်ဘဝအတွက် ရိက္ခာဖြစ်မည်ဟု အကျိုးဆက်ကို မြင်သူသည် ပစ္စည်းဥစ္စာကို စောင့်ရှောက်သကဲ့သို့တည်း။

## အပေါင်းအဖော် 'သန္ထဝ' ၂-မျိုး

အပေါင်းအဖော်သည် ကာမသန္ထဝ၊ ဓမ္မသန္ထဝဟု ၂-မျိုးရှိ၏။ ထိုတွင် ဝတ္ထုကာမ, ကိလေသာကာမ တစ်မျိုးမျိုးနှင့် ပေါင်းဖော်ခြင်းသည် 'ကာမသန္ထဝ' မည်၏။ သူတော်ကောင်းတရားတို့နှင့် ပေါင်းဖော်ခြင်းသည် 'ဓမ္မသန္ထဝ' မည်၏။

ဗာလနက္ခတ္တသင်္ယုတ္တဝတ္ထုပြီး၏။

◆◆◆◆◆

http://www.dhammadownload.com



## ၅–မဟာကဿပထေရဝတ္ထု

### အရှင်မဟာကဿပထေရ်

မြတ်ဗုဒ္ဓ ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် အရှင်မဟာကဿပသည် ပိပ္ပလိလိုဏ် ဂူ၌ နေလျက် သတ္တဝါတို့၏ မွေးဖွားခြင်း,သေဆုံးခြင်း'စုတူပပါတ'သဘောကို ဆင်ခြင် သုံးသပ်နေ၏။ သို့သော် မည်သို့မျှ ဉာဏ်အမြင်၌ ထင်ပေါ်လာနိုင်ခြင်းမရှိ။

ထိုအကြောင်းကို သိတော်မူသော မြတ်ဗုဒ္ဓက ကျောင်းတော်မှနေလျက် 'ချစ်သား ကဿပ၊ မွေးဖွားခြင်း,သေဆုံးခြင်းအကြောင်းကို သိရန်မှာ သင်၏ ကိစ္စမဟုတ်။ မမေ့မလျော့ခြင်းသည်သာ သင်၏အရာဖြစ်သည်'ဟု မိန့်တော်မူ၍ ဤဒေသနာကို ဟောကြားတော်မူသည်။ ဒေသနာအဆုံး၌ သောတာပန်စသည် တည်ကြ၏။

### တောင်ထိပ်မှ မြေပြင်သို့အမြင်

ပါဠိ။ ပမာဒံ အပ္ပမာဒေန၊ ယဒါ နုဒတိ ပဏ္ဍိတော။
ပညာပါသာဒ မာရုယှ၊ အသောကော သောကိနိံ ပဇံ။
ပဗ္ဗတဋ္ဌောဝ ဘူမဋ္ဌေ၊ ဓီရော ဗာလေ အဝေက္ခတိ။

အနက်။ ယဒါ၊ အကြင်အခါ၌။ ပဏ္ဍိတော၊ ပညာရှိသည်။ ပမာဒံ၊ မေ့လျော့ခြင်း ကို။ အပ္ပမာဒေန၊ မမေ့လျော့မှုဖြင့်။ နုဒတိ၊ ပယ်ဖျောက်၏။ တဒါ၊ ထိုအခါ၌။ အသောကော၊ စိုးရိမ်မှုမရှိသော ရဟန္တာသည်။ ပညာပါသာဒံ၊ ဒိဗ္ဗစက္ခုအဘိညာဉ်ဟူသော ပညာပြာသာဒ် သို့။ အာရုယှ၊ တက်၍။ သောကိနိံ၊ စိုးရိမ်မှုရှိသော။ ပဇံ၊ လူအပေါင်းကို။ အဝေက္ခတိ၊ ကြည့်ရှု၏။

ပဗ္ဗတဋ္ဌော၊ တောင်ထိပ်၌ တည်သူသည်။ ဘူမဋ္ဌေ၊ မြေပြင်၌တည်သူအပေါင်းကို။ အဝေက္ခတိဝ၊ ကြည့်ရှုသကဲ့သို့။ ဓီရော၊ မမေ့လျော့သော ပညာရှိသည်။ ဗာလေ၊ မေ့လျော့ သူလူမိုက်တို့ကို။ အဝေက္ခတိ၊ ကြည့်ရှုမြင်၏။

အဓိပ္ပါယ်။ စိုးရိမ်မှုကင်းသောရဟန္တာသည် မမေ့လျော့ခြင်းသတိဖြင့် မေ့လျော့မှုကို ပယ်ဖျောက်လျက် ဒိဗ္ဗစက္ခုအဘိညာဉ်ဟူသော ပြာသာဒ်သို့ တက်၍ တောင်ထိပ်ကလူသည် မြေပြင်၌နေသူတို့ကို မြင်သကဲ့ စိုးရိမ်မှုရှိသော လူအပေါင်းကို ရှုမြင်၏။

ဓမ္မသာရ။ ပညာရှိသည် တောင်ထိပ်မှ မြေပြင်သို့ မြင်သကဲ့သို့ လူမိုက်ကို မြင်၏။

http://www.dhammadownload.com


## မမေ့မှုဖြင့် မေ့မှုကို ပယ်ဖျောက်ခြင်း

ရေကန်တွင်းသို့ စီးဆင်းဝင်သော ရေသစ်သည် ရေဟောင်းကို မိမိနေရာမှာ မတည်စေဘဲ ထုတ်ပယ်ပစ်သကဲ့သို့၊ ထို့အတူ ပညာရှိသည် မေ့လျော့မှုဟူသောအခွင့်ကို မပေးဘဲ မမေ့လျော့မှုဖြင့် ထိုမေ့လျော့ခြင်းကို ထုတ်ပယ်ပစ်သည်။

မဟာကဿပထေရဝတ္ထုပြီး၏။

♦♦♦♦♦

# ၆-ပမတ္တာပမတ္တဒွေသဟာယဝတ္ထု

## ခြားနားသော သူငယ်နှစ်ယောက်

မြတ်ဗုဒ္ဓ ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် သူငယ်ချင်းရဟန်း ၂-ပါးသည် ဘုရားရှင်ထံ ကမ္မဋ္ဌာန်းသင်ယူ၍ တောကျောင်းသို့ ဝင်၏။ တစ်ပါးသောရဟန်းက တောကျောင်း၌ မမေ့မလျော့သော သတိ,ဝီရိယတို့ဖြင့် ကမ္မဋ္ဌာန်းတရားကို ကြိုးစားပွားများအားထုတ်သဖြင့် မကြာမြင့်မီ ရဟန္တာဖြစ်တော်မူ၏။ တစ်ပါးသော ရဟန်းကား သာမဏေငယ်တို့နှင့် ပြောဆိုရယ်မောလျက် မေ့လျော့မှုဖြင့် ပြင်းရိစွာ အိပ်ငိုက်လျက်သာ နေ၏။

ဝါလကင်းလွတ်သီတင်းကျွတ်တွင် ဘုရားရှင်ထံ ဖူးမြင်ကြရာ မြတ်ဗုဒ္ဓက ဤဒေသနာကို ဟောကြားတော်မူ၏။ ဒေသနာအဆုံးတွင် သောတာပန်စသည် တည်ကြ၏။

### မမေ့လျော့သူနှင့် မေ့လျော့သူ

ပါဠိ။ အပ္ပမတ္တော ပမတ္တေသု၊ သုတ္တေသု ဗဟုဇာဂရော။
အဗလဿံဝ သီဃဿော၊ ဟိတွာ ယာတိ သုမေဓသော။

အနက်။ သီဃဿော၊ လျင်မြန်သောမြင်းသည်။ အဗလဿံ၊ ခွန်အားနည်းသော မြင်းကို။ ဟိတွာ၊ စွန့်ထား၍။ ယာတိဝ၊ သွားသကဲ့သို့။ အပ္ပမတ္တော၊ မမေ့လျော့သော။ သုမေဓသော၊ ပညာရှိသည်။ ပမတ္တံ၊ မေ့လျော့သူကို။ ဟိတွာ၊ စွန့်ထား၍။ ယာတိ၊ သွား၏။ ဗဟုဇာဂရော၊ နိုးကြားခြင်းများသူသည်။ သုတ္တေသု၊ အိပ်ပျော်သူတို့ကို။ ဟိတွာ၊ စွန့်ထား၍။ ယာတိဝ၊ သွားသကဲ့သို့တည်း။

http://www.dhammadownload.com



**အဓိပ္ပါယ်**။ မမေ့လျော့သော ပညာရှိသည် မေ့လျော့သူကို ချန်ရစ်ထားခဲ့၍ သွား၏။

ဥပမာ။ 'အဗလဿံဝ သီဃဿော' လျင်မြန်သောမြင်းသည် အားနည်း၍ပိန်သော မြင်းကို ချန်ထားခဲ့၍ သွားသကဲ့သို့တည်း။ 'သုတ္တေသု ဗဟုဇာဂရော' နိုးကြားသူသည် အိပ်ပျော်နေသူကို ချန်ခဲ့၍ သွားသကဲ့သို့၏။

**ဓမ္မသာရ**။ မေ့လျော့သူသည် ကျန်ခဲ့၏။ မမေ့လျော့သူသည် သွား၏။

## အဟုန် ၂-မျိုးနှင့် လူ ၂-မျိုး

အိပ်နေသူသည် အဟုန်မဲ့၍၊ ခရီးမရောက်သကဲ့သို့၊ မေ့လျော့သူအား အားအင်ချိနဲ့စွာ ပိန်လှီသောမြင်းပမာ မိမိနေအိပ်နှင့်တူသော အိမ်၌သာ ကျန်ခဲ့၏။ နိုးကြားနေသူသည် အဟုန်ရှိ၍ ခရီးရောက်သကဲ့သို့၊ မမေ့လျော့သူအား လျင်မြန်သောမြင်းပမာ နိဗ္ဗာန်သို့ စောလျင်စွာ ရောက်နိုင်၏။

ဒွေသဟာယကဝတ္ထုပြီး၏။

♦♦♦♦♦

## မဃလုလင်ဝတ္ထု

### မဃလုလင်

မြတ်ဗုဒ္ဓ ဝေသာလီပြည် ကူဋာဂါရကျောင်း၌ သီတင်းသုံးစဉ် မဟာလိမည်သော လိစ္ဆဝီမင်းသည် သိကြားမင်းဖြစ်ကြောင်းတရားကို မေးလျှောက်၏။ မဃလုလင်အမှူးရှိသော ၃၃-ယောက်သောအမျိုးကောင်းသားတို့၏ အတိတ်အကြောင်းကို ဆောင်၍ သိကြားမင်းဖြစ်ကြောင်း ဤဒေသနာကို ဟောတော်မူသည်။ ဒေသနာအဆုံး၌ လိစ္ဆဝီမင်းပရိသတ်များ သောတာပန်စသည် တည်ကြ၏။

### မမေ့လျော့မှုကြောင့် သိကြားမင်းဖြစ်

ပါဠိ။ အပ္ပမာဒေန မဃဝါ၊ ဒေဝါနံ သေဋ္ဌတံ ဂတော။
အပ္ပမာဒံ ပသံသန္တိ၊ ပမာဒေါ ဂရဟိတော သဒါ။

အနက်။ မာဃဝါ၊ မဃလုလင်သည်။ အပ္ပမာဒေန၊ ကုသိုလ်ကောင်းမှုတို့၌ မမေ့လျော့ခြင်းကြောင့်။ ဒေဝါနံ၊ နတ်တို့၏။ သေဋ္ဌတံ၊ အထွတ်အထိပ် သိကြားမင်းအဖြစ်

http://www.dhammadownload.com


သို့။ ဂတော၊ ရောက်ရ၏။ (ပဏ္ဍိတာ၊ ဘုရားစသောပညာရှိတို့သည်။) အပ္ပမာဒံ၊ မမေ့လျော့ခြင်းကို။ ပသံသန္တိ၊ ချီးမွမ်းကြကုန်၏။ ပမာဒေါ၊ ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်းကို။ သဒါ၊ အခါခပ်သိမ်း။ ဂရဟိတာ၊ ကဲ့ရဲ့တော်မူကုန်၏။

**အဓိပ္ပါယ်။** မဃလုလင်သည် ကုသိုလ်ကောင်းမှု၌ မမေ့လျော့ခြင်းကြောင့် သိကြားမင်းဖြစ်ရသည်။ ဘုရားစသော သူတော်ကောင်းတို့သည် မမေ့လျော့ခြင်းကို ချီးမွမ်းတော်မူ၍ မေ့လျော့ခြင်းကို အမြဲကဲ့ရဲ့ကုန်၏။

**ဓမ္မသာရ။** မမေ့လျော့ခြင်းကို သူတော်ကောင်းတို့ ချီးမွမ်း၍ မေ့လျော့ခြင်းကို သူတော်ကောင်းတို့ ကဲ့ရဲ့သည်။

### သိကြားမင်း၏ အမည်များ

၁-လူဖြစ်စဉ်က မဃဟု အမည်ရခဲ့သဖြင့် မဃဝါ မည်၏။
၂-ရှေးဦးစွာ ပေးလှူခဲ့သဖြင့် ပုရိန္ဒရ မည်၏။
၃-ရိုသေစွာ ပေးလှူခဲ့သဖြင့် သက္က မည်၏။
၄-နေရာထိုင်ခင်းလှူခဲ့သဖြင့် ဝါသဝ မည်၏။
၅-အကြောင်းအရာ ၁-ထောင်ကို ခဏတွင်း၌ ကြံစည်သိနိုင်သဖြင့် သဟဿက္ခ မည်၏။
၆-သုဇာ၏ ခင်ပွန်းဖြစ်သဖြင့် သုဇမ္ပတိ မည်၏။
၇-တာဝတိံသာနတ်တို့၏အရှင်သခင်ဖြစ်သဖြင့် ဒေဝါနမိန္ဒမည်၏။

### သိကြားမင်းဖြစ်ကြောင်း အကျင့် ၇-မျိုး

၁-တစ်သက်လုံး မိဘကို လုပ်ကျွေးခြင်း
၂-တစ်သက်လုံး အမျိုးထဲ၌ ကြီးသူကို ရိုသေခြင်း
၃-တစ်သက်လုံး သိမ်မွေ့စွာ ပြောဆိုခြင်း
၄-တစ်သက်လုံး အကျိုးမဲ့စကား မပြောဆိုခြင်း
၅-တစ်သက်လုံး နှမြောဝန်တိုကင်း၍ ဝေဖန်ပိုင်းခြား လှူနိုင်ခြင်း
၆-တစ်သက်လုံး မှန်ကန်စွာ ပြောဆိုခြင်း

http://www.dhammadownload.com


၇-တစ်သက်လုံး စိတ်ဆိုးမှုကင်းခြင်း- ဤ ၇-ပါးသောအကျင့်တို့ကို ကျင့်သုံးလျှင် သိကြားမင်း ဖြစ်နိုင်သည်။ (ဓမ္မ၊ ဋ၊ ၁၊ ၁၆၈)

## မဃလုလင်၏ ဩဝါဒ

ရွာသူကြီးသည် တောထဲမှ အမဲသားငါးများရှာ၍ အရက်သောက်ရန် တိုက်တွန်းမရသော မဃလုလင်နှင့်အဖွဲ့အား သူခိုးဓားပြအဖွဲ့ဟု ဘုရင်ထံ ကုန်းတိုက်၏။ ဘုရင်က မစစ်ဆေးဘဲ ဆင်ဖြင့် နင်းသတ်ခိုင်းသည်။

ထိုအခါ မဃလုလင်က 'အမောင်တို့၊ ငါတို့အား မေတ္တာမှတစ်ပါး ကိုးကွယ်ရာမရှိ။ ရွာသူကြီးအားလည်းကောင်း၊ နင်းမည့်ဆင်အားလည်းကောင်း အမျက်မထွက်ဘဲ မိမိနှင့်ထပ်တူ မေတ္တာစိတ်ထားကြရမည်'ဟု ဩဝါဒပေးသည်။

## မေတ္တာတန်ခိုး

ရွာသူကြီးကုန်းတိုက်သဖြင့် ရှင်ဘုရင်က ဆင်ဖြင့်နင်းသတ်ခိုင်းရာ မဃလုလင်အဖွဲ့သားတို့၏ မေတ္တာတန်ခိုးကြောင့် ဆင်သည် မနင်းဘဲ ရှောင်ကွင်းသွား၏။ ရှင်ဘုရင်သည် မဃလုလင်အား ဝန်ချတောင်းပန်၍ ဆုလာဘ်များစွာ ပေးတော်မူသည်။ ရွာသူကြီးကိုလည်း ကျွန်အဖြစ် ပေး၏။ ဆင်ကိုလည်း ပေး၏။ မဃလုလင်အား မစလရွာသူကြီးအဖြစ် ခန့်အပ်၏။ (ဓမ္မ၊ ဋ၊ ၁၊ ၁၇၀)

## တာဝတိံသာနတ်မြို့တော်

တာဝတိံသာနတ်မြို့တော်သည် ယူဇနာ ၁-သောင်း ကျယ်ဝန်း၏။ အရှေ့တံခါးနှင့် အနောက်တံခါးအကြား ယူဇနာ ၁-သောင်း၊ တောင်တံခါးနှင့် မြောက်တံခါးကြား ယူဇနာ ၁-သောင်း ရှိသည်။ တံခါးပေါင်း ၁-ထောင်ရှိ၍ ဥယျာဉ်၊ ရေကန်စသည်တို့ဖြင့် အလွန်တင့်တယ်စည်ပင်သည်။

## သိကြားမင်း၏ စည်းစိမ်များ

ရှေးဘဝက ပြာသာဒ်ဆောက်လှူခဲ့သော ကောင်းမှုကြောင့် နတ်ပြည့်အလယ်တည့်တည့်တွင် ယူဇနာ ၃-ရာမြင့်သော တံခွန်အလံစသည်တို့ စိုက်ထူလျက် ရတနာ ၇-ပါးအပြည့် တန်ဆာဆင်ထားသော ယူဇနာ ၇-ရာ မြင့်သည့် ဝေဇယန္တာ ပြာသာဒ်ရှိသည်။

http://www.dhammadownload.com



ပင်လယ်ကသစ်ပင်စိုက်လှူခဲ့မှုကြောင့် အဝန်းယူဇနာ ၃-ရာ ရှိ ပင်လယ်ကသစ်ပင်နှင့် ကျောက်ဖျာလှူခဲ့မှုကြောင့် ကသစ်ပင်ရင်းတွင် အလျားယူဇနာ ၆၀၊ အနံ ၅၀၊ ထု ၁၅ ယူဇနာရှိသော လယ်ခေါင်ရမ်းအသွေးကဲ့သို့ နီထွေးသော ပဏ္ဍုကမ္ဗလာခေါ် မြကျောက်ဖျာတည်ရှိသည်။ ယင်းကျောက်ဖျာသည် ထိုင်လိုက်သောအခါ ကိုယ်တစ်ဝက်မျှ နိမ့်ဝင်သွား၍ ထလိုက်သောအခါတွင် ပကတိအတိုင်း ညီညွတ်လျက်ပင်ရှိသည်။ (ဓမ္မ၊ ဌ၊ ၁၊ ၁၇၃)

## ဧရာဝဏ်ဆင်

ဧရာဝဏ်ဆင်ဟူသည် နတ်ပြည်၌ တိရစ္ဆာန်မရှိနိုင်သဖြင့် သိကြားမင်းနှင့်အပေါင်းပါ ၃၃-ယောက်တို့ ဥယျာဉ်ထွက်သောအခါ စီးနင်းရန် ဧရာဝဏနတ်သားသည် ဦးကင်း ၃၃ ခုပါသော၊ ယူဇနာ ၁၅၀ ရှိသည့် ဆင်အဖြစ်ဖန်ဆင်းပေးရသည်။

ဦးကင်း ၃၃ ခုအလယ်သည် ၃ ဂါဝုတ်နှင့် ယူဇနာ ၅၀ ရှိသည်။ ထိုအလယ်၌ သိကြားမင်းထိုင်ရန် ယူဇနာ ၃၀ ရှိသုဒဿနဦးကင်းထက်တွင် ၁၂ ယူဇနာရှိသော ရတနာမဏ္ဍပ်၌ ပတ္တမြားပလ္လင်ဖြင့် ခင်းထားသည်။ မဏ္ဍပ်အကြားအကြား၌ ရတနာ ၇ ပါးဖြင့်ပြီးသော ၁-ယူဇနာ စီမြင့်သော တံခွန်များနှင့် အပြင်ဘက်အစွန်း၌ လေတိုက်လျှင် နတ်ဂီတသံကဲ့သို့ သာယာသောအသံများ မြည်နေသည့် ခြူးပန်းခြူးနွယ်တို့ ရှိသည်။

နတ်သား ၃-ကျိပ်တို့သည် ဆင်ဦးကင်းပေါ်တွင် မိမိဆိုင်ရာရတနာမဏ္ဍပ်၌ ထိုင်ကြသည်။ ဦးကင်းတစ်ခု၌ အစွယ် ၇ ချောင်းပါ၍ တစ်ချောင်းလျှင် ယူဇနာ ၅၀ ရှိသည်။ အစွယ်တစ်ချောင်း၌ ရေကန် ၇ ခုစီပါလျက် ထိုရေကန်တွင် ပဒုမ္မာကြာ ၇ ပင်စီရှိသည်။ တစ်ပင်တွင် ၇ ပွင့်စီပါ၏။ တစ်ပွင့်၌ ရွက်ချပ် ၇ ခုစီပါ၏။ ရွက်ချက်တစ်ခု၌ နတ်သမီး ၇ ယောက်စီ ကနေကြသည်။

ပတ်ဝန်းကျင် ယူဇနာ ၅၀ စီရှိသော ဆင်စွယ်ပေါ်၌လည်း နတ်ကချေသည် အများအပြား ကနေကြသည်။ သိကြားမင်းသည် ဤမျှကြီးကျယ်သော စည်းစိမ်များကို ခံစားလှည့်လည်ရသည်။ (ဓမ္မ၊ ဌ၊ ၁၊ ၁၇၃)

## သုဓမ္မာဇရပ်နှင့် ရေကန်၊ ဥယျာဉ်များ

တာဝတိံသာနတ်ပြည်၌ရှိသော သုဓမ္မာဇရပ်သည် ယူဇနာ ၉၀၀ ကျယ်လျက် အလွန်ကြည်နူးမွေ့လျော်ဖွယ်ရှိ၏။ လစဉ်တိုင်း၌ ၈ ရက်ပတ်တိုင်း တရားပွဲ ကျင်းပသည်။ နန္ဒာရေကန်နှင့် စိတ္တလတာဥယျာဉ်တို့သည် ယူဇနာ ၅၀၀ စီရှိသည်။

http://www.dhammadownload.com


## သိကြားမယား သုဇာတာ

မဃသိကြားမင်းတွင် ဇနီး ၄ ယောက်ရှိ၏။ သုဓမ္မာ၊နန္ဒာ၊စိတ္တာတို့သည် မိမိတို့ပြုလုပ်ခဲ့သော ကောင်းမှုအားလျော်စွာ တာဝတိံသာနတ်ပြည်သို့ ရောက်ရသော်လည်း မဃနှင့်မောင်နှမဝမ်းကွဲတော်သော မသုဇာတာသည် မဃပြုသမျှကုသိုလ်ကို သူ့ရသည် အထင်နှင့် ဘာကုသိုလ်မျှ မပြု။ မိမိခန္ဓာကိုယ်ကို အလှပြုပြင်လျက်သာ အချိန်ကုန်ခဲ့သဖြင့် သေလွန်သောအခါ မဗျိုင်းမ ဖြစ်ရှာ၏။

သိကြားမင်း၏ တိုက်တွန်းချက်ကြောင့် ဗျိုင်းမဘဝဖြင့်ပင် သီလစောင့်မှုကြောင့် ဗာရာဏသီပြည်က အိုးထိန်းသည်သမီး ဖြစ်လာသည်။ ထိုဘဝမှတစ်ဆင့် အသုရာနတ်ပြည်၌ ဝေပစိတ္တိအသုရာ၏သမီးဖြစ်၍ သိကြားမင်းသွားရောက် ခေါ်ဆောင်ခဲ့၍ သိကြားမယား မသုဇာတာ ဖြစ်လာသည်။ (ဓမ္မ၊ ဋ၊ ၁၊ ၁၇၁)

မဃဝတ္ထုပြီး၏။

♦ ♦ ♦ ♦ ♦

## ၈–အညတရဘိက္ခုဝတ္ထု

### မထင်ရှားသော ရဟာန်း

မြတ်ဗုဒ္ဓ ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ရဟန်းတစ်ပါးသည် ကမ္မဋ္ဌာန်းသင်ယူ၍ တောသို့ဝင်ပြီး တရားအားထုတ်၏။ အရဟတ္တဖိုလ်သို့ မရောက်နိုင်သဖြင့် ဘုရားရှင့်ထံ ပြန်အလာ လမ်းခရီး၌ တောမီးလောင်နေသည်ကို မြင်၍ 'ဤမီးသည် လောင်စာတို့ကို လောင်ကျွမ်းစေသကဲ့သို့ အရဟတ္တမဂ်သည်လည်း သံယောဇဉ်တို့ကို လောင်ကျွမ်းစေလိမ့်မည်' ဟု ဆင်ခြင်မိ၏။ မြတ်ဗုဒ္ဓသည် ထိုရဟန်း၏စိတ်အကြံကို သိတော်မူသဖြင့် ဤဒေသနာကို ဟောတော်မူသည်။ ဒေသနာအဆုံး၌ ထိုရဟန်း ပဋိသမ္ဘိဒါပတ္တရဟန္တာ ဖြစ်တော်မူသည်။

### သံယောဇဉ်ကွင်း အပြတ်ရှင်း

ပါဠိ။ အပ္ပမာဒရတော ဘိက္ခု၊ ပမာဒေ ဘယဒဿိဝါ။
သံယောဇနံ အဏုံထူလံ၊ ဍဟံ အဂ္ဂီဝ ဂစ္ဆတိ။

အနက်။ အဂ္ဂိ၊ မီးသည်။ အဏုံထူလံ၊ ငယ်ငယ်ကြီးကြီးဖြစ်သော မီးကို။ ဍဟံ၊

http://www.dhammadownload.com


လောင်ကျွမ်းလျက်။ ဂစ္ဆတိဣဝ၊ သွားသကဲ့သို့။ အပ္ပမာဒရတော၊ မမေ့လျော့ခြင်း၌ မွေ့လျော်သော။ ပမာဒေ၊ မေ့လျော့မှု၌။ ဘယဒဿာဝီ၊ ဘေးဟုရှုလေ့ရှိသော။ ဘိက္ခု၊ ရဟန်းသည်။ အဏုံထူလံ သံယောဇနံ၊ ကြီးကြီးငယ်ငယ် အသွယ်သွယ်သော သံယောဇဉ် ဟူသမျှကို။ ဍဟံ၊ လောင်ကျွမ်းရှို့မြိုက်လျက်။ (နိဗ္ဗာနံ၊ နိဗ္ဗာန်သို့)ဂစ္ဆတိ၊ သွားနိုင်၏။

**အဓိပ္ပါယ်**။ ပကတိမီးသည် လောင်စာဟူသမျှကို လောင်ကျွမ်းစေသကဲ့သို့၊ အပ္ပမာဒ၌မွေ့လျော်လျက်၊ ပမာဒ၌ အပြစ်ဟု ရှုသောရဟန်းသည် သံယောဇဉ်ဟူသမျှကို မဂ်ဉာဏ်တည်းဟူသောမီးဖြင့် လောင်ကျွမ်းစေလျက် နိဗ္ဗာန်သို့ သွား၏။

**ဓမ္မသာရ။** မဂ်ဉာဏ်ဟူသောမီးသည် သံယောဇဉ်အပေါင်းကို လောင်ကျွမ်းစေနိုင်၏။

### သံယောဇဉ်ဟူသည်

သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌ မလွတ်သွားနိုင်အောင် ချည်နှောင်ထားသဖြင့် ကြိုးနှင့် တူသော တဏှာ,ဒေါသ,မာနစသောတရားတို့သည် သံယောဇဉ် မည်၏။

အညတရဘိက္ခုဝတ္ထုပြီး၏။

◆◆◆◆◆

## ၉-နိဂမဝါသီတိဿတ္ထေရဝတ္ထု

### တော၌နေသော တိဿမထေရ်

မြတ်ဗုဒ္ဓ ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် တိဿရဟန်းသည် ပသေနဒီကောသလ မင်း, အနာထပိဏ်သူဌေး, ဝိသာခါကျောင်းအမစသူတို့ အစဉ်မပြတ် အလှူဒါနပြုပါသော် လည်း တစ်ကြိမ်မျှ သာဝတ္ထိမြို့ပေါ်သို့ ကြွမလာ။ ဆွေမျိုးတို့ရှိရာ ရွာနိဂုံး၌သာ ရောင်ရဲ တင်းတိမ်လျက် နေ၏။

ထို့ကြောင့် နိဂမဝါသီတိဿဟု အမည်တွင်၏။ ရဟန်းတို့က နိဂမဝါသီတိဿသည် တော၌သာ နေ၏။ အလိုနည်း၏။ ရောင်ရဲ၏ဟု ချီးမွမ်းပြောဆိုကြသဖြင့် ဤဒေသနာကို ဟောကြားတော်မူသည်။ ဒေသနာအဆုံး၌ နိဂမဝါသီတိဿသည် ပဋိသမ္ဘိဒါပတ္တရဟန္တာ ဖြစ်တော်မူ၍ အခြားရဟန်းများ သောတာပန်စသည် တည်ကြ၏။

http://www.dhammadownload.com


## တရားမမေ့ နိဗ္ဗာန်တွေ့

ပါဠိ။ အပ္ပမာဒရတော ဘိက္ခု၊ ပမာဒေ ဘယဒဿိဝါ။
အဘဗ္ဗော ပရိဟာနာယ၊ နိဗ္ဗာနဿေဝ သန္တိကေ။

အနက်။ အပ္ပမာဒရတော၊ မမေ့လျော့ခြင်း၌ မွေ့လျော်သော။ ပမာဒေ၊ မေ့လျော့မှု၌။ ဘယဒဿိဝါ၊ အပါယ်စသည်ရောက်ကြောင်း ဘေးဟုရှုလေ့ရှိသော။ ဘိက္ခု၊ ရဟန်းသည်။ ပရိဟာနာယ၊ ဈာန်မဂ်ဖိုလ်တို့မှ ဆုတ်ယုတ်ခြင်းငှါ။ အဘဗ္ဗော၊ မထိုက်။ နိဗ္ဗာနဿ၊ နိဗ္ဗာန်၏။ သန္တိကေဝ၊ အနီး၌သာလျှင်။ (အတ္ထိ၊ တည်ရှိနေပါပေသတည်း။)

**အဓိပ္ပါယ်**။ အပ္ပမာဒတရား၌ မွေ့လျော်၍ ပမာဒတရား၌ ဘေးဟု ရှုလေ့ရှိသောရဟန်းသည် ဈာန်မဂ်ဖိုလ်တို့မှ မဆုတ်ယုတ်နိုင်။ နိဗ္ဗာန်၏ အနီးမှာသာ တည်ရှိနေ၏။

**ဓမ္မသာရ**။ မေ့လျော့ခြင်းကို အပြစ်မြင်၍ မမေ့ခြင်းရှိသူသည် နိဗ္ဗာန်နှင့်နီး၏။

မဆုတ်ယုတ်မှုနှင့် တိုးတက်မှု

'အဘဗ္ဗော ပရိဟာနာယ'-အပ္ပမာဒ၌မွေ့လျော်၍ ပမာဒ၌ ဘေးဟုရှုသောသူသည် သမထဓမ္မ၊ဝိပဿနာဓမ္မတို့မှ လည်းကောင်း၊ မဂ်ဖိုလ်တို့မှလည်းကောင်း၊ ဆုတ်ယုတ်ခြင်းငှါ မထိုက်။ ရောက်ပြီးသော ကုသိုလ်တရားတို့မှလည်း မဆုတ်ယုတ်။ မရောက်ကုန်သော ကုသိုလ်တရားတို့သို့လည်း မရောက်ဘဲမနေ။ ရောက်နိုင်သည်သာတည်း။

နိဗ္ဗာန်နှင့် နီးသူ

ထိုသို့သဘောရှိသော ပုဂ္ဂိုလ်မျိုးသည် ကိလေသပရိနိဗ္ဗာန်၊ အနုပါဒါပရိနိဗ္ဗာန်တို့နှင့် နီးသူဖြစ်သောကြောင့် 'နိဗ္ဗာနဿေဝ သန္တိကေ' နိဗ္ဗာန်နှင့် နီးသူဟု ဆိုသည်။

နိဂမဝါသီတိဿထေရဝတ္ထုပြီး၏။

အပ္ပမာဒဝဂ်ပြီး၏။

♦♦♦♦♦♦♦♦♦♦

http://www.dhammadownload.com



# ၃–စိတ္တဝဂ်
(စိတ်တရားအုပ်စု)

## ၁–မေဃိယတ္ထေရဝတ္ထု

### မေဃိယရဟန်း

မြတ်ဗုဒ္ဓ စာလိယတောင်၌ သီတင်းသုံးစဉ် မေဃိယရဟန်းသည် ထိုတောင်အနီး သရက်တော၌ ဝိပဿနာအလုပ် အားထုတ်တော်မူ၏။ စိတ်ကို ကမ္မဋ္ဌာန်းအာရုံ၌ ကြိုးစား၍ တင်သော်လည်း အကုသိုလ် မိစ္ဆာဝိတက်များသာ ထင်မြင်လာ၏။ ထိုမိစ္ဆာဝိတက်များကို ဖယ်ရှားမရနိုင်သဖြင့် မြတ်ဗုဒ္ဓထံသို့ ပြန်လာရာ မြတ်ဗုဒ္ဓက ဤဒေသနာကို ဟောကြားတော်မူသည်။ ဒေသနာအဆုံး၌ မေဃိယရဟန်း သောတာပန်တည်၏။

### စိတ်ကောက်ကို ဖြောင့်ခြင်း

ပါဠိ။ ဖန္ဒနံ စပလံ စိတ္တံ၊ ဒုရက္ခံ ဒုန္နိဝါရယံ။
ဥဇုံ ကရောတိ မေဓာဝီ၊ ဥသုကာရောဝ တေဇနံ။

အနက်။ ဥသုကာရော၊ လေးသမားသည်။ တေဇနံ၊ ကောက်သောမြှားကို။ ဥဇုံ၊ ဖြောင့်အောင်။ ကရောတိဣဝ၊ ပြုသကဲ့သို့။ မေဓာဝီ၊ ပညာရှိသည်။ ဖန္ဒနံ၊ အာရုံတို့၌ တုန်လှုပ်သော။ စပလံ၊ လျှပ်ပေါ်လော်လီတတ်သော။ ဒုရက္ခံ၊ စောင့်ထိန်းနိုင်ခဲသော။ ဒုန္နိဝါရယံ၊ တားမြစ်ရန်ခက်သော။ စိတ္တံ၊ စိတ်ကို။ ဥဇုံ၊ ဖြောင့်အောင်။ ကရောတိ။ ပြု၏။

ပါဠိ။ ဝါရိဇောဝ ထလေ ခိတ္တော၊ ဩကမောကတဥဗ္ဘတော။
ပရိဖန္ဒတိဒံ စိတ္တံ၊ မာရဓေယျံ ပဟာတဝေ။

အနက်။ ဩကမောကတဥဗ္ဘတော၊ ရေတည်းဟူသောတည်ရာမှ ထုတ်ဆယ်ထားအပ်သည်ဖြစ်၍။ ထလေ၊ ကုန်းမြေ၌။ ခိတ္တော၊ ပစ်ချထားအပ်သော။ ဝါရိဇော၊ ငါးသည်။ ပရိဖန္ဒတိဣဝ၊ တဖျတ်ဖျတ်တုန်လှုပ်သကဲ့သို့။ မာရဓေယျံ၊ ကိလေသာမာရ်ကိုယ်တွင်းရန်ကို။ ပဟာတဝေ၊ ပယ်ဖို့ရန်။ (ဩကမောကတော၊ ကာမဂုဏ်နယ်ပယ်မှ။ ဥဗ္ဘတော၊ ထုတ်၍။ ထလေ၊ ကမ္မဋ္ဌာန်းအာရုံဟူသောကုန်းမြေ၌။ ခိတ္တံ။ ပစ်ချထားအပ်သော။ ဣဒံစိတ္တံ၊ ဤစိတ်သည်။ ပရိဖန္ဒတိ၊ တဖျတ်ဖျတ်တုန်လှုပ်၏။)

http://www.dhammadownload.com



အဓိပ္ပါယ်။ လေးသမားသည် မြားကောက်ကို ဖြောင့်သကဲ့သို့၊ ပညာရှိသည် အာရုံတို့၌ တုန်လှုပ်၍ လျှပ်ပေါ်လော်လီသော စောင့်ထိန်းရန်၊ တားမြစ်ရန်ခက်သော စိတ်ကို ဖြောင့်အောင် ပြုရာ၏။

ရေမှထုတ်ဆယ်၍ ကုန်းပေါ်တင်ထားအပ်သော ငါးသည် တဖျတ်ဖျတ်တုန်လှုပ်သကဲ့သို့၊ ကိလေသာမာရ်ကိုယ်တွင်းရန်ကိုပယ်ဖို့ရန် ကာမဂုဏ်နယ်ပယ်မှ ထုတ်၍ ကမ္မဋ္ဌာန်းအာရုံဟူသော ကုန်းပေါ်သို့ တင်ထားအပ်သောစိတ်သည် တဖျတ်ဖျတ်တုန်လှုပ်၏။

**ဓမ္မသာရ**။ ပညာရှိသည် ကာမဂုဏ်အာရုံတို့ကြောင့် ကွေ့ကောက်သောစိတ်ကို ဖြောင့်အောင် ပြုရာ၏။

## တုန်လှုပ်သောစိတ်

ရူပါရုံစသော ကာမဂုဏ်အာရုံတို့နှင့် တွေ့ဆုံရမှုကြောင့် စိတ်သည် တုန်လှုပ်သောသဘောရှိ၏။

## လော်လီသောစိတ်

ရှာသူကလေးတို့သည် ဣရိယာပုဒ်တစ်ခုတည်းဖြင့် အငြိမ်မနေနိုင်သကဲ့သို့ ပုထုဇဉ်တို့၏စိတ်သည် အာရုံတစ်ခုတည်း၌ တည်တန့်မှုမရှိဘဲ လျှပ်ပေါ်လော်လီတတ်သောသဘောရှိ၏။

## တားမြစ်ရန်ခက်သောစိတ်

စိတ်သည် ဝိသဘာဂဖြစ်သော ဆန့်ကျင်ဘက်အာရုံသို့ ညွှတ်သဖြင့် မသွားဖို့ရန် တားမြစ်စောင့်ထိန်းနိုင်ရန် ခက်ခဲ၏။

## လေးသမားနှင့်တူသော ပညာရှိ

'ဥသုကာရောဝ တေဇနံ'-လေးသမားသည် မြားကောက်ကို အခွံခွာ၍ ဆီသုတ်၍ မီးဖြင့် အပူပေး၏။ ထို့နောက် သစ်ပင်ခွ၌ မြားကို ညှပ်၍ ဖြောင့်အောင်ပြု၏။ ထိုမြားဖြင့် မင်းတို့အား အတတ်ကိုပြသော် ဆုလာဘ်ကို ရ၏။

ပညာရှိသည်လည်း တုန်လှုပ်ခြင်းစသောသဘောရှိသော စိတ်ကောက်ကို ဓုတင်

http://www.dhammadownload.com


ဆောက်တည်ခြင်း,တောကျောင်း၌နေခြင်းစသည်ဖြင့် ကြမ်းသောကိလေသာ ကင်းအောင်ပြု၏။ ထို့နောင် သဒ္ဓါတည်းဟူသော ဆီဖြင့် ဆွတ်၏။ ကာယိကဝီရိယ,စေတသိကဝီရိယဖြင့် အပူပေး၏။ ဝိပဿနာဟူသော သစ်ပင်ခွ၌ ညှပ်၍ ဖြောင့်အောင်ပြုပြီးလျှင် သမ်ိဳရတို့ကို သုံးသပ်၍ အဝိဇ္ဇာကို ဖောက်ခွဲ၍ ဝိဇ္ဇာ ၃ ပါး,အဘိညာဏ် ၆ ပါး, လောကုတ္တရာတရား ၉ ပါးဟူသော လာဘ်အထူးကို ရအောင်ပြု၍ ရဟန္တာအဖြစ် ရယူနိုင်သည်။ (ဓမ္မ၊ဋ၊ ၁၊ ၁၈၃)

မေဃိယထေရဝတ္ထုပြီး၏။

♦♦♦♦♦

## ၂-အညတရဘိက္ခုဝတ္ထု

### မထင်ရှားသောရဟန်း

မြတ်ဗုဒ္ဓ ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ရဟန်းတစ်ပါးသည် ကမ္မဋ္ဌာန်းသင်ယူ၍ ကောသလမင်း၏ နိုင်ငံအတွင်း တောင်ခြေရင်း၌ရှိသော မာတိကာရွာသို့ သွား၏။ ရွာသူကြီး၏အမေဖြစ်သော အနာဂါမ်မာတိကာဥပါသိကာမကြီးသည် ဆွမ်း,ကျောင်းစသည် စီရင်လှူဒါန်း၏။

ထိုရဟန်း၏ အလိုဆန္ဒကို ကြည့်၍ သိ၍ ရဟန်း၏စိတ်အလိုအတိုင်း ပြုစုလှူဒါန်း၏။ ထိုအခါ ရဟန်းက 'ပုထုဇဉ်တို့မည်သည် သင့်လျော်သည်ကို ကြံမိသည်လည်းရှိ၏။ မသင့်လျော်သည်ကို ကြံမိသည်လည်း ရှိ၏။ အကယ်၍ မသင့်လျော်သောအရာကို ကြံမိချေသော် ခိုးထုပ်ခိုးထည်နှင့် မိသောသူခိုးကဲ့သို့ ပျက်စီးရာ၏'ဟု ကြံတွေးကြောက်ရွံ့၍ ဘုရားရှင်ထံ ပြန်ခဲ့သဖြင့် ဤဒေသနာကို ဟောကြားတော်မူသည်။ ဒေသနာအဆုံး၌ အခြားပုဂ္ဂိုလ်များ သောတာပန်တည်၏။ ထိုရဟန်းကား တောကျောင်းပြန်တရားအားထုတ်သဖြင့် ၃-၄-ရက် အကြာတွင် ရဟန္တာဖြစ်သည်။

### ချမ်းသာဖို့ရေး စိတ်ယဉ်ကျေး

ပါဠိ။ ဒုန္နိဂ္ဂဟဿ လဟုနော၊ ယတ္ထ ကာမနိပါတိနော။
စိတ္တဿ ဒမထော သာဓု၊ စိတ္တံ ဒန္တံ သုခါဝဟံ။

http://www.dhammadownload.com


အနက်။ ဒုန္နိဂ္ဂဟဿ၊ နှိမ်နင်းရန်ခက်သော။ လဟုနော၊ အဖြစ်အပျက်လျှင်မြန်သော။ ယတ္ထကာမနိပါတိနော၊ အလိုရှိရာအာရုံ၌ ကျလေ့ရှိသော။ စိတ္တဿ၊ စိတ်ကို။ ဒမထော၊ ဆုံးမခြင်းသည်။ သာဓု၊ ကောင်း၏။ ဒန္တံ၊ ဆုံးမပြီး၍ ယဉ်ကျေးသော။ စိတ္တံ၊ စိတ်သည်။ သုခါဝဟံ၊ ချမ်းသာကိုဆောင်တတ်ပေသတည်း။

အဓိပ္ပါယ်။ နှိမ်နင်းရန် ခက်၍ အဖြစ်အပျက်မြန်၍ အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ဆုံးမနိုင်ခြင်းသည် ကောင်း၏။ ဆုံးမ၍ ယဉ်ကျေးပြီးသောစိတ်သည် ချမ်းသာကို ဆောင်ပေး၏။

**ဓမ္မသာရ**။ စိတ်ကို ယဉ်ကျေးအောင်ပြုပြင်ဆုံးမနိုင်သူသည် ချမ်းသာနိုင်၏။

## အလိုရှိရာအာရုံ၌ ကျတတ်သောစိတ်

'ယတ္ထကာမနိပါတိနော'-စိတ်သည် အာရုံကို သိသော်လည်း ရအပ်သောအကြောင်း, မရအပ်သောအကြောင်းကို မသိ။ သင့်လျော်သောအာရုံ, မသင့်လျော်သောအာရုံကိုလည်း မသိ။ အမျိုးအနွယ်,အရွယ်,အတန်းအစားနှင့် ဂုဏ်သိက္ခာတို့ကိုလည်း မကြည့်။ မိမိအလိုရှိရာအာရုံသို့သာ ကျရောက်ကျက်စားလေ့ရှိ၏။

## ချမ်းသာစေသော စိတ်

'ဒန္တံ စိတ္တံ သုခါဝဟံ' ကိလေသာဟူသော အဆိပ်ရှိသော စိတ်သည် ရိုင်စိုင်းကြမ်းကြုတ်၍ အပါယ်စသောဆင်းရဲကို ဖြစ်စေတတ်၏။ ကိလေသာအဆိပ်ကင်း၍ အရိယာမဂ်ဖြင့် ယဉ်ကျေးသိမ်မွေ့အောင် ဆုံးမနိုင်သောစိတ်သည် မဂ်ဖိုလ်နိဗ္ဗာန် ချမ်းသာကို ဆောင်ပေးတတ်သည်။

## ရဟန်းတော်များအချင်းချင်း သတိပေးပုံ

မာတိကာရွာ၌ ဝါကပ်သော ၆-ကျိပ်သောရဟန်းတို့က 'ငါတို့သည် မေ့လျော့နေရန်မသင့်။ ငရဲကြီး ၈ ထပ်သည် ငါတို့ကိုယ်ပိုင်အိမ်နှင့်တူ၏။ ငါတို့သည် သက်ရှိထင်ရှားဘုရားထံမှ ကမ္မဋ္ဌာန်းသင်ယူခဲ့သူများဖြစ်ကြ၏။ ဘုရားရှင်တို့မည်သည် ခြေရာအစဉ်အတိုင်းလိုက်နေသော်လည်း စဉ်းလဲသဖြင့် နှစ်သိမ့်စေရန် မတတ်ကောင်း၊ ဘုရားရှင်၏ အလိုအားလျော်စွာသာ နှစ်သိမ့်စေရန် တတ်ကောင်း၏။ မမေ့မလျော့နေကြစို့'ဟု တစ်ဦးကို တစ်ဦး သတိပေးပြုပြင်ကြသည်။ (ဓမ္မ၊ ၄၊ ၁၊ ၁၈၄)

http://www.dhammadownload.com


## ဘောဇနေသပ္ပါယ်ဖြစ်ပုံ

ကောသလတိုင်း၊ တောင်ခြေ မာတိကာရွာ၌ မာတိကာမာတာသည် မိမိကိုးကွယ်သော ရဟန်းတော်များ သေနာသနသပ္ပါယနှင့် ပုဂ္ဂလသပ္ပါယ်ရှိသော်လည်း ဘောဇနေသပ္ပါယမရှိသဖြင့် တရားထူးကိုမရမှန်းသိ၍ သင့်လျော်သော အာဟာရများ ဆက်ကပ်လှူဒါန်းသည်။ ထိုအခါ ရဟန်းအားလုံးတို့ မကြာမီပင် ရဟန္တာဖြစ်တော်မူကြသည်။

## ဘဝသံသရာဟူသည်

မာတိကမယ်တော်ကြီးသည် စိတ်မတည်ငြိမ်သဖြင့် တရားအားထုတ်မရဘဲ ဘုရားထံပြန်သွားသောရဟန်းတစ်ပါး ပြန်လာသောအခါ သင့်တော်သောအာဟာရများ ဆက်ကပ်လှူပြန်သည်။ ထိုအခါ၌ သင့်လျော်သော အာဟာရလည်းပြည့်စုံ၊ စိတ်လည်း တည်ငြိမ်မှုရှိသဖြင့် မကြာမီရဟန္တာ ဖြစ်တော်မူသည်။

လွန်ခဲ့သော ၉ ဘဝမြောက်က ယင်းရဟန်း၏ ဇနီးဖြစ်ခဲ့စဉ် အခြားယောကျ်ားအပေါ် တပ်မက်ပြီး ယင်းရဟန်းကို သေကြောင်းကြံစည်ခဲ့ဖူး၏။ ဘဝတစ်ရာမြောက် ယင်းရဟန်း၏ ဇနီးဖြစ်ခဲ့သောအခါတွင် အသက်ကို ကယ်ခဲ့ဖူးပြန်သည်။ (ဓမ္မ၊ ဌ၊ ၁၊ ၁၈၉)

အညတရဘိက္ခုဝတ္ထုပြီး၏။

♦♦♦♦♦

# ၃-အညတရဉက္ကဏ္ဌိတဝတ္ထု

## အနုပုဗ္ဗသူဌေးသားရဟန်း

မြတ်ဗုဒ္ဓ သာဝတ္ထိမြို့၌ သီတင်းသုံးတော်မူစဉ် သူဌေးသားတစ်ယောက်သည် သာသနာ၌ ရဟန်းပြု၍ ဆရာဉပဇ္ဈာယ်တို့၏ သင်ပြဆုံးမမှုတို့ကြောင့် သာသနာတော်၌ ကျင့်ဆောင်ဖွယ်ကိစ္စများလှသည်။ နေစရာပင်မရှိဟု ကြံကာ လူထွက်ဖို့ပြင်ဆင်၏။

မြတ်ဗုဒ္ဓထံ သွား၍ လျှောက်ကြားရာ မြတ်ဗုဒ္ဓက 'ငါ့ရှင်၊ ဤသို့ဖြစ်လျှင် သင်သည် တစ်ခုတည်းသောအကျင့်ကို ကျင့်ဆောင်နိုင်မည်လော'ဟု မေး၏။ ရဟန်းက 'အရှင်ဘုရား၊ တစ်ခုမျှကိုကား ကောင်းစွာကျင့်ဆောင်နိုင်ပါမည်'ဟု ဖြေ၏။

ထိုအခါ မြတ်ဗုဒ္ဓက 'ငါ့ရှင်၊ သင်သည် စိတ်တစ်ခုတည်းကို လုံခြုံအောင်

http://www.dhammadownload.com


ကျင့်ဆောင်လေလော့’ဟု မိန့်တော်မူ၍ ဤဒေသနာကို ဟောကြားတော်မူသည်။ ဒေသနာ အဆုံး၌ ထိုရဟန်း သောတာပန်တည်၏။

## စိတ်တစ်ခုထိန်း အားလုံးငြိမ်း

ပါဠိ။ သုဒုဒ္ဒသံ သုနိပုဏံ၊ ယတ္ထကာမနိပါတိနံ။
စိတ္တံ ရက္ခေထ မေဓာဝီ၊ စိတ္တံ ဂုတ္တံ သုခါဝဟံ။

အနက်။ သုဒုဒ္ဒသံ၊ မြင်နိုင်ခဲသော။ သုနိပုဏံ၊ အလွန်သိမ်မွေ့သော။ ယတ္ထကာမနိပါတိနံ၊ အလိုရှိရာအာရုံ၌ ကျရောက်လေ့ရှိသော။ စိတ္တံ၊ စိတ်ကို။ မေဓာဝီ၊ ပညာရှိသည်။ ရက္ခေထ၊ ကောင်းစွာစောင့်ရှောက်ရာ၏။ ဂုတ္တံ၊ စောင့်ရှောက်အပ်သော။ စိတ္တံ၊ စိတ်သည်။ သုခါဝဟံ၊ ချမ်းသာကိုဆောင်ပေးတတ်၏။

အဓိပ္ပါယ်။ ပညာရှိသည် အလွန်သိမ်မွေ့၍ မြင်နိုင်ခဲသဖြင့် အလိုရှိရာအာရုံ၌ ကျရောက်တတ်သော စိတ်ကို ကောင်းစွာစောင့်ရှောက်ရာ၏။ စောင့်ရှောက်အပ်သော စိတ်သည် ချမ်းသာကို ဆောင်တတ်၏။

**ဓမ္မသာရ**။ စိတ်တစ်ခုကို ထိန်းနိုင်သူသည် အရာရာ အောင်မြင်နိုင်၏။

**အနုပုဗ္ဗပုညများ**

၁။ စာရေးတံမဲချ၍ ပေးလှူခြင်း သလာကဘတ်
၂။ လခွဲလဆုတ်ပက္ခတိုင်း ပေးလှူခြင်း ပက္ခိကဘတ်
၃။ ဝါဆိုကျောင်းကို ပေးလှူခြင်း
၄။ သင်္ကန်းစသော ပစ္စည်းလေးပါး ပေးလှူခြင်း
၅။ မိမိဥစ္စာကို သုံးစုပြု၍ တစ်စု ရောင်းဝယ်၊ တစ်စု သားမယားမွေးမြူ၊ တစ်စု သာသနာ၌ ပေးလှူခြင်း
၆။ သရဏဂုံနှင့် ငါးပါးသီလဆောက်တည်ခြင်း
၇။ ၁၀-ပါးသီလ ဆောက်တည်ခြင်း
၈။ သာသနာဝန်ထမ်း ရှင်ရဟန်းပြုခြင်း

ဤသို့ ကုသိုလ်ပုညတို့ကို အစဉ်အတိုင်းပြုသဖြင့် ‘အနုပုဗ္ဗသူဌေးသား’ဟုတွင်၏။

http://www.dhammadownload.com



### ဆရာများသားသေ

သာဝတ္ထိမြို့သားသူဌေးသားသည် ရဟန်းပြုပြီးမကြာမီ ဆရာများထံ ချဉ်းကပ်၍ ဝင့်ဆင်းရဲမှ လွတ်ကြောင်းတရားကို မေးလျှောက်၏။ နိဿယည်းဆရာက အဘိဓမ္မာ ဆရာဖြစ် သဖြင့် ပြုသင့်/မပြုသင့်စသည်ကို အဘိဓမ္မာသဘောတရားများအတိုင်း ဟောညွှန်ပြ၏။

ဥပဇ္ဈာယ်ဆရာက ဝိနည်းဓိုရ်ဖြစ်သဖြင့် ပြုသင့်/မပြုသင့်စသည်ကို ဝိနည်းစည်းကမ်းများအတိုင်း ဟောညွှန်ပြသ ဆိုဆုံးမ၏။

တပည့်ရဟန်းသည် ဆရာနှစ်ပါးထံက တရားအဆုံးအမစကားတို့ကြောင့် နားယောင်မိကာ ဘာလုပ်ရဘာကိုင်ရမှန်းမသိ ဖြစ်လာ၏။ နောက်ဆုံးတွင် ဤသာသနာ၌ ခြေချဖွယ်ရာ နေရာမျှမရှိဟုကြံကာ လူထွက်စိတ်ဖြစ်သဖြင့် ဘုရားရှင်က စိတ်တစ်ခုကို လမ်းညွှန်ဟော ပြတော်မူသည်။ (ဓမ္မ၊ ဌ၊ ၁၊ ၁၈၉)

အညတရဥက္ကဏ္ဌိတဝတ္ထုပြီး၏။

♦♦♦♦♦

## ၄-သံဃရက္ခိတဘာဂိနေယျဝတ္ထု

### အရှင်သံဃရက္ခိတ၏ တူ

မြတ်ဗုဒ္ဓ ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ရဟန်းဝတ်၍ ၂ ရက်၊ ၃ ရက်မျှဖြင့် ရဟန္တာဖြစ်သော သံဃရက္ခိတမထေရ်၏ တူရဟန်းသစ်သည် ဆရာဥပဇ္ဈာယ်ကို အနားမှနေ၍ ယပ်ခပ်ပေးနေစဉ် ဤသို့ စိတ်အကြံဖြစ်၏။

ငါသည် လူထွက်ပြီးလျှင် ဤအဝတ်ပုဆိုးကို ရောင်း၍ ဆိတ်မဝယ်မည်။ ဆိတ်မကမွေးသော ဆိတ်ငယ်ကို ရောင်း၍ ငွေစုမည်။ မယားတစ်ယောက် ရှာမည်။ သားတစ်ယောက် ရလျှင် သားမယားနှင့်အတူ လှည်းစီး၍ ငါ၏ ဆရာမထေရ်ထံ လာဖူးမည်။

ထိုသို့လာဖူးစဉ် လမ်းခရီး၌ လှည်းပေါ်မှပါလာသော သားငယ်သည် မယား၏ပေါ် လျော့မှုကြောင့် ပြုတ်ကျ၏။ လှည်းဘီးသည် သားငယ်အပေါ် တက်ကျိတ်သဖြင့် မယားအား ဒေါသတကြီး နှင်တံဖြင့် လှမ်းရိုက်၏။ သို့သော် နှင်တံသည် မယားအား မရိုက်မိ။ မိမိယပ်ခပ်ပေးနေသော ဦးရီးတော်သံဃရက္ခိတမထေရ်၏ ဦးခေါင်းသို့သာ ရိုက်မိလေ၏။

http://www.dhammadownload.com


မထေရ်သည် ထိုအကြောင်းကို လျှောက်ကြားသဖြင့် မြတ်ဗုဒ္ဓက ဤဒေသနာကို ဟောကြားတော်မူသည်။ ဒေသနာအဆုံး၌ တူရဟန်းသစ်သည် သောတာပန်တည်၏။

## စိတ်ကိုစောင့်ထိန်း မာရ်လွတ်ငြိမ်း

ပါဠိ။ ဒူရင်္ဂမံ ဧကစရံ၊ အသရီရံ ဂုဟာသယံ။
ယေ စိတ္တံ သံယမေဿန္တိ၊ မောက္ခန္တိ မာရဗန္ဓနာ။

အနက်။ ဒူရင်္ဂမံ၊ အဝေးသို့လည်းသွားသော။ ဧကစရံ၊ တစ်ဦးတည်းသာ လှည့်လည်လေ့ရှိသော။ အသရီရံ၊ ကိုယ်ထည်မရှိသော။ ဂုဟာသယံ၊ ဟဒယဝတ္ထုတည်းဟူသော လိုဏ်ကိုမှီ၍ဖြစ်သော။ စိတ္တံ၊ စိတ်ကို။ ယေ၊ အကြင်သူတို့သည်။ သံယမေဿန္တိ၊ စောင့်စည်းနိုင်ကုန်၏။ တေ၊ ထိုသူတို့သည်။ မာရဗန္ဓနာ၊ မာရ်၏အနှောင်အဖွဲ့ဟူသော ဝဋ်ဆင်းရဲမှ။ မောက္ခန္တိ၊ လွတ်မြောက်ကြကုန်လေသတည်း။

အဓိပ္ပါယ်။ ဝေးသောအာရုံသို့လည်း သွား၍ ကိုယ်သဏ္ဌာန်လည်းမရှိဘဲ တစ်ဦးတည်းလည်း လှည့်လည်ကျက်စားလျက် ဟဒယဝတ္ထုလိုဏ်၌မှီသောစိတ်ကို စောင့်စည်းသူသည် မာရ်မင်း၏အနှောင်အဖွဲ့ဖြစ်သော တေဘူမကဝဋ်ဒုက္ခမှ လွတ်မြောက်၏။

**ဓမ္မသာရ**။ စိတ်ကို စောင့်ထိန်းနိုင်သူသည် ဝဋ်ဒုက္ခမှ လွတ်မြောက်၏။

### အဝေးသို့လည်းသွား

အာရုံသည် မည်မျှပင်ဝေးသောအရပ်၌ ရှိပါစေ။ စိတ်က အရောက်သွားနိုင်စွမ်း ရှိ၏။ ထို့ကြောင့် စိတ်သည် 'ဒူရင်္ဂမ'အဝေးသို့လည်း သွားနိုင်ပေ၏။

### တစ်ပါးတည်းလည်

စိတ်သည် တစ်ခုသောခဏ၌ ၃-ခု၊ ၄-ခုစသည် တစ်ပြိုင်နက် ဖြစ်ရိုးမရှိ။ ခဏတစ်ခု၌ စိတ်တစ်ခုသာ ဖြစ်၏။ ထိုစိတ်ချုပ်၍ ပျက်ပြီးမှသာ နောက်စိတ်တစ်ခု ထပ်ဖြစ်၏။ ထို့ကြောင့် စိတ်သည် 'ဧကစရ'တစ်ပါးတည်း လည်တတ်၏။

### ကိုယ်ထည်မရှိ

စိတ်သည် သဏ္ဌာန်,ဒြပ်တစ်ခုအနေဖြင့် မရှိပေ။ အဆင်း,အနံ့စသည် လည်းမရှိ။ ထို့ကြောင့် 'အသရီရ' ကိုယ်ထည် မရှိသည်မည်၏။

http://www.dhammadownload.com



### ဝှအောင်းဘိ

စိတ်သည် ဟဒယဝတ္ထုရုပ်ကို မှီ၍သာ ဖြစ်၏။ ဟဒယဝတ္ထုရုပ်သည်လည်း မဟာဘုတ်ရုပ် ၄ ပါး၌ မှီ၏။ ထို့ကြောင့် စိတ်အောင်းသောလိုဏ်ဂူသည် မဟာဘုတ် ၄ ပါး ဖြစ်၏။

### မြတ်ဗုဒ္ဓ၏ တိုက်တွန်းသံ

လူထွက်မည်ကြံသော သံဃရက္ခိတမထေရ်၏ တူရဟန်းငယ်အား မြတ်ဗုဒ္ဓက 'သင်သည် ငါဘုရား၏ အဆုံးအမသာသနာ၌ ရဟန်းပြုပါလျက် သောတာပန်၊ သို့မဟုတ် သကဒါဂါမ်၊ သို့မဟုတ် အနာဂါမ်၊ သို့မဟုတ် ရဟန္တာဟု မပြောနိုင်သေးဘဲ ဘာအတွက်ကြောင့် ဝန်လေးသောအမှုကို ပြုလိုဘိသနည်း' ဟုဆုံးမတိုက်တွန်း၍ တရားဟောသည်။

သံဃရက္ခိတဘာဂိနေယျဝတ္ထုပြီး၏။

♦♦♦♦♦

## ၅-စိတ္တဟတ္ထကဝတ္ထု

### စိတ္တဟတ္ထကရဟန်း

မြတ်ဗုဒ္ဓ သာဝတ္ထိမြို့၌ သီတင်းသုံးစဉ် အမျိုးသားတစ်ယောက်သည် စိတ်အလိုသို့ လိုက်ကာ ၇ ကြိမ်တိုင်တိုင် ရဟန်းပြု၍ လူထွက်၏။ စိတ်အလိုသို့လိုက်လွန်းသူဖြစ်သဖြင့် 'စိတ္တဟတ္ထ' ဟု အမည်တွင်၏။ ၆ ကြိမ်မြောက်လူထွက်အပြီးတွင် အိပ်ပျော်နေသော မယားကို မြင်၍ 'အနိစ္စ၊ ဒုက္ခ' ဟူသောသညာကို ရ၏။ ၇ ကြိမ်မြောက် ရဟန်းပြုရာတွင် ၂ ရက် ၃ ရက်အကြာ၌ ပဋိသမ္ဘိဒါတို့နှင့်တကွ ရဟန္တာဖြစ်တော်မူ၏။

ရဟန်းတို့က 'ငါ့ရှင်စိတ္တဟတ္ထ လူမထွက်သေးဘူးလား' ဟုမေးရာ 'အရှင်ဘုရားတို့၊ တပည့်တော်သည် ယခုအခါ၌ လူမထွက်ခြင်းသဘောရှိပါပြီ' ဟု ဖြေဆို၏။ ထိုအကြောင်းကို မြတ်ဗုဒ္ဓအား လျှောက်ထားကြရာ ဤဒေသနာကို ဟောကြားတော်မူသည်။

### စိတ်ကိုနိုင်နင်း ဘေးရန်ကင်း

ပါဠိ။ အနဝဋ္ဌိတ စိတ္တဿ၊ သဒ္ဓမ္မံ အဝိဇာနတော။
ပရိပ္လဝ ပသာဒဿ၊ ပညာ န ပရိပူရတိ။

http://www.dhammadownload.com



အနက်။ အနဝဋ္ဌိတစိတ္တဿ၊ မတည်တန့်သောစိတ်ရှိသော။ သဒ္ဓမ္မံ၊ သူတော်ကောင်းတရားကို။ အဝိဇာနတော၊ မသိသော။ ပရိပ္လဝပသာဒဿ၊ ပေါလောပေါ်သော ယုံကြည်မှုရှိသူအား။ ပညာ၊ ပညာအသိသည်။ နပရိပူရတိ၊ မပြည့်စုံ။

ပါဠိ။ အနဝဿုတစိတ္တဿ၊ အနန္ဝာဟတ စေတသော။
ပုညပါပ ပဟီနဿ၊ နတ္ထိ ဇာဂရတော ဘယံ။

အနက်။ အနဝဿုတစိတ္တဿ၊ ရာဂဖြင့် စိုစွတ်သောစိတ်မရှိသော။ အနန္ဝာဟတ စေတသော၊ ဒေါသဖြင့်ထိပါးသောစိတ်မရှိသော။ ပုညပါပပဟီနဿ၊ ကောင်းမှုမကောင်းမှုကို ပယ်ပြီးသော။ ဇာဂရတော၊ နိုးနိုးကြားကြားရှိသူအား။ ဘယံ၊ ဘေးသည်။ နတ္ထိ၊ မရှိတော့။

အဓိပ္ပါယ်။ မတည်တန့်သောစိတ်ရှိသော သူတော်ကောင်းတရားကို မသိသော အပေါ်ယံသာ ယုံကြည်မှုရှိသူအား ပညာ မပြည့်စုံနိုင်။
ရာဂဖြင့် မစိုစွတ်၊ ဒေါသဖြင့် မထိပါး၊ ကောင်းမှုမကောင်းမှုကိုလည်း ပယ်ပြီး၍ နိုးကြားမှုရှိသူအား ဘေးမရှိ။

**ဓမ္မသာရ**။ စိတ်မတည်ငြိမ်သူအား ပညာမပြည့်စုံနိုင်။

## စိတ်မတည်တန့်သူ

မြင်းကျောပေါ် တင်ထားသော ကျောက်ဖရုံသီး၊ ဖွဲပုံ၌ စိုက်ထူထားသော သစ်ငုတ်၊ ဆံပင်မရှိသောခေါင်းပေါ်၌ တင်ထားသော ထိန်ပန်းတို့သည် မတည်တန့်နိုင်သကဲ့သို့ တစ်ခါတရံ ဗုဒ္ဓသာဝကဖြစ်လိုက်၊ အာဇီဝကဖြစ်လိုက်၊ နိဂဏ္ဌဖြစ်လိုက်၊ တာပသဖြစ်လိုက် သူမျိုးကို စိတ်မတည်တန့်သူ 'အနဝဋ္ဌိတစိတ္တ' ဟု ဆိုသည်။

## သဒ္ဓမ္မနှင့် ပညာ အရ

သဒ္ဓမ္မဟူသည် ဗောဓိပက္ခိယတရား ၃၇ ပါးတည်း။ ပညာဟူသည် ကာမာဝစရပညာ၊ ရူပါဝစရပညာ၊ အရူပါဝစရပညာ၊ လောကုတ္တရာပညာတို့တည်း။

http://www.dhammadownload.com



## ကောင်းမှုမကောင်းမှုကိုပယ်သူ

ရဟန္တာပုဂ္ဂိုလ်သည် ကောင်းမှုမကောင်းမှု ၂-မျိုးကို ပယ်၍ 'ပုညပါပပဟီန' ပုဂ္ဂိုလ်မည်၏။ နတ္ထိက မိစ္ဆာဒိဋ္ဌိစသည်ဖြင့်ကား ပယ်သည်မျိုးမဟုတ်။ အကျိုးကို မမျှော်ခြင်းမျိုး၊ ကိုယ်ကျိုးစွန့်ခြင်းမျိုးကိုသာ ဆိုလိုသည်။ ရဟန္တာသည် ကောင်းမှု၊မကောင်းမှုနှစ်ခုကို မပြုသည်ကား မဟုတ်။ ရတနသုတ်၌ 'ကိဉ္စာပိ သော ကမ္မ ကရောတိ ပါပကံ' အရ အရိယာပုဂ္ဂိုလ်တို့သည် အချို့သော အစိတ္တကအပြစ်မျိုးကို ပြုကြသည်။ အချို့သော ခုဒ္ဒါနုခုဒ္ဒက ဝိနည်းသိက္ခာ ပုဒ်များကိုလည်း လွန်ကျူးမိကြ၏။

ထိုအရိယာပုဂ္ဂိုလ်တို့ပြုသော ကောင်းမှုကိုတို့ကား ပုညာဘိသင်္ခါရသုတ်ဒေသနာအရ ရေတွက်၍ပင် မကုန်နိုင်။ ပြုသင့်ပြု ထိုက်သော ကောင်းမှုမျိုးကို အရိယာတိုင်းပင် ပြုကြသည်။ သို့သော် အကျိုးကိုကား မမျှော်ကိုးတော့။ ထိုသည်ကိုပင် ကောင်းမှုမကောင်းမှု နှစ်မျိုးကို ပယ်သည်ဟု ဆိုသည်။

## စိတ္တဟတ္ထမထေရ်နှင့် ကုဒါလပဏ္ဍိတ

စိတ္တဟတ္ထမထေရ်သည် ၆ ကြိမ်တိုင်တိုင် ရဟန်းပြုလိုက်၊ လူဝတ်လဲလိုက်လုပ်၍ ၇ ကြိမ်မြောက် ရဟန်းပြုပြီးချိန်တွင် လူဝတ်မလဲတော့ပါ။ ပဋိသမ္ဘိဒါပတ္တရဟန္တာ ဖြစ်သွားသည်။ ဘုရားအလောင်း ကုဒါလပဏ္ဍိတသည်ကား ၆ ကြိမ်တိုင်တိုင် လူထွက်ပြီး ၇ ကြိမ်မြောက်တွင် တစ်သက်လုံး ရသေ့ဝတ်သွားသည်။ (ဓမ္မ၊ ဋ၊ ၁၊ ၁၉၈)

စိတ္တဟတ္ထကဝတ္ထုပြီး၏။

♦♦♦♦♦

# ၆-ပဉ္စသတဘိက္ခုဝတ္ထု

## ရဟန်းငါးရာနှင့် မေတ္တာသုတ်တန်ခိုး

မြတ်ဗုဒ္ဓ သာဝတ္ထိမြို့၌ သီတင်းသုံးစဉ် ရဟန်း ၅၀၀ တို့သည် ကမ္မဋ္ဌာန်းသင်ယူ၍ မဟာဝါသရွာအနီး တောအုပ်ကြီးသို့သွားကာ တရားအားထုတ်ကြသည်။ ထိုတောအုပ်၌ နေကုန်သော ရုက္ခစိုးနတ်တို့သည် အထူးထူးသောကြောက်မက်ဖွယ်ကိုပြလျက် ချောက်လှန့်ကုန်၏။ ထို့ကြောင့် ရဟန်းတို့သည် ကမ္မဋ္ဌာန်းအားမထုတ်နိုင်ကြဘဲ ဘုရားရှင်ထံ ပြန်လာလျှောက်ထားကြ၏။

http://www.dhammadownload.com


မြတ်ဗုဒ္ဓက ထိုရဟန်းများအတွက် ဘေးရန်အန္တရာယ်ကင်းစေရန်အလို့ငှါ မေတ္တာသုတ် ဒေသနာကို ဟောညွှန်ပေးတော်မူ၍ ထိုတောအုပ်သို့ပင် ပြန်လွှတ်သည်။ ရဟန်းတို့သည် မေတ္တာသုတ်ပရိတ်ဒေသနာကို ရွတ်လျက် ဘေးရန်ကင်းကွာ စိတ်ငြိမ်စွာဖြင့် တရားအား ထုတ်နိုင်ကြသည်။

မိမိ၏ ခန္ဓာကိုယ်အတ္တဘော၌ ခယ,ယဝသဘောတို့ကို သိမြင် ဆင်ခြင်နေကြစဉ် မြတ်ဗုဒ္ဓက ဤဒေသနာကို ဟောကြားတော်မူ၏။ ဒေသနာအဆုံး၌ ရဟန်း ၅၀၀ လုံး ပဋိသမ္ဘိဒါပတ္တရဟန္တာ ဖြစ်တော်မူကြသည်။

## အိုးနှယ်ပုံသွင် ရှုဆင်ခြင်

ပါဠိ။ ကုမ္ဘူပမံ ကာယမိမံ ဝိဒိတွာ၊ နဂရူပမံ စိတ္တမိဒံ ဌပေတွာ။၏
ယောဓေထ မာရံ ပညာဝုဓေန၊ ဇိတဉ္စ ရက္ခေ အနဝေသနော သိယာ။

အနက်။ ဣမံကာယံ၊ ဤခန္ဓာကိုယ်ကို။ ကုမ္ဘူပမံ၊ အိုးနှင့်တူ၏ဟု။ ဝိဒိတွာ၊ သိမြင်၍။ ဣဒံစိတ္တံ၊ ဤစိတ်ကို။ နဂရူပမံ၊ မြို့နှင့်တူသည်ကို။ ဌပေတွာ၊ ထားပြုလျက်။ ပညာဝုဓေန၊ ပညာလက်နက်ဖြင့်။ မာရံ၊ ကိလေသာမာရ်ကို။ ယောဓေထ၊ တိုက်ခိုက်ရာ၏။ ဇိတဉ္စ၊ တိုက်ခိုက်အောင်မြင်ပြီး၍ ရသောဉာဏ်ကိုလည်း။ ရက္ခေ၊ မပျက်စီးအောင် စောင့်ရှောက်ရာ၏။ အနိဝေသနော၊ ကပ်ငြိတွယ်တာခြင်းမရှိသည်။ သိယာ၊ ဖြစ်ရာ၏။

အဓိပ္ပါယ်။ ဤခန္ဓာကို အိုးနှင့်တူ၏။ စိတ်ကို မြို့နှင့်တူ၏ဟု ဉာဏ်၌ သက်ဝင်လျက် ပညာလက်နက်ဖြင့် မာရ်ကို တိုက်ခိုက်ရာ၏။ အောင်မြင်သိရှိအပ်သောဉာဏ်ကိုလည်း ကပ်ငြိတွယ်တာမှုမရှိဘဲ စောင့်ရှောက်ရာ၏။

**ဓမ္မသာရ**။ ရုပ်ခန္ဓာသည် အိုးနှင့်တူ၍ နာမ်ခန္ဓာသည် မြို့နှင့်တူ၏ဟု ရှုအပ်၏။

### ခန္ဓာနာမ်ရုပ် အိုးနှင့် မြို့

'ကုမ္ဘူပမံ'-ခန္ဓာ ၅ ပါး ရုပ်နာမ်တရားတွင် ဆံပင်စသည်အပေါင်းဖြစ်သော ရုပ်ခန္ဓာကိုယ်သည် အားနည်းသော သဘောရှိ၏။ အရှည်မခံဘဲ တစ်သက်တာမျှသာ တည်၍ အိုးနှင့်တူ၏။

'နဂရူပမံ'-မြို့ကို ရန်သူတို့ မဖျက်ဆီးနိုင်အောင် ကျုံး၊တံတိုင်း၊တံခါးစသည်ဖြင့် စီရင်ထားသကဲ့သို့ စိတ်သည် ကိလေသာရန်သူတို့၏ ဖျက်စီးရာဖြစ်သောကြောင့် မြို့နှင့်

http://www.dhammadownload.com



တူ၏။ မိမိ၏ ဝိပဿနာစိတ်ကို ကိလေသာရန်သူတို့ မဝင်နိုင်အောင် ပညာလက်နက်ဖြင့် စောင့်ရှောက်အပ်၏။

## ကိလေသာမာရ်ကိုယ်တွင်းရန်

'ယောဓေထ မာရံ ပညာဝုဓေန'-မြို့၌နေသော သူရဲကောင်းယောက်ျားသည် ခိုးသူ, ရန်သူစသည်တို့ကို အထူးထူးအပြား ပြားသော လက်နက်တို့ဖြင့် တိုက်ခိုက်ချေမှုန်း သကဲ့သို့ ပညာရှိသည် ကိလေသာမာရ် ကိုယ်တွင်းရန်ကို ဝိပဿနာဉာဏ်, မဂ်ဉာဏ်ဟူသော လက်နက်ဖြင့် တိုက်ခိုက်ချေမှုန်းရာ၏။

## အစောင့်အရှောက်ပြုပုံ

'ဇိတဉ္စ ရက္ခေ'-ကမ္မဋ္ဌာန်းအလုပ် အားထုတ်သောယောဂီသည် မိမိရရှိထားသော နုသောဝိပဿနာဉာဏ်ကို အာဝါသသပ္ပါယ, ဥတုသပ္ပါယ, ဘောဇနသပ္ပါယ, ပုဂ္ဂလသပ္ပါယ, ဓမ္မသဝနစသည်ကို အဖန်ဖန်မှီဝဲလျက် အကြားအကြား၌ သမာပတ်ကို ဝင်စားလျက် စင်ကြယ်သန့်ရှင်းသော စိတ်ဖြင့် သင်္ခါရတရားတို့ကို သုံးသပ်ကာ စောင့်ရှောက်မှု ပြုအပ်၏။

## ကပ်ငြိတွယ်တာ သာယာမှု မရှိရ

'အနိဝေသနော'-မိမိရရှိရောက်ရှိအပ်သော သမာပတ်ကို အကယ်၍ သာယာနေလျှင် စင်ကြယ်သောစိတ် မဖြစ်နိုင်။ သင်္ခါရတို့ကို မသုံးသပ်နိုင်။ အထက်မဂ်ဖိုလ်ကို ထိုးထွင်း သိခြင်းငှါ မစွမ်းနိုင်။ ထို့ကြောင့် ငုံခြင်းကင်း၍ သမာပတ်၌ နှလုံးသွင်းဆင်ခြင်မှု ပြုရမည်။ ထိုနှလုံးသွင်းသော သမာပတ်ကို မနှစ်သက်ရ။ တွယ်တာကပ်ငြိမှု မပြုရ။

## မေတ္တာလက်နက် အစွမ်းထက်

ရဟန်း ၅၀၀ တို့သည် အနှောင့်အယှက်အမျိုးမျိုး ပေးနေကြသော နတ်များကို အခြားလက်နက်ဖြင့် မခုခံရ။ မေတ္တာလက်နက်ဖြင့်သာ ခုခံတွန်းလှန်ရန် မြတ်ဗုဒ္ဓက ညွှန်ပြတော်မူသည်။ မြတ်ဗုဒ္ဓဟောကြားသော မေတ္တာသုတ်ပရိတ်တော်ကို ရွတ်ဖတ်၍ မေတ္တာပို့လွှတ်ကြသဖြင့် ရဟန်းတော်များသည် စိတ်ချမ်းသာစွာ တရားအားထုတ်နိုင်၍ ရဟန္တာဖြစ်တော်မူကြသည်။ (ဓမ္မ၊ဋ၊ ၁၊ ၂၀၂)

ပဉ္စသတဘိက္ခုဝတ္ထုပြီး၏။

http://www.dhammadownload.com



## ၇–ပူတိဂတ္တတိဿတ္ထေရဝတ္ထု

### ပူတိဂတ္တတိဿမထေရ်

မြတ်ဗုဒ္ဓ သာဝတ္ထိမြို့၌ သီတင်းသုံးစဉ် တိဿမထေရ်သည် တစ်ကိုယ်လုံး၌ အိုင်းအမာအနာတို့ ကွဲပေါက်၍ ပြည်ပုပ်သွေးပုပ်တို့ ယိုထွက်၏။ အရိုးကွဲမတတ် ပြင်းထန်သော ဝေဒနာကို ခံစားနေရ၏။ တစ်ကိုယ်လုံး ပုပ်လာသဖြင့် ပူတိဂတ္တတိဿဟု ရဟန်းတို့က ခေါ်ကြ၏။ တစ်နေ့မနက်တွင် မြတ်ဗုဒ္ဓသည် ကျောင်းစဉ်လှည့်၍ တွေ့တော်မူ သောအခါ ကိုယ်တော်တိုင် ရေနွေးဖြင့် ဆေးကြောသုတ်သင်ကာ လူနာပြုစုပေးတော်မူ၏။

အနာရောဂါတို့မှ အတော်အတန် သက်သာလာရာချိန်တွင် တိဿမထေရ်၏ ဦးခေါင်းရင်း၌ ရပ်တော်မူကာ တရားစကား မိန့်ကြားတော်လျက် ဤဒေသနာကို ဟောကြားတော်မူသည်။ ဒေသနာအဆုံးတွင် ပူတိဂတ္တတိဿမထေရ်သည် ပဋိသမ္ဘိဒါပတ္တရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်ဝင်စံ ငြိမ်းတော်မူသည်။

### ဝိညာဉ်ကင်းက္ခာ ထင်းပမာ

ပါဠိ။ အစိရံဝတ ယံ ကာယော၊ ပထဝိံ အဓိသေဿတိ။
ဆုဒ္ဓေါ အပေတဝိညာဏော၊ နိရတ္ထံဝ ကလိင်္ဂရံ။

အနက်။ အယံကာယော၊ ဤကိုယ်သည်။ အပေတဝိညာဏော၊ ဝိညာဏ်ကင်းသည်ရှိသော်။ နိရတ္ထံ၊ အသုံးမကျသော။ ကလိင်္ဂရံဣဝ၊ ထင်းတုံးကဲ့သို့။ ဆုဒ္ဓေါ၊ စွန့်ပစ် အပ်သည်ဖြစ်၍။ အစိရံဝတ၊ မကြာမီသာလျှင်။ ပထဝိံ၊ မြေပေါ်၌။ အဓိသေဿတိ၊ အိပ်ရပေလိမ့်မည်တကား။

အဓိပ္ပါယ်။ ဤကိုယ်ခန္ဓာသည် ဝိညာဏ်ကင်းသောအခါ အသုံးမကျသော ထင်းတုံးနှင့် တူ၏။ စွန့်ပစ်အပ်သဖြင့် မကြာမီ မြေပေါ်၌ အိပ်ရလတ္တံ့။

ဓမ္မသာရ။ ခန္ဓာကိုယ်အတ္တဘောသည် ဝိညဉ်ကင်းပါက ထင်းတုံးကဲ့သို့ အသုံးမဝင်။
တန်ဖိုးမရှိ။

### ခန္ဓာကိုယ် ထင်းတုံးနှင့်တူပုံ

သစ်သားသည် အဆွေး၊အကာ၊အဖု၊အဆစ်များဖြစ်နေသော ပစ္စည်းကောင်းပြုလုပ်ရန် အသုံးမကျသဖြင့် ထင်းအဖြစ် စွန့်ပစ်ကြရသည်။ ထို့အတူ ဤခန္ဓာကိုယ်၌ ၃၂ ကောဋ္ဌာသ

http://www.dhammadownload.com



အစုတို့တွင် တစ်ခုတစ်ခုသော ကောဋ္ဌာသသည် ဝိညာဏ်သည်နှင့်တစ်ပြိုင်နက် ညောင်စောင်းခြေစသည်ပြုရန်မျှ အသုံးမကျ။ ယူသူကင်းလျက် မြေပေါ်၌သာ စွန့်ပစ်ခံရသည်။ ထို့ကြောင့် ဤကိုယ်သည် 'နိရတ္ထံဝ ကလိင်္ဂရံ' အသုံးမကျသော ထင်းတုံးနှင့်တူပေသည်။ (ဓမ္မ၊ ဋ္ဌ၊ ၁၊ ၂၀၄)

## ဘုရားရှင်တစ်နေ့ ၂ ကြိမ်ကြည့်ပုံ

မြတ်ဗုဒ္ဓသည် တစ်နေ့ ၂ ကြိမ် လောကကို သိမ်းကျုံးကြည့်တော်မူသည်။ နံနက်အခါတွင် စကြာဝဠာနှုတ်ခမ်းမှစပြီး ဂန္ဓကုဋီဘက်သို့ ဉာဏ်တော်ကို ဖြန့်လျက်ကြည့်သည်။ ညနေချမ်းအခါတွင် ဂန္ဓကုဋီမှ စ၍ စကြာဝဠာအပသို့ ဉာဏ်တော်ကို ဖြန့်လျက် ကြည့်တော်မူသည်။

## ပူတိဂတ္တမထေရ်၏ အတိတ်ကံ

မထေရ်သည် အတိတ်ဘဝ ကဿပမြတ်ဗုဒ္ဓလက်ထက်တွင် ငှက်မုဆိုး ဖြစ်သည်။ သားငှက်များကို အများအပြားဖမ်းဆီး၍ သတ်ဖြတ်ရောင်းစားသည်။ မကုန်သောငှက်တို့ကို သက်၍ထားလျှင် ပုပ်သိုးကုန်မည်။ အရှင်ထားလျှင်လည်း ပျံလွတ်ကုန်မည်ဟု ကြံတွေးလျက် ငှက်တို့၏ အတောင်နှင့် ဒူးခြေရိုးတို့ကို ရိုက်ချိုးထား၏။ နံနက်မိုးသောက်အခါ၌ ရောင်းပြန်၏။ ဤနည်းဖြင့် ပြုလုပ်ခဲ့သော အကုသိုလ်ဝဋ်ကြောင့် ခန္ဓာကိုယ်အလုံး ပုပ်သိုး၍ ဝေဒနာခံစားရသည်။ ရဟန္တာမထေရ်တစ်ပါးကို ဆွမ်းလှူ၍ ဆုတောင်းခဲ့သဖြင့် ရဟန္တာဖြစ်ရသည်။ (ဓမ္မ၊ ဋ္ဌ၊ ၁၊ ၂၀၄)

ပူတိဂတ္တတိဿဝတ္ထုရဝတ္ထုပြီး၏။

♦♦♦♦♦

## ၈-နန္ဒဂေါပါလကဝတ္ထု

### နန္ဒနွားကျောင်းသား

မြတ်ဗုဒ္ဓ သာဝတ္ထိမြို့၌ သီတင်းသုံးစဉ် နွားကျောင်းသားနန္ဒသည် ဘုရားအမှူးရှိသော သံဃာကိုပင့်လျက် ၇ ရက်ပတ်လုံး နို့ဆွမ်း၊ ထောပတ်ဆွမ်းတို့ဖြင့် လှူဒါန်းပူဇော်၏။ ၇ ရက်မြောက်နေ့တွင် ဘုရားရှင်ထံမှ အနုမောဒနာတရားကို နာကြားအပြီးတွင် သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်၏။

မြတ်ဗုဒ္ဓပြန်အကြွတွင် နန္ဒသည် သပိတ်ထမ်း၍ လိုက်ပို့သည်။ အပြန်တွင် မုဆိုးတစ်

http://www.dhammadownload.com



ယောက်က လေးဖြင့် ပစ်ခွင်း၍ သေရရှာ၏။ ရဟန်းတို့က 'အရှင်မြတ်ဘုရား အကယ်၍ မြတ်ဘုရားသည် ဤအရပ်သို့ ကြွမလာခဲ့အံ့။ နန္ဒနွားကျောင်းသားသည် မသေနိုင်တန်ရာ ပါဘုရား'ဟု လျှောက်သဖြင့် ဤဒေသနာကို ဟောတော်မူသည်။

## မိစ္ဆာစိတ်ခေတ် လူကိုသတ်

ပါဠိ။ ဒိသော ဒိသံ ယံတံ ကယိရာ၊ ဝေရီဝါပန ဝေရိနံ။

မိစ္ဆာပဏိဟိတံ စိတ္တံ၊ ပါပိယော နံ တတော ကရေ။

အနက်။ ဒိသော၊ ခိုးသူတစ်ယောက်သည်။ ဒိသံ၊ မိမိကိုပြစ်မှားသောခိုးသူတစ်ယောက်ကို။ ဝေရီ၊ ရန်သူတစ်ယောက်သည်။ ဝေရိနံ၊ ရန်သူတစ်ယောက်ကို။ (ဒိသွာ၊ မြင်သည်ရှိသော်) ယံတံကယိရာ၊ အကြင်ပျက်စီးအောင်ပြုရာ၏။ (တထာ၊ ထို့အတူ) မိစ္ဆာပဏိဟိတံ၊ မကောင်းသဖြင့်ထားအပ်သော။ စိတ္တံ၊ စိတ်သည်။ နံပုရိသံ၊ ထိုစိတ်မျိုးရှိသောယောကျ်ားကို။ တတော၊ ထို့ထက်ပင်။ ပါပိယော၊ ယုတ်ညံ့အောင်။ ကရေ၊ ပြုရာ၏။

အဓိပ္ပါယ်။ ခိုးသူတစ်ယောက် (သို့မဟုတ်) ရန်သူတစ်ယောက်သည် မိမိကိုပြစ်မှားသော အခြားရန်သူတစ်ယောက်ကိုမြင်သော် ပျက်စီးအောင် ပြုသကဲ့သို့၊ မိမိသန္တာန်၌ မွေးမြူထားအပ်သော မိစ္ဆာစိတ်သည် ထိုသူ့ကိုပင် ယုတ်ညံ့အောင် ပြု၏။

ဓမ္မသာရ။ မိမိ၏ မိစ္ဆာစိတ်နှလုံးသည် မိမိကိုယ်ပြန်သတ်သော လက်နက်ဖြစ်၏။

### နွားကျောင်းသားနန္ဒ

နန္ဒသည် အနာထပိဏ်သူဌေး၏ များစွာသော နွားတို့ကို စောင့်ရှောက်၍ ကြွယ်ဝချမ်းသာသူ ဖြစ်၏။ အနာထပိဏ်သူဌေးထံ နွားနို့အရသာ ၅ မျိုးကို လာပို့ရင်း မြတ်ဗုဒ္ဓထံဝင်၍ ဘုရားဖူး၊တရားနာလေ့ရှိ၏။ မြတ်ဗုဒ္ဓကို မိမိနေရာသို့ ပင့်ဖိတ်၏။ သို့သော် နန္ဒအား ဉာဏ်ရင့်ကျက်ချိန် မတန်သေးသည်ကို သိ၍ ရှင်တော်ဗုဒ္ဓက ကြွတော်မမူ။

တစ်နေ့တွင် နန္ဒ၏ ဉာဏ်ရင့်ချိန်ရောက်သဖြင့် တပည့်ရဟန်းအပေါင်းခြံရံလျက် ကြွတော်မူလာခြင်း ဖြစ်သည်။ နန္ဒနွားကျောင်းသားသည် သဒ္ဓါတရားထက်သန်စွာ နွားနို့အရသာ ၅ ပါးဖြင့် ၇-ရက်ပတ်လုံး ဆွမ်းပြုစုလုပ်ကျွေး၏။ ဆွမ်းအနုမောဒနာတရားအဆုံးတွင် နန္ဒသည် သောတာပန်တည်၏။ ထိုနေ့မှာတွင် ဘုရားရှင်ကို လိုက်ပို့၍ အပြန်၌ မုဆိုး၏ မြှားဒဏ်မိ၍ သေဆုံးရခြင်းဖြစ်သည်။

http://www.dhammadownload.com



## မိစ္ဆာစိတ်ထား လူသတ်သမား

'မိစ္ဆာပဏိဟိတံ စိတ္တံ' ရန်သူတစ်ယောက်သည် မိမိကို ပြစ်မှားခြင်းရှိသော ရန်သူတစ်ယောက်ကို အငြိုးပွား၍ သတ်ဖြတ်သကဲ့သို့ မိမိသန္တာန်တွင် မွေးမြူထားအပ်သော အကုသလကမ္မပထတရား ၁၀ ပါးတို့၌ မှားသောအားဖြင့် ထားအပ်သော မိစ္ဆာစိတ်သည်ပင် မိမိကိုယ်ကို ပြန်၍ သတ်ခြင်း ဖြစ်၏။ အခြားသူ တစ်စုံတစ်ယောက်က သတ်ခြင်းမဟုတ်။

## ရန်သူထက်ပင် ပိုယုတ်မာ

'ပါပိယောနံ တတော ကရေ'-ရန်သူတစ်ယောက်သည် မိမိ၏ရန်သူတစ်ယောက်အား ဆင်းရဲမျိုးစုံကိုလည်း ဖြစ်စေ၏။ အသက်ကိုလည်း ကုန်စေ၏။ ထို့ထက်ပို၍ပင် မိမိသန္တာန်၌ မွေးမြူထားအပ်သော မိစ္ဆာစိတ်နှလုံးသားသည် မိမိကို မျက်မှောက်ဘဝ အကျိုးမဲ့ကိုလည်း ဖြစ်စေတတ်၏။ သံသရာတွင် ဘဝအရာ,အထောင်,အသောင်းတို့၌လည်း အပါယ် ၄ ပါး၌ ဦးခေါင်းပြန်မဖော်နိုင်အောင် ပစ်ချတတ်၏။ (ဓမ္မ၊၌၁၊ ၂၀၆)

နန္ဒဂေါပါလကဝတ္ထုပြီး၏။

♦♦♦♦♦

## ၉-သောရေယျဝတ္ထု

### သောရေယျသူဌေးသား

မြတ်ဗုဒ္ဓ သာဝတ္ထိမြို့၌ သီတင်းသုံးစဉ် အရှင်မဟာကစ္စည်းထေရ်ကို စိတ်ဖြင့် ပြစ်မှားမိသော သောရေယျသူဌေးသားသည် ထိုခဏ၌ပင် မိန်းမဖြစ်၍ တက္ကသိုလ်မြို့၌နေထိုင်ကာ သား ၂ ယောက်ဖွား၏။ သာဝတ္ထိမြို့၌လည်း ယောကျ်ားဘဝဖြင့် သား ၂ ယောက် ရခဲ့၏။ နောင်တွင် သူငယ်ချင်းသူဌေးသား၏ ကူညီမှုကြောင့် အရှင်မြတ်ကို တောင်းပန်ကာ ယောကျ်ားဘဝ ပြန်ရ၏။ အရှင်မြတ်ထံ၌ပင် ရဟန်းပြုကာ ရဟန္တာဖြစ်သည်။

အခြားရဟန်းတို့က 'ငါ့ရှင်သောရေယျ၊ သင်သည် ယောကျ်ားဘဝကရသော သား ၂ ယောက်နှင့် မိန်းမဘဝကရသော သား ၂ ယောက်တွင် ဘယ်သားများကို ပိုချစ်သနည်း'ဟု မေးကြ၏။ သောရေယျက 'သား ၄ ယောက်လုံးကိုပင် ချစ်ခြင်းမရှိ'ဟု ပြန်ဖြေ၏။ ထိုအကြောင်းကို မြတ်ဗုဒ္ဓအားလျှောက်ထားရာ ဤဒေသနာကို ဟောကြားတော်မူသည်။ ဒေသနာအဆုံး၌ သောတာပန်စသည် တည်ကြ၏။

http://www.dhammadownload.com



## ချမ်းသာလိုလျှင် စိတ်ကောင်းဝင်

ပါဠိ။ န တံ မာတာ ပိတာ ကယိရာ၊ အညေ ဝါပိစ ဉာတကာ။
သမ္မာပဏိဟိတံ စိတ္တံ၊ သေယျသော နံ တတော ကရေ။

အနက်။ တံ၊ ထိုလူနတ်နိဗ္ဗာန် ၃ တန်ချမ်းသာ ဖြစ်စေရာအကြောင်းကို။ မာတာစ၊ အမေသည်လည်းကောင်း။ ပိတာစ၊ အဖေသည်လည်းကောင်း။ အညေဝါပိ၊ အမေအဖေမှ တစ်ပါးကုန်သော။ ဉာတကာစ၊ ဆွေမျိုးတို့သည်လည်းကောင်း။ နကယိရာ၊ ပြုသည် မဟုတ်။ သမ္မာပဏိဟိတံစိတ္တံ၊ ကုသိုလ်ကမ္မပထတရား ၁၀ ပါးတို့၌ ကောင်းစွာထားအပ်သောစိတ်သည်။ နံပုဂ္ဂလံ၊ ထိုစိတ်မျိုးရှိသူကို။ တတော၊ ထိုမိဘဆွေမျိုးတို့ထက်။ သေယျသော၊ သာလွန်စွာ။ ကရေ၊ ပြုပေရာ၏။

အဓိပ္ပါယ်။ မိဘဆွေမျိုးတို့သည် ဤဘဝ ချမ်းသာစွာ အသက်မွေးနိုင်ရန် ပစ္စည်းဥစ္စာ၊ စကြာဝတေးမင်းစည်းစိမ်စသည်ကို ပေးနိုင်၏။ လူနတ်နိဗ္ဗာန် ၃ တန်သောချမ်းသာကို မပေးနိုင်။ ကုသိုလ်ကမ္မပထတရားတို့၌ ကောင်းစွာထားအပ်သော သမ္မာစိတ်နှလုံးသားသည် ထိုစိတ်ရှိသူကို စည်းစိမ်၊ ချမ်းသာအားလုံး ပေးနိုင်၏။

ဓမ္မသာရ။ သမ္မာစိတ်နှလုံးသားသည် ချမ်းသာအားလုံးကို ပေးနိုင်စွမ်းရှိ၏။

## ရဟန္တာကို ပစ်မှားခြင်း

သောရေယျသူဌေးသားသည် အသားအရေ ဝါဝင်းစိုပြေသော အရှင်မဟာကစ္စည်းထေရ်ကို ငါ့ဇနီးဖြစ်လျှင် ကောင်းမှာပဲ၊ ငါ့ဇနီးသည် ဤအရှင်ကဲ့သို့ အသားအရေ ဝါဝင်းလှပနေလျှင် ကောင်းမှာပဲဟု စိတ်ဖြင့် ပြစ်မှားရုံမျှနှင့်ပင် မိန်းမဘဝ ပြောင်းရသည်။

## မိန်းမ၊ ယောက်ျားဘဝသံသရာ

သံသရာတစ်ခွင်၌ ကျင်လည်ရာကြတွင် မိန်းမဘဝ၊ ယောက်ျားဘဝတို့၌ မဖြစ်ဖူးသူ မရှိ။ ယောက်ျားများသည် သူတစ်ပါးမယား၌ ပြစ်မှားလွန်ကျူးမိလျှင် မိန်းမဘဝ ဖြစ်ရ၍ မိန်းမများလည်း ယောက်ျားဖြစ်ဖို့ရန် ဆုပန်တောင့်တ၍ ကုသိုလ်ကောင်းမှုပြုလျှင်သော်လည်းကောင်း၊ လင်ယောက်ျားကို ရိုသေစွာ ပြုစုလုပ်ကျွေးလျှင်သော်လည်းကောင်း ယောက်ျားဘဝ ပြန်ဖြစ်နိုင်သည်။ (ဓမ္မ၊ ဋ၊ ၁၊ ၂၀၈)

http://www.dhammadownload.com



ချစ်ခြင်းရယ်ဖြင့် မတူနိုင်

သောရေယျရဟန်းသည် ရဟန်းဘဝရစတွင် လူအပေါင်းတို့က 'အရှင်ဘုရား ထိုသို့ ယောကျ်ားဘဝမှ မိန်းမဘဝသို့ ရောက်ခဲ့သည်မှာ မှန်ပါသလား'ဟု မေးရာ 'မှန်ပေ၏'ဟု ဖြေသည်။ 'ယောကျ်ားဘဝက သားများနှင့် မိန်းမဘဝက သားများတွင် ဘယ်သားများကို ပိုချစ်ခြင်း ဖြစ်ပါသနည်း'ဟု မေးရာ 'ရင်ဖြင့် လွယ်၍မွေးရသော သားများကို ပိုချစ်သည်'ဟု ဖြေသည်။ သို့ရာတွင် ရဟန္တာဖြစ်ပြီးချိန်၌ကား 'ဘယ်သားများကိုမှ မချစ်'ဟု ဖြေတော်မူသည်။ (ဓမ္မ၊ ၌၊ ၁၊ ၂၁၀)

သောရေယျဝတ္ထုပြီး၏။

စိတ္တဝဂ်ပြီး၏။

♦♦♦♦♦♦♦♦♦♦♦

# ၄-ပုပ္ဖဝဂ်

(ပန်းတရားအုပ်စု)

## ပဥ္စသတဘိက္ခုဝတ္ထု

### ပထဝီသုတေသီရဟန်းငါးရာ

မြတ်စွာဘုရား သာဝတ္ထိပြည်၌ သီတင်းသုံးတော်မူစဉ်က ရဟန်းငါးရာတို့သည် အစည်းအဝေးခန်းမ၌ စည်းဝေး၍ ဤအရပ်၌ မြေကောင်းသည်၊ ညီညွတ်သည်စသည်ဖြင့် မြေကြီးအကြောင်းကို ပြောဆိုနေ၏။ မြတ်စွာဘုရား ကြွတော်မူလာ၍ ထိုအကြောင်းကို သိရလျှင် 'ရဟန်းတို့၊ ထိုမြေကြီးသည် ဗဟိဒ္ဓဖြစ် ပထဝီဖြစ်၏။ သင်တို့သည် အဇ္ဈတ္တိက ပထဝီကို စီးဖြန်းလျက် ပရိကံပြုသင့်သည်ဟု မိန့်တော်မူပြီး ဤဒေသနာတော်ကို ဟောတော်မူသည်။ ဒေသနာအဆုံးတွင် ရဟန်းအားလုံး ပဋိသမ္ဘိဒါပတ္တရဟန္တာ ဖြစ်တော်မူကြသည်။

### အမြိုက်ဓမ္မစိစစ်ကြ

ပါဠိ။ ကောဣမံ ပထဝိံ ဝိစေဿတိ၊ ယမလောကဉ္စ ဣမံ သဒေဝကံ။
ကော ဓမ္မပဒံ သုဒေသိတံ၊ ကုသလော ပုပ္ဖမိဝ ပစေဿတိ။

အနက်။ ကော၊ ဘယ်နတ်ဘယ်လူ အဘယ်သူသည်။ ဣမံပထဝိံ၊ ဤအတ္တ

http://www.dhammadownload.com



ဘောတည်းဟူသော မြေကြီးကိုလည်းကောင်း။ ယမလောကဥ္စ၊ အပါယ်လေးပါးတည်းဟူသော ယမလောကကိုလည်းကောင်း။ သဒေဝကံ၊ နတ်နှင့်တကွသော။ ဣမံ၊ ဤလူ့လောကကို လည်းကောင်း။ ဝိစေဿတိ၊ မိမိဉာဏ်ဖြင့် ရွေးချယ်စိစစ် သိနိုင်မည်နည်း။

ကုသလော၊ လိမ္မာသောပန်းသည်သည်။ ပုပ္ဖံ၊ ပန်းကို။ ဝိစေဿတိဣဝ၊ ရွေးချယ်စိစစ် သိနိုင်သကဲ့သို့။ သုဒေသိတံ၊ သဘာဝအားလျော်စွာ ကောင်းစွာဟောကြားအပ်သော။ ဓမ္မပဒံ၊ ၃၇-ပါးသော ဗောဓိပက္ခိယတရားကို။ ကော၊ အဘယ်သူသည်။ ပစေဿတိ။ မိမိဉာဏ်ဖြင့် ရွေးချယ်စိစစ် သိနိုင်မည်နည်း။

ပါဠိ။ သေခေါ ပထဝိံ ဝိစေဿတိ၊ ယမလောကဉ္စ ဣမံ သဒေဝကံ။
သေခေါ ဓမ္မပဒံ သုဒေသိတံ၊ ကုသလော ပုပ္ဖမိဝ ပစေဿတိ။

အနက်။ ဣမံပထဝိံ၊ ဤအတ္တဘောတည်းဟူသော မြေကြီးကိုလည်းကောင်း။ ယမလောကဥ္စ၊ အပါယ်လေးပါးတည်းဟူသော ယမလောကကိုလည်းကောင်း။ သေခေါ၊ သေက္ခပုဂ္ဂိုလ်သည်။ ဝိစေဿတိ၊ မိမိဉာဏ်ဖြင့် ရွေးချယ်စိစစ် သိနိုင်၏။ ကုသလော၊ လိမ္မာသောပန်းသည်သည်။ ပုပ္ဖံ၊ ပန်းကို။ ဝိစေဿတိဣဝ၊ ရွေးချယ်စိစစ် သိနိုင်သကဲ့သို့။ သုဒေသိတံ၊ သဘာဝအားလျော်စွာ ကောင်းစွာဟောကြားအပ်သော။ ဓမ္မပဒံ၊ ၃၇-ပါးသော ဗောဓိပက္ခိယတရားကို။ သေခေါ၊ သေက္ခပုဂ္ဂိုလ်သည်။ ပစေဿတိ။ မိမိဉာဏ်ဖြင့် ရွေးချယ်စိစစ် သိနိုင်၏။

အဓိပ္ပါယ်။ လိမ္မာကျွမ်းကျင်သောပန်းသည်သည် ပန်းတို့ကို ရွေးချယ်စိစစ်၍ ဆွတ်ခူးသကဲ့သို့၊ ဤအတ္တဘောကိုလည်းလည်းကောင်း၊ ယမလောကကိုလည်းကောင်း၊ ဘုရားရှင်ဟောကြား အပ်သော ဗောဓိပက္ခိယတရား ၃၇-ပါးကိုလည်းကောင်း အဘယ်သူ ရွေးချယ်စိစစ် သိနိုင်မည်နည်း။ သေက္ခပုဂ္ဂိုလ်သည် ရွေးချယ်စိစစ် သိနိုင်၏။

**ဓမ္မသာရ**။ခန္ဓာကိုယ်အတ္တဘောနှင့် ယမလောက,ဓမ္မပဒတို့ကို သေက္ခပုဂ္ဂိုလ်သည် ရွေးချယ်စိစစ်သိနိုင်၏။

### ပထဝီနှင့် ယမလောက

ပထဝီဟူသည်-ဗဟိဒ္ဓဖြစ်သော ပထဝီမြေကြီးကို ဆိုလိုသည်မဟုတ်။ အဇ္ဈတ္တဖြစ်သော ခန္ဓာကိုယ်အတ္တဘောကို မြေကြီး၌ တင်စား၍ ပထဝီဟု ဆိုသည်။

http://www.dhammadownload.com


ယမလောကဟူသည်- ငရဲသေဋ္ဌနင်းခေါ် ယမမင်းသည် ပိုင်စိုးအုပ်ချုပ်သော အပါယ် ၄-ဘုံတည်း။

**ဓမ္မပဒနှင့် သေခ**

ဓမ္မပဒံပုဒ်၌-ဓမ္မပဒဟူသည် ဗောဓိပက္ခိယတရား ၃၇-ပါး ဖြစ်၏။

သေခေါပုဒ်၌-သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်မှစ၍ အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်အထိ ၇-ယောက်သော ကျင့်ဆဲပုဂ္ဂိုလ်တို့သည် သေခ(သေက္ခ)မည်၏။

**ပန်းသည်နှင့် သေက္ခပုဂ္ဂိုလ်**

'ကုသလော ပုပ္ဖမိဝ' လိမ္မာကျွမ်းကျင်သောပန်းသည် နုထွတ်သောပန်းငုံ, ပိုးကိုက်သောပန်း,အနာအဆာရှိသောပန်းတို့ကိုပယ်၍ ကောင်းသောပန်းတို့ကို ရွေးချယ်ဆွတ်ခူးသကဲ့သို့ သေက္ခပုဂ္ဂိုလ်သည် ဘုရားရှင်ဟောကြားအပ်သော ၃၇-ပါးသော ဗောဓိပက္ခိယတရားတို့ကို ဉာဏ်ဖြင့် ရွေးချယ်စီစစ်၍ ထိုးထွင်းသိ၏။ မျက်မှောက်ပြု၏။(ဓမ္မ၊ဋ္ဌ၊၁၊၂၁၄)

ပဌသတဘိက္ခုဝတ္ထုပြီး၏။

♦♦♦♦♦

## ၂-မရီစိကမ္မဋ္ဌာနာနိကတ္ထေရဝတ္ထု

**တံလျှပ်ကို ကမ္မဋ္ဌာန်းရှုသောမထေရ်**

မြတ်စွာဘုရား သာဝတ္ထိပြည်၌ သီတင်းသုံးစဉ် ရဟန်းတစ်ပါးသည် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းတောင်းယူ၍ တော၌ ကမ္မဋ္ဌာန်းအားထုတ်၏။ တရားမရနိုင်သဖြင့် ဘုရားရှင်ထံ လျှောက်ကြားရန် ပြန်လာ၏။ လမ်းခရီးအကြား အစိရဝတီမြစ်သို့ရောက်စဉ် ရေအဟုန်ကျိတ်ချေသဖြင့် ရေမြှုပ်တို့ ပွက်ထလာသည်ကို မြင်သဖြင့် 'ငါ၏ ခန္ဓာကိုယ်၌လည်း ဤရေမြှုပ်ပမာ ဖြစ်ပျက်၍ ပွက်ထနေပါလား'ဟု တွေးတောလျက် အာရုံကိုယူစဉ် ဘုရားရှင်သည် ဂန္ဓကုဋီတိုက်အတွင်းမှနေ၍ ဤဒေသနာတော်ကို ဟောကြားတော်မူသည်။ ဒေသနာအဆုံး၌ ထိုရဟန်းသည် ပဋိသမ္ဘိဒါပတ္တရဟန္တာ ဖြစ်၏။

http://www.dhammadownload.com


## သေမင်းနှင့်ပြိုင် ငါအနိုင်

ပါဠိ။ ဖေဏူပမံ ကာယမိမံ ဝိဒိတွာ၊ မရီစိဓမ္မံ အဘိသမ္ဗုဓာနော။
ဆေတွာန မာရဿ ပပုပ္ဖကာနိ၊ အဒဿနံ မစ္စုရာဇဿ ဂစ္ဆေ။

အနက်။ ဣမံကာယံ၊ ဤခန္ဓာကိုယ်ကို။ ဖေဏူပမံ၊ ရေမြှုပ်နှင့်တူသည်ကို။ ဝိဒိတွာ၊ သိ၍။ မရီစိဓမ္မံ၊ တံလျှပ်သဘောရှိသည်ကို။ အဘိသမ္ဗုဓာနော၊ ထိုးထွင်းသိလျက်။ မာရဿ၊ မာရ်နတ်၏။ ပပုပ္ဖကာနိ၊ ပန်းခိုင်သဖွယ်ဖြစ်ကုန်သော။ (တေဘူမကဝဋ္ဋသင်္ခါတနိ၊ တေဘူမကဝဋ္ဋ်တို့ကို) ဆေတွာ၊ အရိယာမဂ်ဖြင့်ဖြတ်ပြီး၍။(ခီဏာသဝေါ၊ရဟန္တာသည်) မစ္စုရာဇဿ၊ သေမင်း၏။ အဒဿနံ၊ မမြင်နိုင်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ဂစ္ဆေ၊ ရောက်၏။

အဓိပ္ပါယ်။ ခန္ဓာကိုယ်ကို အဖြစ်အပျက်မြန်သော ရေမြှုပ်ကဲ့သို့၊ အနှစ်သာရ အခိုင်အမာမရှိသော တံလျှပ်ကဲ့သို့ ထိုးထွင်းသိသူသည် မာရန်တ်၏ပန်းခိုင်ဖြစ်သော တေဘူမကဝဋ္ဋ်တို့ကို မဂ်ဖြင့်ဖြတ်၍ သေမင်းမမြင်နိုင်သော နိဗ္ဗာန်သို့ ရောက်၏။

ဓမ္မသာရ။ရေမြှုပ်သဘော,တံလျှပ်သဘောရှိသော ဤခန္ဓာကိုယ်ကို မဂ်ဖြင့် ပယ်ဖြတ်နိုင်သူသည် နိဗ္ဗာန်သို့ ရောက်၏။

### ရေမြှုပ်ပမာ ဤခန္ဓာ

'ဖေဏူပမံ' ဤခန္ဓာကိုယ်၌ ဆံပင်စသော ၃၂-ကောဋ္ဌာသအစုသည် အားနည်း၍ အရှည်မခံ အခိုက်အတန့်မျှ ဖြစ်သောကြောင့် ရေမြှုပ်နှင့် တူ၏။

### တံလျှပ်ပမာ ဤခန္ဓာ

'မရီစိဓမ္မံ' တံလျှပ်သည် အဝေးမှကြည့်သူအား အဆင်းသဏ္ဌာန်ရှိ၍ ကိုင်တွယ်ယူစရာကဲ့သို့ ထင်ရ၏။ သို့သော်လည်း အနီးသို့ရောက်သူအား အချည်းနှီးဖြစ်၍ ကိုင်တွယ်ယူမရသကဲ့သို့ ဤခန္ဓာကိုယ်သည်လည်း တိုသောခဏ၌လျှင် ယောဂီ၏ဉာဏ်အား ရှေးရှုထင်သဖြင့် တံလျှပ်နှင့်တူ၏။ (ဓမ္မ၊ ဋ္ဌ၊ ၁၊ ၂၁၄)

မရီစိကမ္မဋ္ဌာနာနိကထေရ်ဝတ္ထုပြီး၏။

♦♦♦♦♦

http://www.dhammadownload.com



## ၃-ဝိဋူဋဘဝတ္ထု

**ဝိဋူဋဘမင်းသား**

မြတ်စွာဘုရား သာဝတ္ထိပြည်၌ သီတင်းသုံးစဉ် ဝါသဘခတ္တိယာမိဖုရားမှ မွေးသော ပသေနဒီကောသလမင်းကြီး၏သား ဝိဋူဋဘသည် ကပိလဝတ်ပြည်မှ သာကီဝင်မင်းအပေါင်းတို့ကို သတ်၏။ အပြန်တွင် အစိရဝတီမြစ်နား၌ စစ်သည်ဗိုလ်ပါများ နှင့်အတူ တပ်ချ၍ အိပ်ပျော်နေကြစဉ် ဒီရေတက်လာပြီး လှိုင်းလုံးတို့ဖြင့် စစ်သည်ဗိုလ်ပါနှင့်အတူ ဝိဋူဋဘမင်းသားလည်း မျောပါသေဆုံး၏။

ထိုအကြောင်းကို ရဟန်းတော်များက လျှောက်ထားသဖြင့် 'ချစ်သားတို့၊ သတ္တဝါတို့သည် စိတ်အလိုအတိုင်း မရောက်နိုင်ကြမီပင် သေမင်းသည် အပါယ် ၄-ဘုံ၌ နစ်မြုပ်ပစ်၏' ဟုမိန့်တော်မူကာ ဤဒေသနာကို ဟောတော်မူသည်။ ဒေသနာအဆုံး၌ သောတာပန်စသည် ဖြစ်ကြသည်။

### သေမင်းခေါ်ရာ မငြင်းသာ

ပါဠိ။ ပုပ္ဖာနိဟေဝ ပစိနန္တံ၊ ဗျာသတ္တ မနသံ နရံ။
သုတ္တံ ဂါမံ မဟောဃောဝ၊ မစ္စု အာဒါယ ဂစ္ဆတိ။

အနက်။ ပုပ္ဖာနိ၊ ပန်းတို့ကို။ ပစိနန္တံဣဝ၊ ဆွတ်ခူးသောသူကိုကဲ့သို့။ ဗျာသတ္တမနသံ၊ မရသေးသောအာရုံကိုလည်း တောင့်တ၊ ရပြီးသည်ကိုလည်း တွယ်တာကပ်ငြိစိတ်ရှိသော။ နရံ၊ လူကို။ မဟောဃော၊ ပြင်းထန်သောရေအလျဉ်သည်။ သုတ္တံ၊ အိပ်ပျော်နေသော။ ဂါမံ၊ ရွာနေသူလူအပေါင်းကို။ အာဒါယ၊ လွှမ်းမိုးယူဆောင်၍။ ဂစ္ဆတိဣဝ၊ သွားသကဲ့သို့။ မစ္စု၊ သေမင်းသည်။ အာဒါယ၊ ခေါ်ဆောင်သိမ်းယူ၍။ ဂစ္ဆတိ၊ သွား၏။

အဓိပ္ပါယ်။ ပန်းတို့ကို ကောင်းနိုးရာရာ ဆွတ်ခူးယူသူကဲ့သို့ မရသေးသောအာရုံကို တောင့်တသူ၊ ရပြီးအာရုံကို လွန်စွာကပ်ငြိတွယ်သူ လူအပေါင်းကို သေမင်းသည် ခေါ်ယူသွား၏။

ဥပမာ။ 'သုတ္တံ ဂါမံ မဟောဃောဝ' အိပ်ပျော်နေသော ရွာသူအပေါင်းကို
ပြင်းထန်သောဒီရေသည် လွှမ်းမိုးယူငင်သွားသကဲ့သို့တည်း။

မဓ္ဓသာရ။ ကာမဂုဏ်အာရုံတို့ အလိုအပြည့်ခင်ပင် သေမင်းသည် ခေါ်ယူ၏။

http://www.dhammadownload.com



## မရှိတောင့်တ ရှိကြောင့်ကြ

'ဗျာသတ္တမနသံ နရံ' မရရှိသေးသော ကာမဂုဏ်အာရုံ၌ တောင့်တလျက်၊ ရရှိပြီး ကာမဂုဏ်အာရုံတို့၌ ကြောင့်ကြဗျာပါ ရများနေသူများသည် 'ဗျာသတ္တမနသံ' မည်၏။

## ပန်းခူးသူပမာ ကာမရှာ

'ပုပ္ဖာနိ ပစိနန္တံ' ပန်းသည်သည် ပန်းဥယာဉ်သို့ဝင်၍ ပန်းခူးရန် တစ်ခြံပြီး တစ်ခြံ ရှာဖွေလျက် ရွေးချယ်စိစစ်လျက် တစ်ခြားတစ်ခြားပန်းခြံကို တောင့်တကြဲစည်၏။ ထိုပန်းခြံမှ ပန်းကိုပင် မခူးဖြစ်ဘဲမေ့လျက်သာ တစ်ခြားခြံသို့ စိတ်ညွတ်လေ။

ဤနည်းတူစွာ သတ္တဝါအပေါင်းသည် ကာမဂုဏ်အာရုံတို့ကို ရှာဖွေလျက်၊ ရွေးချယ်စိစစ်လျက် တစ်ခြားသော နှစ်သက်ဖွယ်အာရုံများသို့သာ စိတ်ညွတ်၏။ တောင့်တ၏။ ထိုစဉ်ပင် သေမင်းခေါ်ဆောင်သွားခြင်း ခံရသည်။

## ဆွေမျိုးတို့အရိပ် အေးမြသည်

ကောသလမင်းကြီးနတ်ရွာစံသဖြင့် ဝိဋူဋဘသည် မင်းအဖြစ်ကို ရ၏။ ရှေးကပြုဖူးသောရန်ကို အောက်မေ့လျက် သာကီဝင်မင်းမျိုးတို့အား သတ်အံ့ဟု စစ်သည်ဗိုလ်ပါများစွာ နှင့် ချီတက်လာ၏။ ဘုရားရှင်သည် ၃ ကြိမ်တိုင်တိုင် လာ၍ ဝိဋူဋဘမင်းအား 'ဆွေမျိုးတို့၏ အရိပ်သည် အေးမြပေ၏'ဟု မိန့်တော်မူ၍ ဆွေမျိုးတို့၏အန္တရာယ်ကို ကာကွယ်တားဆီး ချီးမြှောက်တော်မူသည်။ ၄ ကြိမ်မြောက်တွင် ဆွေမျိုးတို့၏ အတိတ်ကံကို ဆင်ခြင်တော်မူကာ ကြွလာတော်မမူတော့ပေ။

## အကုသိုလ်ဝဋ်ကြွေး ပြေးမလွတ်

ဘုရားရှင်၏ဆွေတော်မျိုးတော်သာကီဝင်မင်းတို့သည် သူတစ်ပါးအသက်ကို သတ်ခြင်းသဘောမရှိသော 'အသတ္တဃာတက'မည်၏။ ဝိဋူဋဘ၏စစ်သည် ဗိုလ်ပါတို့အား တစ်စုံတစ်ယောက်ကိုမျှ ပြန်မသတ်။ ထို့ကြောင့် ဝိဋူဋဘသည် ဘိုးတော် မဟာနာမ်မင်းကြီးမှတစ်ပါး သာကီဝင်မင်းအားလုံးတို့ကို သတ်၏။ သာကီဝင်မင်းတို့သည် အတိတ်ဘဝက တစ်ပေါင်းတည်း ဖွဲ့စုကုန်လျက် မြစ်၌ အဆိပ်ဆေးခပ်၍ ငါးတို့ကို သတ်ဖြတ်ခဲ့၏။ ထိုအကုသိုလ်ကံကြောင့် ယခုဘဝတွင် အစုလိုက်အပြုံလိုက် အသတ်ခံကြရခြင်း ဖြစ်၏။

ဝိဋူဋဘနှင့်ဗိုလ်ပါရဲမက်တို့သည် သာကီဝင်မင်းတို့အား သတ်၍ ညအိပ်၌အစိရဝတီ

http://www.dhammadownload.com



မြစ်ကမ်းတွင် သစ်ခတ်တဲနန်းဖွဲ့၍ အိပ်၏။ ရှေးဘဝက အကုသိုလ်ကံ မပြုဖူးသူတို့သည် ငါတို့၏ အိပ်ရာ၌ ပိုးရွခြမ်းတို့ ရှိကုန်၏ဟု ကုန်းပေါ်သို့ ပြောင်းအိပ်၍မသေကုန်။ ရှေးဘဝက အကုသိုလ်ကံပြုဖူးသူတို့သည် ဝိဋူဍူဘနှင့်အတူ မြစ်ရေလှိုင်တံပိုးဖြင့် သမုဒ္ဒရာတွင်းသို့ နစ်မျောကာ ငါးလိပ်တို့အစာ ဖြစ်ကုန်၏။

### တန်ရာတန်ကြေး ပေးဆပ်ရေး

ရဟန်းတို့က ဝိဋူဍူဘမင်းသည် သာကီဝင်မင်းတို့အား ရန်ငြိုးထားလျက် သတ်ခြင်းသည် မသင့်လျော်ချေဟု ပြောဆိုကုန်၏။ မြတ်ဗုဒ္ဓက 'ချစ်သားတို့၊ ယခုပစ္စုပ္ပန်ဘဝ၌ သာကီဝင်မင်းတို့အား မသင့်လျော်မလျောက်ပတ်သည်ကား မှန်ပေ၏။ လွန်လေပြီးသော ရှေးဘဝကပြုခဲ့ကြသည့် အကုသိုလ်ကံအကျိုးဆက်၏ အစွမ်းဖြင့်ကား သင့်လျော်လျောက်ပတ်သောအကျိုးကို ခံစားရ ရှိခြင်းဖြစ်၏' ဟု မိန့်တော်မူသည်။

ဝိဋူဍူဘဝတ္ထုပြီး၏။

♦♦♦♦♦

## ၄-ပတိပူဇိကကုမာရိဝတ္ထု

### ပတိပူဇိကာနတ်သမီး

မြတ်စွာဘုရား သာဝတ္ထိပြည်၌ သီတင်းသုံးစဉ် တာဝတိံသာနတ်ပြည်၌ မာလာဘာရီနတ်သားသည် နတ်သမီး ၁-ထောင်ခြံရံလျက် ပန်းခူးနေ၏။ နတ်သမီးတစ်ယောက်သည် စုတေ၍ သာဝတ္ထိမြို့၌ အမျိုးသမီး လာဖြစ်၏။ သား ၄-ယောက်ရသော် သေလွန်၍ ပန်းခူးရာပန်းခြံတွင်း၌ပင် နတ်သမီးပြန်ဖြစ်၏။

မာလာဘာရီနတ်သားကား နတ်သမီးများနှင့်အတူ ပန်းခူး၍ပင် မပြီးဆုံးသေး။ နတ်သားက 'ချစ်နှမ၊ မနက်တုန်းက မင်းဘယ်သွားနေလဲ၊ မမြင်မိပါလား' ဟု မေးသောအခါ နတ်သမီးက ဖြစ်ကြောင်းစုံ ပြန်ပြောပြ၏။ ထိုနတ်သမီးသည် လူ့ပြည်၌ လင်ကို မြတ်နိုးပူဇော်လေ့ရှိသဖြင့် 'ပတိပူဇိကာ' အမည်ရ၏။ ထိုအကြောင်းကို ရဟန်းတို့က လျှောက်သဖြင့် မြတ်ဗုဒ္ဓသည် ဤဒေသနာကို ဟောကြားတော်မူသည်။ ဒေသနာအဆုံး၌ သောတာပန်စသည် ဖြစ်ကြသည်။

http://www.dhammadownload.com



## ကာမ,မပယ် သေမင်းနယ်

ပါဠိ။ ပုပ္ဖာနိဟေဝ ပစိနန္တံ၊ ဗျာသတ္တမနသံ နရံ။
အတိတ္တံယေဝ ကာမေသု၊ အန္တကော ကုရုတေ ဝသံ။

အနက်။ ပုပ္ဖာနိ၊ ပန်းတို့ကို။ ပစိနန္တံဣဝ၊ ဆွတ်ခူးသောကဲ့သို့။ ဗျာသတ္တမနသံ၊ မရသေးသောအာရုံကိုတောင့်တ၊ ရရှိပြီးအာရုံကို တွယ်တာကပ်ငြိစိတ်ရှိသော။ ကာမေသု၊ ကာမဂုဏ်အာရုံတို့၌။ အတိတ္တံယေဝ၊ မရောင့်ရဲသည်သာဖြစ်သော။ နရံ၊ သတ္တဝါကို။ အန္တကော၊ သေမင်းသည်။ (အတ္တနော၊ မိမိ၏) ဝသံ၊ အလိုကို။ ကုရုတေ၊ ပြု၏။

အဓိပ္ပါယ်။ ပန်းသည်သည် ပန်းမျိုးစုံတို့ကို ရွေးချယ်ဆွတ်ခူးနေသကဲ့သို့၊ မရသေးသောအာရုံကိုတောင့်တ၊ ရပြီးအာရုံကို ကြောင့်ကြလျက် ကာမဂုဏ်အာရုံကို မရောင့်ရဲနိုင်သူကို သေမင်းသည် မိမိအလိုအတိုင်း ပြု၏။

ဓမ္မသာရ။ ကာမဂုဏ်အာရုံကို မရောင့်ရဲနိုင်သူသည် သေမင်းခေါ်ဆောင်ခံရ၏။

### ကာမဂုဏ်အာရုံ

ဝတ္ထုကာမနှင့် ကိလေသာ ကာမ ၂-မျိုးသည် ကာမဂုဏ်အာရုံ မည်၏။

### နတ်သက်နှင့် လူ့သက်

လူ့ပြည်၌ နှစ်တစ်ရာသည် တာဝတိံသာနတ်သက် ၁-ရက်သာ ဖြစ်၏။ တာဝတိံသာနတ်သက်သည် နတ်တို့အရေအတွက်အားဖြင့် နှစ် ၁-ထောင်၊ လူ့အရေအတွက်အားဖြင့် နှစ် ၃-ကုဋေ၊ ၆-သန်း ဖြစ်၏။

### မာလာဘာရီ၏ သံဝေဂ

ပတိပူဇိကာနတ်သမီး ပြောပြချက်အရ 'လူတို့သည် သက်တမ်းတစ်ရာမျှ ရှိသော်လည်း အသချေ်ယျသက်တမ်းနေရသကဲ့သို့လည်းကောင်း၊ အိုနာသေမှု မရှိကြသကဲ့သို့လည်းကောင်း၊ ဒါနစသည် ပြုသူနည်း၍ အိပ်စားကာမ ဤသုံးဝဖြင့်သာ နေကြသည်'ဟု သိသဖြင့် မာလာဘာရီနတ်သားသည် သံဝေဂဖြစ်၏။ (ဓမ္မ၊ ၄၊ ၁၊ ၂၁၀)

ပတိပူဇိကကုမာရီဝတ္ထုပြီး၏။

◆◆◆◆◆

http://www.dhammadownload.com



# ၅–မစ္ဆရိယကောသိယသေဋ္ဌိဝတ္ထု

## ကပ်စေးနှဲသော ကောသိယသူဌေး

မြတ်စွာဘုရား သာဝတ္ထိပြည်၌ သီတင်းသုံးစဉ် ရာဇဂြိုဟ်မြို့အနီး သက္ကာရရွာကြီး၌ ကုဋေ ၈၀-ကြွယ်ဝသော်လည်း နှမြောတွန့်တိုလွန်းသော ကောသိယသူဌေးသည် ဘုံခုနစ်ဆင့်ပြာသာဒ်သို့တက်၍ မယားနှင့်အတူ မုန့်ကြော်သည်။

အရှင်မဟာမောဂ္ဂလာန်မထေရ်က တန်ခိုးဖြင့် ဆုံးမ၍ ဘုရားထံ ခေါ်ဆောင်လာ၏။ မြတ်စွာဘုရားရှင်က ဤဒေသနာတော်ကို ဟောကြားတော်မူသည်။ ဒေသနာအဆုံး၌ သူဌေးလင်းမယား သောတာပန်တည်ကြသည်။

## ပျားပိတုန်းပမာ ကျင့်အပ်စွာ

ပါဠိ။ ယထာပိ ဘမရော ပုပ္ဖံ၊ ဝဏ္ဏဂန္ဓံ မဟေဌယံ။
ပလေတိ ရသမာဒါယ၊ ဧဝံ ဂါမေ မုနီ စရေ။

အနက်။ ဘမရော၊ ပျားပိတုန်းသည်။ ပုပ္ဖံ၊ ပန်းပွင့်ကိုလည်းကောင်း။ ဝဏ္ဏဂန္ဓံ၊ အဆင်း,အနံ့ကိုလည်းကောင်း။ အဟေဌယံ၊ မပျက်စီးစေဘဲ။ ရသံ၊ ပန်းဝတ်ရည်ကို။ အာဒါယ၊ စုတ်ယူ၍။ ပလေတိယထာပိ၊ ပျံသွားသကဲ့သို့။ ဧဝံ၊ ဤအတူ(သဒ္ဓါနှင့် စည်းစိမ်တို့ကို မပျက်စီးစေဘဲ) ဂါမေ၊ ရွာ၌။ မုနိ၊ ရဟန်းသည်။ စရေ၊ ကျင့်ရာ၏။

အဓိပ္ပါယ်။ပျားပိတုန်းသည် ပန်းပွင့်နှင့် အဆင်းအနံ့တို့ကို မပျက်စီးစေဘဲ ပန်းဝတ်ရည်ကို စုတ်ယူသကဲ့သို့ ရဟန်းတော်များသည် ဒါယကာတို့၏ သဒ္ဓါနှင့် စည်းစိမ်ကို မထိခိုက်စေဘဲ မြို့ရွာ၌ ကျင့်သုံးရာ၏။

ဓမ္မသာရ။ပျားပိတုန်းကဲ့သို့ မိမိအမှုကိစ္စကြောင့် သူတစ်ပါးအကျိုးကို မပျက်စီးစေရ။

## ပျားနှင့်တူသောအကျင့်

'ယထာပိ ဘမရော ပုပ္ဖံ' ပျားပိတုန်းသည် ပန်းရည်,ပန်းရက်ကို သောက်၍ တစ်နေရာ၌လည်း ပျားအုံ,ပျားလဘို့ ပြုခြင်းငှါ ယူဆောင်လျက် ပျံ၏။ တောသို့ဝင်၍ သစ်ခေါင်း၌ မြူနှင့်ရောသော ထိုအရည်ကို ထား၍ အစဉ်အားဖြင့် ချိုမြိန်သောအရသာရှိသော ပျားအုံကို ပြု၏။

http://www.dhammadownload.com



ထိုသို့ ပျားပိတုန်း၏ ပန်းဥယျာဉ်၌ ကျက်စားခြင်း, ပန်းရည်,ပန်းရက်ကို သောက်ခြင်း, ပျားအုံ,ပျားလဘို့ပြုခြင်း၄ါ ယူဆောင်ခြင်းဟူသောအကြောင်းကြောင့် အပွင့်ကိုလည်းကောင်း၊ အဆင်း,အနံ့,အရသာကိုလည်းကောင်း ချိုးဖဲ့ဖျက်ဆီးလျက် မသွား။ စင်စစ်သော်ကား အလုံးစုံသော ပန်းပွင့်သည် ပင်ကိုအတိုင်းသာလျှင် ဖြစ်၏။ထို့အတူ ရဟန်းသည် တော၌လည်းကောင်း၊ မြို့၌လည်းကောင်း ပျားပိတုန်းနှင့် တူစွာ ကျင့်အပ်၏။

## သေက္ခမုနိအကျင့်နှင့် အသေက္ခမုနိအကျင့်

သေက္ခရဟန်းသည် ဒါယကာ၊ ဒါယိကာမများ၏ သဒ္ဓါနှင့် စည်းစိမ်ကို မပျက်စေဘဲ ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာစသည်ဆင်ခြင်၍ ခံယူသုံးဆောင်လျက် ကမ္မဋ္ဌာန်းတရားကို ပွားများအားထုတ်၏။ မဂ် ၄-ပါး၊ ဖိုလ် ၄-ပါးတို့ကို လက်သို့ရောက်သည်ကို ပြု၏။

အသေက္ခရဟန်းသည်ကား မျက်မှောက်ဖြစ်ပြီးသော အရဟတ္တဖိုလ်ကို အဖန် တလဲလဲ အားထုတ်၏။ ဤဒေသနာ၌ကား ရဟန္တာပုဂ္ဂိုလ်ကိုသာ အလိုရှိအပ်၏။

မစ္ဆရိယကောသိယသေဋ္ဌိဝတ္ထုပြီး၏။

## ၆-ပါဝေယျကအာဇီဝကဝတ္ထု

### ပါဝေယျကတက္ကတွန်း

မြတ်စွာဘုရား သာဝတ္ထိပြည်၌ သီတင်းသုံးစဉ် သူကြွယ်မတစ်ယောက်သည် ဘုရားရှင်ကို အိမ်ပင့်၍ ဆွမ်းကပ် တရားနာ၏။ သူကြွယ်မက သားအဖြစ် ကျွေးမွေးပြုစု ထားသော အာဇီဝကတက္ကတွန်းက မနာလိုမစ္ဆေရဖြစ်၍ သည်းမခံနိုင်ဖြစ်ကာ မြတ်စွာ ဘုရားကိုလည်းကောင်း၊ သူကြွယ်မကိုလည်းကောင်း ဆဲရေး၏။

မြတ်စွာဘုရားရှင်က သူကြွယ်မ စိတ်နှလုံးမသာမယာ ဖြစ်သည်ကိုသိ၍ ဤ ဒေသနာကို ဟောကြားတော်မူသည်။ ဒေသနာအဆုံး၌ သူကြွယ်မသောတာပန်တည်၏။

## မိမိကိုယ်သာဝေဖန်ရာ

ပါဠိ။ န ပရေသံ ဝိလောမာနိ၊ န ပရေသံ ကတာကတံ။
အတ္တနောဝ အဝေက္ခေယျ၊ ကတာနိ အကတာနိစ။

အနက်။ ပရေသံ၊ သူတစ်ပါးတို့၏။ ဝိလောမာနိ၊ မနာလို,ဝန်တို ပြောဆိုသံ စကားကြမ်းတို့ကို။ နအဝေက္ခေယျ၊ နားမထောင်ရာ။ ပရေသံ၊ သူတစ်ပါးတို့၏။

http://www.dhammadownload.com



ကတာကတံ၊ ကောင်းမှုစသည် ပြုသည်မပြုသည်ကို။ နအဝေက္ခေယျ၊ မကြည့်ရှုရာ။ အတ္တနောဝ၊ မိမိ၏သာလျှင်။ ကတာနိစ၊ ကောင်းမှုတို့ကို ပြုခဲ့ပြီကိုလည်းကောင်း။ အကတာနိစ၊ ကောင်းမှုတို့ကို မပြုရသေးသည်ကိုလည်းကောင်း။ အဝေက္ခေယျ၊ ဆင်ခြင်ကြည့်ရှုရာသတည်း။ ဒေသနာအဆုံး၌ သူကြွယ်မ သောတာပန် တည်၏။

အဓိပ္ပါယ်။ စိတ်သဘောထားမတူ တစ်ပါးသူတို့၏ မလျော်သော အပြစ်အနာအဆာကို မကြည့်ရှုရ။ သူတစ်ပါးတို့ ပြုသည်၊မပြုသည် ဤနှစ်လီကို မကြည့်ရှုရ။ မိမိကိုယ်တိုင် ပြုသည်၊ မပြုသည် ဤနှစ်လီကိုသာ ကြည့်ရှုရာ၏။

ဓမ္မသာရ။သူတစ်ပါးကောင်းမကောင်းကို မကြည့်ရ။ မိမိကောင်းမကောင်းကိုသာ ကြည့်ရမည်။

### ကတနှင့် အကတ

ဒါနစသော သူတော်ကောင်းတရား ကောင်းမှုများကို ပြုမှုသည် ကတ မည်၏။ မပြုမှုသည် အကတမည်၏။

### လိုက်နာကျင့်သုံးဖွယ်ရာ

သူတစ်ပါးတို့၏ ကောင်းမှု,မကောင်းမှုတို့ကို ပြုခြင်း,မပြုခြင်းတို့သည် မိမိကိစ္စ မဟုတ်။ သူ့အကြောင်းနှင့် သူ့အကျိုး။ ကောင်းကောင်းဆိုးဆိုး အကျိုးတို့ကို သူ့ထိုက်နှင့်သူခံ။ သူသာ စံရပေမည်။ မိမိ ပြုခြင်း၊ မပြုခြင်းကသာ မိမိကိစ္စ ဖြစ်၏။

သဒ္ဓါတရားနှင့် ပြည့်စုံသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့သည် 'ငါသည် အမြဲမရှိ။ ဆင်းရဲအတိသာ ရှိ၏။ အစိုးမရသော သဘောရှိ၏'ဟု သခ်ါရတရားတို့၌ လက္ခဏာယာဉ် ၃-ပါးတင်၍ ကမ္မဋ္ဌာန်းအားထုတ်ရန် စွမ်းနိုင်မည်လော၊ မစွမ်းနိုင်မည်လောဟု မိမိကိုယ်ကိုသာ ဆင်ခြင်ကြည့်ရှုရမည် ဖြစ်သည်။

ပါဝေယျကအာဇီဝကဝတ္ထုပြီး၏။

◆◆◆◆◆

http://www.dhammadownload.com


## ၇–ဆတ္တပါဏိဥပါသကဝတ္ထု

### ဆတ္တပါဏိဥပါသက

မြတ်စွာဘုရား သာဝတ္ထိပြည်၌ သီတင်းသုံးစဉ် အနာဂါမ်ဆတ္တပါဏိဥပါသကာသည် ပညာရှိ၏။ တရားကို သိ၏။ ပိဋကတ် ၃–ပုံ ဆောင်၏။ ယဉ်ကျေးသိမ်မွေ့၏။ ထို့ကြောင့် ကောသလမင်းကြီးသည် မိဖုရားနှင့် မောင်းမမိဿံတို့အား ဓမ္မစာပေများ သင်ကြားပေးရန် ဖိတ်ခေါ်၏။ သို့သော် ဥပါသကာက အန္တရာယ်ကို ကြိုတင်တွက်ဆကာ လက်မခံ။ ရဟန်းတော်များသာ သင့်လျော်ပါသည်ဟု အရှင်အာနန္ဒာကို ပင့်ဖိတ်နိုင်ရန် အကြံပြု၏။

အရှင်အာနန္ဒာ၏ သင်ကြားပေးမှုကြောင့် မလ္လိကာမိဖုရားက ရိုသေလေးစားစွာ ဓမ္မစာပေ သင်ကြားသော်လည်း ဝါသဘခတ္တိယမိဖုရားကား မရိုသေမလေးစား။ ထိုမိဖုရားနှစ်ယောက် စာပေသင်ကြားပုံကို အကြောင်းပြု၍ မြတ်စွာဘုရားရှင်က ဤဒေသနာတော်ကို ဟောကြားတော်မူသည်။ ဒေသနာအဆုံး၌ သောတာပန်စသည် ဖြစ်ကြသည်။

### အဆင်းပြည့်ကြွယ် ပန်းသို့နှယ်

ပါဠိ။ ယထာပိ ရုစိရံ ပုပ္ဖံ၊ ဝဏ္ဏဝန္တံ အဂန္ဓကံ။
ဧဝံ သုဘာသိတာ ဝါစာ၊ အဖလာ ဟောတိ အကုဗ္ဗတော။

အနက်။ ရုစိရံ၊ လှပတင့်တယ်သော။ ဝဏ္ဏဝန္တံ၊ အဆင်းရှိသော။ အဂန္ဓကံ၊ အနံ့ကားမရှိသော။ ပုပ္ဖံ၊ ပေါက်ပွင့်ပန်းစသည်ကို။ (ဓာရေန္တဿ၊ ပန်သူအား) အဖလံ ယထာပိ၊ ကောင်းသောအနံ့ဟူသောအကျိုးကို မဆောင်နိုင်သကဲ့သို့။ ဧဝံ၊ ဤအတူ။ သုဘာသိတာ၊ ကောင်းစွာဟောကြားအပ်သော။ ဝါစာ၊ ပိဋကတ်ဓမ္မအဆုံးအမစကားသည်။ အကုဗ္ဗတော၊ မလိုက်နာမကျင့်သုံးသူအား။ အဖလာ၊ အကျိုးကိုမဆောင်နိုင်သည်။ ဟောတိ၊ ဖြစ်၏။

ပါဠိ။ ယထာပိ ရုစိရံ ပုပ္ဖံ၊ ဝဏ္ဏဝန္တံ သဂန္ဓကံ။
ဧဝံ သုဘာသိတာ ဝါစာ၊ သဖလာ ဟောတိ ကုဗ္ဗတော။

အနက်။ ရုစိရံ၊ လှပတင့်တယ်သော။ ဝဏ္ဏဝန္တံ၊ အဆင်းလည်းရှိသော။ သဂန္ဓကံ၊ အနံ့လည်းရှိသော။ ပုပ္ဖံ၊ စပယ်ပန်းစသည်ကို။ (ဓာရေန္တဿ၊ ပန်သူအား) သဖလံယထာပိ၊ ကောင်းသောအနံ့ဟူသော အကျိုးကို ဆောင်နိုင်သကဲ့သို့။ ဧဝံ၊ ဤအတူ။ သုဘာသိတာ၊

http://www.dhammadownload.com



ကောင်းစွာဟောကြားအပ်သော။ ဝါစာ၊ ပိဋကတ်ဓမ္မအဆုံးအမ စကားသည်။ ကုဗ္ဗတော၊ လိုက်နာကျင့်သုံးသူအား။ သဖလာ၊ အကျိုးကိုဆောင်နိုင်သည်။ ဟောတိ၊ ဖြစ်ပါပေသတည်း။

အဓိပ္ပါယ်။ အဆင်းရှိ၍ အနံ့မကောင်းသော ပေါက်ပွင့်ပန်းစသည် ပန်သူအား ရနံ့ကောင်း၊ မသင်းပျံ့သကဲ့သို့ ဓမ္မအဆုံးအမစကားများကို မလိုက်နာမကျင့်သုံးသူအား သုတာဂန္ဓစသော အကျိုးကို မရ။

အဆင်းကောင်း အနံ့ကောင်းသော စပါယ်ပန်းစသည် ပန်သူအား မွှေးရနံ့ သင်းပျံ့သကဲ့သို့ ဓမ္မအဆုံးအမစကားများကို လိုက်နာကျင့်သုံးသူအား သုတာဂန္ဓစသော အကျိုးရ၏။

ဓမ္မသာရ။ ဓမ္မအဆုံးအမကို လိုက်နာကျင့်သုံးသူသည် အဆင်းရနံ့ပြည့်စုံသောပန်းနှင့် တူ၏။

## အဆင်းအနံ့ ပြည့်စုံသူ

ဘုရားရှင်၏ ဓမ္မစာပေ အဆုံးအမတို့ကို ရိုသေစွာ သင်ယူလေ့လာ ကျင့်သုံးသူသည် စပါယ်ပန်းစသည်ကဲ့သို့ အဆင်းရနံ့နှင့် ပြည့်စုံသူ ဖြစ်၏။ ဓမ္မစာပေ အဆုံးအမတို့ကို ရိုသေစွာ မသင်ယူမလေ့လာ မကျင့်သုံးသူသည် ပေါက်ပွင့်ပန်းကဲ့သို့ အဆင်းလှသော်လည်း ရနံ့မရှိ သူ 'လူ့ပေါက်ပန်း' မည်၏။

## အနာဂါမ်ဥပါသကာ

ဆတ္တပါဏိဥပါသကာသည် အနာဂါမ်ဖြစ်သဖြင့် ဥပုသ်သီလကို အထူးဆောက်တည်ရန် မလိုတော့ချေ။ မဂ်ဖြင့်ပင် ဗြဟ္မစရိယကျင့်သုံးပြီးဖြစ်၍ ၁-ထပ်သာ စားသုံးတော့သည်။ (ဓမ္မ၊ ၄၊ ၁၊ ၂၄၀)

**ဆတ္တပါဏိဥပါသကဝတ္ထုပြီး၏။**

◆◆◆◆◆

http://www.dhammadownload.com



## ၈–ဝိသာခါဝတ္ထု

### ဝိသာခါကျောင်းအမ

မြတ်စွာဘုရား သာဝတ္ထိပြည်၌ သီတင်းသုံးစဉ် ဝိသာခါအမျိုးသမီးသည် ငွေ ၂၇–ကုဋေအကုန်ခံ၍ ပုပ္ဖာရုံကျောင်း ဆောက်လုပ်လှူ၏။ ကျောင်းလွှတ်ပူဇော်ပွဲ ရေစက်ချ၍ ပြီးသောအခါ သားသမီးမြေးမြစ်တို့ခြံရံလျက် ဝမ်းသာပျော်ရွှင်စွာ သီဆိုကလျက် ဥဒါန်းကျူး မြွက်ဆို၏။

ရဟန်းများက 'အရှင်ဘုရား၊ ဝိသာခါ သီချင်းဆိုသည်ကို တစ်ခါမျှ မကြားရဖူးပါ။ ဒီနေ့ ဘာကြောင့် သီဆိုရပါသနည်းဟု မေးလျှောက်ဖြင့် ဝိသာခါသည် မျှော်လင့်တောင့် တခဲ့သမျှသော စိတ်အလိုဆန္ဒပြည့်ဝ၍ ဥဒါန်းကျူးခြင်းသာ ဖြစ်သည်' ဟု မိန့်တော်မူကာ ဤဒေသနာတော်ကို ဟောကြားတော်မူသ၏။ ဒေသနာအဆုံး၌ သောတာပန်စသည် တည်ကြသည်။

### ဆင်သစရာ ပန်းမာလာ

ပါဠိ။ ယထာပိ ပုပ္ဖရာသိမှာ၊ ကယိရာ မာလာဂုဏေ ဗဟူ။
ဧဝံ ဇာတေန မစ္စေန၊ ကတ္တဗ္ဗံ ကုသလံ ဗဟုံ။

အနက်။ ပုပ္ဖရာသိမှာ၊ ပန်းပုံအတွင်းမှ။ ဗဟူ၊ များစွာသော။ မာလာဂုဏေ၊ ပန်းကုံးတို့ကို။ ကယိရာယထာပိ၊ သီကုံးရသကဲ့သို့။ ဧဝံ၊ ဤအတူ။ ဇာတေန၊ ဖြစ်ပေါ်မွေးဖွားလာသော။ မစ္စေန၊ သတ္တဝါသည်။ (သဒ္ဓါဘောဂရာသိမှာ၊ သဒ္ဓါနှင့် ဥစ္စာပုံအတွင်းမှ) ဗဟုံ၊ များစွာသော။ ကုသလံ၊ ကုသိုလ်ကို။ ကတ္တဗ္ဗံ၊ ပြုသင့်ပြုထိုက်ပါပေသတည်း။

အဓိပ္ပါယ်။ ပန်းပုံအတွင်းမှ ပန်းတို့ကို အများအပြား ရွေးချယ်သီကုံးမှု ပြုသကဲ့သို့၊ မွေးဖွားလာသူတိုင်းသည် ဥစ္စာနှင့်သဒ္ဓါပုံအတွင်းမှ ကုသိုလ်ကောင်းမှု အစုစုတို့ကို အများအပြား ရွေးချယ်၍ ပြုလုပ်ထိုက်သည်။

ဓမ္မသာရ။ ဥစ္စာနှင့်သဒ္ဓါပုံအတွင်းမှ ကုသိုလ်ကောင်းမှုကို ပြုရမည်။

### ပန်းသည်နှင့်တူသော လူ ၄–မျိုး

၁။ တတ်ကျွမ်းလိမ္မာသော ပန်းသည်ဖြစ်သော်လည်း ပန်းနည်းလျှင် ပန်းကုံးများ များ မပြုနိုင်သကဲ့သို့၊ စည်းစိမ်ဥစ္စာပြည့်စုံသူဖြစ်သော်လည်း သဒ္ဓါနည်းလျှင် ကုသိုလ် များများ မပြုနိုင်ပါ။

http://www.dhammadownload.com



၂။ ပန်းများသည်ဖြစ်သော်လည်း မတတ်ကျွမ်းသောပန်းသည်သည် ပန်းကုံးများများ မပြုနိုင်သကဲ့သို့ သဒ္ဓါများသော်လည်း စည်းစိမ်ဥစ္စာမပြည့်စုံသူသည် ပန်းများများ မပြုနိုင်ပါ။

၃။ ပန်းလည်းနည်း၊ မတတ်ကျွမ်းသော ပန်းသည်လည်း ဖြစ်လျှင် ပို၍ပင် ပန်းကုံးမပြုနိုင်သကဲ့သို့၊ သဒ္ဓါလည်းမရှိ၊ စည်းစိမ်ဥစ္စာလည်း မပြည့်စုံသူအဖို့ ပို၍ပင် ကုသိုလ်များများ မပြုနိုင်။

၄။ ပန်းလည်းများ တတ်ကျွမ်းသောပန်းသည်လည်းဖြစ်လျှင် များစွာသောပန်းကုံးတို့ကို လှပသေသပ်စွာ ပြုနိုင်သကဲ့သို့၊ သဒ္ဓါလည်းပေါ၊ ဥစ္စာလည်း ကြွယ်ဝသူဖြစ်လျှင်ကား များစွာသော ကုသိုလ်ကောင်းမှုတို့ကို ပြုနိုင်သည်။

ဝိသာခါကျောင်းအမသည်ကား စတုတ္ထပန်းသည်နှင့် တူသူဖြစ်၏။

ကျောင်းအမဝိသာခါ

သာဝတ္ထိပြည်၊ ပုဗ္ဗာရုံကျောင်းအမဝိသာခါသည် အင်္ဂတိုင်း၊ ဘဒ္ဒိယမြို့နေ မေဏ္ဍက သူဌေး၏သား ဓနဉ္စယသူဌေးနှင့် အဂ္ဂမဟေသီ သုမနဒေဝီ၏ သမီးဖြစ်သည်။ ၇-နှစ် အရွယ်မှာပင် သောတာပန်တည်သူဖြစ်၏။ မိဂါရသူဌေး၏သား ပုဏ္ဏဝဍ္ဎနနှင့် အိမ်ထောင် ကျသည်။ နောင်တွင် ယောက်ခမဖြစ်သူ မိဂါရသူဌေး၏ အမိအရာ၌တည်သဖြင့် မိဂါရ မာတာဟု အမည်တွင်သည်။ (ဓမ္မ၊ ဋ၊ ၁၊ ၂၄၃)

**မိန်းမတို့ ကောင်းခြင်း ၅-ဖြာ**

၁။ ဆံပင်ကောင်းခြင်း-ဖြေချသောအခါ ခါးဝတ်အစွန်းထိအောင်အဖျားကော့သည်။

၂။ အသားကောင်းခြင်း-နှုတ်ခမ်းသည် ရွှေဖရုံသီးမှည့်ကဲ့သို့ဝါဝင်းလျက် ညီညွတ်စွာ ထိသည်။

၃။ အရိုးကောင်းခြင်း-သွားတို့ညီညွတ်လျက် ဖြူဖွေးသည်။

၄။ အရေကောင်းခြင်း-ညိုသောအရေသည် ကြာညိုပန်းကဲ့သို့ နူးညံ့လျက် ဖြူသော အရေသည် တောင်ဖက်ဝန်းပွင့်ကဲ့သို့ နူးညံ့သည်။

၅။ အရွယ်ကောင်းခြင်း-သားသမီး ၁၀-ကြိမ်မွေးပြီးသော်လည်း ၁-ကြိမ်သာ မွေးဖွားပြီးသကဲ့သို့ အရွယ်တင်သည်။ (ဓမ္မ၊ ဋ၊ ၁၊ ၂၄၄-၅)

http://www.dhammadownload.com



**လျှင်မြန်စွာ မသွားသင့်သူ ၄-ဦး**

၁။ အဘိသိက်ခံပြီးသော မင်း

၂။ တန်ဆာဆင်ထားသော မင်္ဂလာဆင်

၃။ ရဟန်း,သံဃာ

၄။ အမျိုးသမီး

**ဓနဥ္စယသူဌေး၏ ဩဝါဒ ၁၀-မျိုး**

၁-အတွင်းမီးအပြင်မထုတ်ရ-'အန္တောအဂ္ဂိ ဗဟိ နနီဟရိတဗ္ဗော'

၂-အပြင်မီးအတွင်းမယူရ-'ဗဟိရတော အဂ္ဂိ အန္တော နပဝေသေတဗ္ဗော'

၃-ပေးသင့်သူကို ပေးပါ-'ယေ ဒဒန္တိ၊တေသံယေဝ ဒါတဗ္ဗံ'

၄-မပေးသင့်သူကို မပေးရ-'ယေ နဒေန္တိ၊ တေသံ နဒါတဗ္ဗံ'

၅-ပေးသင့်သင့်မပေးသင့်သင့်ပေးပါ-'ဒဒန္တဿာပိ အဒဒန္တဿာပိ ဒါတဗ္ဗံ'

၆-ချမ်းသာစွာ နေထိုင်ပါ-'သုခံ နိသီဒိတဗ္ဗံ'

၇-ချမ်းသာစွာ စားသောက်ပါ 'သုခံ ဘုဉ္ဇိတဗ္ဗံ'

၈-ချမ်းသာစွာ အိပ်ပါ-'သုခံ နိပဇ္ဇိတဗ္ဗံ'

၉-မီးကို လုပ်ကျွေးပါ-'အဂ္ဂိ ပရိစရိတဗ္ဗော'

၁၀-အိမ်တွင်းနတ်ကို ရှိခိုးပါ-'အန္တောဒေဝတာ နပဿိတဗ္ဗာ' (ဓမ္မ၊၄၊၁၊၂၅၅)

**မဟာလတာတန်ဆာ**

ဝိသာခါသည် ကဿပဘုရားရှင်လက်ထက်၌ ရဟန်းတော် ၂-သောင်းအား သင်္ကန်းကပ်လှူခဲ့မှုကြောင့် မဟာလတာတန်ဆာကို ဆင်မြန်းနိုင်ခြင်းဖြစ်သည်။ (အမျိုးသမီးများ သင်္ကန်းလှူလျှင် မဟာလတာတန်ဆာ ဝတ်ဆင်ရသည်။ အမျိုးသားများကား သင်္ကန်းလှူလျှင် တန်ခိုးဖြင့်ပြီးသော သပိတ်သင်္ကန်းကိုရသည့် ဧဟိဘိက္ခုရဟန်း ဖြစ်သည်။)

ဝိသာခါ၏ မဟာလတာတန်ဆာပြုလုပ်ရာ၌-

နီသော ရွှေစင် ပိဿာ ၁- ထောင်

စိန် ၄- ပြည်

ပုလဲ ၁၁-ပြည်

သန္တာ ၂၂-ပြည်

http://www.dhammadownload.com


ပတ္တမြား ၃၃-ပြည်နှင့် အခြားရတနာများစွာ ပါသည်။ တန်ဖိုး ၉-ကုဋေ၊လက်ခ ၁-သိန်း ကုန်၍ ၄-လကြာ ပြုလုပ်ရသည်။ (ဓမ္မ၊ ၄၊ ၁၊ ၂၄၈)

## မဟာလတာ ဝတ်ထိုက်သူ ၃-ဦး

ဝိသာခါသည် အရှင်အာနန္ဒာလက်ဖြင့် သုံးသပ်မိသည်မှစ၍ မဟာလတာတန်ဆာကို တန်ဖိုးဖြတ်ခိုင်းကာ ဝယ်ယူနိုင်သူရှိက ဝယ်ယူကြပါဟု လှည့်လည်ရောင်းချသော်လည်း တစ်စုံတစ်ယောက်မျှ မဝယ်နိုင်။ မိမိကိုယ်တိုင် ပြန်ဝယ်၍ ပုဗ္ဗာရုံကျောင်းကို ဆောက်လုပ်လှူဒါန်းခြင်း ဖြစ်သည်။ ဇမ္ဗူဒိပ်မြေအပြင်၌ ထိုမဟာလတာတန်ဆာ ဝတ်ထိုက်သူတို့သည် ၃-ဦးသာ ရှိ၏။

၁-ဝိသာခါကျောင်းအမ၊
၂-ဗန္ဓုလစစ်သူကြီးကတော်မလ္လိကာ
၃-ဗာရာဏသီသူဌေးသမီး (ဓမ္မ၊၄၊ ၁၊ ၂၆၀)

## ဝိသာခါ၏ ကျောင်းအလှူတော်

ဝိသာခါသည် ပုဗ္ဗာရုံကျောင်းဆောက်လုပ်လှူဒါန်းရန် ကျောင်းမြေအတွက် ကုန်ကျငွေ ၉-ကုဋေဖြစ်၏။ ကျောင်းဆောက်လုပ်ခြင်းသည် ၉-ကုဋေ ဖြစ်၏။ ကျောင်းအတွင်း ပူဇော်ခြင်းသည် ၉-ကုဋေ ဖြစ်၏။ ကျောင်းရေစက်ချပွဲ၌ ဒါနပြုခြင်းသည် ၉-ကုဋေ ဖြစ်၏။ ကျောင်းအတွက်ချည်း လှူဒါန်းမှုသည် ၂၇-ကုဋေ ဖြစ်၏။မြတ်ဗုဒ္ဓသာသနာ၌ မိန်းမအဖြစ်၌တည်လျက် မိစ္ဆာဒိဋ္ဌိအိမ်၌နေလျက် ဤမျှသောသဒ္ဓါ,ဥစ္စာတို့ဖြင့် ချီးမြှောက်ပူဇော်သော မာတုဂါမသည် ဝိသာခါမှတစ်ပါးမရှိလေဟု ဆို၏။ (ဓမ္မ၊ ၄၊ ၁၊ ၂၆၂)

## ဝိသာခါ၏ရှေးဆုတောင်း

ကမ္ဘာ ၁-သိန်းအလွန် ပဒုမုတ္တရာမြတ်ဗုဒ္ဓလက်ထက်၌ ဘုရားအမှူးရှိသော သံဃာတော်များကို ၇-ရက်ပတလုံး ဆွမ်းစသည်လှူဒါန်းလျက် 'အရှင်မြတ်ကဲ့သို့သဘောရှိသော ဘုရားတစ်ဆူထံ၌ ဆုမြတ် ၈-ပါးရလျက်၊ မိခင်အရာ၌ တည်လျက်၊ ပစ္စည်း ၄-ဖြာတို့ဖြင့် လုပ်ကျွေးခြင်းငှါ စွမ်းနိုင်သောသူတို့ထက် အထူးသဖြင့်မြတ်သောအလုပ်အကျွေး ဖြစ်ရပါလို၏'ဟု ဆုတောင်းခဲ့၏။ (ဓမ္မ၊ ၄၊ ၁၊ ၂၆၄)

http://www.dhammadownload.com



**မဟာပုညရှင် ၅-ဦး**

၁။ မေဏ္ဍကသူဌေး

၂။ စန္ဒပဒုမာ သူဌေးကတော်

၃။ ဓနဥ္စယသူဌေးသား

၄။ သုမနဒေဝီ(ချွေးမ)

၅။ ပုဏ္ဏကျွန် ဟု မဟာပုညရှင်'ရှေးဘုန်းရှေးကံကြီးသူ' ၅-ဦး ရှိ၏။

**အမိတဘောဂ အတိုင်းမရှိကြွယ်ဝသူ ၅-ဦး**

၁။ ဇောတိကသူဌေး ၂။ ဇဋိလသူဌေး

၃။ မေဏ္ဍကသူဌေး ၄။ ပုဏ္ဏက

၅။ ကာကဝလိယ တို့သည် အတိုင်းအတာမဲ့အောင် ကြွယ်ဝချမ်းသာကြသည်။

ဝိသာခါဝတ္ထုပြီး၏။

♦♦♦♦♦

## ၉-အာနန္ဒတ္ထေရပဉှာဝတ္ထု

**အရှင်အာနန္ဒာ၏မေးခွန်း**

မြတ်စွာဘုရား သာဝတ္ထိပြည်၌သီတင်းသုံးစဉ် အရှင်အာနန္ဒာသည် ညချမ်းအခါ ဆိတ်ငြိမ်ရာ၌နေလျက် 'ဘုရားရှင်သည် အမြစ်နံ့သာ၊ အနှစ်နံ့သာ၊ အပွင့်နံ့သာဟု မွန်မြတ်သော အနံ့ ၃-မျိုးကို ဟော၏။ ထိုနံ့သာတို့သည် လေစုန်မှာ မွှေးရနံ့သင်းပျံ့သကဲ့သို့ လေဆန်၌ မွှေးရနံ့သင်းပျံ့ခြင်း မရှိ။ လေကိုဆန်၍ မွှေးရနံ့သင်းပျံ့နိုင်သော ပန်းရနံ့မျိုး ရှိလေသလော'ဟု စဉ်းစားမိ၏။ထိုအကြောင်းကို ဘုရားရှင်အား လျှောက်ထားရာ ဤဒေသနာတော်ကို ဘုရားရှင် ဟောတော်မူခြင်း ဖြစ်သည်။ ဒေသနာအဆုံး၌ သောတာပန် စသည် တည်ကြ၏။

**လေညာဆန် ရနံ့ထူး**

ပါဠိ။ နပုပ္ဖဂန္ဓော ပဋိဝါတမေတိ၊ နစန္ဒနံ တဂရမလ္လိကာဝါ။

သတဉ္စ ဂန္ဓော ပဋိဝါတမေတိ၊ သဗ္ဗာဒိသာ သပ္ပုရိသော ပဝါယတိ။

http://www.dhammadownload.com


အနက်။ ပုပ္ဖဂန္ဓော၊ ပန်းရနံ့သည်။ ပဋိဝါတံ၊ လေညာသို့။ နဧတိ၊ မသွားနိုင်။ စန္ဒနံဝါ၊ စန္ဒကူးရနံ့သည်လည်းကောင်း။ တဂရမလ္လိကာဝါ၊ တောင်ဇလပ်ပန်း၊စပါယ်၊ ကြက်ရုံးပန်းရနံ့သည်းကောင်း။ ပဋိဝါတံ၊ လေညာသို့။ နဧတိ၊ မသွားနိုင်။

သတံ၊ သူတော်ကောင်းတို့၏။ ဂန္ဓောစ၊ သီလရနံ့သည်ကား။ ပဋိဝါတံ၊ လေညာသို့။ ဧတိ၊ သွားနိုင်၏။ သပ္ပုရိသော၊ သူတော်ကောင်းတို့၏ဂုဏ်သတင်းသည်။ သဗ္ဗာဒိသာ၊ အရပ်များအားလုံးတို့သို့။ ပဝါတိ၊ ပျံ့နှံ့လှိုင်သင်း၏။

## အသင်းပျံ့ဆုံးရနံ့

ပါဠိ။ စန္ဒနံ တဂရံ ဝါပိ၊ ဥပ္ပလ အထ ဝဿိကီ။
ဧတေသံ ဂန္ဓဇာတာနံ၊ သီလဂန္ဓော အနုတ္တရော။

အနက်။ စန္ဒနံဝါ၊ စန္ဒကူးရနံ့သည်လည်းကောင်း။ တဂရဝါပိ၊ တောင်ဇလပ်ပန်းရနံ့သည်းကောင်း။ ဥပ္ပလံဝါပိ၊ ကြာညိုပန်းရနံ့သည်လည်းကောင်း။ အထ၊ ထိုမှတစ်ပါး။ ဝဿိကီ၊ မြတ်လေးပန်းရနံ့သည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဧတေသံ ဂန္ဓဇာတာနံ၊ ဤပန်းရနံ့မျိုးတို့ထက်။ သီလဂန္ဓော၊ သီလရနံ့သည်သာ။ အနုတ္တရော၊ တုဘက်မရှိ အမြတ်ဆုံးဖြစ်ပေသတည်း။

**နံ့သာထူး ၄-ပါး**

၁။ အမြစ်နံ့သာ
၂။ အနှစ်နံ့သာ
၃။ အပွင့်နံ့သာ
၄။ သူတော်ကောင်းတို့၏ သီလစသောဂုဏ်နံ့သာ

ထို ၄-မျိုးတွင် အမြစ်၊ အနှစ်၊ အပွင့်ရနံ့တို့သည် လေအောက်သို့သာ လှိုင်စေ၏။ သူတော်ကောင်းတို့ရနံ့သည်ကား လေအောက်လေညာသို့ လှိုင်ပျံ့စေနိုင်သည်။

အာနန္ဒတ္ထေရပဉှာဝတ္ထုပြီး၏။

♦♦♦♦♦

http://www.dhammadownload.com



## ၁၀–မဟာကဿပထေရပိဏ္ဍပါတဒါနဝတ္ထု

### ဆွမ်းလှူသော သိကြားအို

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ သီတင်းသုံးစဉ် အရှင်မဟာကဿပသည် ပိပ္ပလိလိုဏ်ဂူ၌ နိရောဓသမာပတ် ဝင်စားတော်မူနေ၏။ ၇–ရက်ပြည့်၍ သမာပတ်မှ ထသောအခါ ဆင်းရဲသူတို့အား ချီးမြှောက်အံ့ဟု ရာဇဂြိုဟ်မြို့သို့ ရှေးရှုဆွမ်းခံကြွဝင်၏။

သိကြားမင်းဇနီးမောင်နှံသည် ဆင်းရဲသား ယက်ကန်းသည်အဘိုးအို ဇနီးမောင်နှံ ဟန်ဆောင်လျက် ဆွမ်းလှူ၏။ အလှူမြောက်သောအခါ ၃–ကြိမ်တိုင် ဥဒါန်းကျူးရင့်လျက် ကြွေးကြော်၏။ ထိုအသံကိုကြားသဖြင့် မြတ်ဗုဒ္ဓက ဤဒေသနာကို ဟောတော်မူသည်။ ဒေသနာအဆုံး၌ သောတာပန်စသည် တည်ကြ၏။

### နတ်ပြည်သို့တိုင် ရနံ့လှိုင်

ပါဠိ။ အပ္ပမတ္တော အယံ ဂန္ဓော၊ ယွာယံ တဂရစန္ဒနံ။
ယော စ သီလဝတံ ဂန္ဓော၊ ဝါတိ ဒေဝေသု ဥတ္တမော။

အနက်။ ယွာယံ တဂရစန္ဒနံ၊ အကြင် တောင်ဇလပ်၊စန္ဒကူးပန်းတို့၏ ရနံ့သည်။ အတ္ထိ၊ ရှိ၏။ အယံဂန္ဓော၊ ဤပန်းရနံ့မျိုးသည်။ အပ္ပမတ္တော၊ အနည်းငယ်မျှသာ မွှေး၏။ သီလဝတံ၊ သီလရှိသူတို့၏။ ယောစဂန္ဓော၊ အကြင်ရနံ့သည်ကား။ ဒေဝေသု၊ နတ်ပြည့်တို့၌။ ဥတ္တမော၊ ထူးမြတ်လွန်ကဲသည်ဖြစ်လျက်။ ဝါတိ၊ လှိုင်သင်း၏။

အဓိပ္ပါယ်။ တောဇလပ်၊ စန္ဒကူးပန်းတို့၏ ရနံ့တို့သည် မပြောပလောက်။ အနီးအနားမျှသာ လှိုင်သင်း၏။ သီလရှိသူတို့၏ သီလရနံ့သည် နတ်ပြည့်တို့သို့တိုင် ထူးမြတ်လွန်ကဲစွာ လှိုင်သင်းပျံ့၏။

ဓမ္မသာရ။ ရနံ့အပေါင်းတွင် သူတော်ကောင်းတို့၏ဂုဏ်ရနံ့သည်သာ လေအောက် လေညာသို့ ပျံ့လှိုင်၏။

### ဆင်းရဲသားများကို ချီးမြှောက်လိုသော မထေရ်

အရှင်မဟာကဿပသည် နိရောဓသမာပတ်မှထ၍ ဆင်းရဲသူများကို ချီးမြှောက်ရန် ဆွမ်းခံကြွသည်ကို နတ်သမီးငါးရာတို့ သိသဖြင့် လမ်းမှစောင့်လျက် ဆွမ်းလောင်းလှူ

http://www.dhammadownload.com


ကြသည်။ မထေရ်သည် အလျှုမခံဘဲ ပယ်မြစ်လိုက်၏။ ထိုအကြောင်းကို သိသဖြင့် သိကြားမင်း ဇနီးမောင်နှံသည် အဘိုအိုလင်မယားဟန်ဆောင်၍ ဆွမ်းလောင်းလှူကြရခြင်း ဖြစ်သည်။ (ဓမ္မ၊၄၁၊ ၂၆၈)

မဟာကဿပထေရပိဏ္ဍပါတဒါနဝတ္ထုပြီး၏။

◆◆◆◆◆

## ၁၁-ဂေါဓိကတ္ထေရပရိနိဗ္ဗာနဝတ္ထု

### ဂေါဓိကထေရ် ပရိနိဗ္ဗာန်ပြုခြင်း

မြတ်စွာဘုရား ရာဇဂြိုဟ်မြို့၌ သီတင်းသုံးစဉ် အရှင်ဂေါဓိကသည် ဣသိဂိလိ တောင်နံပါး မျက်စဉ်းညိုရောင်တောက်ပသော ကျောက်ဖျာထက်၌ ဝိပဿနာအလုပ်ကို မဆုတ်မနစ် ကြိုးစားအားထုတ်၏။

အပ္ပနာသမာဓိဖြင့် ဈာန်ကိုဖြစ်စေလျက် မြဲနေသောရောဂါ ပြန်ပြန်ထလာသဖြင့် ၆-ကြိမ်အထိပင် ရပြီးဈာန်မှ ပြန်၍ လျှောကျ၏။ 'ငါသည် ရပြီးဈာန် ယုတ်သဖြင့် သေသည်ရှိသော် ဂတိချွတ်လွဲနိုင်ရာ၏' ဟုကြံလျက် ၇-ကြိမ်မြောက်တွင် ဈာန်မှ မလျှောကျခင် မိမိကိုယ်ကို သတ်သေအံ့ဟု ဆံရိပ်သင်တုန်းဓားကို အသင့်ကိုင်ဆောင်လျက် ညောင်စောင်း၌ လျောင်း၏။ အသက်၌ ငဲ့ကွက်တွယ်တာခြင်း မရှိမူဘဲ မိမိလည်ကို ဖြတ်၍ ဝိပဿနာပွားများစဉ် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကာ ပရိနိဗ္ဗာန်ဝင်စံငြိမ်း၏။

မာရ်နတ်ယုတ်သည် လာ၍တားမြစ်သော်လည်း မရသဖြင့် မထေရ်၏လားရာ ဂတိကို ရှာ၏။ မတွေ့သောအခါ မြတ်ဗုဒ္ဓထံ မေးလျှောက်၍ မြတ်ဗုဒ္ဓက ဤဒေသနာကို ဟောကြားတော်မူသည်။ ဒေသနာအဆုံး၌ သောတာပန်တည်ကြ၏။

### မာရ်နတ် မမြင်ရာလမ်း

ပါဠိ။ တေသံ သမ္ပန္နသီလာနံ၊ အပ္ပမာဒ ဝိဟာရိနံ။
သမ္မဒညာ ဝိမုတ္တာနံ၊ မာရော မဂ္ဂံ နဝိန္ဒတိ။

http://www.dhammadownload.com



အနက်။ သမ္မန္တသီလာနံ၊ သီလနှင့်ပြည့်စုံကုန်သော။ အပ္ပမာဒဝိဟာရိနံ၊ မမေ့မလျော့သော သတိဖြင့်နေလေ့ရှိကုန်သော။ သမ္မဒညာ–သမ္မဒညာယ၊ ကောင်းစွာဉာဏ်အမြင်ဖြင့် သိ၍။ ဝိမုတ္တာနံ၊ ကိလေသာမှ လွတ်မြောက်ကုန်သော။ တေသံ၊ ထိုပရိနိဗ္ဗာန်ဝင်စံငြိမ်းပြီး ရဟန္တာပုဂ္ဂိုလ်ကြီးတို့၏။ မဂ္ဂံ၊ သွားရာလမ်းကြောင်းကို။ မာရော၊ မာနတ်ယုတ်သည်။ နဝိန္ဒတိ၊ မတွေ့မမြင်နိုင်ပေသတည်း။

အဓိပ္ပါယ်။ သီလနှင့်ပြည့်စုံ၍ မမေ့လျော့သောသတိဖြင့် ကိလေသာတို့မှ လွတ်မြောက်သော ဂေါဓိကမထေရ်၏ပရိနိဗ္ဗာန်ဝင်စံခြင်းကဲ့သို့ ပရိနိဗ္ဗာန်ဝင်စံပြီး ရဟန္တာကြီးတို့၏ သွားရာဂတိလမ်းကြောင်းကို မာရ်နတ် မသိမြင်နိုင်။

ဓမ္မသာရ။ ရဟန္တာပုဂ္ဂိုလ်တို့၏ သွားရာနိဗ္ဗာန်လမ်းကြောင်းကို မာရ်နတ်မမြင်နိုင်။

### လွတ်မြောက်ခြင်း 'ဝိမုတ္တိ'

ဝိမုတ္တိ–လွတ်မြောက်ခြင်းဟူသည် တဒင်္ဂပဟာန်,ဝိက္ခမ္ဘနပဟာန်,သမုစ္ဆေဒပဟာန်, ပဋိပဿဒ္ဓ, နိဿရဏဟူသော ဝိမုတ္တိတရား ၅–ပါးတို့ဖြင့် ကိလေသာမှ လွတ်မြောက်ခြင်းတည်း။ ဝိမုတ္တိအရ–လွတ်မြောက်သောပုဂ္ဂိုလ်သည် ရဟန္တာတည်း။

ဂေါဓိကတ္ထေရပရိနိဗ္ဗာနဝတ္ထုပြီး၏။

◆◆◆◆◆

## ၁၂–ဂရဟာဒိန္နဝတ္ထု

### ဘုရားကို လက်တွေ့စမ်းသပ်သူ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် တက္ကဒွန်း၏ တပည့်ဖြစ်သူ ဂရဟာဒိန္နသည် ယုတ်မာသောအကြံဖြင့် ဘုရားရှင်နှင့်သံဃာတော်များကို ဆွမ်းပင့်၏။ အိမ်၌ တွင်းကျယ်ကြီးကို တူစေလျက် ရှားမီးကျီစုကို ပြည့်စေ၍ အပေါ်၌ ပျဉ်ခင်းကာ နေရာပြင်ထား၏။ ရဟန်းငါးရာနှင့်အတူ ဘုရားရှင်ကြွတော်မူလာသောအခါ မီးကျီတွင်းထဲမှ လှည်းဘီးမျှရှိသော ပဒုမ္မာကြာပွင့် ငါးရာတို့ ပေါ်ပေါက်လာ၍ ဘုရားရှင်သည် ပဒုမ္မာကြာပွင့် ပေါ်၌ သပ္ပါယ်စွာ စံတော်မူ၏။ ဤအံ့ဖွယ်ကို မြင်ရသောအခါ ဂရဟာဒိန္နသည် ထိတ်လန့်တုန်လှုပ်သဖြင့် ဘုရားရှင်အား ဝန်ချတောင်းပန်လျက် ရိုသေစွာ ဆွမ်းကပ်လှူ

http://www.dhammadownload.com


တော့၏။ ဆွမ်းအနုမောဒနာအဖြစ် ဘုရားရှင်သည် ဤဒေသနာကို ဟောတော်မူသည်။ ဒေသနာအဆုံး၌ ဂဟာရဒိန္နနှင့် သီရိဂုတ္တတို့သူငယ်ချင်းနှစ်ယောက် သောတာပန်တည်၏။

## အမှိုက်ပုံလယ် ကြာပန်းနှယ်

ပါဠိ။ ယထာ သင်္ကာရဓာနသ္မိံ၊ ဥဇ္ဈိတသ္မိံ မဟာပထေ။
ပဒုမံ တတ္ထ ဇာယေထ၊ သုစိဂန္ဓံ မနောရမံ။

အနက်။ မဟာပထေ၊ လမ်းမကြီး၌။ ဥဇ္ဈိတသ္မိံ၊ စွန့်ပစ်အပ်သော။ တတ္ထသင်္ကာရဓာနသ္မိံ၊ ထိုအမှိုက်ပုံ၌။ သုစိဂန္ဓံ၊ မွေးကြိုင်သောရနံ့ရှိသော။ မနောရမံ၊ နှလုံးမွေ့လျော်ဖွယ်ရှိသော။ ပဒုမံ၊ ပဒုမ္မာကြာပန်းသည်။ ဇာယေထယထာ၊ ပေါက်ရောက်လာသကဲ့သို့။

ပါဠိ။ ဧဝံ သင်္ကာရဘူတေသု၊ အန္ဓဘူတေ ပုထုဇ္ဇနေ။
အတိရောစတိ ပညာယ၊ သမ္မာသမ္ဗုဒ္ဓ သာဝကော။

အနက်။ ဧဝံ၊ ထို့အတူ။ သင်္ကာရဘူတေသု၊ အမှိုက်ပုံနှယ်တူကုန်သော သတ္တဝါအပေါင်းတို့တွင်။ သမ္မာသမ္ဗုဒ္ဓသာဝကော၊ ဘုရားရှင်၏တပည့်သည်။ အန္ဓဘူတေ၊ အကန်းအတိဖြစ်သည့်။ ပုထုဇ္ဇနေ၊ ပုထုဇဉ်အပေါင်း၌။ ပညာယ၊ ပညာဖြင့်။ အတိရောစတိ၊ အလွန်ပင်တင့်တယ်လှပေသတည်း။

အဓိပ္ပါယ်။ လမ်းမကြီး၌ စွန့်ပစ်ထားသော အမှိုက်ပုံတွင် မွေးကြိုင်၍ နှလုံးမွေ့ဖွယ်ရှိသော ပဒုမ္မာကြာပန်း ပေါက်သကဲ့သို့၊ အမှိုက်သဖွယ်ဖြစ်သော ပုထုဇဉ်အကန်းတို့တွင် ဘုရားတပည့်သည် ပညာဉာဏ်အလင်းဖြင့် ထွန်းလင်းတင့်တယ်၏။

ဓမ္မသာရ။ပုထုဇဉ်သတ္တဝါတို့သည် ပညာမျက်လုံးကန်း၍ အမှိုက်ပုံနှင့်တူ၏။ ဘုရားရှင်၏တပည့်သည် ပညာဉာဏ်အလင်းထွန်းပသဖြင့် ကြာပန်းသဖွယ် တင့်တယ်၏။

## အမှိုက်ပုံနှင့် ကြာပဒုမ္မာ

သူယုတ်မာများထဲ၌ သူတော်ကောင်းသည်လည်းကောင်း၊ အဝိဇ္ဇာဖြင့် ကန်းသော ပုထုဇဉ်များထဲ၌ ဝိဇ္ဇာဖြင့် ထွန်းလင်းတောက်ပသော အရိယာများသည်လည်းကောင်း၊ အမှိုက်ပုံကြားက ကြာပဒုမ္မာနှင့် တူ၏။

http://www.dhammadownload.com



**အမှန်မသိခြင်းကြောင့်**

သာဝတ္ထိမြို့၌ ဂရဟာဒိန္နကိုးကွယ်သော မိစ္ဆာဒိဋ္ဌိများသည် ဂရဟာဒိန္နပြောသကဲ့သို့ အမှန်သိမသိကို သီရိဂုတ္တက စမ်းသပ်ကြည့်ရာ အမှန်မသိသဖြင့် မစင်တွင်းသို့ လိမ့်ကျကြရသည်။

သီရိဂုတ္တကိုးကွယ်သော ဗုဒ္ဓမြတ်စွာသည် သီရိဂုတ္တပြောသကဲ့သို့ အမှန်သိမသိကို ဂရဟာဒိန္နက စမ်းသပ်ကြည့်ရာ အမှန်သိသဖြင့် မစင်တွင်းသို့ မကျသည့်ပြင် သူငယ်ချင်းနှစ်ယောက်လုံး သောတာပန်တည်ကြသည်။ (ဓမ္မ၊ ၄၊ ၁၊ ၂၇၅-၉)

ဂရဟာဒိန္နဝတ္ထုပြီး၏။

ပုပ္ဖဝဂ်ပြီး၏။

♦♦♦♦♦♦♦♦♦♦♦

## ၅-ဗာလဝဂ်

(လူမိုက်တရားအုပ်စု)

### ၁-အညတရ ပုရိသဝတ္ထု

**မထင်ရှားသောယောကျ်ား**

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် မသေနဒီကောသလမင်းကြီးသည် သူတစ်ပါးမယား၌ တပ်မက်သဖြင့် လင်ဖြစ်သူကို ခေါ်ယူကာ ယူဇနာ ၁-ရာဝေးသော အရပ်၌ ကုမုဒြာကြာနှင့် အရုဏဝတီမြေကို ယူဆောင်ခိုင်း၏။

မင်းကြီးသည် ညဉ့်အခါ၌ ထိုရာဂစိတ်ဖြင့် အိပ်ပျော်လေသော် 'ဒု၊သ၊န၊သော' ဟူသော အသံကြီး ၄-မျိုးကို ကြား၍ ထိတ်လန့်ကြောက်ရွံ့သဖြင့် အိပ်မပျော် ဖြစ်၏။ မိုးသောက်ယံအခါတွင် မြတ်စွာဘုရားရှင်ထံသို့ ချဉ်းကပ်လျက် 'အရှင်ဘုရား၊ အိပ်မပျော်သူအား ညဉ့်တာရှည်လှပါသည်' ဟု လျှောက်၏။

ထိုအချိန်တွင် မင်းကြီးစေခိုင်းလိုက်သူ ရောက်လာ၍ 'အရှင်ဘုရား၊ ခရီးပန်းသူအား ၁-ယူဇနာခရီးသည် ရှည်လှပါ၏' ဟုလျှောက်ပြန်၏။ ဘုရားရှင်သည် ထိုသူတို့ကို အကြောင်းပြု၍ ဤဒေသနာကို ဟောကြားတော်မူသည်။ ဒေသနာအဆုံး၌ ခရီးသွားယောကျ်ားသည် သောတာပန်တည်၏။

http://www.dhammadownload.com



## လူမိုက်အား သံသရာရှည်

ပါဠိ။ ဒီဃာ ဇာဂရတော ရတ္တိ၊ ဒီဃံ သန္တဿ ယောဇနံ။
ဒီဃော ဗာလာန သံသာရော၊ သဒ္ဓမ္မံ အဝိဇာနတံ။

အနက်။ ဇာဂရတော၊ အိပ်၍မပျော်သော နိုးနေသူအား။ ရတ္တိ၊ ညဥ့်တာသည်။ ဒီဃာ၊ ရှည်လျား၏။ သန္တဿ၊ ခရီးပန်းသောသူအား။ ယောဇနံ၊ တစ်ယူဇနာမျှခရီးသည်။ ဒီဃံ၊ ရှည်လျား၏။ သဒ္ဓမ္မံ၊ သူတော်ကောင်းတရားကို။ အဝိဇာနတံ၊ မသိကုန်သော။ ဗာလာနံ၊ လူမိုက်တို့အား။ သံသာရော၊ သံသရာသည်။ ဒီဃော၊ ရှည်လျား၏။

အဓိပ္ပာယ်။ အိပ်၍မပျော် နိုးနေသောသူအား ညဥ့်တာရှည်လျားသည်။ ခရီးပန်းသော သူအား တယူဇနာမျှခရီးသည် ရှည်လျားသည်။ သူတော်ကောင်း တရားကို မသိသောလူမိုက် တို့အား သံသရာခရီးသည် ပို၍ရှည်လျားသည်။

ဓမ္မရသ-လူမိုက်အား သံသရာ ရှည်၏။

### ညဥ့်တာရှည်မှုကိုမသိသူ

၁။နေထွက်သည့်တိုင်အောင် လူးကာ လိမ့်ကာ အိပ်လျက် အပျင်းကြီးသူ။
၂။ ကောင်းကောင်းစားပြီးလျှင် ကောင်းသောအိပ်ရာမှာအိပ်၍ ကာမဂုဏ်ကိုခံစားသူ။

### ညဥ့်တာရှည်မှုကိုသိသူ

၁။ တစ်ညလုံး ကမ္မဋ္ဌာန်း အားထုတ်သူ၊
၂။ တရားဟောနေသော ဓမ္မကထိကပုဂ္ဂိုလ်၊
၃။ ဓမ္မကထိကပုဂ္ဂိုလ်၏ အနီး၌ တရားနာသူ၊
၄။ ခေါင်းကိုက် ဝေဒနာစသည် ရှိသူ၊
၅။ လက်ခြေစသည် ပြတ်နေ၍ ဝေဒနာခံစားနေရသူ၊

အညတရ ပုရိသဝတ္ထုပြီး၏။

◆◆◆◆◆

http://www.dhammadownload.com


## ၂-မဟာကဿပသဒ္ဓိဝိဟာရိကဝတ္ထု

### အရှင်မဟာကဿပ၏တပည့်

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် အရှင်မဟာကဿပသည် ပိပ္ပလိလိုဏ်ဂူ၌ သီတင်းသုံး၏။ မထေရ်၏ အတူနေတပည့် ၂-ဦးတွင် တပည့်တစ်ဦးသည် အဆုံးအမကို မနာယူဘဲ ရန်ငြိုးဖွဲ့လျက် မထေရ်မြတ် ဆွမ်းခံကြွခိုက်တွင် ကျောင်းကို မီးရှို့ပြေး၏။ မကြာခင်တွင် သေလွန်၍ အဝီစိငရဲ၌ ဖြစ်ရ၏။ ထိုအကြောင်းကို အတူနေတပည့်တစ်ဦးက လျှောက်ထားသဖြင့် မြတ်ဗုဒ္ဓက ဤဒေသနာကို ဟောတော်မူသည်။ ဒေသနာအဆုံး၌ လျှောက်ထားသောတပည့်သည် သောတာပန်တည်၏။

### လူမိုက်၌ အပေါင်းအဖော်မရှိ

ပါဠိ။ စရဉ္စေ နာဓိဂစ္ဆေယျ၊ သေယျံ သဒိသမတ္တနော။
ဧကစရိယံ ဒဠှံ ကယိရာ၊ နတ္ထိ၊ ဗာလေ သဟာယတာ။

အနက်။ ဗာလေ၊ လူမိုက်၌။ သဟာယတာ၊ ရှူဋ္ဌသီလစသောအဆွေခင်ပွန်း ဖြစ်သည်။ နတ္ထိ၊ မရှိ။ စရံ စရန္တော၊ မိတ်ဆွေကောင်းကို ရှာသောသူသည်။ အတ္တနော၊ မိမိထက်။ သေယျံ၊ သီလစသည်ဖြင့် လွန်မြတ်သူကိုလည်းကောင်း။ အတ္တနော၊ မိမိနှင့်။ သဒိသံ၊ သီလ,သမာဓိ,ပညာဂုဏ်တို့ဖြင့် တူသူကိုလည်းကောင်း။ စေနာဓိဂစ္ဆေယျ၊ အကယ်၍ မရနိုင်ငြားအံ့။ ဧကစရိယံ၊ တစ်ယောက်တည်းကျင့်ခြင်းကိုသာလျှင်။ ဒဠှံ၊ မြဲမြံစွာ။ ကယိရာ၊ ပြုရာ၏။

အဓိပ္ပါယ်။ လူမိုက်၌ အဆွေခင်ပွန်းဖွဲ့ရန် ရှူဋ္ဌသီစသော ဂုဏ်မရှိ။ ကလျာဏမိတ္တကို ရှာဖွေမိတ်ဖွဲ့လိုသူသည် မိမိထက် သီလ သမာဓိ ပညာဖြင့် လွန်မြတ်သူကိုလည်းကောင်း၊ မိမိနှင့်သီလစသည်တူသူကိုလည်းကောင်း မရနိုင်ခဲ့သော် တစ်ယောက်တည်းသာ နေရာ၏။

ဓမ္မသာရ။ မိမိနှင့်တူသည်၊ သာသူကို မရသော် တစ်ယောက်တည်းနေရမည်။

### မိတ်ဆွေ ၃-မျိုး

မိမိအောက် သီလ,သမာဓိ,ပညာဂုဏ်တို့ နိမ့်ကျသူသည် 'ဟီနမိတ္တ' ယုတ်နိမ့်သော မိတ်ဆွေ မည်၏။ မိမိနှင့် သီလ,သမာဓိ,ပညာဂုဏ်တို့ တန်းတူသူသည် 'သဒိသမိတ္တ' တူသောမိတ်ဆွေ မည်၏။ မိမိထက် သီလ,သမာဓိ,ပညာဂုဏ်တို့ သာလွန်သူသည်

http://www.dhammadownload.com



'သေယျမိတ္တ' မြတ်သောမိတ်ဆွေ မည်၏။

### တစ်ယောက်တည်းနေသင့်သူ

ထို ၃-ယောက်တို့တွင် သဒိသမိတ္တနှင့် သေယျမိတ္တတို့သည် သီလစသောဂုဏ်တို့ မယုတ်လျော့နိုင်ဘဲ တိုးပွားနိုင်သဖြင့် ပေါင်းသင်းထိုက်သော မိတ်ဆွေ မည်၏။ ဟီနမိတ္တကား သီလစသောဂုဏ်တို့မှ လျော့ကျနိုင်သဖြင့် မပေါင်းသင်းထိုက်သော မိတ်ဆွေ မည်၏။

ထို့ကြောင့် သေယျနှင့် သဒိသ ၂-ယောက်တွင် တစ်ယောက်ယောက်ကို ပေါင်းဖော်ဖို့ မရရှိသူသည် တစ်ယောက်တည်းနေသင့်၊ ကျင့်သင့်သူ 'ဧကစရိယ'ဖြစ်သည်။

### အပေါင်းအသင်း၏ တန်ဖိုး

'သဟာယတာ'အရ အပေါင်းအဖော်ပြုသူအတွက် စူဠသီလ,မဇ္ဈိမသီလ, မဟာသီလ,ကထာဝတ္ထု ၁၀-ပါး၊ ဓုတင် ၁၃-ပါး,ဝိပဿနာဉာဏ်, မဂ် ၄-ပါး,ဖိုလ် ၄-ပါး,ဝိဇ္ဇာ ၃-ပါး,အဘိညာဉ် ၆-ပါးတို့ကို ရရှိခြင်းအကျိုး ရှိပါသည်။ (ဌ၊ ၁၊ ၂၉၃)

မဟာကဿပသဒ္ဓိဝိဟာရိကဝတ္ထုပြီး၏။

◆◆◆◆◆

## ၃-အာနန္ဒသေဋ္ဌိဝတ္ထု

### အာနန္ဒာသူဌေး

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် သာဝတ္ထိမြို့၌ ကုဋေ ၈၀-ကြွယ်ဝသော အာနန္ဒသူဌေးသည် အလွန်ဝန်တိုစေးနဲ၏။ သူတစ်ပါးကိုလည်း မပေးရက် မကမ်းရက်၊ မိမိကိုယ်တိုင်လည်း မသုံးရက်။ သားဖြစ်သူ မူလသီရိကိုလည်း 'ရှိပြီးသည်ကို မလျော့ပါးစေရ၊ မရှိသေးသည်ကို ရှိအောင်ပြုရမည်။ ငါကဲ့သို့ နှမြောစုံမက်ရမည်'ဟု တစ်နေ့ ၃-ကြိမ် ဆုံးမလေ့ရှိ၏။

ထိုဘဝမှ သေလွန်သောအခါ အာနန္ဒသူဌေးသည် ဒွန်းစဏ္ဍားမျိုး၌ ဖြစ်၍ ခွက်လက်စွဲကာ တောင်းရမ်းစားသောက်ရ၏။ တစ်နေ့တွင် ဘုရားရှင်သည် တွေ့မြင်တော်မူ၍ မူလသီရိသူဌေးကို ခေါ်ကာ ဤသူသည် ယခင်ဘဝက သင့်ဖခင် အာနန္ဒသူဌေးဝင်စားသူ တည်းဟု ပြောပြ၏။

http://www.dhammadownload.com


မူလသီရိသူဌေးသည် မယုံကြည်။ ထို့ကြောင့် ဘုရားရှင်က အာနန္ဒသူဌေးဘဝတွင် မြှုပ်နှံသိမ်းဆည်းခဲ့သော ရွှေအိုးငါးလုံးကို ရှာဖွေတူးဖော်ခိုင်းစေ၍ ယုံကြည့်တော့၏။ ဤသူဌေးသားအဖကို အကြောင်းပြု၍ ဤဒေသနာကို ဟောကြားတော်မူသည်။ ဒေသနာ အဆုံး၌ ၈၄-သောင်း ၄-ထောင်သောပရိသတ်တို့ တရားထူးရကြသည်။

## မိမိသည်ပင် မိမိ၏ကိုးကွယ်ရာမဟုတ်

ပါဠိ။ ပုတ္တာမတ္ထိ ဓနမတ္ထိ၊ ဣတိ ဗာလော ဝိဟညတိ။
အတ္တာဟိ အတ္တနော နတ္ထိ၊ ကုတော ပုတ္တာ ကုတော ဓနံ။

အနက်။ ဗာလော၊ လူမိုက်သည်။ မေ၊ ငါ့အား။ ပုတ္တာ၊ သားသမီးတို့သည်။ အတ္ထိ၊ ရှိကုန်၏။ မေ၊ ငါ့အား။ ဓနံ၊ ဥစ္စာသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့။ (တဏှာယ၊ သားသမီးပစ္စည်းဥစ္စာကို စွဲလန်းမှုတဏှာဖြင့်) ဝိဟညတိ၊ ပင်ပန်းဆင်းရဲ၏။ အတ္တာဟိ၊ မိမိကိုတိုင်သည်ပင်။ အတ္တနော၊ မိမိ၏ကိုးကွယ်ရာသည်။ နတ္ထိ၊ မရှိ။ ပုတ္တာ၊ သားသမီး တို့သည်။ ကုတော၊ အဘယ်မှာကိုးကွယ်ရာရှိအံ့နည်း။ ဓနံ၊ ပစ္စည်းဥစ္စာသည်။ ကုတော၊ အဘယ်မှာ ကိုးကွယ်ရာရှိအံ့နည်း။

အဓိပ္ပါယ်။ လူမိုက်သည် မိမိအား သားသမီးနှင့် ပစ္စည်းဥစ္စာတို့ရှိ၏ဟု စွဲလန်းမှုဖြင့် ပင်ပန်းဆင်းရဲရ၏။ စင်စစ်သော်ကား မိမိအား မိမိကိုယ်တိုင်ပင် ကိုးကွယ်ရာမရှိ။ သားသမီး ပစ္စည်းဥစ္စာတို့ကား အဘယ်မှာ ကိုးကွယ်ရာ ရှိနိုင်အံ့နည်း။

ဓမ္မသာရ။ မိမိနှင့်အတူ သားသမီးပစ္စည်းအားလုံးသည် မိမိ၏ ကိုးကွယ်ရာမဟုတ်။

### ပင်ပန်းခြင်း ၆-မျိုး

လူမိုက်သည် ငါ့၌ သားသမီးတို့ ရှိ၏ဟု စွဲလန်းသဖြင့် ထိုသားသမီးတို့သည် ပျက်စီးဆဲ,ပျက်စီးပြီး,ပျက်စီးလတ္တံ့ဟု ပင်ပန်းဆင်းရဲရ၏။ ငါ့၌ ပစ္စည်းဥစ္စာတို့ ရှိ၏ဟု စွဲလန်းသဖြင့် ထိုပစ္စည်းတို့သည် ပျက်စီးဆဲ,ပျက်စီးပြီး,ပျက်စီးလတ္တံ့ဟု ပင်ပန်းဆင်းရဲရ၏။ ထို့အပြင် ငါ၏ သားသမီးတို့ကို ရှာဖွေကျွေးမွေးအံ့ဟုလည်းကောင်း၊ ငါ၏ စီးပွားဥစ္စာတို့ တိုးတက်ပွားများစေအံ့ဟုလည်းကောင်း ပင်ပန်းဆင်းရဲရ၏။

http://www.dhammadownload.com



## အတ္တသည်ပင် ကိုးကွယ်ရာမရှိ

'အတ္တာဟိ အတ္တနော နတ္ထိ' စင်စစ်သော်ကား မိမိသည်ပင် မိမိ၏ ကိုးကွယ်ရာ မရှိနိုင်။ သားသမီးတို့ရှိ၏။ ပစ္စည်းဥစ္စာတို့ ရှိ၏ဟု စွဲလန်းသဖြင့် မိမိအတွက် အဘယ်မှာ ကိုးကွယ်ရာ ဖြစ်အံ့နည်း။ ထိုသို့ ပင်ပန်းဆင်းရဲမှုဖြင့် အဘယ်အကျိုးရှိအံ့နည်း။

## သားသမီး,ပစ္စည်းဥစ္စာ ဘာအတွက်လဲ

'ကုတော ပုတ္တာ၊ ကုတော ဓနံ' အိုဘေး,နာဘေး,သေဘေးတို့နှင့် ကြုံဆုံရသည်ရှိသော် မိမိကိုယ်ကို သားသမီးလည်း မကယ်နိုင်။ ပစ္စည်းဥစ္စာလည်း မကယ်နိုင်။ မိမိကိုယ်တိုင်သည်ပင် မိမိ၏ဆင်းရဲဝေဒနာကို မကယ်နိုင်တော့ချေ။ ထိုအခါ၌ အဘယ်အရာသည် မိမိအတွက် ချမ်းသာကို ဖြစ်စေအံ့နည်း။ အဘယ်အရာသည် မိမိ၏ ဆင်းရဲကို ဖယ်စေအံ့နည်း။ ပညာရှိသည် ဆင်ခြင်သတိပြုရာ၏။

အာနန္ဒသေဋ္ဌိဝတ္ထုပြီး၏။

♦♦♦♦♦

# ၄-ဂဏ္ဌိဘေဒကစောရဝတ္ထု

## ခါးပိုက်နှိုက်သူ နှစ်ဦး

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် သူခိုးသူငယ်ချင်း နှစ်ယောက်တို့သည် တရားနာပရိသတ်နှင့်အတူရောလျက် ကျောင်းသို့ လိုက်ပါခဲ့၏။

တစ်ယောက်သည် တရားကို အာရုံစိုက်နာယူနေသဖြင့် သောတာပန်အရိယာ ဖြစ်သွား၏။ ကျန်တစ်ယောက်ကား သူတစ်ပါးဥစ္စာထုတ်ကို ဖြေခိုး၍ အသပြာ ငါးပဲ ရ၏။ အိမ်ပြန်ရောက်သောအခါ ဥစ္စာရခဲ့သူက 'သင်သည် အလွန်ပညာရှိသူဖြစ်သော ကြောင့် အိမ်၌ ထမင်းချက်ဖို့မျှပင် မစွမ်းဆောင်နိုင်'ဟု ပျက်ရယ်ပြု ပြောဆို၏။

ထိုအခါ သောတာပန်ဖြစ်သွားသူ သူခိုးက 'ဤသူသည် အလွန်တရာမိုက်မဲတွေဝေသူ ဖြစ်ပါလျက်နှင့် မိမိကိုယ်ကို ပညာရှိ၏'ဟု မှတ်ထင်နေ၏ဟု ကြံကာ ဘုရားရှင်ထံ လျှောက်ကြားသဖြင့် ဤဒေသနာကို ဟောကြားတော်မူသည်။ ဒေသနာအဆုံး၌ ဆွေမျိုးမိတ်ဆွေများ သောတာပန်တည်ကြ၏။

http://www.dhammadownload.com


## လူမိုက်ထက် ပိုမိုက်သူ

ပါဠိ။ ယော ဗာလော မညတိ ဗာလျံ၊ ပဏ္ဍိတော ဝါပိ တေန သော။
ဗာလော စ ပဏ္ဍိတမာနီ၊ သ ဝေ ဗာလောတိ ဝုစ္စတိ။

အနက်။ ယောဗာလော၊ အကြင်လူမိုက်သည်။ (အတ္တနော၊ မိမိ၏) ဗာလျံ၊ မိုက်သည်၏အဖြစ်ကို။ မညတိ၊ သိ၏။ တေန၊ ထိုသိမှုကြောင့်။ သောဗာလော၊ ထိုလူမိုက်သည်။ ပဏ္ဍိတောဝါပိ၊ ပညာရှိသော်လည်း ဖြစ်နိုင်သေး၏။ ယောစ၊ အကြင်သူသည်ကား။ ဗာလောစ၊ မိုက်သည်ဖြစ်လျက်လည်း။ ပဏ္ဍိတမာနီ၊ ငါပညာရှိဟု မှတ်ထင်၍နေ၏။ သော၊ ထိုသူကို။ ဝေ၊ စင်စစ်။ ဗာလောတိ၊ လူမိုက်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

အဓိပ္ပါယ်။ အကြင်သူသည် မိမိ၏ မိုက်သည်၏အဖြစ်ကို သိသောကြောင့် ပညာရှိ ဖြစ်နိုင်၏။ အကြင်သူသည်ကား မိုက်လျက်ပင် မိမိကိုယ်ကို ငါပညာရှိဟု မှတ်ထင်မှုကြောင့် လူမိုက်စင်စစ်သာ ဖြစ်၏။

**ဓမ္မသာရ**။ မိမိ၏ မိုက်ပြစ်ကို မသိသူသည် အမိုက်ဆုံးလူ ဖြစ်၏။

## လူ ၃-မျိုး

လူမိုက်သည် မိမိ၏မိုက်မှားမှုကို မိုက်မှားမှန်းပင် မသိ။ လူလိမ္မာသည် မိမိ၏ မိုက်မှားမှုကို မိုက်မှားမှုမှန်းသိ၍ ပြုပြင်၏။ ပညာရှိသည်ကား မိုက်မှားမှုကို ရှောင်ကြဉ်၍ သူတော်ကောင်းတို့အား ချဉ်းကပ်လျက် ပရိယတ်၊ ပဋိပတ်တို့ကို အားထုတ်သဖြင့် အထူး ပညာရှိ ဖြစ်၏။ တရားကို သိမြင်၏။

ဂဏ္ဌိဘေဒကစောရဝတ္ထုပြီး၏။

♦♦♦♦♦

## ၅-ဥဒါယိထေရဝတ္ထု

### ဥဒါယိရဟန်း

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ဥဒါယိရဟန်းသည် ဓမ္မသဘင် သို့သွား၍ တရားဟောဓမ္မကထိကတို့ ထိုင်ရာပလ္လင်၌ ထိုင်လေ့ရှိ၏။ တစ်နေ့တွင် အာဂန္တု ရဟန်းတို့ရောက်လာ၍ ဥဒါယိရဟန်းသည် ပညာဗဟုသုတနှင့် ပြည့်စုံသူဖြစ်လိမ့်မည်ဟု

http://www.dhammadownload.com


ခန္ဓာ, အာယတန,ဓာတ်စသည်တို့၌ ပြဿနာကို မေး၏။

ဥဒါယီရဟန်းကား ဘာမျှ ပြန်မဖြေနိုင်။ ထိုအခါ ရဟန်းတို့က 'သင်သည် ဘုရားရှင်၏အနီးနား၌ နေရပါလျက် ခန္ဓာ,အာယတနတို့ကိုသော်မျှ မသိ။ အဘယ့်ကြောင့် ပလ္လင်ပေါ် တက်ဘိသနည်း'ဟု ကဲ့ရဲ့ကြ၏။ ထိုအကြောင်းကို ကြားသိရ၍ မြတ်ဗုဒ္ဓက ဤဒေသနာကို ဟောတော်မူသည်။ ဒေသနာအဆုံး၌ အာဂန္တုရဟန်းများ ရဟန္တာ ဖြစ်ကြ၏။

## ယောက်မနှင့်တူ မိုက်မဲသူ

ပါဠိ။ ယာဝဇီဝမ္ပိ စေ ဗာလော၊ ပဏ္ဍိတံ ပယိရုပါသတိ။

န သော ဓမ္မံ ဝိဇာနာတိ၊ ဒဗ္ဗိ သူပရသံ ယထာ။

အနက်။ ဒဗ္ဗိ၊ ယောက်မသည်၊ သူပရသံ၊ ဟင်းလျာ၏အရသာကို။ နဇာနာတိ ယထာ၊ မသိနိုင်သကဲ့သို့။ ဗာလော၊ လူမိုက်သည်။ ပဏ္ဍိတံ၊ ပညာရှိကို။ ယာဝဇီဝမ္ပိ၊ အသက်ရှည်သမျှကာလပတ်လုံးလည်း။ စေပယိရုပါသတိ၊ အကယ်၍ဆည်းကပ်ငြားအံ့။ သော၊ ထိုပုဂ္ဂိုလ်သည်။ ဓမ္မံ၊ တရားတော်ကို။ နဝိဇာနာတိ၊ မသိနိုင်။

အဓိပ္ပါယ်။ ယောက်မသည် ဟင်း၏အရသာကို မသိသကဲ့သို့ လူမိုက်သည် အသက် ရှည်သမျှကာလလုံး ပညာရှိကို ဆည်းကပ်နေရစေကာမူ တရားမသိနိုင်။

ဓမ္မသာရ။ လူမိုက်သည် ပညာရှိနားနေသော်လည်း ဓမ္မနှင့်ဝေး၏။

## ယောက်မနှင့်တူသူ

ယောက်မသည် ဟင်းအိုးတွင်းဝယ် တိုသွားသည်အထိ နေရငြားသော်လည်း အပေါ့,အလေး,အချဉ်,အဖန်,အခါး,အစပ်ဟူသော ဟင်းအရသာကို မသိနိုင်။ ထို့အတူ လူမိုက်သည်လည်း ပညာရှိထံပါး၌ နေ၍ အသက်ပင်သေသွားသော်လည်း ဤကားအကျင့်၊ ကျက်စားရာ၊ အပြစ်ရှိအပြစ်မရှိ၊ မှီဝဲသင့်မမှီဝဲသင့်ဟူသော ပဋိပတ္တိဓမ္မကိုလည်းကောင်း၊ ထိုးထွင်းသိအပ်, မျက်မှောက်ပြုအပ်သော ပဋိဝေဓဓမ္မကိုလည်း မသိနိုင်။ ထို့ကြောင့် လူမိုက်သည် ယောက်မနှင့်တူသူ ဖြစ်သည်။

ဥဒါယိထေရဝတ္ထုပြီး၏။

♦♦♦♦♦

http://www.dhammadownload.com



## ၆–တိံသပါဝေယျကကဘိက္ခုဝတ္ထု

### ပါဝါပြည်သား ရဟန်း ၃၀–ကျိတ်

ဘဒ္ဒဝဂ္ဂီညီနောင် ၃၀–ကျိပ်တို့သည် မိမိတို့မယားများနှင့်အတူ တောဌ် ပျော်ပါး နေထိုင်ကြ၏။ မိန်းမမရှိသောမင်းသားတစ်ပါးက ခေါ်လာခဲ့သော ပြည့်တန်ဆာမသည် မင်းသားများ၏ ပစ္စည်းဘဏ္ဍာများကို ခိုးယူထွက်ပြေး၍ လိုက်ကြရာ ကပ္ပါသိကတောအုပ်သို့ ရောက်ရှိလာ၏။

ဘုရားရှင်သည် မိဂဒါဝုန်တော်မှ ကြွလာခိုက် မင်းသားများက 'ထွက်ပြေးလာသော မိန်းမတစ်ယောက်ကို တွေ့မိပါသလောဟု' မေး၏။ ရှင်တော်မြတ်က တရားစကားမိန့်ကြား တော်မူ၍ မိမိကိုယ်ကို ပြန်ရှာခိုင်းရာ သောတာပန်စသည် ဖြစ်ကြကုန်၏။ ထို့နောက်တွင် အနမတဂ္ဂသုတ်ကို နာကြရသောအခါ အားလုံး ရဟန္တာ ဖြစ်ကြသည်။

အခြားရဟန်းများက ပါဝါပြည်သားရဟန်းများတို့သည် 'တရားကို နာကြားရရုံမျှဖြင့် (တရားအားမထုတ်ဘဲ) လျင်မြန်စွာ တရားသိနိုင်ကြပေစွ'ဟု ချီးမွမ်းပြောဆိုကြရာတွင် ရှင်တော်ဗုဒ္ဓသည် ဤဒေသနာတော်ကို ဟောကြားတော်မူသည်။

### ပညာရှိသူ လျှာနှင့်တူ

ပါဠိ။ မုဟုတ္တမ္ပိ စေ ဝိညူ၊ ပဏ္ဍိတံ ပယိရုပါသတိ။
ခိပ္ပံ ဓမ္မံ ဝိဇာနာတိ၊ ဇိဝှါ သူပရသံ ယထာ။

အနက်။ ဇိဝှါ၊ လျှာသည်။ သူပရသံ၊ ဟင်းလျာ၏အရသာကို။ ဝိဇာနာတိယထာ၊ သိနိုသကဲ့သို့။ ဝိညူ၊ သိကြားလိမ္မာသောပညာရှိသည်။ မုဟုတ္တမ္ပိ၊ တစ်ခဏမျှလည်း။ ပဏ္ဍိတံ၊ ပညာရှိကို။ စေပယိရုပါသတိ၊ အကယ်၍ဆည်းကပ်ခွင့်ရငြားအံ့။ ခိပ္ပံ၊ လျင်စွာ။ ဓမ္မံ၊ တရားကို။ ဝိဇာနာတိ၊ သိနိုင်၏။

အဓိပ္ပါယ်။ လျှာသည် ဟင်း၏အရသာကို သိသကဲ့သို့ ပညာရှိလူလိမ္မာသည် တစ်ခဏမျှ ပညာရှိကို ဆည်းကပ်ရစေကာမူ တရားကို လျင်မြန်စွာ သိနိုင်၏။

**ဓမ္မသာရ**။ ပညာပြည့်သူသည် တရားကို လွယ်ကူစွာ သိမြင်နိုင်၏။

### ပညာရှိထံ ဆည်းကပ်ခြင်းအကျိုး

ပညာရှိသူသည် တစ်ပါးသော ပညာရှိထံ ဆည်းကပ်၍ သင်ကြားမေးမြန်းသည်ရှိ

http://www.dhammadownload.com


သော် ပရိယတ္တိဓမ္မကို သိ၏။ ထို့နောင် ကမ္မဋ္ဌာန်းတောင်းခံ၍ ပဋိပတ္တိဓမ္မကို ကျင့်သုံး အားထုတ်သည်ရှိသော် လျင်မြတ်စွာ လောကုတ္တရာဓမ္မကို ထိုးထွင်းသိမြင်နိုင်သည်။

## လျှာနှင့်တူသူ

'ဇိဝှါ သူပရသံ ယထာ' ဇိဝှါပသာဒ မချို့တဲ့သူသည် အရသာကို သိရန် လျှာပေါ်သို့ တင်ကာမျှပင် ဆားပေါ့သည်။ ဆားလေးသည်စသည် ဟင်းလျာ၏အရသာကို သိသကဲ့သို့ ပညာရှိသူသည် တစ်ပါးသော ပညာရှိထံသို့ တစ်ခဏလေးမျှ ဆည်းကပ်ရသော်လည်း ဓမ္မကို သိမြင်နိုင်သည်။ ထို့ကြောင့် ပညာရှိသည် ဟင်း၏အရသာကို သိသော လျှာနှင့်တူသူ ဖြစ်၏။

တိံသပါဝေယျကကာဘိက္ခုဝတ္ထုပြီး၏။

◆◆◆◆◆

# ၇-သုပ္ပဗုဒ္ဓကုဋ္ဌိဝတ္ထု

## သုပ္ပဗုဒ္ဓလူနူ

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ သီတင်းသုံးစဉ် ပရိသတ်အစွန်က တရားနာသော သုပ္ပဗုဒ္ဓလူနူသည် တရားနာရင်း သောတာပန်တည်၍ မိမိသိမြင်သောတရားထူးကို လျှောက်ကြားရန် မြတ်စွာဘုရားကျောင်းသို့ သွား၏။ အပြန်တွင် နွားမငဲ့သဖြင့် သေ၍ နတ်ပြည်၌ ဖြစ်ရသည်။

သုပ္ပဗုဒ္ဓသည် သောတာပန်ဖြစ်သော်လည်း လူနူတစ်ယောက်ဖြစ်ရ၍ နွားမငဲ့ သတ်သဖြင့် သေရကြောင်းတို့ကို ရဟန်းတို့က မေးလျှောက်ကြ၏။ မြတ်ဗုဒ္ဓသည် သုပ္ပဗုဒ္ဓ၏အတိတ်အကြောင်းကို ဟော၍ ဤဒေသနာကို ဟောကြားတော်မူသည်။

## ကိုယ်ပြုသည့်ကံ ကိုယ့်ထံပြန်

ပါဠိ။ စရန္တိ ဗာလာ ဒုမ္မေဓာ၊ အမိတ္တေနေဝ အတ္တနာ။
ကရောန္တာ ပါပကံ ကမ္မံ၊ ယံ ဟောတိ ကဋုကပ္ဖလံ။

အနက်။ ယံကမ္မံ၊ အကြင်ကံသည်။ ကဋုကပ္ဖလံ၊ စပ်ရှားခံခက်သော အကျိုးရှိ၏။

http://www.dhammadownload.com



ပါပကံ၊ ယုတ်ညံ့သော။ တံကမ္မံ၊ ထိုကံအမှုမျိုးကို။ ကရောန္တော၊ ပြုသော။ ဒုမ္မေဓာ၊ ပညာမဲ့ကုန်သော။ ဗာလာ၊ လူမိုက်တို့သည်။ အတ္တနာ၊ မိမိသည်ပင်။ အမိတ္တေနေဝ၊ ရန်သူကဲ့သို့ဖြစ်လျက်။ စရန္တိ၊ လှည့်လည်ရကုန်၏။

အဓိပ္ပါယ်။ အခံရခက်သောအကျိုးရှိသော အကုသိုလ်ကံအမှုကို ပြုသူ လူမိုက်တို့အား မိမိပြုသောကံသည်ပင် မိမိ၏ရန်သူဖြစ်၏။

ဓမ္မသာရ။ မိမိပြုသောမကောင်းမှုကံသည် မိမိ၏ရန်သူသဖွယ် မိမိကို ဆိုးကျိုးပြန်ပေး၏။

## သောတာပန်အစစ်အတု ခွဲနည်း

ဘုရားကို ဘုရားမဟုတ်ပါ။ တရားကို တရားမဟုတ်ပါ။ သံဃာကို သံဃာမဟုတ်ပါ။ ငါ့အား ရတနာသုံးပါးဖြင့် အကျိုးမရှိဟု ပြောဆိုနိုင်သူသည် သောတာပန်အစစ်မဟုတ်နိုင်။ အတုသာဖြစ်သည်။ သောတာပန်အစစ်ကား ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို မဂ်ဖြင့် ပယ်သတ်ပြီးဖြစ်၍ အသက်ဟူသောအကြောင်းကြောင့်သော်လည်း ရတနာမြတ်သုံးပါးအပေါ် သံသယမရှိတော့။ လုံးဝသက်ဝင်ယုံကြည်သည်။ ငါးပါးသီလ ထာဝရတည်မြဲသည်။

သုပ္ပဗုဒ္ဓကုဋ္ဌိဝတ္ထုပြီး၏။

♦♦♦♦♦

## ၈–ကာသကဝတ္ထု

## လယ်ထွန်သမားအကြောင်း

မြတ်ဗုဒ္ဓသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် သူခိုးတို့သည် သာဝတ္ထိမြို့တွင်း၌ သာဝတ္ထိမြို့တွင်း၌ ဥစ္စာပစ္စည်းများခိုးယူ၍ လယ်ကွက်တစ်ခု၌ ပစ္စည်းဥစ္စာကို ဝေစုခွဲစဉ် အသပြာထောင်ထုပ်တစ်ခု ကျကျန်ရစ်၏။ နံနက်မိုးသောက် အလင်းရောက်ချိန်၌ လယ်ထွန်သမားသည် မိမိလယ်ကို ထွန်ယက်လုပ်ကိုင်၏။

မြတ်ဗုဒ္ဓသည် အရှင်အာနန္ဒာနှင့်အတူ ထိုလယ်ကွင်းသို့ ဖြတ်၍ ဥစ္စာထုပ်ကို တွေ့သော် အရှင်အာနန္ဒာကို ညွှန်ပြကာ 'ချစ်သားအာနန္ဒာ၊ ပြင်းထန်သောအဆိပ်ကို

http://www.dhammadownload.com



မြင်၏လော'ဟု မေးတော်မူ၏။ လယ်သမားလည်း ထိုစကားကိုကြား၍ ကြည့်ပြီးလျှင် ဥစ္စာထုပ်ကို ယူငင်သိမ်းဆည်းကာ လယ်ထွန်မြဲ ဆက်ထွန်၏။

မကြာခင်၌ ခိုးသူတို့သွားရာလမ်းအတိုင်း ခြေရာခံရှာဖွေကြသော မှူးမတ်တို့သည် ထိုလယ်ကွင်းသို့ ရောက်လာကာ မြုပ်နှံထားသော ဥစ္စာထုပ်ကို တွေ့သဖြင့် သက်သေပစ္စည်းနှင့်တကွ လယ်သမားအား ဖမ်းဆီးကြ၏။ လယ်သမားသည် သေဒဏ်ပေးခံရသဖြင့် မြတ်စွာဘုရားရှင်အား သက်သေပြုလျှောက်ထားရာ ဘုရားရှင်သည် သက်သေအရာ၌ တည်ပေးတော်မူလျက် ဤဒေသနာကို ဟောကြားတော်မူသည်။

## ငိုမဲ့ဆင်ရ ပြုသမျှ

ပါဠိ။ န တံ ကမ္မံ ကတံ သာဓု၊ ယံ ကတွာ အနုတပ္ပတိ။
ယဿ အဿုမုခေါ ရောဒံ၊ ဝိပါကံ ပဋိသေဝတိ။

အနက်။ ယံ၊ အကြင်ကံ(အမှု)ကို။ ကတွာ၊ ပြုလုပ်ခြင်းကြောင့်။ အနုတပ္ပတိ၊ နောင်တတဖန်ပူပန်ရ၏။ အဿုမုခေါ၊ မျက်ရည်ထွက်သည်ဖြစ်၍။ ရောဒံ-ရောဒန္တော၊ ငိုကြွေးလျက်၊ ယဿ၊ အကြင်ကံ(အမှု)၏။ ဝိပါကံ၊ အကျိုးကို။ ပဋိသေဝတိ၊ ခံစားရ၏။ တံကမ္မံ၊ နောင်တတဖန်ပူပန်၍ငိုကြွေး မြည်တမ်းရသော ထိုကံ(အမှု)မျိုးကို။ ကတံ၊ ပြုလုပ်ခြင်းသည်။ နသာဓု၊ မကောင်းပေသတည်း။

အဓိပ္ပါယ်။ နောင်တ တဖန်ပူပန်၍ ငိုကြွေးမြည်တမ်းရသောကံ(အမှု)ကို ပြုလုပ်ခြင်းသည် မကောင်း။ ဆင်းရဲခြင်း ပြင်းထန်စွာ မကောင်းကျိုးကို ခံစားရ၏။

ဓမ္မသာရ။ မကောင်းမှုအကုသိုလ်ကံသည် ငိုကြွေးမြည်တမ်းရကြောင်းဖြစ်၏။

**အသာဓုကံ**

မိမိပြုလုပ်လိုက်သဖြင့် နောင်တတစ်ဖန် ပူပန်၍ ငိုကြွေးမည်တမ်းရခြင်းမျိုးရှိသော ကံအမှုသည် အသာဓု(မကောင်းသော)ကံ မည်၏။ ထိုကံမျိုးကို မပြုလုပ်သင့်။ ရှောင်ကြဉ်သင့်သည်။

ကဿကဝတ္ထုပြီး၏။

◆◆◆◆◆

http://www.dhammadownload.com



## ၉–သုမနမာလာကာရဝတ္ထု

### သုမနပန်းသည်အကြောင်း

မြတ်ဗုဒ္ဓ ဝေဠုဝန်ကျောင်း၌ သီတင်းသုံးစဉ် ဗိမ္ဗိသာရမင်းထံ ပန်းဆက်ရသော သုမနပန်းသည်သည် ပန်းဆက်ရန် နန်းတော်သို့ လာ၏။ လမ်း၌ ဘုရားရှင်ကို ဖူးမြင်ရ၍ အလွန်ကြည်ညိုသဖြင့် ပန်းအားလုံးကို ဘုရားရှင်အား ပူဇော်၏။ ထိုပန်းတို့သည် မြေသို့ မကျဘဲ ဘုရားရှင်၏ဝန်းကျင်ပတ်ခြာ၌ ဗိတာန်ကြက်ကဲ့သို့ လိုက်ပါကုန်၏။

လူအပေါင်းသည် အံ့ဖွယ်ထူးဆန်းကို မြင်ရသဖြင့် ဘုရားရှင်အား အုတ်အော် သောင်းနင်း ပူဇော်ကြကုန်၏။ သုမန်ပန်းသည်အားလည်း လက်ဆောင်ပဏ္ဏာများစွာ ပေးကြကုန်၏။ ဗိမ္ဗိသာရမင်းကြီးကလည်း သုမနပန်းသည်အား မင်းပြစ်မင်းဒဏ် မပေးသည့်ပြင် ဆုလာဘ်များပင် ပေးသနားတော်မူသဖြင့် ဘုရားရှင်သည် ဤဒေသနာကို ဟောကြားတော်မူသည်။ ဒေသနာအဆုံး၌ ၈–သောင်း ၄–ထောင် သောတာပန်တည်ကြ၏။

### ပျော်ပွဲဆင်ရ ပြုသမျှ

ပါဠိ။ တဉ္စ ကမ္မံ ကတံ သာဓု၊ ယံ ကတွာ နာနုတပ္ပတိ။
ယဿ ပတီတော သုမနော၊ ဝိပါကံ ပဋိသေဝတိ။

အနက်။ ယံ၊ အကြင်ကံ(အမှု)ကို၊ ကတွာ၊ ပြုလုပ်ခြင်းကြောင့်။ နာနုတပ္ပတိ၊ နောင်တတဖန် မပူပန်ရ။ ပတီတော၊ နှစ်သက်ရလျက်။ သုမနော၊ ဝမ်းမြောက်ရလျက်။ ယဿ၊ အကြင်ကံ(အမှု)၏။ ဝိပါကံ၊ အကျိုးကို။ ပဋိသေဝတိ၊ ခံစားရ၏။ တဉ္စကမ္မံ၊ နောင်တတဖန် မပူပန်ရဘဲ နှစ်သက်၊ဝမ်းမြောက်ရသောထိုကံမျိုးကို။ ကတံ၊ ပြုလုပ်ခြင်း သည်။ သာဓု၊ ကောင်းပေသတည်း။

အဓိပ္ပာယ်။ နောင်တတဖန် မပူပန်ရဘဲ နှစ်သက်ဝမ်းမြောက်ရသောကံ(အမှု)ကို ပြုလုပ်ခြင်းသည် ကောင်း၏။ ဝမ်းမြောက်ဝမ်းသာ ချမ်းသာစွာ ကောင်းကျိုးကို ခံစားရ၏။

ဓမ္မသာရ။ ကောင်းမှုကုသိုလ်ကံသည် ပျော်ရွှင်ဝမ်းမြောက်ရကြောင်းဖြစ်၏။

### သာဓက

မိမိပြုလုပ်လိုက်သဖြင့် နောင်တတစ်ဖန် ပူပန်၍ ငိုကြွေးမည်တမ်းရခြင်းမျိုး

http://www.dhammadownload.com


မရှိသော ကံအမှုသည် သာဓု(ကောင်းသော)ကံ မည်၏။ ထိုကံမျိုးကို မဖြစ်မနေ ပြုလုပ်အားထုတ်သင့်သည်။

### လိုက်နာကျင့်သုံးဖွယ်

သတိတရားဖြင့် အောက်မေ့ဆင်ခြင်မိတိုင်း စိတ်မချမ်းသာဖြစ်စေမည့် အသာဓုကံမျိုးကို မပြုဖြစ်အောင် ရှောင်ကြဉ်ရမည်။ စိတ်ချမ်းသာဖြစ်စေမည့် သာဓုကံမျိုးကို ပြုဖြစ်အောင် အားထုတ်ရမည်။

သုမနမာလာကာရဝတ္ထုပြီး၏။

♦♦♦♦♦

## ၁၀-ဥပ္ပလဝဏ္ဏာတ္ထေရီဝတ္ထု

### ဥပ္ပလဝဏ်ထေရီမ

မြတ်ဗုဒ္ဓ ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ဥပ္ပလဝဏ်ထေရီမသည် အန္ဓဝန်တောအုပ်၌ နေ၏။ ထိုစဉ်က ဘိက္ခုနီမများ တော၌နေခြင်းကို တားမြစ်ခြင်း မရှိသေး။ တစ်နေ့တွင် ထေရီမ ဆွမ်းခံသွားစဉ် ဦးရီး၏သား နန္ဒလုလင်သည် ကျောင်းအတွင်းဝင်ပြီး ပုန်းကွယ်နေ၍ ဆွမ်းခံမှ ပြန်လာသောထေရီမအား အဓမ္မပြုကျင့်သည်။

ထိုခဏတွင် မဟာပထဝီမြေသည် သူယုတ်မာအား သည်းမခံနိုင်သဖြင့် အဝီစိငရဲသို့ ဆွဲချ၏။ ထိုအကြောင်းကို ကြားတော်မူ၍ ဤဒေသနာကို ဟောကြားတော်မူသည်။

### ပျားသကာနှယ်ချိုမြိန်ဖွယ်

ပါဠိ။  မဓုဝါ မညတိ ဗာလော၊ ယာဝ ပါပံ န ပစ္စတိ။
ယဒါ စ ပစ္စတိ ပါပံ၊ ဗာလော ဒုက္ခံ နိဂစ္ဆတိ။

အနက်။ ယာဝ၊ အကြင်မျှလောက်။ ပါပံ၊ မကောင်းမှုသည်။ နပစ္စတိ၊ အကျိုးမပေးသေး။ တာဝ၊ ထိုမျှလောက်။ ဗာလော၊ မိုက်သောသူသည်။ ပါပံ၊ မကောင်းမှုကို။ မဓုဝါ၊ ပျားသကာကဲ့သို့။ မညတိ၊ မှတ်ထင်၏။ ယဒါစ၊ အကြင်အခါ၌ကား။ ပါပံ၊ မကောင်းမှုသည်။ ပစ္စတိ၊ အကျိုးပေး၏။ (အထ၊ ထိုအခါ၌) ဗာလော၊ မိုက်သောသူသည်။ ဒုက္ခံ၊ ဆင်းရဲသို့။ နိဂစ္ဆတိ၊ ရောက်ရ၏။

http://www.dhammadownload.com



အဓိပ္ပာယ်။ မိုက်သောသူသည် မကောင်းမှုကို ပြုစဉ်သော်လည်းကောင်း ပြုပြီးယခုဘဝနောင်ဘဝတို့၌ မကောင်းမှုအကျိုးမပေးမီသော်လည်းကောင်း မိမိအမှုကိုပျားသကာကဲ့သို့ ထင်မှတ်သော်လလည်း အကျိုးပေးချိန်ရောက်သောအခါ ဆင်းရဲဒုက္ခကို ခံစားရ၏။

ဓမ္မသာရ။ မကောင်းမှုကံသည် အကျိုးမပေးမီ ပျားသကာနှယ် ချိုမြိန်၏။

## ဥပ္ပလဝဏ်ထေရီ

ထေရီမသည် ပဒုမုတ္တရဘုရားရှင်လက်ထက်၌ ဆုပန်ခဲ့၍ ကမ္ဘာ ၁-သိန်း ကောင်းမှုပြုကာ လူ့ပြည်၊နတ်ပြည်တို့၌ ကျင်လည်၏။ ဂေါတမဘုရားရှင်လက်ထက်တွင် သာဝတ္ထိမြို့၌ သူဌေးသမီးဖြစ်၍ ကြာညိုတိုက်အဆင်းရှိသောကြောင့် 'ဥပ္ပလဝဏ်'ဟု အမည်တွင်သည်။ ဥပုသ်ကျောင်းဆောင်တွင် ထွန်းထားသော ဆီမီးကိုကြည့်လျက် တေဇောကသိုဏ်းရှုကာ ပဋိသမ္ဘိဒါပတ္တ ရဟန္တာထေရီမ ဖြစ်ခဲ့သည်။

## မကောင်းမှု၌ မခုရသရှိပုံ

အကြင်မကောင်းမှု တစ်ခုကို ပြုသည်ရှိသော် ပြုစဉ်၌သော်လည်းကောင်း၊ အကျိုးမပေးမီ၌သော်လည်းကောင်း၊ မိမိပြုသောမကောင်းမှုသည် အလိုရှိအပ်၊ နှစ်သက်မြတ်နိုးအပ်သဖြင့် ပျားသကာကဲ့သို့ ချိုသောရသရှိသည်။

သို့သော် ထိုမကောင်းမှုသည် ပြုပြီးအခါ၊ အကျိုးပေးရာအခါတို့၌ နာကျင်စပ်ရှား၍ အလိုမရှိအပ်၊ မနှစ်သက်မမြတ်နိုးအပ်သော အနိဋ္ဌဖလ၊ ဒုက္ခဝိပါကတို့ကို ခံစားရစေသည်။

နန္ဒလုလင်သည် ထေရီမကို ဖျက်ဆီးသည်ဖြင့် အဝီစိငရဲသို့ ရောက်၏။ ထိုအခါမှစ၍ ဘုရားရှင်သည် ဘိက္ခုနီမများကို ရွာတွင်း၌သာ နေခွင့်ပြုတော်မူသည်။ (ဓမ္မ၊ဋ္ဌ၊ ၁၊ ၃၁၀)

## ရဟန္တာတို့၏သဘော

ကြာဖက်ပေါ်တွင် ရေမတင်သကဲ့သို့လည်းကောင်း၊ ပွတ်ဆောက်ဖျားပေါ်တွင် မုန်ညင်းစေ့မတည်နိုင်သကဲ့သို့လည်းကောင်း၊ ရဟန္တာတို့၏သန္တာန်၌ ဝတ္ထုကာမ၊ ကိလေသာကာမ ၂-မျိုးလုံး မတည်နိုင်။ မဂ်ဖြင့် အမြစ်ပြတ် ပယ်ပြီးဖြစ်၏။ (ဓမ္မ၊ဋ္ဌ၊ ၁၊ ၃၁၂)

ဥပ္ပလဝဏ္ဏာတ္ထေရီဝတ္ထုပြီး၏။

◆◆◆◆◆

http://www.dhammadownload.com



## ၁၁-ဇမ္ဗုကတ္ထေရဝတ္ထု

**ဇမ္ဗုကအာဇီဝက**

မြတ်ဗုဒ္ဓ ဝေဠုဝန်ကျောင်း၌ သီတင်းသုံးစဉ် ဇမ္ဗုကတက္ကတွန်းသည် ၅၅-နှစ်တို့ ပတ်လုံး အဝတ်မဝတ်ဘဲ ကျင်ကြီးကျင်ငယ်ကိုသာ စား၍ တက္ကတွန်းအကျင့်ဖြင့် နေ၏။ တစ်နေ့တွင် ခြေတစ်ဖက်ကို မြှောက်လျက်၊ ကောင်းကင်သို့မျှော်၍ ခံတွင်းဟကာ ၅၅-နှစ်လုံး တက္ကတွန်းအကျင့်ကို ကျင့်၏။ လူတို့က မေးမြန်းသည်ရှိသော် 'ငါသည် ခြေနှစ်ချောင်းလုံး နင်းထောက်သည်ရှိသော် မြေကြီးတုန်လှုပ်လတ္တံ့။ ငါသည် လေကိုသာ စားသူဖြစ်၏'ဟု ပြော၏။

ထို့ကြောင့် လူတို့သည် လစဉ်မပြတ် ထောပတ်,ပျားရည် စသည်တို့ဖြင့် ပူဇော်ကြ၏။ ဇမ္ဗုကသည် 'လေကိုသာ ငါစား၏'ဟု လက်မခံဘဲ ငြင်းဆန်ပယ်မြစ်၏။ လူတို့က အတင်းတောင်းပန်သဖြင့် သမန်းမြက်ဖျားဖြင့် လျှာပေါ်တင်ကာ 'သင်တို့အား အကျိုးဖြစ်ပြီ၊ သွားလော့'ဟု လွှတ်လေ့ရှိ၏။ မြတ်ဗုဒ္ဓသည် ဇမ္ဗုကထံသို့သွား၍ ဆုံးမညွှန်ကြားတော်မူကာ ဤဒေသနာကို ဟောတော်မူသဖြင့် ရဟန္တာဖြစ်သွားသည်။

### အကျင့်မမှန် အဖိုးမတန်

ပါဠိ။ မာသေ မာသေ ကုသဂ္ဂေန၊ ဗာလော ဘုဉ္ဇေယျ ဘောဇနံ။
န သော သင်္ခါတဓမ္မာနံ၊ ကလံ အဂ္ဃတိ သောဠသိံ။

အနက်။ ယော ဗာလော၊ အကြင်မိုက်သောသူသည်။ မာသေ မာသေ၊ လတိုင်းလတိုင်း။ ကုသဂ္ဂေန၊ သမန်းမြက်ဖျားဖြင့်။ (ဝဿသတံ၊ အနှစ်တစ်ရာပတ်လုံး) ဘောဇနံ၊ ဘောဇဉ်ကို။ ဘုဉ္ဇေယျ၊ စားရာ၏။ သော ဗာလော၊ ထိုမိုက်သောသူသည်။ သင်္ခါတဓမ္မာနံ၊ သိအပ်နိုင်းယှဉ်အပ်သောတရားရှိသော အရိယာပုဂ္ဂိုလ်တို့ကို။ သောဠသိံကလံ၊ တဆယ့်ခြောက်စိတ်၍ စိတ်မျှ။ န အဂ္ဃတိ၊ အဖိုးမထိုက်။

အဓိပ္ပာယ်။ ဘောဇဉ်ကို အနှစ်တရာပတ်လုံး သမန်းမြက်ဖျားဖြင့် လတိုင်းလတိုင်း စားသောဇမ္ဗုက၏စေတနာသည် အရိယာပုဂ္ဂိုလ်တို့၏ ဆွမ်းတစ်ထပ်စာ မစားဘဲနေသော ကုသိုလ်၏ ၁၆-စိတ်တွင် ၁-စိတ်မျှကို မမီနိုင်။

http://www.dhammadownload.com


ဓမ္မသာရ။ လူမိုက်သည် နှစ်ပေါင်းများစွာ အကျင့်ရှိသော်လည်း တန်ဖိုးမရှိ။

## ဇမ္ဗုကာ၏ တူသောအကျိုးပေးများ

အတိတ်ဘဝတွင် ဇမ္ဗုကသည် အာဝါသိကရဟန်းဖြစ်၍ အာဂန္တုရဟန္တာအား-

၁-သူဌေးဆွမ်းစားရသည်ထက် ကျင်ကြီးကျင်ယစားရသည်ကို မြတ်သေးသည်။

၂- သူဌေးလွှတ်သော ဆတ္တာသည်ကို ခေါင်းရိတ်ခိုင်းရသည်ထက် ထန်းစေ့ဖြင့် ဆံပင်ကို ညှပ်ပြီး နှုတ်ရသည်က မြတ်သည်သည်။

၃-သူဌေးလှူသောသင်္ကန်း ဝတ်ရသည်ထက် အဝတ်မဝတ်ဘဲ နေရသည်က မြတ်သေးသည်။

၄-သူဌေးယူလာသော ညောင်းစောင်း၌ အိပ်ရသည်ထက် မြေပေါ်အိပ်ရသည်က မြတ်သေးသည်ဟု ဆဲရေးခဲ့သည်။

ထို့ပြင် ဆွမ်းခံခေါင်းလောင်းကို လက်သည်းဖြင့် ထိုးခေါက်ခြင်း၊ ရဟန္တာအတွက် ဒကာလှူလိုက်သောဆွမ်းကို လမ်းမှာမြှုပ်ခဲ့ခြင်းတို့ကြောင့် အနှစ်နှစ်သိန်းတိုင် တရားအားထုတ်ပါသော်လည်း ဘုရားနှစ်ဆူကြား အဝီစိငရဲသို့သာ လားရသည်။

အနှစ်နှစ်သိန်းတိုင် ရဟန်းတရားအားထုတ်ခဲ့မှုကြောင့် ပဋိသမ္ဘိဒါပတ္တရဟန္တာ ဖြစ်ရသည်။

ဂေါတမဗုဒ္ဓလက်ထက်၊ ရာဇဂြိုဟ်တွင် အစာရေစာပေါသော သူဌေးမျိုး၌ ဖြစ်ရသော်လည်း မွေးသည်မှ ၅၅-နှစ်တိုင်အောင် အဝတ်မဝတ်၊ ကျင်ကြီးကျင်ငယ်ကို စား၍ ဆံပင်ကို ထန်းစေ့ဖြင့်နုတ်ကာ မြေပေါ်၌ အိပ်ရသည်။ (ဓမ္မ၊ဌ၊ ၁၊ ၃၁၃)

## လူတို့၏သဘော

လူအများစုတို့သည် ပင်ကိုက အသိဉာဏ်ပညာ နည်းပါးတတ်ကြ၏။ အဝိဇ္ဇာခေါ် မသိမိုက်မဲခြင်း မောဟတရား များပြားမှုကြောင့် အမှန်နှင့်အမှား၊အတုနှင့်အစစ်၊ အကောင်းနှင့် အဆိုးတို့ကို ချိန်ထိုးချင့်ချိန်၍ မသိနိုင်ကုန်။ ထို့ကြောင့် အပေါ်ယံ ပြောစကားမျှဖြင့်ပင် ယုံကြည်လွယ်တတ်ကြသည်။ (ဓမ္မ၊ဌ၊ ၁၊ ၃၁၆)

ဇမ္ဗုကတ္ထေရဝတ္ထုပြီး၏။

◆◆◆◆◆

http://www.dhammadownload.com



## ၁၁-အဟိပေတဝတ္ထု

### အံ့ဖွယ်မြွေပြိတ္တာ

မြတ်ဗုဒ္ဓ ဝေဠုဝန်ကျောင်း၌ သီတင်းသုံးစဉ် ပစ္စေကဗုဒ္ဓါတစ်ပါး၏ကျောင်းကို မီးရှို့ဖျက်ဆီးခဲ့သဖြင့် အဝီစိငရဲ၌ နှစ်ကြာမြင့်စွာခံပြီး၍ ဂိဇ္ဈကုဋ်တောင်တွင် ၂၅-ယူဇနာ ခန္ဓာကိုယ်အတ္တဘောရှိသော အံ့ဖွယ်မြွေပြိတ္တာကြီးတစ်ကောင် ရှိသည်။

တစ်ကိုယ်လုံး၌ မီးထိန်ထိန်တောက်ကာ ဆင်းရဲခံနေရသော ထိုမြွေပြိတ္တာကြီးအား အရှင်မဟာမောဂ္ဂလာန် မြင်တော်မူသဖြင့် မြတ်ဗုဒ္ဓအား လျှောက်ကြားသည်။ မြတ်ဗုဒ္ဓသည် ထိုမြွေပြိတ္တာ၏ အတိတ်အကြောင်းကို ဆောင်၍ ဤဒေသနာကို ဟောကြားတော်မူသည်။

### ပြာဖုံးမီးသွင် မကောင်းကျိုးထင်

ပါဠိ။ န ဟိ ပါပံ ကတံ ကမ္မံ၊ သဇ္ဇုခီရံဝ မုစ္စတိ။

ဍဟန္တံ ဗာလမန္ဝေတိ၊ ဘသ္မစ္ဆန္နောဝ ပါဝကော။

အနက်။ သဇ္ဇုခီရံ၊ ညှစ်ပြီးစနို့ရည်သည်။ (ပကတိ၊ ပကတိသဘောကို) နမုစ္စတိ ဣဝ၊ မစွန့်မပြောင်းသကဲ့သို့။ ကတံ၊ ပြုသစ်စဖြစ်သော။ ပါပံကမ္မံ၊ မကောင်းမှုကံသည်။ န(ဝိပစ္စတိ)၊ အကျိုးမပေးသေး။ ဘသ္မစ္ဆန္နော၊ ပြာဖုံးနေသော။ ပါဝကောဣဝ၊ မီးခဲကဲ့သို့။ ဗာလံ၊ လူမိုက်သို့။ ဍဟန္တံ၊ လောင်းကျွမ်းစေလျက်။ အန္ဝေတိ၊ အစဉ်လိုက်၏။

အဓိပ္ပါယ်။ ညှစ်ပြီးစ နို့ရည်သည် ရက်တက်ချဉ်ရည် မထည့်ခင် ပကတိသဘောကို မစွန့်ပြောင်းသေးသကဲ့သို့၊ ပြာဖုံးနေသောမီးခဲသည် မပူသကဲ့သို့၊ ပြုသစ်စ အကုသိုလ်ကံသည် ပြုဆဲအချိန်၌ အကျိုးမပေးသေးသော်လည်း ကုသိုလ်ကြောင့်ဖြစ်သော ခန္ဓာပျောက်ချိန်တွင် အပါယ်ငရဲသို့ ဆွဲချ၏။

ဓမ္မရသ။ မကောင်းမှုကံသည် ချက်ချင်းအကျိုးမပေးသော်လည်း အခွင့်ရသည်နှင့် မကောင်းကျိုးပေး၏။

### လောလောလတ်လတ်နို့ရည်

ပြုဆဲဖြစ်သော မကောင်းမှုကံသည် လောလောလတ်လတ်၌ မကောင်းကျိုး

http://www.dhammadownload.com


မပေးသေးပါ။ နွားမနို့မှ လောလောလတ်လတ်ထွက်သော နို့ရည်ပူသည် ရက်တက်ရည် မရောခင်မှာ ပကတိသဘောကို မပြောင်းလဲသေး သကဲ့သို့တည်း။

### ပြာဖုံးသောမီးခဲ

ပြုလုပ်ထားသော မကောင်းမှုကံသည် လက်ငင်းဘဝ၌ အကျိုးမပေးနိုင်သေးသော်လည်း ဒုတိယဘဝမှစ၍ ငရဲသို့ရောက်သည့်တိုင် ပူလောင်လျက် လိုက်ပါအကျိုးပေးသည်။

မီးခဲသည် ပြာဖုံးနေသဖြင့် နင်းမိသော်လည်း ချက်ချင်းမပူးသေးဘဲ ပြာဖယ်သွားသည်ရှိသော အရေပါးမှစ၍ ဦးခေါင်းတိုင်အောင် လောင်နိုင်သကဲ့သို့တည်း။

### ကျီးပြိတ္တာ

သံဃာရည်မှန်းကာ လှူဒါန်းသောဆွမ်းကို ၃-လုပ်မျှ စားသုံးခဲ့မှုကြောင့် ခန္ဓာကိုယ်အမြင့် ၂၅-ယူဇနာရှိ၍ ဦးခေါင်း ၉-ယူဇနာ၊ လျှာ ၅-ယူဇနာရှိသော ကျီးပြိတ္တာဖြစ်ရသည်။

### မြွေပြိတ္တာ

ကဿပဘုရားရှင်လက်ထက်တွင် လယ်သမားတစ်ယောက်သည် ပစ္စေကဗုဒ္ဓါ၏ ကျောင်းကို မီးရှို့ဖျက်ဆီးသည်။ ရွာနေသူ လူအများက ဝိုင်းရိုက်သဖြင့် သေဆုံး၍ အဝီစိငရဲသို့ ရောက်ပြီး မြွေပြိတ္တာ ဖြစ်နေရသည်။ (ဓမ္မ၊ဋ္ဌ၊ ၁၊ ၃၂၂)

အဟိပေတဝတ္ထုပြီး၏။

◆◆◆◆◆

## ၁၃-သဋ္ဌိကူဋပေတဝတ္ထု

### တူထုခံရသောပြိတ္တာ

မြတ်ဗုဒ္ဓ ဝေဠုဝန်ကျောင်း၌ သီတင်းသုံးစဉ် အရှင်မဟာမောဂ္ဂလာန်သည် ဂိဇ္ဈကုဋ်တောင်၌ ရဲရဲတောက်သော သံတူအလုံးပေါင်း ၆ သောင်းတို့ဖြင့် ဦးခေါင်းကို မပြတ်အထုခံနေရသော ပြိတ္တာကို တွေ့ခဲ့သည်။ ဘုရားရှင်အားလျှောက်ကြားရာ တစ်ခုသောဘဝ၌ ကျောက်ခဲပစ်အတတ်၌ တစ်ဖက်ကမ်းခတ်တတ်သူတစ်ယောက်သည် အရှင်ပစ္စေကဗုဒ္ဓါ

http://www.dhammadownload.com



အား ကျောက်ခဲဖြင့် ပစ်သတ်ခဲ့ဖူး၍ အဝီစိငရဲမှလွတ်ကာ ဝိပါက်ကြွင်းခံနေရကြောင်း မိန့်တော်မူ၍ ဤဒေသနာကို ဟောကြားတော်မူသည်။

## လူမိုက်ပညာ ကျိုးမဲ့သာ

ပါဠိ။ ယာဝဒေဝ အနတ္ထာယ၊ ဉတ္တံ ဗာလဿ ဇာယတိ။
ဟန္တိ ဗာလဿ သုက္ကံသံ၊ မုဒ္ဓမဿ ဝိပါတယံ။

အနက်။ ဗလာလဿ၊ လူမိုက်၏။ ဉတ္တံ၊ အတတ်ပညာသည်။ ယာဝဒေဝ၊ အကြဉ်မျှလောက်။ ဗာလဿ၊ လူမိုက်အား။ အနတ္ထာယ၊ အကျိုးမဲ့ရန်။ ဇာယတိ၊ ဖြစ်၏။ ဗာလဿ၊ လူမိုက်၏။ သုက္ကံသံ၊ ကုသိုလ်အစုကို။ ဟန္တိ၊ ဖျက်ဆီး၏။ အဿ၊ ထိုလူမိုက်၏။ မုဒ္ဓံ၊ ဦးထိပ်ကို။ ဝိပါတယံ၊ ဖြတ်ကျစေလျက်။ ဟန္တိ၊ ဖျက်ဆီး၏။

အဓိပ္ပါယ်။ လူမိုက်၏ အတတ်ပညာသည် လူမိုက်အား အကျိုးမဲ့ရန်ဖြစ်၍ သူ၏ ကုသိုလ်အစုနှင့် ပညာဟူသော ဦးထိပ်ကို ပြတ်ကျစေလျက် ဖျက်ဆီးတတ်၏။

ဓမ္မသာရ။ လူမိုက်၏ အတတ်ပညာသည် သူ့ကိုပင် ပြန်သတ်၏။

### ပဋ္ဋေကဗုဒ္ဓါအား ခဲဖြင့်ပစ်သူ

ဗာရာဏသီပြည်သား တစ်ယောက်သည် မိမိပညာကို စမ်းလိုသည့်အတွက် သုနေတ္တပစ္စေကဗုဒ္ဓနားတွင်းသို့ ကျောက်ခဲဖြင့် ပစ်သွင်း၏။ ကျောက်ခဲသည် တစ်ဖက်နားသို့ ဖောက်ထွက်၍ ပစ္စေကဗုဒ္ဓါ ပျံလွန်တော်မူသည်။ ထိုလူသည်လည်း လူအများရိုက်သတ်၍ သေကား အဝီစိငရဲသို့ ရောက်၍ သုံးဂါဝုတ်မျှရှိသော ခန္ဓာကိုယ်ဖြင့် ပြိတ္တာဖြစ်ကာ သံတူ ၆ သောင်း ထုခံနေရသည်။

သဋ္ဌိကူဋပေတဝတ္ထုပြီး၏။

◆◆◆◆◆

http://www.dhammadownload.com



# ၁၄-စိတ္တဂဟပတိဝတ္ထု

## အနာဂါမ်စိတ္တသူကြွယ်

မြတ်ဗုဒ္ဓ ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် မစ္ဆိကာသဏ္ဍမြို့သား အနာဂါမ်စိတ္တသူကြွယ်သည် အရှင်သာရိပုတ္တရာ၊အရှင်မဟာမောဂ္ဂလာန်တို့ကို ဆွမ်းပင့်၏။ ပြီးမှ မစ္ဆိကာသဏ္ဍမြို့နေ သုဓမ္မမည်သော ကျောင်းထိုင်ရဟန်းနှင့် သံဃာများကို ပင့်သည်။

ဤသည်ကို မစ္ဆေရဖြစ်သဖြင့် ကျောင်းထိုင်မထေရ်သည် သူကြွယ်ကို ထိပါးပုတ်ခတ် ပြောဆို၏။ ဘုရားရှင်ထံရောက်သောအခါ ဘုရားရှင်က သူကြွယ်ထံ ဝန်ချတောင်းပန်နိုင်း၍ ဤဒေသနာကို ဟောကြားတော်မူသည်။ ဒေသနာအဆုံးတွင် သုဓမ္မရဟန်းသည် ပဋိသမ္ဘိဒါပတ္တရဟန္တာ ဖြစ်၏။

## ရဟန်းဖြစ်လျက် မာနတက်

ပါဠိ။ အသန္တံ ဘာဝန မိစ္ဆေယျ၊ ပုရေက္ခာရဉ္စ ဘိက္ခုသု။

အာဝါသေသု စ ဣဿရိယံ၊ ပူဇာ ပရကုလေသု စ။

အနက်။ အသန္တံ၊ ထင်ရှားမရှိသော။ ဘာဝနံ၊ ချီးမွမ်းခြင်းကိုလည်းကောင်း၊ ဘိက္ခုသု၊ ရဟန်းတို့၌။ ပုရေက္ခာရဉ္စ၊ ရှေ့သွားခေါင်းဆောင်အဖြစ်ကိုလည်းကောင်း။ အာဝါသေသုစ၊ သံဃိကကျောင်းနေရာတို့၌။ ဣဿရိယံ၊ အစိုးရခြင်းကိုလည်းကောင်း၊ ပရကုလေသုစ၊ ဆွေမျိုးမဟုတ်သောဒါယကာတို့၌။ ပူဇံ၊ ပူဇော်မှုကိုလည်းကောင်း။ ဣစ္ဆေယျ၊ အလိုရှိရာ၏။

## ငါနှင့်ငါသာငါဆရာ

ပါဠိ။ မမေဝ ကတ မညန္တု၊ ဂိဟီ ပဗ္ဗဇိတာ ဥဘော။

မမေဝါတိဝသာ အဿု၊ ကိစ္စာကိစ္စေသု ကိသ္မိံ စိ။

ဣတိ ဗာလဿ သင်္ကပ္ပေါ၊ ဣစ္ဆာ မာနော စ ဝဍ္ဎတိ။

အနက်။ ဂိဟီစ၊ လူတို့သည်လည်းကောင်း၊ ပဗ္ဗဇိတာစ၊ ရှင်ရဟန်းတို့သည်လည်းကောင်း၊ ဥဘော၊ လူရှင်ရဟန်း နှစ်ဦးတို့သည်။ မမေဝ၊ ငါ့ကိုသာလျှင်။ (နိဿာယ၊ မှီ၍) ကတံ၊ ပြုအပ်သောအမှုပေတည်းဟု။ မညန္တု၊ မှတ်ထင်စေကုန်သတည်း။

ကိသ္မိံ စိ၊ တစ်စုံတစ်ခုသော။ ကိစ္စာကိစ္စေသု၊ အမှုကြီးငယ်အသွယ်သွယ်တို့၌။ မမေဝ၊ ငါ့ကိုသာလျှင်။ အတိဝသာ၊ အလိုသို့လိုက်ကုန်သည်။ အဿု၊ ဖြစ်စေကုန်

http://www.dhammadownload.com



သတည်း။ ဣတိ၊ ဤသို့။ ဗာလဿ၊ လူမိုက်အား။ သင်္ကပ္ပေါ၊ အကြံသည် လည်းကောင်း၊ ဣစ္ဆာ၊ အလိုသည်လည်းကောင်း၊ မာနောစ၊ မာန်မာနသည်လည်းကောင်း၊ ဝဍ္ဎတိ၊ တိုးပွား၏။

အဓိပ္ပါယ်။ လူမိုက်သည် မိမိ၌ ထင်ရှားမရှိသော သဒ္ဓါ,သီလစသောဂုဏ်တို့ဖြင့် ချီးမွမ်းခြင်း၊ သံဃာအပေါင်း၌ ဦးစီးဦးဆောင်အဖြစ်ကိုလည်းကောင်း၊ ကျောင်းနေရာတို့၌ နေရာချရန် အစိုးရခြင်းကိုလည်းကောင်း အလိုရှိ၏။ အမှုကြီးငယ်တို့၌ ငါ့အလိုသို့သာ လိုက်စေကုန် သတည်းဟု ကြံစည်၏။ ထိုသူအား အကုသိုလ် အလိုရမ္မက်, မာန်မာနတို့သာ တိုးပွား၏။

ဓမ္မသာရ။ ငါနှင့် ငါသာ,ငါဆရာဟု အရာရာ၌ မာန်မာနထားသူသည် ကုသိုလ်တရား မတိုးပွား။ အကုသိုလ်သာပွား၏။

**မာန်မာနမှု ဗာလဟူ၏**

အရာရာ၌ ငါမပါမပြီးဟု မာန်မာနထား၍ အလိုဆိုး,အကြံဆိုးဖြစ်သူ လူမိုက်အား လောကုတ္တရာတရား,ဈာန်,မဂ်,ဖိုလ်တရားတို့ မတိုးပွားနိုင်။ တဏှာ,ဒေါသနှင့် မာန ၉-ပါးတို့သည်သာ ၆-ဒွါရပေါက်တို့၌ သမုဒ္ဒရာရေပမာ တစ်သွင်သွင် စီးဝင်ကုန်၏။

**စိတ္တသူကြွယ်**

အနာဂါမ်စိတ္တသူကြွယ်လောင်းသည် ကဿပဘုရားရှင်လက်ထက် သားမုဆိုးဘဝ၌ ပန်းနှင့်ဆွမ်းလှူလျက် ဆုတောင်းခဲ့သောကြောင့် လှည်း ၅၀၀-တို့၌ ရတနာ ၇-ပါးပြည့်ခြင်း, ပန်းမိုးရွာခြင်းစသော လာဘ်ဆောင်များ ရရှိသည်။ (ဓမ္မ၊ဋ္ဌ၁၊ ၃၃၂)

စိတ္တဂဟပတိဝတ္ထုပြီး၏။

◆◆◆◆◆

## ၁၅–ဝနဝါသီတိဿသာမဏေရဝတ္ထု

**တောင်၌နေသော ကိုရင်တိဿ**

မြတ်ဗုဒ္ဓ ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် အရှင်သာရိပုတ္တရာ၏ တပည့် ခုနစ်နှစ်အရွယ် ကိုရင်တိဿသည် သင်္ကန်းတစ်ထောင်, ဆွမ်းတစ်ထောင်, ကမ္ဗလာတစ်ထောင်

http://www.dhammadownload.com


တို့ကို အလှူခံရရှိ၏။ ထိုရသော လာဘ်ပူဇော်သကာတို့ကို စွန့်၍ မိဘဆွေမျိုးတို့နေရာ သာဝတ္ထိမြို့မှ ယူဇနာတစ်ရာ့ရှစ်ဆယ် ဝေးကွာသော တောရွာ၌ သွားနေ၏။

သာမဏေငယ်သည် ထိုတောရွာ၌ ရသမျှသော ပစ္စည်းလေးပါးဖြင့် တင်းတိမ်မှုတ ရောင့်ရဲလျက် ဆွေမျိုးဒါယကာဒါယိကာမတို့၏ အကျိုးကိုငဲ့ကာ နေ၏။ ထိုတော၌ပင် ပဋိသမ္ဘိဒါပတ္တရဟန္တာ ဖြစ်တော်မူ၏။ ထိုအကြောင်းကို ရဟန်းများက ချီးမွမ်းပြောဆိုကြ သဖြင့် မြတ်ဗုဒ္ဓက ဤဒေသနာကို ဟောကြားတော်မူသည်။

## နိဗ္ဗာန်ရကြောင်း,လာဘ်ရကြောင်း

ပါဠိ။ အညာဟိ လာဘူပနိသာ၊ အညာ နိဗ္ဗာန ဂါမိနီ။
ဧဝမေတံ အဘိညာယ၊ ဘိက္ခု ဗုဒ္ဓဿ သာဝကော။
သက္ကာရံ နာဘိနန္ဒေယျ၊ ဝိဝေက မနုဗြူဟယေ။

အနက်။ လာဘူပနိသာ၊ လာဘ်ရကြောင်းအကျင့်သည်။ အညာဟိ၊ တစ်မျိုးတခြား တစ်ပါးသာတည်း။ နိဗ္ဗာနဂါမိနီ၊ နိဗ္ဗာန်ရကြောင်းအကျင့်သည်။ အညာ၊ တစ်ပါးသာတည်း။ ဧဝံ၊ ဤသို့။ ဧတံ၊ ဤအကျင့် ၂ ပါးကို။ အဘိညာယ၊ ခွဲခြားသိသောကြောင့်။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ သာဝကော၊ တပည့်ဖြစ်သော။ ဘိက္ခု၊ ရဟန်းသည်။ သက္ကာရံ၊ လာဘ် ပူဇော်သက္ကာရကို။ နာဘိနန္ဒေယျ၊ မနှစ်သက်ရာ။ ဝိဝေကံ၊ ဝိဝေက ၃ ပါးကို။ အနုဗြူဟယေ၊ တိုးပွားစေရာသတည်း။

အဓိပ္ပါယ်။ လာဘ်ရကြောင့်အကျင့်နှင့် နိဗ္ဗာန်ရကြောင်းအကျင့် ၂ ပါးကို ကွဲပြားခြား နားစွာသိ၍ ဘုရားတပည့်သည် လာဘ်ပူဇော်သက္ကာရကို မနှစ်သက်ဘဲ ဝိဝေက ၃ ပါးကို တိုးပွားစေရာ၏။

ဓမ္မသာရ။ နိဗ္ဗာန်ရကြောင်းကျင့်သူသည် လာဘ်ရကြောင်းအကျင့်ကို ရှောင်ရ၏။

### လာဘ်မှီအကျင့်

'လာဘူပနိသာ' လာဘ်ကို မျှော်ကိုး၍ ကျင့်သူ၏ အကျင့်သည် နိဗ္ဗာန်ရောက်ကြောင်း အကျင့်မဟုတ်။ လာဘ်ကို မျှော်ကိုးသဖြင့် ကျင့်အပ်သောအကျင့်သည် ကိုယ်နှုတ်တို့ဖြင့် ကောက်ကျစ်စဉ်းလဲမှု ပြုတတ်သဖြင့် အကုသိုလ်ဖြစ်၏။ ရသောလာဘ်သည်လည်း 'အဓမ္မိကလာဘ်' မည်၏။

http://www.dhammadownload.com


ကာယဥပဓိနှင့်ပြည့်စုံခြင်း၊ သက်နိုးကိုဝတ်ခြင်း၊ အကြားအမြင်ဗဟုသုတများခြင်း၊ အခြံအရံပြည့်စုံခြင်း၊ တောကျောင်းနေခြင်းဟူသောအကြောင်းတို့ကြောင့် ဖြစ်ပေါ်လာသော လာဘ်သည် တရားနှင့်လျော်ညီ၍ 'ဓမ္မိကလာဘ်'မည်၏။

## နိဗ္ဗာန်ရောက်ကြောင်းအကျင့်

နိဗ္ဗာန်ရောက်ကြောင်းအကျင့်ကို ဖြည့်ကျင့်သူသည် စဉ်းလဲလှည့်ပတ်ခြင်းဖြင့် ရသော အဓမ္မိကလာဘ်ကို ပယ်အပ်၏။ မကန်းဘဲ ကန်းသကဲ့သို့၊ မအဘဲအသကဲ့သို့၊ မထိုင်းဘဲ ထိုင်းသကဲ့သို့ ကျင့်ရ၏။

ထို အကျင့် ၂ မျိုးနှင့် သင်္ခတ,အသင်္ခတတရားအားလုံးကို ခွဲခြားသိလျက် ဘုရား၏ အနီး၌နေခြင်း, ဘုရားရှင်၏ အဆုံးအမတရားစကားကို လိုက်နာကျင့်သုံးခြင်း ပြုအပ်၏။ အဓမ္မိက လာဘ်ကို မနှစ်သက်မတောင့်တရာ။ တရားနှင့်လျော်သည်ကို မဖျက်ဆီးရာ။

## အကျင့် ၂-မျိုး၏ တန်ဖိုး

လာဘ်ကို မျှော်ကိုးလျက် ခုတင်စသော တရားအကျင့်ကို ကျင့်သူအတွက် အပါယ် ၄-ပါးသည် တံခါးပွင့်နေ၏။ လာဘ်မမျှော်ကိုးဘဲ တောတွင်းသို့ဝင်လျက် နိဗ္ဗာန်ရောက် ကြောင်းကျင့်သူသည် အရဟတ္တဖိုလ်ကို ရနိုင်သည်။ (ဓမ္မ၊ ဠ၊ ၁၊ ၃၄၀)

## ဝိဝေက ၃ ပါး

၁။ ကာယဝိဝေက-တစ်ယောက်တည်းနေခြင်း

၂။ စိတ္တဝိဝေက- သမာပတ် ၈ ပါးတို့ဖြင့် တစ်စိတ်တည်းထားခြင်း

၃။ ဥပဓိဝိဝေက- နိဗ္ဗာန်

ထိုတွင် ကာယဝိဝေကကို ကျင့်သဖြင့် ဂိုဏ်းဖြင့် ပေါင်းဖော်မွေ့လျော်ခြင်းကို ပယ်ဖျောက်၏။ စိတ္တဝိဝေကဖြင့် ကိလေသာပေါင်းဖော်မွေ့လျော်ခြင်းကို ပယ်ဖျောက်၏။ ဥပဓိဝိဝေကဖြင့် သင်္ခါရဖြင့် ပေါင်းဖော်မွေ့လျော်ခြင်းကို ပယ်ဖျောက်၏။

## ဘုရားရှင်တိုင်းဟောသောတရား

ဘုရားရှင်တိုင်းသည် ၃၂ ကောဋ္ဌာသ အပြည့်အစုံမဟောသင့်သော အရှယ်၌ ဆံပင်,မွေးညှင်း,ခြေသည်း,လက်သည်း,သွား,အရေဟူသော 'တစပဥ္စက' ကမ္မဋ္ဌာန်းတရား

http://www.dhammadownload.com



ကို ဟောသည်။ ထိုတစပဉ္စကကမ္မဋ္ဌာန်းကို ဘုရားရှင်တိုင်း လက်မလွတ်တမ်း ဟောကြားတော်မူ၏။ ထိုကမ္မဋ္ဌာန်းဖြင့် ရဟန္တာဖြစ်သူများပင် မရေတွက်နိုင်။ (ဓမ္မ၊ဋ္ဌ၊၁၊၃၃၆)

## ကိုရင်တိဿ၏ လက်သုံးတရား

ကိုရင်တိဿသည် အသက် ၇ နှစ်အရွယ်အတွင်း တိဿ၊ပိဏ္ဍပါတဒါယကတိဿ၊ ကမ္ဗလဒါယကာတိဿ၊ဝနဝါသီတိဿဟု နာမည် ၄ ခုရလျက် မိမိဒါယကာတို့အား 'သုခိတာ ဟောထ၊ ဒုက္ခာ မုစ္စထ'ကိုသာ အမြဲ ဟောကြားလေ့ရှိသည်။ (ဓမ္မ၊ဋ္ဌ၊၁၊၃၃၈)

## မိမိဆရာကို ပြန်ဟောခြင်း

ကိုရင်တိဿသည် ဆရာဖြစ်တော်မူသော အရှင်သာရိပုတ္တရာမထေရ်၏ အမိန့်အရ 'အရှင်မြတ်ဘုရား၊ အရဟတ္တဖိုလ်ကို ရသူအား ချမ်းသာခြင်း ဖြစ်၏။ အရဟတ္တဖိုလ်ကို ရသူသည်သာ ဆင်းရဲမှ လွတ်နိုင်၏။ ကြွင်းပုဂ္ဂိုလ်တို့သည်ကား ဇာတိစသော ဒုက္ခ၊နိရယစသောဒုက္ခတို့မှ မလွတ်နိုင်ပါဟု 'သုခိတာ ဟောထ၊ ဒုက္ခာ မုစ္စထ'ကို အနက် အဓိပ္ပါယ်ဖွင့်ဆို ပြသည်။ (ဓမ္မ၊ ဋ္ဌ၊ ၁၊ ၃၄၀)

## သတ္တဝါတစ်ယောက်၏မျက်ရည်

သတ္တဝါတစ်ယောက် ဆင်းရဲရောက်သောအခါ ငိုကြွေးရသဖြင့် ထွက်ကျသော မျက်ရည်တို့သည် သမုဒ္ဒရာ ၄ စင်းရှိ ရေတို့ထက် ပိုများ၏။

## မသေဖူးရာ၌ အသေထူးသူ

မြေ၌ ခန္ဓာကိုယ်ကို ပစ်ချ၍ သေသောသတ္တဝါတို့တွင် မသေဖူးသောအရပ်၌ သေသူသည် အသက် ၁၂၀-ရှိ အရှင်အာနန္ဒာမထေရ် ဖြစ်၏။ ရောဟိနီမြစ်အလယ် ထန်း ၇ ဆင့်မျှအမြင့် ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူလျက် တေဇောဓာတ်လောင်ကျွမ်းစေကာ ပရိနိဗ္ဗာန်ပြုတော်မူသည်။ (ဓမ္မ၊ဋ္ဌ၊၁၊၁၄၁၈)

ဝနဝါသီတိဿသာမဏေရဝတ္ထုပြီး၏။

ဗာလဝဂ်ပြီး၏။

♦♦♦♦♦♦♦♦♦♦♦

http://www.dhammadownload.com



# ၆–ပဏ္ဍိတဝဂ်

(ပညာရှိတရားအုပ်စု)

## ၁–ရာဓတ္ထေရဝတ္ထု

### ရာဓမထေရ်

မြတ်ဗုဒ္ဓ ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် သာဝတ္ထိမြို့သား ဆင်းရဲနွမ်းပါးသူ ရာဓပုဏ္ဏားသည် ရှင်ပြုလိုကြောင်း ရဟန်းတို့ထံ ခွင့်ပန်လျှောက်ထား၏။ သို့ရာတွင် အိုမင်းမစွမ်းဖြစ်နေသောကြောင့် မည်သည့်ရဟန်းကမျှ ရှင်ပြုမပေး။ အရှင်သာရိပုတ္တရာသည် သိရ၍ မိမိအားဆွမ်းတစ်ဇွန်း လောင်းလှူဖူးသောကျေးဇူးကို ထောက်၍ ရှင်ပြုပေးသည်။

ရာဓသည် ရဟန်းအဖြစ်ရောက်သောအခါ အရှင်သာရိပုတ္တရာ၏ ဆုံးမသွင်သင်မှု ဩဝါဒကို ကောင်းစွာခံနာယူ၏။ လိုက်နာကျင့်သုံး၏။ ထို့ကြောင့် ၂ ရက်၊ ၃ ရက်မျှဖြင့် အရဟတ္တဖိုလ်သို့ ရောက်၏။ ဤအကြောင်းကို ရဟန်းတို့က ချီးမွမ်းကြသဖြင့် မြတ်ဗုဒ္ဓက ဤဒေသနာကို ဟောကြားတော်မူသည်။ ဒေသနာအဆုံး၌ သောတာပန်စသည်တည်ကြ၏။

### အပြစ်ဖော်ပြရွှေအိုးရ

ပါဠိ။ နိဓီနံဝ ပဝတ္တာရံ၊ ယံ ပဿေ ဝဇ္ဇဒဿိနံ။
နိဂ္ဂယှဝါဒိံ မေဓာဝိံ၊ တာဒိသံ ပဏ္ဍိတံ ဘဇေ။
တာဒိသံ ဘဇမာနဿ၊ သေယျော ဟောတိ နပါပိယော။

အနက်။ ဝဇ္ဇဒဿိနံ၊ အပြစ်ကိုညွှန်ပြတတ်သော။ နိဂ္ဂယှဝါဒိံ၊ နှိမ်ချ၍ဆုံးမလေ့ရှိသော။ မေဓာဝိံ၊ ပညာရှိကို။ နိဓီနံ၊ မြှုပ်ထားသောရွှေအိုးကို။ ပဝတ္တာရံဣဝ၊ ပြောကြားလာသူကဲ့သို့။ ယံပဿေ၊ အကြင်ရှုရာ၏။ တာဒိသံ၊ ထိုကဲ့သို့သဘောရှိသော။ ပဏ္ဍိတံ၊ ပညာရှိကို။ ဘဇေ၊ ဆည်းကပ်ရာ၏။ တာဒိသံ၊ ထိုသဘောရှိသူကို။ ဘဇမာနဿ၊ ဆည်းကပ်သူအား။ သေယျော၊ မြတ်သည်။ ဟောတိ၊ ဖြစ်၏။ နပါပိယော၊ မယုတ်ညံ့နိုင်။

အဓိပ္ပါယ်။ အပြစ်ဖော်ပြ၍ နှိမ်ချဆုံးမလေ့ရှိသူကို မြှုပ်ထားသောရွှေအိုးကို ပြောကြားလာသူကဲ့သို့ ထင်မှတ်ဆည်းကပ်အပ်၏။ ထိုသူအား မယုတ်ညံ့ဘဲ မြင့်မြတ်တိုးတက်၏။

ဓမ္မသာရ။ မိမိ၏အပြစ်ကို ဖော်ပြလျက် အကောင်းကို ညွှန်ပြဆုံးမတတ်သူအား ဆည်းကပ်ထိုက်၏။

http://www.dhammadownload.com



### အပြစ်ဖော်ပြခြင်း ၂ မျိုး

၁- ချွတ်ယွင်းချက်၊မှားယွင်းချက်ကို အများအလယ်၌ ဖိနှိပ်ချုပ်ချယ်လို၍ အပြစ်ကို ရှာသောသူ။

၂- မသိသောအရာကို သိစေရန်နှင့် သိပြီးသောအရာကို ရှင်းလင်းစေရန်၊ သီလစသည် တိုးပွားစေရန် အပြစ်ကို ကြည့်နေသူ။

ထို ၂-မျိုးတွင် ဤ၌ ဒုတိယအမျိုးအစားကို ဆိုလိုသည်။

### ဆိုဆုံးမလွယ်သောတပည့်

အရှင်သာရိပုတ္တရာ၏တပည့် ရာဓရဟန်းအိုကြီးသည် တစ်စုံတစ်ရာအပြစ်ပြ၍ ဆုံးမသွင်သင်တိုင်း အမျက်ဒေါသ၊မာန်မာနဖြစ်ခြင်းတို့ တစ်ရံတခါမျှမရှိ။ မြတ်ဗုဒ္ဓက 'ထိုသို့တပည့်မျိုးကိုရသော် မည့်မျှလောက် မွေးကျွေးစောင့်ရှောက်နိုင်မည်နည်း' ဟု မေးရာ အရှင်သာရိပုတ္တရာက 'မြတ်စွာဘုရား၊ ဤကဲ့သို့သောတပည့်မျိုး များစွာပင်ဖြစ်လေငြားသော်လည်း ပြောဆိုဆုံးမစောင့်ရှောက်ခြင်းငှါ စွမ်းနိုင်ပါ၏'ဟု ပြန်လျှောက်၏။

ရာဓမထေရ်ဝတ္ထုပြီး၏။

♦♦♦♦♦

## ၂–အဿဇိပုနဗ္ဗသုကဝတ္ထု

### အဿဇိပုနဗ္ဗသုကရဟန်းများ

မြတ်ဗုဒ္ဓ ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ကီဋာဂိရိဇနပုဒ်၌ အဿဇိနှင့် ပုနဗ္ဗသုကရဟန်းတို့သည် အခြံအရံရဟန်းများစွာနှင့်တကွ ဇနပုဒ်၌ ပန်းပင်စိုက်ပျိုးခြင်း စသော ရဟန်းတို့နှင့်မအပ်သော အနေသန၊ကုလဒူသကအမှုတို့ကို ပြုကြကုန်၏။

သီလချစ်မြတ်နိုးကုန်သော ရဟန်းသံဃာတော်တို့သည် ထိုကျောင်းအရပ်၌ မနေနိုင်ကြကုန်။ ထိုအကြောင်းကို သိတော်မူသောအခါ မြတ်ဗုဒ္ဓက အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့ကို ခေါ်၍ 'ချစ်သားတို့၊ သင်တို့၏ အတူနေတပည့်တို့ကို ဆုံးမကဲ့မြစ်ကုန်လော့' ဟု မိန့်တော်မူ၍ ဤဒေသနာကို ဟောကြားတော်မူသည်။ ဒေသနာအဆုံး၌ သောတာပန်စသည် တည်ကြ၏။

## သူယုတ်မချစ် သူတော်ချစ်

ပါဠိ။ ဩဝဒေယျာ,နုသာသေယျ၊ အသဗ္ဘာ စ နိဝါရယေ။
သတံ ဟိ သော ပိယော ဟောတိ၊ အသတံ ဟောတိ အပ္ပိယော။

အနက်။ ယော၊ အကြင်သူသည်။ ဩဝဒေယျ၊ မျက်မှောက်(တစ်ကြိမ်)ဆုံးမရာ၏။ အနုသာသေယျ၊ ကြိုတင်(မျက်ကွယ်၊အကြိမ်ကြိမ်)ဆုံးမရာ။ အသဗ္ဘာစ၊ မကောင်းမှုအကုသိုလ်ကိုလည်း။ နိဝါရယေ၊ တားမြစ်ရာ၏။ သော၊ ထိုဆုံးမသူကို။ သတံ၊ သူတော်ကောင်းတို့က။ ပိယော၊ ချစ်အပ်သည်။ ဟောတိ၊ ဖြစ်၏။ အသတံ၊ မသူတော် တို့က။ အပ္ပိယော၊ မချစ်အပ်သည်။ ဟောတိ၊ ဖြစ်၏။

အဓိပ္ပါယ်။ အမှုပေါ်သော်လည်းကောင်း၊ ကြိုတင်၍သော်လည်းကောင်း မျက်မှောက် မျက်ကွယ် ဆိုဆုံးမသူကို သူတော်ကောင်းများက ချစ်နှစ်သက်၏။ မသူတော်တို့က မချစ်,မုန်းတတ်၏။

ဓမ္မသာရ။ သူတော်ကောင်းတို့သည် အပြစ်ဖော်ပြဆုံးမတတ်သူကို ချစ်မြတ်နိုး၏။

### ဩဝါဒနှင့် အနုသာသနီအထူး

၁-လွန်ကျူးမှုအပြစ်ဖြစ်ပေါ်သောအခါ ပြောဆိုဆုံးမမှုသည် ဩဝါဒမည်၏။ လွန်ကျူးမှု မဖြစ်ပေါ်မီ သင့်အား အကျိုးမဲ့ဖြစ်လတ္တံ့စသည်ဖြင့် လာမည့်အပြစ်ကိုပြ၍ ကြိုတင်ဆုံးမမှု သည် အနုသာသနီမည်၏။

၂-မျက်မှောက်၌ ပြောဆိုဆုံးမခြင်းသည် ဩဝါဒမည်၏။ မျက်ကွယ်၌ တမန်စေ၍လည်းကောင်း၊ သတင်းစကား ပေးပို့၍လည်းကောင်း၊ ပြောဆိုဆုံးမ ခြင်းသည် အနုသာသနီမည်၏။

၃-ပထမဦးဆုံးအနေဖြင့် တစ်ကြိမ်ဆုံးမခြင်းသည် ဩဝါဒမည်၏။ နောက်ထပ် အဖန်ဖန်အကြိမ်ကြိမ်ဆုံးမခြင်းသည် အနုသာသနီမည်၏။

### ဆုံးမမှုကို နှစ်သက်သူနှင့် မနှစ်သက်သူ

သူတော်ကောင်းတို့သည် ပြောဆိုဆုံးမလာသူကို ချစ်ခင်စုံမက်၍ နှစ်သက်မြတ်နိုးတတ်ကြသည်။ သူယုတ်မာတို့သည်ကား ပြောဆိုဆုံးမလာသူကို မလိုမုန်းထား ရန်ငြိုးဖွားတတ်သည်။ (ဓမ္မ၊ဌ၊ ၁၊ ၃၄၉)

**အဿဇိပုနဗ္ဗသုကဝတ္ထုပြီး၏။**

♦♦♦♦♦

http://www.dhammadownload.com



## ၃-ဆန္နတ္ထေရဝတ္ထု

**ဆန္နမထေရ်**

မြတ်ဗုဒ္ဓ ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ဖွားဖက်တော်ဆန္နအမတ်သည် ဘုရားရှင်ထံ ရဟန်းပြု၍ တရားအားမထုတ်ဘဲ ဒေါသမာန်မာန ခြောင်းခြောင်းထလျက်ရှိ၏။ 'ရှင်တော်ဘုရား၊ တောထွက်တော်မူသောအခါ မည်သူမည်ဝါ တစ်စုံတစ်ရာသောပုဂ္ဂိုလ်ကိုမျှ မမြင်မိ။ ယခု ဘုရားအဖြစ်သို့ရောက်မှသာ ငါကား သာရိပုတ္တရာ၊ ငါကား မောဂ္ဂလာန်ဟု လှည့်လည်ထောင်လွှားနေကြ၏' ဟု အဂ္ဂသာဝကနှစ်ပါးကို ရေရွတ်စောင်းမြောင်းပြောဆို၏။

မြတ်ဗုဒ္ဓသည် ထိုအကြောင်းကို ကြားသိ၍ ဆန္နရဟန်းကို ခေါ်၍ ပြောဆိုဆုံးမ၏။ မြတ်ဗုဒ္ဓရှေ့တော်၌ ဆိတ်ဆိတ်နေလျက် နားထောင်၏။ ကွယ်ရာတွင်ကား ငြူစူစောင်းမြောင်းမြဲ ရေရွတ်ပြောဆိုပြန်၏။ ၃ ကြိမ်မြောက်တွင် အဂ္ဂသာဝက ၂ ပါး၏ ဂုဏ်ကျေးဇူးကို ညွှန်ပြလျက် ထိုသူမျိုးကို ပေါင်းဖော်ဆည်းကပ်သင့်ကြောင်း တိုက်တွန်းကာ မြတ်ဗုဒ္ဓသည် ဤဒေသနာကို ဟောကြားတော်မူသည်။ ဒေသနာအဆုံး၌ သောတာပန် တည်ကြ၏။

### ပေါင်းဖော်ဆည်းကပ်မိတ်ဆွေမြတ်

ပါဠိ။ န ဘဇေ ပါပကေ မိတ္တေ၊ န ဘဇေ ပုရိသာဓမေ။
ဘဇေထ မိတ္တေ ကလျာဏေ၊ ဘဇေထ ပုရိသုတ္တမေ။

အနက်။ ပါပကေ၊ မကောင်းကုန်သော။ မိတ္တေ၊ မိတ်ဆွေတို့ကို။ နဘဇေ၊ မဆည်းကပ်ရာ။ ပုရိသာဓမေ၊ ယုတ်မာသောပုဂ္ဂိုလ်တို့ကို။ နဘဇေ၊ မဆည်းကပ်ရာ။ ကလျာဏေ၊ ကောင်းကုန်သော။ မိတ္တေ၊ မိတ်ဆွေတို့ကို။ ဘဇေထ၊ ဆည်းကပ်ရာ၏။ ပုရိသုတ္တမေ၊ မြတ်သောပုဂ္ဂိုလ်တို့ကို။ ဘဇေထ၊ ဆည်းကပ်ကြကုန်ရာသတည်း။

အဓိပ္ပါယ်။ မကောင်းသောမိတ်ဆွေနှင့် ယုတ်မာသောပုဂ္ဂိုလ်တို့ကို မဆည်းကပ်ရ။ ကောင်းသောမိတ်ဆွေနှင့် ပုဂ္ဂိုလ်မြတ်တို့ကို ဆည်းကပ်ရမည်။

ဓမ္မသာရ။ သူယုတ်မာကို ရှောင်ကြဉ်၍ သူတော်ကောင်းကို ဆည်းကပ်ရမည်။

**မကောင်းသောမိတ်ဆွေ**

မလုပ်သင့်မလုပ်ထိုက်သောအကုသိုလ် အမှုတို့၌ မွေ့လျော်ပျော်ပိုက်သောပုဂ္ဂိုလ်သည် 'ပါပမိတ္တ' မကောင်းသောမိတ်ဆွေမည်၏။

http://www.dhammadownload.com


## ယုတ်မာသောပုဂ္ဂိုလ်

ခြစည်းရိုးစသည်ကို ဖျက်ဆီးသူ၊ အရာမဟုတ်သောအမှုတို့ကို ပြုသူ၊ မအပ်စပ်သော ရှာဖွေမှု (အနေသန-၂၁ ပါးစသည်တို့ကို) ပြုသူတို့သည် ယုတ်မာသောပုဂ္ဂိုလ် 'ပုရိသာဓမ' မည်၏။

## မိတ်ဆွေကောင်းနှင့် မိတ်ဆွေမြတ်

ကာယသုစရိုက်စသော ကုသိုလ်မှုတို့၌ မွေလျော်သူသည် မိတ်ဆွေကောင်း 'ကလျာဏ မိတ္တ' မည်၏။ ခြစည်းရိုးဖျက်ဆီးသူစသည်တို့ကို မပြုသူသည် 'ပုရိသုတ္တမ' မိတ်ဆွေမြတ် မည်၏။

## ဆန္နမထေရ်

ဆန္နမထေရ်သည် ဘုရားအလောင်း တောထွက်သည့်အခါမှစ၍ အတူလိုက်ပါသူပင် ဖြစ်သော်လည်း မိမိကိုယ်ကို စိတ်ကြီးဝင် ဘဝင်မြင့်ကာ မာန်မာနပွားနေသဖြင့် မည့်သည့် တရားကိုမျှ အားမထုတ်နိုင်။ အဂ္ဂသာဝကကြီး ၂ ပါးကိုလည်း ငြူစူစောင်းမြောင်းရေရွတ် သည်။ ဘုရားရှင်က ၃ ကြိမ်တိုင်တိုင် ခေါ်၍ဆုံးမပြောဆိုပါသော်လည်း လိုက်နာခြင်းမရှိ။ ထို့ကြောင့် ဘုရားရှင်ပရိနိဗ္ဗာန်စံဝင်သောအခါ မည်သူတစ်စုံတစ်ဦးမျှ မပြောဆိုရ၊ လျစ်လျူရှု ထားရသော ဗြဟ္မဒဏ်ဖြင့် အပြစ်ပေးခြင်းခံရသူ ဖြစ်၏။ နောင်တွင် မာန်မာနလျော့ချကာ အရှင်အာနန္ဒာ၏ ပြုပြင်ညွှန်ပြပေးမှုကြောင့် ရဟန္တာဖြစ်သည်။ (ဓမ္မ၊ ၌၊ ၁၊ ၃၅၀)

ဆန္နတ္ထေရဝတ္ထုပြီး၏။

◆◆◆◆◆

## ၄-မဟာကပ္ပိနတ္ထေရဝတ္ထု

## မဟာကပ္ပိနမထေရ်

မြတ်ဗုဒ္ဓ ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ကုက္ကုဋ္ဌဝတီမင်းနေပြည်၌ မဟာကပ္ပိန မင်းသည် အမတ် ၁-ထောင်နှင့်ရဟန်းပြု၏။ ရဟန္တာဖြစ်သောအခါ 'အဟော သုခံ၊ အဟော သုခံ၊ သြော်ချမ်းသာပေစွ၊ သြော်ချမ်းသာပေစွ' ဟု မကြာမကြာ ဥဒါန်းကျူးလေ့ရှိ၏။

http://www.dhammadownload.com



ရဟန်းတို့က မဟာကပ္ပိနမထေရ်သည် 'ပြည့်စည်းစိမ်ကို တမ်းတသတိရနေဟန်တူ၏' ဟု ယူဆကာ ဘုရားရှင်အား လျှောက်ထားကြသဖြင့် ဤဒေသနာကို ဟောတော်မူသည်။

## အမြိုက်ဓမ္မ မွေ့လျော်ကြ

ပါဠိ။ ဓမ္မပီတိ သုခံ သေတိ၊ ဝိပ္ပသန္နေန စေတသာ။
အရိယပ္ပဝေဒိတေ ဓမ္မေ၊ သဒါ ရမတိ ပဏ္ဍိတော။

အနက်။ ဓမ္မပီတိ၊ တရားတည်းဟူသောအမြိုက်ရေကို သောက်ရသူသည်။ ဝိပ္ပသန္နေန၊ အထူးကြည့်လင်သန့်ရှင်းသော။ စေတသာ၊ စိတ်ဖြင့်။ သုခံ၊ ချမ်းသာစွာ။ သေတိ၊ နေရ၏။ ပဏ္ဍိတော၊ ပညာရှိသူသည်။ သဒါ၊ အခါခပ်သိမ်း။ အရိယပ္ပဝေဒိတေ၊ အရိယာသူတော်ကောင်းတို့ ဟောကြားအပ်သော။ ဓမ္မေ၊ ဗောဓိပက္ခိယတရား၌။ ရမတိ၊ မွေ့လျော်ပေသတည်း။

အဓိပ္ပါယ်။ ဓမ္မအမြိုက်ရေကို သောက်သုံးသူသည် အထူးကြည်လင်သောစိတ်ဖြင့် ချမ်းသာစွာ နေရ၏။ ပညာရှိသူသည် အရိယာသူတော်ကောင်းတို့ ဟောကြားအပ်သော ဗောဓိပက္ခိယတရား၌ မွေ့လျော်ပျော်ပိုက်၏။

ဓမ္မသာရ။ ပညာရှိသည် သူတော်ကောင်းတို့၏ ဓမ္မရသ၌ မွေ့လျော်ပျော်ပိုက်၏။

### ဓမ္မအမြိုက်ရေသောက်သုံးသူ

ဓမ္မအမြိုက်ရေဟူသည် လောကုတ္တရာတရား ၉ ပါးတည်း။ နေခြင်းဟူသည်- အရိယာပုဒ် ၄ ပါးလုံးကို ဆိုလိုသည်။ ကြည်လင်းခြင်းဟူသည်-ကိလေသာမရှိခြင်း ဖြစ်၏။ အရိယာတို့ဟောအပ်သောတရားကား သတိပဋ္ဌာန်စသော ဗောဓိပက္ခိယတရား ၃၇ ပါးပင်တည်း။

### စုပေါင်းကောင်းမှုစွမ်းရည်

မဟာကပ္ပိနမင်းနှင့် အမတ်တစ်ထောင်, အနောဇာဒေဝီ မိဖုရားနှင့် မောင်းမတစ်ထောင်တို့သည် ရှေးဘဝက စုပေါင်း၍ ကုသိုလ်ကောင်းမှုပြုခဲ့ကြသဖြင့် ဖြစ်လေရာဘဝဝယ် အတူတကွ စည်းစိမ်ချမ်းသာခံစားရသည်။ နောက်ဆုံးဘဝ၌ အတူတူ နိဗ္ဗာန်စံဝင်ကြရသည်။ (ဓမ္မ၊ ဋ၊ ၁၊ ၃၅၃)

http://www.dhammadownload.com



ဟေဘိက္ခုရဟန်း ဖြစ်ထိုက်သူ

မဟာကပ္ပိနမင်းနှင့်အမတ်တစ်ထောင်တို့သည် ရှေးဘဝက ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ကို သင်္ကန်း တစ်ထောင်၊ ရဟန်း နှစ်သောင်းကို တိစီဝရိတ်သင်္ကန်းနှစ်သောင်း ကပ်လှူခဲ့သော စီဝရဒါနကောင်းမှုကြောင့် 'ဟေဘိက္ခုရဟန်း' ဖြစ်ကြသည်။ (ဓမ္မ၊ ၄၊ ၁၊ ၃၅၆)

## ဟေဘိက္ခုရဟန်းဟူသည်

ဟေဘိက္ခုရဟန်းသည် မြတ်စွာဘုရားရှင်က လက်ျာလက်မောင်းတော်ကို ဆန့်လျက် 'ဟေဘိ ဘိက္ခုဝေါ၊ စရထ ဗြဟ္မစရိယံ သမ္မာဒုက္ခဿ အန္တကရိယာယ'ဟု မိန့်မြွက်ခေါ်ရုံမျှဖြင့် ရဟန်းဖြစ်၏။ ထိုခဏ၌ပင် ပရိက္ခရာ ၈ ပါးကို ဆောင်လွယ်လျက် ဝါတော်ရမထေရ်ကြီး အသွင်ဖြင့် ကောင်းကင်ထက်မှ တက်ကြွကာ ဘုရားရှင်ထံ လာရောက်ဖူးမြင်သည်။

ရှေးဘဝက သပိတ်၊သင်္ကန်းစသည့်ပရိက္ခရာလှူဖူးသော ပုညရှိသူ၊ ယခုဘဝ၌ပင် ပရိနိဗ္ဗာန်စံဝင်မည့် ပစ္ဆိမဘဝိကပုဂ္ဂိုလ်ဖြစ်သူတို့သာ ဟေဘိက္ခုရဟန်း ဖြစ်နိုင်ခွင့်ရှိသည်။ အမျိုးသမီးများကား'ဟေဘိက္ခုနီ'ဟု ဖြစ်နိုင်ခွင့်မရှိ။(ဓမ္မ၊၄၊၁၊ ၄၁၁၊ ပဋ၊ ၄၊ ၃၊ ၂၁၅)

မဟာကပ္ပိနတ္ထေရဝတ္ထုပြီး၏။

♦♦♦♦♦

# ၅-ပဏ္ဍိတသာမဏေရဝတ္ထု

## ကိုရင်ပဏ္ဍိတ

မြတ်ဗုဒ္ဓ ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် အရှင်သာရိပုတ္တရာ၏တပည့် ၇ နှစ်အရွယ် ကိုရင်ပဏ္ဍိတသည် ဆရာနှင့်အတူ ဆွမ်းခံကြွ၏။ လမ်းတွင် လယ်သမားတို့က ရေမြောင်းသွယ်လျက် အလိုရှိရာအရပ်သို့ ရေဆောင်ယူနေ၏။ လေးသမားတို့က မြှားဖြောင့်နေ၏။ လက်သမားတို့ကလည်း သစ်ရွေနေကြ၏။ ထိုအရာတို့ကို မြင်ရ၍ ဆရာမထေရ်အား ထိုရေတွေ၊မြှားတွေ၊သစ်တွေမှာ စိတ်ရှိမရှိ မေး၏။

ဆရာက စိတ်မရှိကြောင်းပြောပြသောအခါ သာမဏေသည် 'စိတ်မရှိသော ရေ၊ မြှား၊ သစ်တို့ကို အလိုရှိသလို အကယ်၍ ပြုနိုင်ကုန်သည်ဖြစ်အံ့။ စိတ်ရှိသော မိမိ၏စိတ်ကို မိမိအလိုသို့လိုက်ပါစေလျက် ဝိပဿနာတရား အားထုတ်ခြင်းငှါ အဘယ့်ကြောင့် မစွမ်းနိုင်ဘဲ ရှိအံ့နည်း'ဟု ကြံဆင်ခြင်၏။

http://www.dhammadownload.com


ပြီးသောအခါ၌ မိမိယူဆောင်ထားသော သပိတ်ကို ဆရာမထေရ်အား ပြန်ပေးအပ်၍ ဆွမ်းမခံတော့ဘဲ ကျောင်းသို့ ပြန်လာကာ ဝိပဿနာတရားအားထုတ်သဖြင့် ဆွမ်းမဘုန်း ပေးမီပင် ရဟန္တာဖြစ်တော်မူသည်။ ထိုအကြောင်းကို ရဟန်းတို့က လျှောက်ကြားသဖြင့် မြတ်ဗုဒ္ဓသည် ဤဒေသနာကို ဟောကြားတော်မူ၏။ ဒေသနာအဆုံး၌ သောတာပန်စသည် ဖြစ်ကြ၏။

## မိမိကိုယ်သာ ဆုံးမရာ

ပါဠိ။ ဥဒကံ ဟိ နယန္တိ နေတ္တိကာ၊ ဥသုကာရာ နမယန္တိ တေဇနံ။
ဒါရုံ နမယန္တိ တစ္ဆကာ၊ အတ္တာနံ ဒမယန္တိ ပဏ္ဍိတာ။

အနက်။ နေတ္တိကာ၊ ရေမြောင်းတူး၍ ရေကိုဆောင်သူတို့သည်။ ဥဒကံ၊ ရေကို။ (ဣစ္ဆိတိစ္ဆိတဋ္ဌာနံ-အလိုရှိရာအလိုရှိရာအရပ်သို့) နယန္တိ၊ ဆောင်ယူကုန်၏။ ဥသုကာရာ၊ လေးသမားတို့သည်။ တေဇနံ၊ မြားကို။ နမယန္တိ၊ ဖြောင့်ကုန်၏။ တစ္ဆကာ၊ လက်သမားတို့ သည်။ ဒါရုံ၊ သစ်ကို။ နမယန္တိ၊ ရွေကုန်၏။ ပဏ္ဍိတာ၊ ပညာရှိသူတို့သည်။ အတ္တာနံ၊ မိမိကိုယ်ကို။ ဒယမန္တိ၊ ယဉ်ကျေးအောင်ဆုံးမတော်မူကုန်သတည်း။

အဓိပ္ပါယ်။ ရေဆောင်သူတို့သည် ရေရအောင် မြောင်းတူး ပြုပြင်၍ ဆောင်ယူကုန်၏။ လေးသမားသည် မြားကောက်ကို ဖြောင့်အောင်ပြုပြင်၏။ လက်သမားသည် ကောက်သော သစ်ကို ဖြောင့်အောင် ပြုပြင်၏။ ထို့အတူ ပညာရှိသည် မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမပြုပြင်၏။

ဓမ္မသာရ။ ပညာရှိသူသည် မိမိကိုယ်ကို ဆုံးမနိုင်၏။

### ယဉ်ကျေးအောင်ဆုံးမနိုင်သူများ

'အတ္တာနံ ဒမယန္တိ ပဏ္ဍိတာ'-၌ သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်မှစ၍ အရဟတ္တမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်တိုင်အောင် ၇ ယောက်သော ပုဂ္ဂိုလ်တို့သည် မိမိကိုယ်ကို ယဉ်ကျေးအောင်ဆုံးမ နိုင်သော 'ဒန္တပုဂ္ဂိုလ်'မည်၏။ ရဟန္တာပုဂ္ဂိုလ်သည်ကား စင်စစ်ယဉ်ကျေးပြီးသော 'ဓေန္တဒန္တ ပုဂ္ဂိုလ်'ဖြစ်၏။

http://www.dhammadownload.com


**အရှင်သာရိပုတ္တရာအား ဘုရားမေးသော မေးခွန်းနှင့်အဖြေ-**

၁-သင်ဘာကို ရခဲ့သနည်း? အာဟာရကို ရခဲ့သည်။

၂-အာဟာရသည် ဘာကို ဆောင်သနည်း? ဝေဒနာကို ဆောင်သည်။

၃-ဝေဒနာသည် ဘာကို ဆောင်သနည်း? ရုပ်ကို ဆောင်သည်။

၄-ရုပ်သည် ဘာကို ဆောင်သနည်း? ဖဿကို ဆောင်သည်။

ထိုမေးခွန်းနှင့် အဖြေများ ပြီးဆုံးချိန်တွင် ကိုရင်ပဏ္ဍိတသည် အာရဟတ္တဖိုလ်သို့ ရောက်သည်။

## ဘုန်းကံကြီးသောသာမဏေ

ကိုရင်ပဏ္ဍိတသည် ရှေးဘုန်းကံနှင့်ပြည့်စုံသည့်အတွက် ဆွမ်းမစားမီအတွင်း ရဟန်းတရားအားထုတ်သောအခါ၌ လနတ်သားက လကိုဆွဲထား၍ နေနတ်သားက နေကို ဆွဲငင်ပေးထား၏။ နတ်မင်းကြီး ၄-ယောက်တို့က ကျောင်း၏အရပ်မျက်နှာ ၄-ခုတို့၌ စောင့်ရှောက်ပေး၏။ သိကြားမင်းက ကြိုးလှည့်ရာအရပ်၌ အစောင့်အရှောက်ပြု၏။ မြတ်စွာဘုရားရှင်က တံခါးမုခ်ဝ၌ အစောင့်အရှောက်ပြုတော်မူပေးသည်။ အရှင်သာရိပုတ္တရာက ဆွမ်းခံကျွေးတော်မူသည်။ (ဓမ္မ၊၄၁ )

ပဏ္ဍိတသာမဏေရဝတ္ထုပြီး၏။

♦♦♦♦♦

# ၆-လကုဏ္ဍကဘဒ္ဒိယတ္ထေရဝတ္ထု

## အရပ်အပုဆုံး မထေရ်မြတ်

မြတ်ဗုဒ္ဓ ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် သံဃာ့ပရိသတ်အားလုံးတွင် လကုဏ္ဍက ဘဒ္ဒိမထေရ်သည် အရပ်အပုဆုံး ဖြစ်၏။ ရဟန်းငယ်,သာမဏေငယ်တို့က မထေရ်၏ ဦးခေါင်း,နား,နှာခေါင်းစသည်ကို ကိုင်လျက် 'ငါ့တို့ဘထွေး၊ သာသနာ၌ မွေ့လျော်ပါ၏လော့' စသောစကားတို့ဖြင့် ကျီစယ်ကြကုန်၏။

မထေရ်မြတ်သည်ကား အမျက်မထွက်။ စိတ်ဖြင့် ပြစ်မှားခြင်းမျှပင် မဖြစ်ဘဲ သည်းခံ၍သာ ဆိတ်ဆိတ်နေ၏။ ထိုအကြောင်းကို သိသဖြင့် ရဟန်းတို့က မြတ်ဗုဒ္ဓအား

http://www.dhammadownload.com



လျှောက်ထားရာ ဤဒေသနာကို ဟောကြားတော်မူသည်။ ဒေသနာအဆုံး၌ သောတာပန်စသည်ဖြစ်ကြ၏။

## မုန်တိုင်းလောကဓံ ကြံ့ကြံ့ခံ

ပါဠိ။ သေလော ယထာ ဧကဃနော၊ ဝါတေန န သမီရတိ။
ဧဝံ နိန္ဒာပသံသာသု၊ နသမိဉ္ဇန္တိ ပဏ္ဍိတာ။

အနက်။ ဧကဃနော၊ တခဲနက်ဖြစ်သော။ သေလော၊ ကျောက်တောင်သည်။ ဝါတေန၊ အရပ်လေးမျက်နှာမှတိုက်ခတ်သောလေကြောင့်။ နသမီရတိယထာ၊ မတုန်မလှုပ်သကဲ့သို့။ ဧဝံ၊ ထို့အတူ။ ပဏ္ဍိတာ၊ ပညာရှိသူတို့သည်။ နိန္ဒာပသံသာ၊ ကဲ့ရဲ့ခြင်း,ချီးမွမ်းခြင်းတို့ကြောင့်။ နသမိဉ္ဇန္တိ၊ မတုန်မလှုပ်ကြလေကုန်သတည်း။

အဓိပ္ပါယ်။ ကျောက်တောင်ကြီးသည် အရပ်လေးမျက်နှာမှ တိုက်သောလေကြောင့် မတုန်လှုပ်။ ထို့အတူ ပညာရှိသည် ကဲ့ရဲ့,ချီးမွမ်းစသော လောကဓံတို့ကြောင့် မတုန်လှုပ်ပေ။

ဓမ္မသာရ။ ပညာရှိသူသည် လောကဓံမုန်တိုင်းဒဏ်ကြောင့် တုန့်လှုပ်ခြင်းမရှိ။

### မုန်တိုင်းနှင့်တူသော လောကဓံတရား ၈ ပါး

၁-လာဘော-လာဘ်ရခြင်း၊ ၂-အလာဘော-လာဘ်မရခြင်း
၃-ယသော-အခြံအရံရှိခြင်း၊ ၄-အယသော-အခြံအရံမဲ့ခြင်း
၅-နိန္ဒာ-ကဲ့ရဲ့ခြင်း၊ ၆-ပသံသာ-ချီးမွမ်းခြင်း
၇-သုခံ-ချမ်းသာခြင်း၊ ၈-ဒုက္ခံ-ဆင်းရဲခြင်း

### တုန်လှုပ်ခြင်းဟူသည်

အကောင်းလောကဓံတို့နှင့် တွေ့ဆုံရသောအခါ ကာမရာဂါနုသယစသည်တို့ဖြင့် နှိပ်စက်ခံရသည်။ အဆိုးလောကဓံတို့နှင့် တွေ့ဆုံရသောအခါ ပဋိဃာနုသယစသည်တို့ဖြင့် နှိပ်စက်ခံရသည်။ ထိုသို့နှိပ်စက်ခံရမှုကိုပင် တုန်လှုပ်ခြင်းဟု ဆိုသည်။

လကုဏ္ဍကဘဒ္ဒိယတ္ထေရဝတ္ထုပြီး၏။

♦♦♦♦♦

http://www.dhammadownload.com


## ၇-ကာဏမာတာဝတ္ထု

### အမေအလှူရဲ့ သမီးအိမ်ထောင်ကွဲ

မြတ်ဗုဒ္ဓ ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ကာဏမည်သောမိန်းကလေးသည် လင်အိမ်သို့ ပြန်ရန် မုန့်ကြော်၏။ သောတာပန်မိခင်က အိမ်ရှေ့၌ ရပ်လာသော ရဟန်းကြီးတစ်ပါးအား မုန့်ကို လောင်းလှူလိုက်၏။ ထိုရဟန်းသည် လမ်း၌တွေ့သော အခြားရဟန်းကြီးတို့အားပြောလေရာ လာရပ်ပြန်၏ ဤနည်းဖြင့် မုန့်ကုန်၍ မိကာဏသည် လင်အိမ်သို့ မပြန်ဖြစ်တော့ပေ။

ဤနည်းဖြင့် ၂ ကြိမ်၊ ၃ ကြိမ်တိုင်အောင် လင်က ပြန်လာဖို့ မှာပြန်၏။ မိကာဏသည် မုန့်ကြော်ပြန်ရာ အမေက လှူလိုက်ပြန်သဖြင့် ကုန်ပြန်၏။ ၄ ကြိမ်မြောက်တွင် လင်ဖြစ်သူက ကာဏမိန်းကလေး ပြန်မလာသဖြင့် နောက်မိန်းမယူလိုက်၏။

ဤအခါတွင် မိကာဏက 'ဤရဟန်းတို့သည်၊ ငါ၏အိမ်ထောင်ရေးကို ဖျက်ဆီး၏' ဟု အမျက်ထွက်၍ မြင်သမျှရဟန်းတို့ကို ဆဲရေးရေရွတ်၏။ ရဟန်းတို့လည်း ထိုအိမ်နားသို့ မသွားဝံ့ကြကုန်။ မြတ်ဗုဒ္ဓသည် ထိုအကြောင်းကို သိတော်မူ၍ အိမ်သို့ ကြွတော်မူကာ တရားဟောသဖြင့် မိကာဏသည် သောတာပန်တည်လေသည်။

### အမြိုက်ရေစင် စိတ်ကြည်လင်

ပါဠိ။ ယထာပိ ရဟာဒေါ ဂမ္ဘီရော၊ ဝိပ္ပသန္နော အနာဝိလော။
ဧဝံ ဓမ္မာနိ သုတွာန၊ ဝိပ္ပသီဒန္တိ ပဏ္ဍိတာ။

အနက်။ ဂမ္ဘီရော၊ နက်လှစွာသော။ ရဟဒေါ၊ သမုဒ္ဒရာသည်။ အနာဝိလော၊ မနောက်ကျုသည်။ ဝိပ္ပသန္နော၊ အထူးကြည်လင်သည်။ ဟောတိယထာ၊ ဖြစ်သကဲ့သို့။ ဧဝံ၊ ထို့အတူ။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ ဓမ္မာနိ၊ မြတ်ဘုရားဟောကြားတရားတော်များကို။ သုတွာန၊ ကြားနာရ၍။ ဝိပ္ပသီဒန္တိ၊ အထူးပင်ကြည်လင်ကြလေကုန်သတည်း။

အဓိပ္ပါယ်။နက်လှစွာသောသမုဒ္ဒရာသည် နောက်ကျုခြင်းမရှိ၊ အထူးကြည်လင်ဘိသကဲ့သို့ ပညာရှိတို့သည် ဘုရားဟောတရားတို့ကို ကြားနာရ၍ အထူးကြည်လင်ကုန်၏။

ဓမ္မသာရ။ ပညာရှိအတွက် ဘုရားဟောဓမ္မသည် စိတ်ကြည်လင်ဆေးဖြစ်၏။

http://www.dhammadownload.com



### နက်သောသမုဒ္ဒရာရေ တည်ငြိမ်ခြင်း

ယူဇနာပေါင်း ၈ သောင်း၊ ၄ ထောင် နက်သော၊ ညီသောသမုဒ္ဒရာသည် အင်္ဂါ ၄ ပါးရှိသော စစ်တပ်ကြီး သက်ဆင်းသော်လည်း တုန်လှုပ်ချောက်ချားခြင်း၊ နောက်ကျုခြင်းမရှိ။ ယူဇနာ ၄ သောင်းရှိသော အောက်အရပ်၌ ရေသည် ငါးတို့ကြောင့် လှုပ်ရှား၏။ ယူဇနာ ၄ သောင်းရှိသော အထက်အရပ်၌ ရေသည် လေကြောင့် လှုပ်ရှား၏။ ယူဇနာ ၄ ထောင်ရှိသောအလယ်အရပ်၌ ရေသည် မလှုပ်မရှား တည်ငြိမ်နေသည်။

### အထူးကြည်လင်သူများ

ကိလေသာမရှိသဖြင့် ကြည်လင်သူတို့တွင် သောတာပတ္တိမဂ်မှစ၍ အရဟတ္တမဂ်တိုင်အောင်သော ၇ ယောက်တို့သည် အထူးကြည်လင်သူ 'ဝိပ္ပသန္နပုဂ္ဂိုလ်' မည်၏။ ရဟန္တာပုဂ္ဂိုလ်သည် စင်စစ်အထူးကြည်လင်သူ 'ဧကန္တဝိပ္ပသန္နပုဂ္ဂိုလ်' မည်၏။

ကာဏမာတာဝတ္ထုပြီး၏။

♦♦♦♦♦

## ၈–ပဉ္စသတဘိက္ခုဝတ္ထု

### စားကြွင်းစားတို့ ထမင်းဝချိန်

မြတ်ဗုဒ္ဓ ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ဘုရားရှင်နှင့်အတူ ဝေရဉ္ဇာမြို့၌ လိုက်ပါ၍ ဝါကပ်တော်မူသော ရဟန်းငါးရာတို့သည် သာဝတ္ထိမြို့သို့ ပြန်ရောက်လာ၏။ ထိုရဟန်းတို့ကို မှီ၍နေသော စားကြွင်းစားငါးရာတို့သည် ရဟန်းတော်များသုံးဆောင်ပြီးသော မွန်မြတ်သောအာဟာရတို့ကို စားသောက်ကြလျက် မြူးထူးပျော်ပါး ဆော့ကစားနေကြကုန်၏။

ထိုအခြင်းအရာကိုမြင်သဖြင့် ရဟန်းတို့က 'ငါ့ရှင်တို့၊ ဤစားကြွင်းစားသူတို့သည် ဝေရဉ္ဇာ၌ ဝါဆိုစဉ်က မမြူးထူးကြကုန်။ ယခုသာဝတ္ထိသို့ရောက်၍ မြူးထူးပျော်ပါး အော်ဟစ်ပြေးလွှားကြကုန်၏။ ရဟန်းတို့ကား ထူးခြားမှုမရှိ' ဟု ပြောဆိုဝေဖန်၏။ မြတ်ဗုဒ္ဓကြားတော်မူ၍ ဤဒေသနာကို ဟောကြားတော်မူသည်။ ဒေသနာအဆုံး၌ သောတာပန်ဖြစ်ကြ၏။

http://www.dhammadownload.com



## သူတော်ကောင်းတို့သဘော

ပါဠိ။ သဗ္ဗတ္ထ ဝေ သပ္ပုရိသာ စဇန္တိ၊ န ကာမကာမာ လပယန္တိ သန္တော။
သုခေန ဖုဋ္ဌာ အထဝါ ဒုခေန၊ န ဥစ္စာဝစံ ပဏ္ဍိတာ ဒဿယန္တိ။

အနက်။ သပ္ပုရိသာ၊ သူတော်ကောင်းတို့သည်။ သဗ္ဗတ္ထ၊ ခန္ဓာငါးပါးစသော အလုံးစုံသောသဘောတရားတို့၌။ (ဆန္ဒရာဂ၊ တပ်မက်မောမှုကို) ဝေ၊ စင်စစ်။ စဇန္တိ၊ စွန့်လွှတ်ကြကုန်၏။ သန္တော၊ သူတော်ကောင်းတို့သည်။ ကာမကာမာ၊ ကာမဂုဏ်တို့၌ အလိုရှိကုန်သည်ဖြစ်၍။ နလပယန္တိ၊ မပြောဆိုကုန်။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ သုခေန၊ ချမ်းသာနှင့်။ ဖုဋ္ဌာဝါ၊ တွေ့သော်လည်းကောင်း။ အထ၊ ထိုမှတစ်ပါး။ ဒုခေန၊ ဆင်းရဲနှင့်။ ဖုဋ္ဌာဝါ၊ တွေ့သော်လည်းကောင်း။ ဥစ္စာဝစံ၊ ဝမ်းမြောက်မှုနှလုံးမသာယာမှုကို။ နဒဿယန္တိ၊ မဖော်ပြကြလေကုန်သတည်း။

အဓိပ္ပါယ်။ သူတော်ကောင်းတို့သည် သဘောတရားအားလုံးတို့၌ တပ်မက်မောမှုကို စွန့်လွှတ်၏။ ကာမဂုဏ်အလိုရှိမှုကို မပြောဆို။ ကောင်းလောကဓံ,ဆိုးလောကဓံတို့နှင့် ဆုံသော်လည်း ဝမ်းသာ,ဝမ်းနည်းမှုကို ပြတော်မမူကြကုန်။

ဓမ္မရသ။ သူတော်ကောင်းသည် သဘောတရားအားလုံး၌ တပ်မက်မောမှု 'ဆန္ဒရာဂ' ကို ပယ်စွန့်၍ မတုန်လှုပ်ကုန်။

### လိုအပ်မှုကြောင့် မပြောကြားသူ

ဘုရားစသော သူတော်ကောင်းကြီးတို့သည် ဝတ္ထုကာမတို့ကို လိုအပ်မှုဟူသော အကြောင်းကြောင့် မိမိကိုယ်တိုင်လည်း မပြောကြား။ သူတစ်ပါးအားလည်း ပြောဖို့ရန် တိုက်တွန်းခြင်း ပြောစေခြင်း ရှိတော်မမူကြပါ။

### ပြောခြင်းနှင့် ပြောစေခြင်း

မိမိက ဒါယကာတို့အား ဦးစွာ နှုတ်ဆက်၍ ပြောဆိုခြင်းသည် 'လပယ' ပြောခြင်း မည်၏။ မိမိ၏ ပြောဆိုနှုတ်ဆက်မှုကြောင့် ဒါယကာတို့က ဖိတ်မန္တကပြုမှုသည် 'လပါပေန္တ' ပြောစေခြင်း မည်၏။

http://www.dhammadownload.com



## မတုန်လှုပ်သူ

သုခစသော အကောင်းလောကဓံ၊ ဒုက္ခစသောအဆိုးလောကဓံနှင့် ကြုံတွေ့သည်ရှိသော် ပညာနည်းပါးကုန်သော လူမိုက်တို့သည် အပြင်းအထန် တုန်လှုပ်တတ်ကြ၏။ ပညာရှိသူတော်ကောင်းတို့သည်ကား ပညာဖြင့် သည်းခံဖြေဖျောက်တော်မူ၍ မတုန်လှုပ်ကြလေကုန်။

ပဉ္စသတဘိက္ခုဝတ္ထုပြီး၏။

◆◆◆◆◆

## ၉–ဓမ္မိကတ္ထေရဝတ္ထု

### လွတ်မြောက်သော မိသားစု

မြတ်ဗုဒ္ဓ ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ဓမ္မိကဥပါသကာသည် လူ့ဘောင်၌နေသော်လည်း သူတော်ကောင်းတရားနှင့်အညီ ပြုမူနေထိုင် ကျင့်သုံး၏။ သားတစ်ယောက်မွေးပြီးချိန်တွင် သာသနာ့ဘောင်၌ မိမိကိုယ်တိုင် ဦးစွာ ရဟန်းပြု၍ အရဟတ္တဖိုလ်သို့ရောက်အောင် အားထုတ်၏။

ထို့နောင် မိမိ၏ သားမယားတို့ကိုလည်း သာသနာ့ဘောင်၌ အရဟတ္တဖိုလ်သို့ရောက်စေ၏။ ထိုအကြောင်းကို ရဟန်းတို့က ပြောဆိုနေကြသဖြင့် မြတ်ဗုဒ္ဓက ဤဒေသနာကို ဟောကြားတော်မူသည်။ ဒေသနာအဆုံး၌ သောတာပန်စသည် တည်ကြ၏။

### မည်သည့်ကြောင့်မှ မကောင်းမှုမပြု

ပါဠိ။ န အတ္တဟေတု န ပရဿဟေတု၊ န ပုတ္တ မိစ္ဆေ န ဓနံ န ရဋ္ဌံ။

န ဣစ္ဆေယျ အဓမ္မေန သမိဒ္ဓိမတ္တနော၊ သ သီလဝါ ပညဝါ ဓမ္မိကော သိယာ။

အနက်။ (ပဏ္ဍိတောနာမ၊ ပညာရှိမည်သည်။) အတ္တဟေတု၊ မိမိကြောင့်လည်း။ (ပါပကမ္မံ၊မကောင်းမှုကို။)နကရောတိ၊ မပြု။ ပရဿဟေတု၊ သူတစ်ပါးကြောင့်လည်း။ (ပါပကမ္မံ၊မကောင်းမှုကို)နကရောတိ၊ မပြု။ (ပါပကမ္မေန၊မကောင်းမှုပြုသဖြင့်) ပုတ္တံ၊ သားသမီးကို။ နဣစ္ဆေ၊ အလိုမရှိ။ ဓနံ၊ ဥစ္စာကို။ နဣစ္ဆေ၊ အလိုမရှိ။ ရဋ္ဌံ၊ တိုင်းနိုင်ငံကို။ နဣစ္ဆေ၊ အလိုမရှိ။ အဓမ္မေန၊ မတရားသဖြင့်။ အတ္တနော၊ မိမိ၏။ သမိဒ္ဓိံ၊ ပြည့်စုံမှုကို။ နဣစ္ဆေ၊ အလိုမရှိ။ သ–သော၊ ထိုပုဂ္ဂိုလ်မျိုးသည်။ သီလဝါ၊ သီလနှင့်ပြည့်စုံသည်။

http://www.dhammadownload.com


ပညဝါ၊ ပညာရှိသည်။ ဓမ္မိကော၊ တရားစောင့်သည်။ သိယာ၊ ဖြစ်ပေသတည်း။

အဓိပ္ပါယ်။ ပညာရှိမည်သည် မိမိအတွက်ဖြစ်စေ၊ သူတစ်ပါးအတွက်ဖြစ်စေ၊ မကောင်းမှုကို မပြု။ မကောင်းမှုပြု၍ သားသမီး၊ဇနီးဥစ္စာ တိုင်းပြည်ကို အလိုမရှိ။ မတရားမှုဖြင့် မိမိ၏ပြည့်စုံမှုကို အလိုမရှိ။ ထိုသူမျိုးသည် သီလရှိ၏။ ပညာရှိ၏။ တရားနှင့် ပြည့်စုံသူဖြစ်၏။

ဓမ္မသာရ။ ပညာရှိသည် အသိနှင့် အကျင့်ရှိ၍ မည်သည့်ကြောင့်မှ မကောင်းမှုကို မပြုလုပ်။

## အတ္တဟေတုနှင့် ပရဟေတု

သတ္တဝါတို့သည် မိမိဟူသောအတ္တကြောင့် လောဘ၊ဒိဋ္ဌိ၊မာနကိုမှီ၍ မကောင်းမှုဟူသမျှ ပြုမိကြ၏။ မိမိမှတစ်ပါး ပရဟူသော ဇနီးမယား၊သမီးသားနှင့် စီးပွားဥစ္စာ၊ အာဏာရာထူးတို့အတွက်ကြောင့်လည်း လောဘ၊ဒိဋ္ဌိ၊မာနကိုမှီ၍ မကောင်းမှုဟူသမျှ ပြုမိတတ်ကြ၏။

လူမိုက်သည် ထိုအတ္တနှင့်ပရကြောင့် မကောင်းမှုကို ပွားစည်းစေ၍ ထိုအတ္တနှင့် ပရကိုပင် ဖျက်ဆီး၏။ ပညာရှိသူသည် ထိုအတ္တနှင့်ပရကြောင့် မကောင်းမှုကို မပွားစည်းစေဘဲ တရားနှင့်အညီ ကျင့်သုံးလျက် အတ္တနှင့်ပရကို ကြီးပွားတိုးတက်စေ၏။

ဓမ္မိကတ္ထေရဝတ္ထုပြီး၏။

♦♦♦♦♦

## ၁၀-ဓမ္မဿဝနဝတ္ထု

### တရားနာ၍ မတရားရသူများ

မြတ်ဗုဒ္ဓ ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် သာဝတ္ထိမြို့၏ ရပ်ကွက်တစ်ခု၌ ဘာသာရေးအသင်းအဖွဲ့ဝင်တစ်စုသည် ဒါနဝတ္ထုတို့ကို စုပေါင်းပြု၍ ညဉ့်လုံးပေါက် တရားပွဲပြုကာ တရားနာကြ၏။ သို့သော် သူတို့သည် ညလုံးပေါက်တရားနာနိုင်ခြင်းကား မရှိကြ။

တစ်ချို့မှာ ကာမဂ္ဂုဏ်လျော်လိုစိတ်ကြောင့် အိမ်ပြန်သွားကြ၏။ တစ်ချို့က ဒေါသစိတ်ဖြစ်နေ၏။ အချို့က ထိနမိဒ္ဓဖြစ်၍ ငိုက်နေ၏။ အချို့မှာ မာန်မာနကို မှီနေကြ၏။ ထို့ကြောင့် တရားနာသော်လည်း လျှပ်ပေါ်လောလီစိတ်ဖြင့်ပင် အချိန်ကုန်ကြရ၏။

http://www.dhammadownload.com



နံနက်မိုးသောက်တွင် ရဟန်းတို့က ထိုအကြောင်းကို ပြောဆိုနေကြရာ မြတ်ဗုဒ္ဓက ဤဒေသနာကို ဟောကြားတော်မူသည်။ ဒေသနာအဆုံး သောတာပန်စသည်တည်ကြသည်။

## ဤဘက်ကမ်းနှင့် ဟိုဘက်ကမ်း

ပါဠိ။ အပ္ပကာ တေ မနုဿေသု၊ ယေ ဇနာ ပါရဂါမိနော။
အထာယံ ဣတရာ ပဇာ၊ တီရမေဝါနုဓာဝတိ။

အနက်။ မနုဿေသု၊ လူတို့တွင်။ ယေဇနာ၊ အကြင်သူတို့သည်။ ပါရဂါမိနော၊ နိဗ္ဗာန်ကျွန်းသို့ကူးသွားကြကုန်၏။ တေ၊ ထိုသူတို့သည်။ အပ္ပကာ၊ အလွန်နည်းကုန်၏။ ဣတရာ၊ နိဗ္ဗာန်သို့ကူးသွားသူမှတစ်ပါးကုန်သော။ ယာပဇာ၊ အကြင်သတ္တဝါတို့သည်။ တီရမေဝ၊ သက္ကာယဒိဋ္ဌိတည်းဟူသော ဤမှာဘက်ကမ်း၌သာလျှင်။ အနုဓာဝတိ၊ အဖန်ဖန် ပြေးသွားကြကုန်၏။ အယံပဇာ၊ ဤသတ္တဝါတို့သည်။ (ဗဟုတရာ၊ အလွန်များကုန်၏)

အဓိပ္ပါယ်။ လူအပေါင်းတို့တွင် ထိုမှာဖက်ကမ်းသို့ ကူးမြောက်သူ နည်းပါး၏။ တစ်ဖက်ကမ်းသို့ ရောက်သူမှတစ်ပါး ကြွင်းသူများသည် ဤမှာဖက်ကမ်း၌သာ ခေါက်တုံ့ ခေါက်ပြန် ပြေးသွားနေကြ၏။

ဓမ္မသာရ။ ဟိုဘက်ကမ်းရောက်သူနည်း၍ ဤဘက်ကမ်းမှာ ရှိနေသူတို့က များ၏။

## တရားကျင့်မှ လွတ်မြောက်ရ

ပါဠိ။ ယေစခေါ သမ္မဒက္ခာတေ၊ ဓမ္မေ ဓမ္မာနုဝတ္တိနော။
တေဇနာ ပါရမေဿန္တိ၊ မစ္စုဓေယျံ သုဒုတ္တရံ။

အနက်။ သမ္မဒက္ခာတေ၊ ကောင်းစွာဟောအပ်ကုန်သော။ ဓမ္မေ၊ တရားတော်တို့ကို။ ယေစခေါဇနာ၊ အကြင်သူတို့သည်။ ဓမ္မာနုဝတ္တိနော၊ တရားအားလျော်စွာ ကျင့်ကုန်၏။ တေဇနာ၊ ထိုလူတို့သည်။ သုဒုတ္တရံ၊ ကူးမြောက်နိုင်ခဲသော။ မစ္စုဓေယျံ၊ သေမင်းနေရာ တေဘူမကဝဋ္ဋဒုက္ခ သံသရာကို။ (တရိတွာ၊ ကူးမြောက်၍) ပါရံ၊ နိဗ္ဗာန်တည်းဟူသော တစ်ဖက်ကမ်းသို့။ ဧဿန္တိ၊ ရောက်ကြရကုန်သည်တကား။

အဓိပ္ပါယ်။ ကောင်းစွာဟောကြားအပ်သော တရားတောတို့ကို တရားအားလျော်စွာ ကျင့်သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ ဝဋ္ဋဒုက္ခသံသရာကို ကူးမြောက်၍

http://www.dhammadownload.com



တစ်ဖက်ကမ်းဖြစ်သော နိဗ္ဗာန်သို့ ရောက်ရသည်။

ဓမ္မသာရ။ တရားအားလျော်စွာ ကျင့်သူသည် နိဗ္ဗာန်သို့ ရောက်၏။

**ဤဘက်ကမ်းနှင့်ဟိုဘက်ကမ်း**

သက္ကာယဒိဋ္ဌိသည် နိဗ္ဗာန်၏ ဤမှာဘက်ကမ်းဖြစ်၍ 'တီရ' မည်၏။ နိဗ္ဗာန်သည် သက္ကာယဒိဋ္ဌိ၏ ဟိုမှာဘက်ကမ်းဖြစ်၍ 'ပါရ' ဖြစ်၏။

**သေမင်းနေရာ**

ခန္ဓမာရ်၊ မစ္စုမာရ်၊ ကိလေသာမာရ် ၃-ပါးတွင် ကိလေသာမာရ်ဟူသော တေဘူမက ဝဋ်သည် သေမင်းနေရာ မည်၏။

ဓမ္မသာရဝတ္ထုပြီး၏။

♦♦♦♦♦

## ၁၁-ပဉ္စသတအာဂန္တုကဘိက္ခုဝတ္ထု

**ဘုရားဖူးရဟန်းများ**

မြတ်ဗုဒ္ဓသည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ဝါလကင်းလွတ် သီတင်းကျွတ်ရောက်သဖြင့် အနယ်နယ်မှ ရဟန်းတပည့်အသီးသီးတို့ ဘုရားဖူး ရောက်လာကြ၏။ ထိုတွင် ကောသလတိုင်းသား အာဂန္တုရဟန်းငါးရာတို့ ဘုရားဖူးလာသဖြင့် ထိုရဟန်းတို့၏ စရိုက်အားလျော်စွာ ဤဒေသနာတို့ကို ဟောကြားတော်မူသည်။ ဒေသနာအဆုံး၌ များစွာသောပုဂ္ဂိုလ်တို့ သောတာပန်စသည် တည်ကြ၏။

**အမည်းကိုဖယ် အဖြူဆယ်**

ပါဠိ။ ကဏှံ ဓမ္မံ ဝိပ္ပဟာယ၊ သုက္ကံ ဘာဝေထ ပဏ္ဍိတော။
ဩကာ အနောက မာဂမ္မ၊ ဝိဝေကေ ယတ္ထ ဒူရမံ။

အနက်။ ပဏ္ဍိတော၊ ပညာရှိသည်။ ကဏှံဓမ္မံ၊ မည်းညစ်သောအကုသိုလ်တရားကို။ ဝိပ္ပဟာယ၊ ပယ်စွန့်၍။ ဩကာ၊ တဏှာတည်းဟူသောတည်ရာမှ။ (နိက္ခမိတွာ၊ထွက်ခွာ၍)

http://www.dhammadownload.com



အနောကံ၊ တဏှာကင်းရာနိဗ္ဗာန်ကို။ အာဂမ္မ၊ အာရုံပြုလျက်။ သုက္ကံဓမ္မံ၊ ဖြူစင်သော ကုသိုလ်တရားကို။ ဘာဝေထ၊ ပွားများကုန်ရာသတည်း။

အဓိပ္ပါယ်။ ပညာရှိသည် မည်းညစ်သောအကုသိုလ်ကို ပယ်စွန့်၍ တဏှာမှ ထွက်ခွာရာနိဗ္ဗာန်ကို အာရုံပြုလျက် ဖြူစင်သောကုသိုလ်ကို ပွားများရာ၏။

ဓမ္မသာရ။ နိဗ္ဗာန်ကိုအာရုံပြု၍ မည်းညစ်သောအကုသိုလ်ကို ပယ်ဖျက်လျက် ဖြူစင်သောကုသိုလ်ကို ပွားရာ၏။

## နွံထဲမှ ကြာ

ပါဠိ။ တတြာ,ဘိရတိ မိစ္ဆေယျ၊ ဟိတွာ ကာမေ အကိဉ္စနော။
ပရိယောဒပေယျ အတ္တာနံ၊ စိတ္တက္လေသေဟိ ပဏ္ဍိတော။

အနက်။ ပဏ္ဍိတော၊ ပညာရှိသည်။ တတြ၊ ထိုနိဗ္ဗာန်၌။ အဘိရတိ၊ အလွန်မွေ့လျော်ခြင်းကို။ ဣစ္ဆေယျ၊ အလိုရှိရာ၏။ ကာမေ၊ ကာမတို့ကို။ ဟိတွာ၊ ပယ်စွန့်၍။ အကိဉ္စနော၊ စိုးရိမ်ခြင်းမရှိဘဲ။ စိတ္တက္လေသေဟိ၊ စိတ်ညစ်ညူးကြောင်း နီဝရဏတရားတို့မှ။ အတ္တာနံ၊ မိမိကိုယ်ကို။ ပရိယောဒပေယျ၊ ဖြူစင်စေရာသတည်း။

အဓိပ္ပါယ်။ ပညာရှိသည် ငြိမ်းအေးရာနိဗ္ဗာန်၌ မွေ့လျော်ရာ၏။ ကာမတို့ကို ပယ်စွန့်၍ စိတ်အညစ်အကြေးကိလေသာတို့မှ မိမိကိုယ်ကို ဖြူစင်စေရာ၏။

ဓမ္မသာရ။ ကာမကို စွန့်လျက် နိဗ္ဗာန်၌ မွေ့လျော်ရာ၏။

## ထာဝရငြိမ်းပြတ် နိဗ္ဗာန်ခေတ်

ပါဠိ။ ယေသံ သမ္ဗောဓိယင်္ဂေသု၊ သမ္မာ စိတ္တံ သုဘာဝိတံ။
အာဒါန ပဋိနိဿဂ္ဂေ၊ အနုပါဒါယ ယေ ရတာ။
ခီဏာသဝါ ဇုတိမန္တော၊ တေ လောကေ ပရိနိဗ္ဗုတာ။

အနက်။ ယေသံ၊ အကြင်ပုဂ္ဂိုလ်တို့သည်။ သမ္ဗောဓိယင်္ဂေသု၊ ဗောဇ္ဈင်တရားတို့၌။ စိတ္တံ၊ စိတ်ကို။ သမ္မာ၊ ကောင်းစွာ။ သုဘာဝိတံ၊ ပွားများအပ်၏။ ယေ၊ အကြင်သူတို့သည်။ အနုပါဒါယ၊ မစွဲလန်းမူ၍။ အာဒါနပဋိနိဿဂ္ဂေ၊ ဥပါဒါန်တို့ကို စွန့်လွှတ်ရာ နိဗ္ဗာန်၌။ ရတာ၊ မွေ့လျော်ပျော်ပိုက်ကုန်၏။

http://www.dhammadownload.com



တော၊ ထိုသူတို့သည်။ လောကေ၊ လောက၌။ ခီဏာသဝါ၊ အာသဝေါကုန်ပြီး ကြသည်ဖြစ်၍။ ဇုတိမန္တော၊ တန်ခိုးကြီးကုန်သည်ဖြစ်၍။ ပရိနိဗ္ဗုတာ၊ နိဗ္ဗာနဓာတ်ဖြင့် ထာဝရငြိမ်းပြတ်တော်မူကြလေကုန်သတည်း။

အဓိပ္ပါယ်။ ဗောဇ္ဈင်တရား၌ စိတ်ကို ကောင်းစွာပွား၍ စွဲလန်းမှုမပြုဘဲ နိဗ္ဗာန်၌ မွေ့လျော်သူတို့သည် ရဟန္တာဖြစ်ပြီး ငြိမ်းချမ်းတော်မူကြကုန်၏။

ဓမ္မသာရ။ စွဲလန်းမှုမရှိသော နိဗ္ဗာန်၌ မွေ့လျော်သူတို့သည် အာသဝေါကင်းကွာ ရဟန္တာဖြစ်၍ ငြိမ်းချမ်းတော်မူကြ၏။

**အမည်းနှင့် အဖြူ**

ကာယဒုစရိုက်စသော အကုသိုလ်တရားတို့သည် စိတ်ကို မည်းညစ်စေတတ်သော ကြောင့် 'ကဏှဓမ္မ' မည်၏။ ကာယသုစရိုက်စသော ကုသိုလ်တရားတို့သည် စိတ်ကို ဖြူစင်စေတတ်သောကြောင့် 'သုက္ကဓမ္မ' မည်၏။

**တပ်မက်မှုကင်းရာ နိဗ္ဗာန်**

တပ်မက်ခြင်းသည် ဩက မည်၍၊ မတပ်မက်မှုသည် အနောက မည်၏။ နိဗ္ဗာန်ကို အလိုရှိသူသည် ဝတ္ထုကာမ, ကိလေသာကာမတို့၌ တပ်မက်မှုဩကကို ပယ်ခွာ၍ အရဟတ္တမဂ်တိုင်အောင်သော ကုသိုလ်တရားကို ပွားရမည်။ (ဓမ္မ၊ ၄၊ ၁၃၈၁)

ပဋ္ဌသတအာဂန္တုကဘိက္ခုဝတ္ထုပြီး၏။

ပဏ္ဍိတဝဂ်ပြီး၏။

♦♦♦♦♦♦♦♦♦♦♦

http://www.dhammadownload.com



# ၇–အရဟန္တဝဂ်

(ရဟန္တာတရားအုပ်စု)

## ၁–ဇီဝကပဉှာဝတ္ထု

**ဇီဝက၏မေးခွန်း**

မြတ်ဗုဒ္ဓသည် ဆေးဆရာဇီဝက၏ သရက်ဥယျာဉ်၌ သီတင်းသုံးစဉ် ဒေဝဒတ်၏ ကျောက်တုံးလှိမ့်ချမှုကြောင့် ခြေမတွင် ဒဏ်ရာရ၍ အနာရင်းနေ၏။ ဇီဝကသည် ခွဲစိတ်ကုသပေးပြီး၍ 'အရှင်ဘုရား ပင်ပန်းခြင်း ဖြစ်တော်မူပါသလော'ဟု မေးလျှောက်၏။ မြတ်ဗုဒ္ဓက 'ဇီဝက၊ ငါဘုရားသည် ဗောဓိမဏ္ဍိုင်ကပင် အပူခပ်သိမ်း ကင်းငြိမ်းပြီး ဖြစ်ပေသည်'ဟု မိန့်တော်မူကာ ဤဒေသနာကို ဟောတော်မူ၏။ ဒေသနာအဆုံး၌ သောတာပန်စသည် တည်ကြ၏။

### သောကကင်းဝေး နေနိုင်ရေး

ပါဠိ။ ဂတဒ္ဓိနော ဝိသောကဿ၊ ဝိပ္ပမုတ္တဿ သဗ္ဗဓိ။
သဗ္ဗဂန္ထပ္ပဟီနဿ၊ ပရိဠာဟော န ဝိဇ္ဇတိ။

အနက်။ ဝိသောကဿ၊ စိုးရိမ်ခြင်းကင်းသော။ သဗ္ဗဓိဝိပ္ပမုတ္တဿ၊ အလုံးစုံသော ခန္ဓာစသောတရားတို့၌ နှစ်သက်မှုမှလွတ်မြောက်သော။ သဗ္ဗဂန္ထပဟီနဿ၊ အလုံးစုံသော အထုံးအဖွဲ့တို့ကို ပယ်ပြီးသော။ ဂတဒ္ဓိနော၊ သံသရာခရီး သွားပြီးသော ရဟန္တာအား။ ပရိဠာဟော၊ ပူပန်မှုအပေါင်းသည်။ နဝိဇ္ဇတိ၊ ရှိတော်မမူပြီ။

**အဓိပ္ပါယ်**။ စိုးရိမ်ခြင်းကင်း၍ အလုံးစုံသောခန္ဓာစသည်တို့၌ နှစ်သက်မှုမှလွတ်မြောက်ပြီး၍ အထုံးအဖွဲ့ဂန္ထတို့ကိုပယ်ပြီးသော သံသရာခရီးသွားပြီး ရဟန္တာပုဂ္ဂိုလ်ကြီးတို့အား ပူပန်မှုမရှိ။

**ဓမ္မသာရ**။ နှစ်သက်မှုမှလွတ်မြောက်၍ ဂန္ထတို့ကိုပယ်ပြီးသော ရဟန္တာပုဂ္ဂိုလ်တို့သည် ပူပန်မှု မရှိ။

http://www.dhammadownload.com



## ခရီးသည် ၂-မျိုး

ခရီးဟူသည် လောကခရီး၊ သံသရာခရီးအားဖြင့် ၂-မျိုးရှိ၏။ လောကခရီးသည် 'ကန္တာရဒ္ဓါ'မည်၍ သံသရာခရီးသည် 'ဝဋ္ဋဒ္ဓါ'မည်၏။ ကန္တာရခရီးသွားသူတို့သည် အလိုရှိရာ အရပ်သို့ မရောက်သေးသမျှ 'အဒ္ဓိက'ခရီးသည် မည်၏။ အလိုရှိရာအရပ်သို့ ရောက်ပြီးသောအခါ 'ဂတဒ္ဓိက'ခရီးသွားပြီးသူ မည်၏။

သံသရာခရီးသွားတို့သည် ဝဋ်ကို မှီ၍ ဝဋ်ဆင်းရဲတို့ မကုန်းသေးသမျှ ပုထုဇဉ်နှင့်တကွ သေက္ခပုဂ္ဂိုလ်တို့သည် 'အဒ္ဓိက'ခရီးသည် မည်၏။ ဝဋ်ကိုမမှီဘဲ ဝဋ်ဆင်းရဲကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်တို့သည် 'ဂတဒ္ဓိက'ခရီးသွားပြီးသူ မည်သည်။ ဤ၌သံသရာခရီး သွားပြီးသူ ဝဋ်ဆင်းရဲကုန်၍ ရဟန္တာဖြစ်ပြီးသော 'ဂတဒ္ဓိက'ကို အလိုရှိအပ်၏။

## ပူပန်ခြင်း ၂-မျိုး

ပူပန်ခြင်းဟူသည် ကိုယ်၌ဖြစ်သော ပူပန်ခြင်း 'ကာယိကပရိဠာဟ'၊ စိတ်၌ဖြစ်သောပူပန်ခြင်း 'စေတသိကပရိဠာဟ' ဟု ၂-မျိုးရှိ၏။ ထို ၂-မျိုးတွင် ရဟန္တာပုဂ္ဂိုလ်တို့အား အချမ်းအပူစသော ဖောက်ပြန်မှုများဖြစ်နိုင်၍ ကာယပရိဠာဟ မချုပ်ငြိမ်းသေးပါ။

ဇီဝကပဥ္စာဝတ္ထုပြီး၏။

♦ ♦ ♦ ♦ ♦

## ၂-မဟာကဿပတ္ထေရဝတ္ထု

### အရှင်မဟာကဿပထေရ်

မြတ်ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည်အနီး ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် အရှင်မဟာကဿပထေရ်သည် မိမိ၏သပိတ်သင်္ကန်းစသည်တို့ကို ရှိသေစွာ သုံးစွဲ၍ သိမ်းဆည်းသိမ်းထားလေ့ရှိ၏။ ရဟန်းတို့က မြင်သဖြင့် သပိတ်သင်္ကန်း စသည်တို့၌ ကပ်ငြိတွယ်တာသည်ဟု ထင်မြင်ကြသည်။ အရှင်မဟာကဿပသည် ပဒုမုတ္တရဘုရားရှင်လက်ထက်တော်ကစ၍ 'ပစ္စည်း ၄-ပါး ဒါယကာ၊ ဒါယိကာမတို့၌ မကပ်ငြိပဲ ချဉ်းကပ်ရပါလို၏'ဟု ဆုတောင်းခဲ့သည်ကိုအကြောင်း ပြု၍ ဤဒေသနာကို ဟောတော်မူသည်။ ဒေသနာအဆုံး၌ များစွာသောပုဂ္ဂိုလ်တို့ သောတာပန်စသည်ဖြစ်ကြသည်။

http://www.dhammadownload.com



## ဟင်္သာပမာ စွန့်ပယ်ခွာ

ပါဠိ။ ဥယျုဉ္ဇန္တိ သတီမန္တော ၊ န နိကေတေ ရမန္တိ တေ။
ဟံသာဝ ပလ္လလံ ဟိတွာ ၊ ဩကမောကံ ဇဟန္တိတေ။

အနက်။ သတီမန္တော၊သတိရှိကုန်သော။ ယေ၊အကြင်ပုဂ္ဂိုလ်တို့သည်။ဈာနဝိပဿနာ ဒီသု၊ထိုးထွင်း၍ သိအပ်ကုန်သော ဈာန်ဝိပဿနာစသည်တို့၌။ ဥယျုဉ္ဇန္တိ၊လုံ့လပြုကြကုန်၏။ တေ၊ထိုပုဂ္ဂိုလ်တို့သည်။ နိကေတေ၊တည်ရာကာမဂုဏ်တို့၌။ န ရမန္တိ၊မမွေ့လျော်ကြကုန်။ ဟံသာ၊ဟင်္သာငှက်တို့သည်။ ပလ္လလံ၊ ကျက်စားရာညွန်ပျောင်ကို။ ဟိတွာ၊စွန့်ခွါလျက်။ (ဂစ္ဆန္တိကဲ့၀ ၊ပျံသွားကုန်သကဲ့သို့။)ဩကမောကံ၊မှီရာတဏှာဟူသမျှကို။ ဇဟန္တိ၊ စွန့်၍သွားကုန်သတည်း။

**အဓိပ္ပါယ်**။ ဟင်္သာငှက်တို့သည် ကျက်စားရာညွန့်ပျောင်တို့ကို စွန့်ခွါ၍ ထိုကျက်စားရာနေရာကို မငဲ့ပဲသွားကုန်သကဲ့သို့ သတိရှိ၍ ဈာန်ဝိပဿနာတရားတို့ကို အားထုတ်ပြီးလျှင် ကာမဂုဏ်တို့၌ မမွေ့လျော်သော ရဟန္တာပုဂ္ဂိုလ်တို့သည် မှီရာတဏှာဟူသမျှကို စွန့်၍ သွားကြ၏။

**ဓမ္မသာရ**။ ရဟန္တာပုဂ္ဂိုလ်တို့သည် မည်သည့်မှီရာတဏှာကိုမှ မတွယ်တာ။

**ဥပမာ**။ ငှက်တို့သည် စားကျက်ပြည့်စုံသော ညွန့်ပျောင်း၌ မိမိ၏အစာကိုယူ၍ ပျံသွားသောအခါ၌ 'ငါ၏ရေ ငါ၏ကြာ'ဟု စားကျက်ကို ကပ်ငြိခြင်းမရှိပဲ ထိုစားကျက်ကို စွန့်၍ ပျံပြီးလျှင် ကောင်းကင်၌ မြူးထူးကြကုန်သကဲ့သို့ ထို့အတူ ရဟန္တာပုဂ္ဂိုလ်တို့သည် ထိုထိုအရပ်၌ နေသည်ရှိသော် ဒါယကာ ဒါယိကာမနှင့် ပစ္စည်း ၄-ပါးစသည်တို့ကို ကပ်ငြိခြင်းမရှိပဲ နေထိုင်၍ သွား၏။ ငါ၏ကျောင်း ငါ၏အာရာမ် ငါ၏အလုပ်အကျွေးဟု ကပ်ငြိခြင်းမရှိပဲသာလျှင် ထိုထိုအရပ်တို့ကို စွန့်ခွာ၏။

မဟာကဿပတ္ထေရဝတ္ထု ပြီး၏။

♦♦♦♦♦

http://www.dhammadownload.com


# ၃-ဗေလဋ္ဌသီသတ္ထေရဝတ္ထု

## ဗေလဋ္ဌသီသမထေရ်

မြတ်ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အရှင်ဗေလဋ္ဌသီသသည် တစ်ကြိမ်ဆွမ်းခံစားပြီး၍ ကျန်သောဆွမ်းတို့ကို နေ့စဉ်ဆွမ်းခံရသောဆင်းရဲမဖြစ်ရန် သိုမှီးလျက် ဖလသမာပတ် ဝင်စား၏။ စားဖွယ်လုံးဝမရှိမှ တစ်ဖန်ဆွမ်းခံ၏။ ထိုအကြောင်းကို ရဟန်းတို့ကလျှောက်သဖြင့် သိက္ခာပုဒ်ပညတ်တော်မူကာ ဤဒေသနာကို ဟောတော်မူသည်။ ဒေသနာတော်အဆုံး၌ များစွာသောပုဂ္ဂိုလ်တို့ သောတာပန်စသည် ဖြစ်ကြ၏။

## အဇ္ဈာခွင် ခြေမထင်

ပါဠိ။ ယေသံ သန္နိစယော နတ္ထိ၊ ယေ ပရိညာတဘောဇနာ။
သုညတော အနိမိတ္တော စ၊ ဝိမောက္ခော ယေသံ ဂေါစရော။
အာကာသေဝ သကုန္တာနံ၊ ဂတိ တေသံ ဒုရန္နယာ။

**အနက်**။ ယေသံ၊အကြင်ရဟန္တာတို့အား။ သန္နိစယော၊သိုမှီးသိမ်းဆည်းခြင်းသည်။ နတ္ထိ၊မရှိ။ ယေ၊ အကြင်ရဟန္တာတို့သည်။ ပရိညာတဘောဇနာ၊ ပရိညာသုံးပါးဖြင့် ပိုင်းခြားလျက် ဘောဇဉ်ကို သုံးဆောင်ကုန်၏။ သုညတောစ၊ရာဂကင်းဆိတ်လျက်။ အနိမိတ္တောစ၊ရာဂစသောနိမိတ်မရှိသော။ ဝိမောက္ခော၊နိဗ္ဗာန်သည်။ ယေသံ၊တို့၏။ဂေါစရော၊ ကျက်စားရာအာရုံဖြစ်၏။ အာကာသေ၊ကောင်းကင်၌။ သကုန္တာနံ၊ငှက်တို့၏။ဂတိ၊ သွားရာလမ်းကြောင်းကို။ ဒုရန္နယာဣဝ၊မသိနိုင်သကဲ့သို့။ တေသံ၊ ထိုရဟန္တာပုဂ္ဂိုလ်တို့၏။ဂတိ၊ လားရာကို။ ဒုရန္နယာ၊သိနိုင်ခဲ၏။

**အဓိပ္ပါယ်**။ ကောင်းကင်၌ငှက်တို့၏ သွားရာလမ်းကြောင်းကို သိနိုင်ခဲသကဲ့သို့ ပရိညာသုံးပါးဖြင့် ပိုင်းခြား၍ ဘောဇဉ်ကို သုံးဆောင်ကုန်သော ရဟန္တာပုဂ္ဂိုလ်တို့သည် သိုမှီးသိမ်းဆည်းခြင်းမရှိ၊ ရာဂကင်းဆိတ်လျက် ရာဂစသောနိမိတ် မရှိသောနိဗ္ဗာန်ကို အာရုံပြုကုန်၏။ ၎င်းပုဂ္ဂိုလ်တို့ သွားရာလမ်းကြောင်းကို သိနိုင်ခဲ၏။

**မှတ်သားရန်**။ ကောင်းကင်၌ ငှက်ခြေရာကို မသိနိုင်သကဲ့သို့ ရဟန္တာတို့၏ ဂတိကို သိရန်ခက်ခဲ၏။

http://www.dhammadownload.com


## သိမ်းခြင်း ၂-မျိုး

ပစ္စည်းဥစ္စာ အဖြာဖြာကို သိမ်းခြင်းသည် 'ပစ္စယသန္နိစယ'မည်၏။ ကုသိုလ်ကံ၊ အကုသိုလ်ကံကို သိမ်းခြင်းသည်'ကမ္မသန္နိစယ'မည်၏။

ကျောင်းနေရဟန်းသည် ထန်းလျက်တစ်ခဲ၊ ထောပတ်တစ်ဖွန်း၊ ဆန်တစ်ကွမ်းစား ထာကာမျှဖြင့်ပင် ပစ္စယသန္နိစယ မဖြစ်နိုင်။ ယင်းထက်ပို၍ ထားလျှင်ကား ပစ္စယသန္နိစယ ဖြစ်တော့၏။

## ပိုင်းခြား၍ သိခြင်း ၃-မျိုး

ပိုင်းခြား၍သိခြင်း ပရိညာသည် 'ဉာတပရိညာ၊ တီရဏပရိညာ၊ ပဟာနပရိညာ'ဟု ၃-မျိုး ရှိ၏။ ထိုတွင် ယာဂုစသည်တို့ကို ယာဂုစသည်အဖြစ်ဖြင့် သိခြင်းသည် ဉာတပရိညာ မည်၏။ အစာအဟာရ၌ စက်ဆုပ်ဖွယ်၏အစွမ်းဖြင့် ပိုင်းခြားသိခြင်းသည် တီရဏပရိညာ မည်၏။ အစာအဟာရ၌ နှစ်သက်သော ဆန္ဒရာဂကို ပယ်သောဉာဏ်သည် ပဟာနပရိညာ မည်၏။

## နိဗ္ဗာန်ဂုဏ်ရည်

နိဗ္ဗာန်သည် ရာဂ၊ဒေါသ၊ မောဟစသည်တို့ မရှိခြင်းကြောင့် 'သုညတ' မည်၏။ ရာဂစသောဖြစ်ကြောင်းနိမိတ်တို့ မရှိခြင်းကြောင့် 'အနိမိတ္တ'မည်၏။ ရာဂစသော တောင့်တမှုမရှိခြင်းကြောင့် 'အပ္ပဏိဟိတ' မည်၏။ ထိုရာဂ၊ ဒေါသ၊ မောဟတို့မှ လွတ်မြောက်သောကြောင့် 'ဝိမောက္ခ'လည်း မည်၏။

## သတ္တဝါတို့လမ်းကြောင်း ဂတိ ၅-မျိုး

၁။ ကာမ၊ ရူပ၊ အရူပဟူသော ဘဝ ၃-ပါး

၂။ သံသေဒဇ၊ ဩပပါတိက၊ အဏ္ဍဇ၊ ဇလာဗုဇဟူသော ယောနိ ၄-ပါး

၃။ ဒေဝ၊ မနုဿ၊ နိရယ၊ ပေတ၊ တိရစ္ဆာနဟူသော ဂတိ ၅-ပါး

၄။ နာနတ္တကာယ နာနတ္တသညီ၊ နာနတ္တကာယ ဧကသညီ၊ ဧကတ္တကာယ နာနတ္တသညီ၊ ဧကတ္တကာယ ဧကတ္တသညီ၊ အာကာသာနဉ္စာယတန၊ ဝိညာဏဉ္စာယတန၊ အာကိဉ္စညာယတန၊ နေဝသညာနာသညာယတနဟူသော ဝိညာဏဋ္ဌိတိ ၇-ပါး

http://www.dhammadownload.com


၅။ ဝိညာဏဋ္ဌိတိ ၇-ပါးနှင့် အသညသတ်၊ နေဝသညာနာသညာယတနဟူသော သတ္တဝါသ ၉-ပါး တို့သည် သတ္တဝါတို့၏သွားရာ ဂတိ မည်၏။

## သန္နိစိကာရသိက္ခာပုဒ်

အရှင်ဗေလဋ္ဌသီသအား အကြောင်းပြု၍ ၂-ရက်၊ ၃-ရက်စာ ဆွမ်းခြောက်တို့ကို သိုမှီးသိမ်းဆည်းထားသောရဟန်းအား အပြစ်အာပတ်သင့်ရောက်စေဟု 'သန္နိစိကာရသိက္ခာပုဒ်'ကို ပညတ်တော်မူသည်။ (ဓမ္မ၊ဋ္ဌ၊ ၁၊ ၃၈၆)

ဗေလဋ္ဌသီသတ္ထေရဝတ္ထု ပြီး၏။

♦♦♦♦♦

## ၄-အနုရုဒ္ဓတ္ထေရဝတ္ထု

### အရှင်အနုရုဒ္ဓါထေရ်

မြတ်ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည်အနီး ဝေဠုဝန်ကျောင်းတော် ၌သီတင်းသုံးတော်မူစဉ် ဇာလိနီနတ်သမီးသည် အရှင်အနုရုဒ္ဓါအား ရည်မှတ်၍ နတ်ပုဆိုးကို ပံ့သကူပစ်၏။ အရှင်အနုရုဒ္ဓါသည် ပံ့သကူသင်္ကန်းလျာကို အမှိုက်ပုံအတွင်းမှ ကောက်ယူ၍ ချုပ်ဆိုးစဉ် မြတ်စွာဘုရားနှင့် သံဃာ ၅၀၀-တို့အလို့ငှါ ခဲဖွယ်ဘောဇဉ်များစွာကိုလည်း မိမိတန်ခိုးဖြင့် ဖန်ဆင်း၏။ ထိုသို့နတ်စောင့်မသည်ကို မသိသောရဟန်းတို့က 'ပမာဏထက်လွန်အောင် ဒါယကာတို့အား ပြောဘိ၏'ဟု ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ရဟန္တာတို့၏သဘောကို သိစေရန် မြတ်ဗုဒ္ဓက ဤဒေသနာကို ဟောတော်မူသည်။ ဒေသနာတော်အဆုံး၌ များစွာသောပုဂ္ဂိုလ်တို့ သောတာပန် စသည်ဖြစ်ကြ၏။

### ရဟန္တာရှင် ခရီးစဉ်

ပါဠိ။ ယဿာသဝါ ပရိက္ခီဏာ ၊ အာဟာရေ စ အနိဿိတော။
သုညတော အနိမိတ္တော စ၊ ဝိမောက္ခော ယဿ ဂေါစရော။
အာကာသေဝ သကုန္တာနံ ၊ ပဒံ တဿ ဒုရန္နယံ။

http://www.dhammadownload.com


အနက်။ ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ အာသဝါ၊ အာသဝေါတရားတို့သည်။ ပရိက္ခီဏာ၊ ကုန်ခန်းကုန်၏။ အာဟာရေစ၊ အစာအာဟာရ၌လည်း။ အနိဿိတော၊တဏှာဒိဋ္ဌိတို့ဖြင့်စွဲလမ်းခြင်းမရှိ။ သုညတောစ၊ရာဂစသည်မှဆိတ်သုဉ်းလျက်။အနိမိတ္တောစ၊ ရာဂစသောနိမိတ်မရှိသော။ ဝိမောက္ခော၊နိဗ္ဗာန်သည်။ ယဿ၊ အကြင်ရဟန္တာပုဂ္ဂိုလ်၏။ ဂေါစရာ၊ကျက်စားရာအာရုံသည်။ ဟောတိ၊ဖြစ်၏။ အာကာသေ၊ ကောင်းကင်၌။ သကုန္တာနံ၊ငှက်တို့၏။ ပဒံ၊ခြေရာကို။ ဒုရန္နယံဣဝ၊မသိနိုင်သကဲ့သို့။တဿ၊ ထိုရဟန္တာပုဂ္ဂိုလ်၏။ ပဒံ၊ခြေရာဟူသောလမ်းကြောင်းကို။ ဒုရန္နယံ၊မသိနိုင်။

**အဓိပ္ပါယ်**။ ကောင်းကင်၌ ငှက်တို့၏ခြေရာကို မသိနိုင်သကဲ့သို့ အာသဝေါကုန်ပြီး၍ အစာအာဟာရ၌ တဏှာဒိဋ္ဌိတို့ဖြင့် မစွဲမှီပဲ ရာဂစသည်ဆိတ်သုဉ်းသော ရာဂစသောနိမိတ် မရှိသော နိဗ္ဗာန်လျှင် ကျက်စားရာအာရုံရှိသော ရဟန္တာအရှင်မြတ်များ၏ ခြေရာဟူသော လားကြောင်းကို မသိနိုင်။

**ဓမ္မသာရ**။ ရဟန္တာအရှင်မြတ်တို့၏ ခြေရာဟူသောလမ်းကြောင်းကို မသိနိုင်။

## ခြေရာကို မသိနိုင်ပုံ

ကောင်းကင်၌ ပျံသန်းကုန်သောငှက်တို့သည် ဤအရပ်ဌာန၌ ခြေတို့ဖြင့် နင်း၍ သွားကုန်၏။ ဤအရပ်ဌာနကို ရင်ဘတ်ဖြင့်ထိ၍သွားကုန်၏။ ဤအရပ်ဌာနကို ခေါင်းဖြင့် ထိ၍သွားကုန်၏။ ဤအရပ်ဌာနကို အတောင်ဖြင့် ထိ၍သွားကုန်၏ဟု သိခြင်းငှါမစွမ်းနိုင် သကဲ့သို့ ဤအတူ အာသဝေါတရားကုန်၍ အာဟာရတို့ကို တဏှာဒိဋ္ဌိတို့ဖြင့် မမှီဝဲပဲ သုညတစသော နိဗ္ဗာန်ကိုအာရုံ ပြုကုန်သော ရဟန္တာပုဂ္ဂိုလ်တို့၏ နိရယပဒဖြင့် သွားကုန်၏။ တိရစ္ဆာနယောနိပဒဖြင့် သွားကုန်၏ စသောနည်းဖြင့် ခြေရာကိုသိခြင်းငှါ မစွမ်းနိုင်။

## ရှင်အနုရုဒ္ဓါမထေရ်၏ ပံ့သကူသင်္ကန်း

ရှင်အနုရုဒ္ဓါမထေရ်သည် သင်္ကန်းဆွေးသောကြောင့် အမှိုက်ပုံတွင် သင်္ကန်းရှာတော်မူ၏။ ရှေးဘဝက ၃-ခုမြောက်က ဇနီးဟောင်းဖြစ်ခဲ့ဖူးသူ တာဝတိံသာနတ်သမီး ဇာလိနီသည် အရှင်မြတ်ရှာနေသော အမှိုက်ပုံတွင် နတ်ပုဆိုးကိုမသိမသာ အမြိတ်မျှသာ ထင်ရှားစေသည်။

ယင်းနတ်ပုဆိုးကို ပံ့သကူကောက်ယူချိန်တွင် ၅၀၀-သောရဟန်းများနှင့် ဘုရားရှင်

http://www.dhammadownload.com



သည် ဝေဠုဝန်ကျောင်းတွင် ရှိတော်မူ၏။ ၈၀-ကျိပ်သော မထေရ်ကြီးများလည်း သက်န်းချုပ်ရာတွင် ပါဝင်၏။ ရှင်မဟာကဿပသည် အရင်း၌၊ ရှင်သာရိပုတ္တရာသည် အလယ်၌ ရှင်အာနန္ဒာသည် အဖျား၌ ထိုင်၏။ ရဟန်းအပေါင်းက အပ်ချည်ကို ကျစ်သည်။ ဘုရားရှင်က အပ်နဖားသို့ အပ်ချည် သွင်းပေးသည်။ သိကြားမင်းက သင်္ကန်းချုပ်သောနေရာ၌ မြေကို ညီညွတ်အောင်ပြုသည်။ ရှင်မဟာမောဂ္ဂလာန်က ဇမ္ဗူသပြေသီးကို ဆောင်၍ကျွေးလှူသည်။ အရှင်အနုရုဒ္ဓါထေရ်၏ ဆွေမျိုးတို့နှင့် အလုပ်အကျွေးတို့က ယာဂုခဲဖွယ်ဆွမ်းများ ကပ်လှူကြသည်။ (ဓမ္မ၊ဋ္ဌ၊၁။၃၈၇)

အနုရုဒ္ဓတ္ထေရဝတ္ထုပြီး၏။

♦♦♦♦♦

## ၅-မဟာကစ္စာယနတ္ထေရဝတ္ထု

### နတ်ချစ်သော အရှင်မဟာကစ္စည်းထေရ်

မြတ်ဗုဒ္ဓသည် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဝါလကင်းလွတ် သီတင်းကျွတ်တွင် ရဟန်းသံဃာအပေါင်းစုဝေးတော်မူလျက် ပဝါရဏာကို ပြုတော်မူ၏။ သိကြားမင်းသည် နတ်ပရိသတ်နှင့်တကွ လာ၍ မြတ်စွာဘုရားနှင့်သံဃာတော်များအား ပန်းနံ့သာတို့ဖြင့် ပူဇော်၏။ အရှင်မဟာကစ္စည်းထေရ်သည်လည်း အလွန်ဝေးကွာသော အဝန္တိတိုင်းအရပ်မှ မဟာပဝါရဏာပြုရန် ကြွလာ၏။ သိကြားမင်းသည် မထေရ်မြတ်အား တွေ့လျှင် ခြေအစုံကို ဦးတိုက်လျက် အထူးမြတ်နိုးစွာ ပူဇော်သက္ကာရပြု၏။ ထိုအကြောင်းကို ရဟန်းတို့က ပြောဆိုကြသဖြင့် နတ်တို့ချစ်မြတ်နိုးကြောင်းဖြစ်သော ဤဒေသနာကို ဟောတော်မူသည်။ ဒေသနာတော်အဆုံး၌ သောတာပန်စသည်တည်၏။

### နတ်တို့ချစ်ကြောင်း အကျင့်ကောင်း

ပါဠိ။ ယဿိန္ဒြိယာနိ သမထင်္ဂတာနိ၊ အဿာ ယထာ သာရထိနာ သုဒန္တာ။
ပဟီနမာနဿ အနာသဝဿ၊ဒေဝါပိ တဿ ပိဟယန္တိ တာဒိနော။

အနက်။ သာရထိနာ၊ ရထားထိန်းသည်။ သုဒန္တာ၊ကောင်းစွာ ဆုံးမပြီးကုန်သော။

http://www.dhammadownload.com



အဿာယထာ၊ မြင်းတို့ကဲ့သို့။ ယဿ၊အကြင်ရဟန္တာပုဂ္ဂိုလ်၏။ ဣန္ဒြိယာနိ၊ စက္ခုစသော ဣန္ဒြေတို့သည်။ သမထံ၊ငြိမ်သက်တည်ကြည်ခြင်းသို့။ ဂတာနိ၊ရောက်ကုန်၏။ ပဟီနမာနဿ၊မာနကိုပယ်ပြီးသော။ အနာသဝဿ၊ အာသဝေါမရှိသော။ တာဒိနာ၊ တာဒိဂုဏ်နှင့်ပြည့်စုံသော။ တဿ၊ထိုရဟန္တာပုဂ္ဂိုလ်အား။ ဒေဝါပိ၊ နတ်တို့သည်လည်း။ ပိဟယန္တိ၊ ချစ်မြတ်နိုးကြကုန်၏။

အဓိပ္ပါယ်။ကျွမ်းကျင်လိမ္မာသော ရထားထိန်း၏ ဆုံးမပြီးသော မြင်းတို့သည် ယဉ်ကျေးခြင်းသို့ ရောက်သကဲ့သို့ ရဟန္တာအရှင်မြတ်၏ စက္ခုစသောဣန္ဒြေတို့သည် ငြိမ်သက်တည်ကြည်ကုန်၏။ မာနပယ်ပြီး၍ အာသဝါမရှိပဲ တာဒိဂုဏ်နှင့်ပြည့်စုံသော ရဟန္တာပုဂ္ဂိုလ်အား နတ်လူတို့ ချစ်မြတ်နိုး၏။ ဖူးမြင်ရန် ကြွလာခြင်းကို တောင့်တကုန်၏။

**ဓမ္မသာရ**။ ငြိမ်သက်သောဣန္ဒြေရှိသူအား လူနတ် ချစ်မြတ်နိုး၏။

## ရှင်မဟာကစ္စည်းထေရ်အား သိကြားမင်းပူဇော်ပုံ

ဘုရားရှင်သည် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်းတော်၌ ဝါဆို၍ ရှင်မဟာကစ္စည်းသည် အဝန္တိတိုင်းတွင် သီတင်းသုံး၍ မဟာပဝါရဏာပြုရန် ကြွလာသည်။ သိကြားမင်းသည် စတုမဟာရာဇ်နှင့် တာဝတိံသာနတ်ပြည်မှ ပရိသတ်နှင့်အတူ နတ်ပန်းနံ့သာ စသည်တို့ဖြင့် ဘုရားရှင်အား ပူဇော်သည်။ အရှင်မဟာကစ္စည်း ကြွလာတော်မူသောအခါ အရှင် မြတ်၏ ခြေမြတ်စေ့ကို မြဲမြံစွာကိုင်လျက် အရှင်ဘုရား ကြွလာခြင်းကို ဝမ်းမြောက်လှပါ၏။ အရှင်မြတ် ကြွလာခြင်းကို တောင့်တနေပါ၏ဟု လျှောက်ထားသည်။ လက်နှစ်ဖက်တို့ဖြင့် ခြေကိုဆုပ်နယ်၍ ပန်းစသည်တို့ဖြင့် ပူဇော်ရှိခိုးသည်။(ဓမ္မ၊ဋ္ဌ၊၁။၃၈၉)

မဟာကစ္စာယနတ္ထေရဝတ္ထုပြီး၏။

♦♦♦♦♦

http://www.dhammadownload.com



## ၆-သာရိပုတ္တတ္ထေရဝတ္ထု

### အရှင်သာရိပုတ္တရာထေရ်

မြတ်ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ရဟန်းတစ်ပါးသည် ‘အရှင်သာရိပုတ္တရာသည် တပည့်တော်အား သင်္ကန်းဖြင့် တိုက်သွားပါသည်’ဟု မဟုတ်မမှန်စွပ်စွဲ၍ မြတ်စွာဘုရားအား တိုင်တန်း၏။ အရှင်သာရိပုတ္တရာအား ခေါ်မေးရာ ‘အရှင်မြတ်ဘုရား၊ တပည့်တော်သည် ခြေသုတ်ပုဆိုး မြွေပွေးကျိုးနှင့် ချိုကျိုးနွားလား၊ ဒွန်းစဏ္ဍားကဲ့သို့ မထောင်လွှားပါ’ဟု ပြန်လျှောက်၏။ ထိုရဟန်းအား အမျက်မထွက်ပဲ လက်အုပ်ချီ၍ ထိုင်တောင်းပန်သဖြင့် ဤဒေသနာကို ဟောတော်မူသည်။ ဒေသနာအဆုံး၌ ရဟန်း ၉-ထောင်တို့ ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်ကြ၏။

### ဘဝနိဂုံး ချုပ်ဆုံးသူ

ပါဠိ။ ပထဝီသမော နော ဝိရုဇ္ဈတိ ၊ ဣန္ဒခိလုပမော တာဒိ သုဗ္ဗတော၊
ရဟဒေါဝ အပေတကဒ္ဒမော၊ သံသာရာ န ဘဝန္တိ တာဒိနော။

အနက်။ တာဒိ၊ တာဒိဂုဏ်နှင့်ပြည့်စုံသော။ သုဗ္ဗတော၊ကောင်းသောအကျင့်ရှိသော။ (ခီဏာသဝေါ၊ရဟန္တာသည်။)ပထဝီသမော၊ မြေကြီးကဲ့သို့လည်းကောင်း။ ဣန္ဒခိလုပမော၊ တံခါးတိုင်ကဲ့သို့လည်းကောင်း။ (သက္ကာရာသက္ကာရေသု၊ ပူဇော်ခြင်း၊ မပူဇော်ခြင်းကို။ ကရောန္တေသု၊ ပြုသူတို့၌) နော ဝိရုဇ္ဈတိ၊ ဆန့်ကျင်မှုမရှိ။ အပေတကဒ္ဒမော၊ ရွံ့ညွှန်ကင်းသော။ ရဟဒေါ၊ ရေအိုင်သည်။ ပသန္နောဒကော၊ ကြည်လင်သကဲ့သို့။ တာဒိနော၊ တာဒိဂုဏ်ရှင်ရဟန္တာသခင်အား။ သံသာရာ၊ သုဂတိဒုဂ္ဂတိတို့၌ ကျင်လည်ခြင်းတို့သည်။ နဘဝန္တိ၊ မဖြစ်ကုန်။

အဓိပ္ပါယ်။ မြေကြီးနှင့် တံခါးတိုင်တို့သည် မိမိတို့အပေါ်၌ ကောင်း မကောင်းပြုသူတို့အားမဆန့်ကျင်သကဲ့သို့ တာဒိဂုဏ်နှင့် ကောင်းသောအကျင့်ရှိသော ရဟန္တာတို့သည် ပူဇော်သူ၊မပူဇော်သူတို့ကို မဆန့်ကျင်ပဲ သုဂတိဒုဂ္ဂတိတို့၌ကျင်လည်ခြင်း ချုပ်ဆုံးတော်မူ၏။

http://www.dhammadownload.com



## မြေကြီးကဲ့သို့ အကျင့်

မြေကြီးပေါ်၌ လူတို့သည် စင်ကြယ်ကောင်းမြတ်သော ပန်းနံ့သာစသည်တို့ကို လည်းပစ်ချကုန်၏။ မစင်ကြယ်မကောင်းမြတ်သော ကျင်ကြီးကျင်ငယ်တို့ကိုလည်း ပစ်ချကုန်၏။ မြေကြီးသည် နှစ်သက်ခြင်း၊ ဝမ်းသာခြင်း မဖြစ်။ ထိုကြောင့် မြေကြီးသည် မည်သူတို့နှင့်မျှ မဆန့်ကျင်။ သူတော်ကောင်းသည် မြေကြီးပမာ မည်သူနှင့်မျှ မဆန့်ကျင် အောင် ကျင့်၏။

## တံခါးတိုင်ကဲ့သို့အကျင့်

မြို့တံခါး၌ စိုက်ထားသော တံခါးတိုင်ကို ကလေးသူငယ်တို့သည် ကျင်ကြီးကျင် ငယ်စွန့်ကုန်၏။ အချို့သူတို့က ပန်းနံ့သာစသည်တို့ဖြင့် ပူဇော်ကုန်၏။ တံခါးတိုင်သည် ကား နှစ်သက်ခြင်း၊ ဝမ်းသာခြင်း မဖြစ်။ ထို့ကြောင့် မည်သူနှင့်မျှ မဆန့်ကျင့်။ သူတော်ကောင်းသည် တံခါးတိုင်ပမာ မည်သူနှင့်မျှ မဆန့်ကျင်အောင် ကျင့်၏။

## ရဟန္တာ၏တို့၏စိတ်သဘော

ရဟန္တာပုဂ္ဂိုလ်သည် မိမိကို ပစ္စည်း ၄-ပါးဖြင့် လျှုသူ၌လည်းကောင်း၊ မလှူသူ၌ လည်းကောင်း ၂-ဦးစလုံးအား မဆန့်ကျင့်။ ထို့ကြောင့် ရဟန္တာတို့၏ စိတ်သဘောသည် မြေကြီး၊ တံခါးတိုင်တို့နှင့် တူ၏။ ညွှန်ကင်းသော ရေသည် ကြည်လင်သကဲ့သို့ ရာဂစသော ကိလေသာကင်းသဖြင့် ကြလင်သောစိတ်လည်း ရှိတော်မူ၏။

သာရိပုတ္တတ္ထေရဝတ္ထု ပြီး၏။

♦♦♦♦♦

# ၇-ကောသမ္ဗီဝါသီတိဿတ္ထေရဝတ္ထု

## ကောသမ္ဗီတိဿမထေရ်

မြတ်ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ကောသမ္ဗီ ပြည်မှ အရှင်တိဿမထေရ်သည် ၇-နှစ်အရွယ်တပည့် ရဟန္တာသာမဏေငယ်နှင့်အတူ မြတ်စွာ ဘုရားအား ဖူးမြင်ရန် သာဝတ္ထိသို့ လာ၏။ လမ်းခရီး၌ ကျောင်းတစ်ကျောင်းတွင်

http://www.dhammadownload.com



ဝင်၍တည်းခိုရာ သာမဏေငယ်သည် အတူအိပ်လျှင် ဆရာဥပဇ္ဈာယ်အား အပြစ်အာပတ် သင့်မည်စိုးသဖြင့် ဉောင်စောင်းအနီး၌ ထိုင်နေ၏။

ဆရာမထေရ်သည် အရုဏ်တက်ချိန်၌ သာမဏေအား နှိုးရန် ယပ်ရိုးဖြင့် ကြမ်းကို စောင့်ရာ သာမဏေ၏ မျက်စိကို ထိမိသဖြင့် မျက်စိကွယ်၏။ သာမဏေက သည်းခံ၍ မပြောပဲ ဆရာ့ဝတ်ကို ပြုမြဲပြု၏။ ထိုအကြောင်းကို သိသောအခါ ဆရာမထေရ်သည် သာမဏေအား ဝန်ချတောင်းပန်၏။ ဘုရားရှင်ထံရောက်၍ ထိုအကြောင်းကို လျှောက်သဖြင့် ဤဒေသနာကို ဟောတော်မူသည်။ ဒေသနာတော်အဆုံး၌ ဆရာဖြစ်သော ကောသမ္ဗီတိဿ ထေရ်သည် ရဟန္တာဖြစ်တော်မူ၏။

## ကိုယ်နှုတ်နှလုံး ငြိမ်သက်သူ

ပါဠိ။ သန္တံ တဿ မနံ ဟောတိ၊ သန္တာ ဝါစာ စ ကမ္မ စ။
သမ္မဒညာ ဝိမုတ္တဿ၊ ဥပသန္တဿ တာဒိနော။

အနက်။ သမ္မဒညာ၊ အကြောင်းအားလျော်စွာသိ၍။ ဝိမုတ္တဿ၊ ငါးပါးသောဝိမုတ္တိ တို့ဖြင့် ကိလေသာမှလွတ်သော။ ဥပသန္တဿ၊ကိုယ်တွင်း၌ ရာဂစသည်တို့ငြိမ်သက်သော။ တာဒိနော၊ ထိုသို့ဖောက်ပြန်ခြင်းသဘောမရှိသော။ တဿ၊ထိုသာမဏေငယ်၏။ မနံ စ၊ စိတ်သည်လည်း။ သန္တံ၊ ငြိမ်သက်၏။ ဝါစာစ၊ နှုတ်အမူအရာသည်လည်း။ သန္တာ၊ ငြိမ်သက်၏။ ကမ္မံစ၊ ကိုယ်အမူအရာသည်လည်း။ သန္တံ၊ ငြိမ်သက်၏။

**အဓိပ္ပါယ်**။ အကြောင်းအားလျော်စွာ တရားကိုသိ၍ ကိလေသာတို့မှ လွတ်ပြီးလျှင် ငြိမ်သက်သော၊ဖောက်ပြန်ခြင်းသဘောမရှိသော ရဟန္တာသာမဏေ၏ ကိုယ်နှုတ်စိတ် အမူအရာတို့သည် ငြိမ်သက်ကုန်၏။

**ဓမ္မသာရ**။ တရားကိုသိ၍ ကိလေသာမှလွတ်ပြီးသူ၏ ကိုယ်နှုတ်စိတ်အမူအရာတို့ သည် တည်ကြည်ငြိမ်သက်၏။

## ကိုယ်နှုတ်စိတ်တို့ယဉ်ကျေးပုံ

ရဟန္တာပုဂ္ဂိုလ်တို့အား အဘိဇ္ဈာ၊ဗျာပါဒစသော မနောဒုစရိုက်စသည်တို့ မရှိခြင်း ကြောင့် စိတ်အမူအကျင့်အားလုံး ယဉ်ကျေး၏။ မုသာဝါဒစသော ဝစီဒုစရိုက်တို့ မရှိခြင်း

http://www.dhammadownload.com



ကြောင့် နှုတ်အမှုအကျင့်အားလုံး ယဉ်ကျေး၏။ ပါဏာတိပါတစသော ကာယဒုစရိုက်တို့ မရှိခြင်းကြောင့် ကိုယ်အမှုအကျင့်အားလုံးလည်း ယဉ်ကျေး၏။ ထို့ကြောင့် ရဟန္တာပုဂ္ဂိုလ်တို့သည် ယဉ်ကျေးသူ 'သန္တ' မည်၏။

ကောသမ္ဗီဝါသီတိဿတ္ထေရဝတ္ထု ပြီး၏။

♦♦♦♦♦

## ၇-သာရိပုတ္တတ္ထေရဝတ္ထု

### အရှင်သာရိပုတ္တရာ

မြတ်ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ၃-ကျိပ်သော တောကျောင်းနေရဟန်းတို့၏ရှေ့၌ အရှင်သာရိပုတ္တရာအား 'သာရိပုတ္တရာ၊ ဣန္ဒြေ ၅-ပါးကို မပွားဘဲ မဂ်ဖိုလ်ကို မျက်မှောက်ပြုနိုင်၏ ဟူသောစကားကို သင်ယုံကြည်သလော' ဟု မေးတော်မူ၏။ အရှင်သာရိပုတ္တရာက 'မြတ်စွာဘုရား၊ ကိုယ်တိုင်မသိသူသည် သူတစ်ပါးပြောစကားဖြင့် ယုံကြည်ရပါ၏။ တပည့်တော်ကား ကိုယ်တိုင်သိပြီးသူဖြစ်သဖြင့် သူတစ်ပါးစကားဖြင့် မယုံကြည်ပါ' ဟု ပြန်လျှောက်သဖြင့် ဤဒေသနာကို ဟောတော်မူ၏။ ဒေသနာအဆုံး၌ တောကျောင်းနေ ရဟန်း၃-ကျိပ်တို့ ပဋိသမ္ဘိဒါပတ္တရဟန္တာဖြစ်ကြ၏။

### ကိုယ်တိုင်သိအစ် ပုဂ္ဂိုလ်မြတ်

ပါဠိ။ အဿဒ္ဓေါ အကတညူ စ၊ သန္ဓိစ္ဆေဒေါ စ ယော နရော။
ဟတာဝကာသော ဝန္တာသော၊ သ ဝေ ဥတ္တမပေါရိသော။

အနက်။ ယော၊ အကြင်သူသည်။ အဿဒ္ဓေါ စ၊ မိမိရပြီးဂုဏ်ကို သူတပါးစကားဖြင့်သာ ယုံကြည်သူမဟုတ်။ အကတညူ စ၊ နိဗ္ဗာန်ကို ကိုယ်တိုင်သိသူလည်းဖြစ်၏။ သန္ဓိစ္ဆေဒေါ စ၊ သံသရာဝဋ်၏ အစပ်ကိုလည်း ဖြတ်တောက်ပြီး၏။ ဟတာဝကာသော စ၊ ကုသိုလ်အကုသိုလ်တို့၏ အကျိုးပေးခွင့်ကို ဖြတ်ပြီးသူသည်လည်းဖြစ်၏။ သ-သောနရော၊ ထိုသူသည်။ ဝေ၊စင်စစ်။ ဥတ္တမပုရိသော၊ယောကျ်ားမြတ်သည်။ ဟောတိ၊ဖြစ်၏။

http://www.dhammadownload.com


**အဓိပ္ပါယ်**။ မိမိရပြီးသားဂုဏ်ကို သူတပါးစကားဖြင့်သာ မယုံကြည်သူ၊ နိဗ္ဗာန်ကို ကိုယ်တိုင်သိမြင်သူ၊ သံသရာဝဋ်၏ အစပ်၊ ကုသိုလ်အကုသိုလ်အကျိုးပေးခွင့်နှင့် အလုံးစုံသော တဏှာတို့ကို ဖြတ်တောက်ထွေးအန်ပြီးသူသည် စင်စစ်ယောကျ်ားမြတ် ဖြစ်ပေသည်။

**မွေသာရ**။ မိမိကိုယ်တိုင်သိပြီးသော ပုဂ္ဂိုလ်မြတ်သည် သူတစ်ပါးစကားဖြင့် မယုံ။

## ဥတ္တမပုရိသဟူသည်

၁-သူတစ်ပါးစကားဖြင့် မယုံသူ၊ ၂-နိဗ္ဗာန်ကို ကိုယ်တိုင် သိသူ။ ၃-သံသရာ၏ အစပ်ကို ဖြတ်ပြီးသူ။ ၄-ကုသိုလ်အကုသိုလ်တို့၏ အကျိုးပေးခွင့်ကို ဖြတ်ပြီးသူသည် 'ပုဂ္ဂိုလ်မြတ်'ဥတ္တမပုရိ မည်၏။

သာရိပုတ္တတ္ထေရဝတ္ထု ပြီး၏။

♦♦♦♦♦

## ၉-ခဒိရဝနိယရေဝတတ္ထေရဝတ္ထု

### ရှားတောနေ ရေဝတထေရ်

မြတ်ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် အရှင်သာရိပုတ္တရာ၏ညီ ၇-နှစ်အရွယ်ရှိ ရေဝတထေရ်သည် ရှားတော၌ ဝါတွင်း ၃-လ သီတင်းသုံးလျက် ရဟန္တာ ဖြစ်တော်မူ၏။ အချို့ရဟန်းတို့က ရေဝတထေရ်၏နေရာ ရှားတောသည် တောကြီးသဖွယ် မတင့်တယ်ဟု ပြော၏။ အချို့သောရဟန်းတို့က နတ်ပြည်သဖွယ် တင့်တယ်၏ဟု ပြောကုန်၏။ ထိုအကြောင်းကို ဝိသာခါက လျှောက်သဖြင့် မြတ်ဗုဒ္ဓသည် ဤဒေသနာကို ဟောတော်မူသည်။ ဒေသနာတော်အဆုံး၌ သောတာပန်စသည်တည်၏။

### သူတော်ကောင်းနေရာ မွေ့လျော်ရာ

ပါဠိ။ ဂါမေ ဝါ ယဒိ ဝါ ရညေ၊ နိန္နေ ဝါ ယဒိ ဝါ ထလေ။
ယတ္ထ အရဟန္တော ဝိဟရန္တိ၊ တံ ဘူမိ ရာမဏေယျကံ။

အနက်။ ဂါမာဝါ၊ ရွာ၌သော်လည်းကောင်း။ ယဒိ၊ ထိုမှတပါး။ အရညေဝါ၊

http://www.dhammadownload.com



တော၌သော်လည်းကောင်း။ နိန္နေ ဝါ၊ နိမ့်ရာချိုင့်ဝှမ်း၌သော်လည်းကောင်း။ ထလေဝါ၊ ကုန်းမြင့်၌သော်လည်းကောင်း။ ယတ္ထ၊ အကြင်တခုခုသောအရပ်၌။ အရဟန္တော၊ ရဟန္တာတို့သည်။ ဝိဟရန္တိ၊ နေကုန်၏။ တံဘူမိ၊ ထိုနေရာအရပ်သည်။ ရာမဏေယျကံ၊ မွေ့လျော်ဖွယ်ရှိသည်သာတည်း။

**အဓိပ္ပါယ်**။ အကြင်အရပ်သည် ရွာဖြစ်ချင်ဖြစ်မည်။ တောဖြစ်ချင်ဖြစ်မည်။ နိမ့်ရာအရပ်ဖြစ်ချင် ဖြစ်မည်။ ကုန်းမြင့်ရာအရပ်ဖြစ်ချင်ဖြစ်မည်။ သူတော်ကောင်းတို့နေလျှင် မွေ့လျော်ဖွယ်ရှိ၏။

**ဓမ္မသာရ**။ မည်သည့်နေရာမဆို သူတော်ကောင်းတို့နေက မွေ့လျော်ဖွယ်ရှိ၏။

## သူတော်ကောင်းတို့မွေ့လျော်ခြင်း

ရဟန္တာပုဂ္ဂိုလ်တို့သည် ရွာအနီး၊မြို့အနီး၌ နေရသည်ရှိသော် ကာယဝိဝေကကို မရနိုင်။ သို့သော် စိတ္တဝိဝေကကိုကား ရ၏။ နတ်ပြည်၌ ဖြစ်သောအာရုံတို့သည်ပင် ထိုရဟန္တာပုဂ္ဂိုလ်၏ စိတ်ကို တုန်လှုပ်ခြင်းငှါ မတတ်ကောင်း။ တော၌မူကား ကာယဝိဝေက၊ စိတ္တဝိဝေက ၂-ပါးလုံးကိုပင် ရ၏။ ထို့ကြောင့် သူတောကောင်းတို့အတွက် မည်သည့်နေရာမဆို မွေ့လျော်ဖွယ်ရှိ၏။ (ဓမ္မ၊ ဋ္ဌ၊ ၁၊ ၃၉၆)

## ၇-နှစ်အရွယ် ရေဝတသာမဏေ

အရှင်သာရိပုတ္တရာသည် ၈၇-ကုဋေသော ဥစ္စာတို့ကို စွန့်ခဲ့၍ သာသနာ့ဘောင်၌ ရဟန်းဝတ်၏။ ထို့ကြောင့် မကြာမီပင် မွေးချင်းများဖြစ်သော စာလာ၊ ဥပစာလာ၊ သီသူပစာလာဟူသော နှမတို့နှင့် စုန္ဒ၊ ဥပသေနဟူသော ညီတို့လည်း သာသနာ့ဘောင်ဝင်ကြ၏။ အထွေးဆုံးဖြစ်သော ညီငယ်ရေဝတသည်ကား မယ်တော် သာရီပုဏ္ဏေးမကြီးနှင့် ကျန်ရစ်၏။ မိစ္ဆာဒိဋ္ဌိဖြစ်သော မိခင်ပုဏ္ဏေးမကြီးသည် ၇-အရွယ်၌ပင် ရေဝတအား မင်္ဂလာဆောင်ပေးသဖြင့် ထွက်ပြေး၍ သာမဏေဝတ်ကာ ရှားတော၌ တစ်ဝါတွင်း၌ပင် ရဟန္တာ ဖြစ်တော်မူသည်။

ခဒိရဝနိယရေဝတတ္ထေရဝတ္ထု ပြီး၏။

♦♦♦♦♦

http://www.dhammadownload.com


## ၁၀-အညတရတ္ထိဝတ္ထု

### မထင်ရှားသော မိန်းမ

မြတ်ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ပဏ္ဍုပါတ်စုတင်ဆောင်သော ရဟန်းတစ်ပါးသည် ဘုရားရှင်အထံမှ ကမ္မဋ္ဌာန်းကိုယူ၍ ဟောင်းနွမ်းပျက်စီးနေသော ဥယျာဉ်ဟောင်းတစ်ခု၌ တရားအားထုတ်နေ၏။ ပြည့်တန်ဆာမတစ်ယောက်သည် ယောကျ်ားတစ်ယောက်နှင့် ထိုနေရာ၌ ချိန်းထားရာ မလာသဖြင့် ထိုရဟန်းအား အမူအရာတို့ဖြင့် ဖျားယောင်းမြူဆွယ်၏။

ထိုရဟန်းသည်လည်း ထိတ်လန့်တုန်လှုပ်သဖြင့် တစ်ကိုယ်လုံး၌ သံဝေဂပျံ့နှံ့၏။ ဘုရားရှင်သည် ဂန္ဓကုဋီတိုက်မှ နေလျက် သိတော်မူသဖြင့် ဤဒေသနာကို ဟောတော်မူ၏။ ဒေသနာတော်အဆုံး၌ ထိုရဟန်းသည် ပဋိသမ္ဘိဒါပတ္တရဟန္တာဖြစ်တော်မူသည်။

### ကာမ မရှာ ဓမ္မရှာ

ပါဠိ။　ရမဏီယာနိ အရညာနိ၊ ယတ္ထ န ရမတီ ဇနော။
　　ဝီတရာဂါ　ရမိဿန္တိ ၊　န တေ ကာမဂဝေသိနော။

အနက်။ အရညာနိ၊ တောတို့သည်။ ရမဏီယာနိ၊ မွေ့လျော်ဖွယ်ရှိကုန်၏။ ယတ္ထ၊ အကြင်တော၌။ ဇနော၊ ကာမကို ရှားမှီးသူသည်။ နရမတိ၊ မမွေ့လျော်နိုင်။ ဝီတရာဂါ၊ ရာဂကင်းကုန်သော။ ယေ၊ အကြင်ပုဂ္ဂိုလ်တို့သည်ကား။ ရမိဿန္တိ၊ မွေ့လျော်ကုန်လတ္တံ့။ တေ၊ထိုရာဂကင်းသောပုဂ္ဂိုလ်တို့သည်။ နကာမဂဝေသိနော၊ ကာမကို မရှာမှီးကြကုန်။

**အဓိပ္ပါယ်**။ တောတို့သည် မွေ့လျော်ဖွယ်ရှိ၏။ ယင်းတောတို့၌ ကာမကို ရှာမှီးသူလူအပေါင်းသည် မပျော်မွေ့နိုင်။ ရာဂကင်းသူတို့သာ မွေ့လျော်ကုန်၏။ ထိုသူတို့သည် ကာမကို မရှားမှီးကြလေကုန်။

**ဓမ္မသာရ**။ ကာမကို ရှာမှီးသူတို့ မမွေ့လျောသောတော၌ ဓမ္မကို ရှာမှီးသူတို့ မွေ့လျော်၏။ ဓမ္မကိုရှာသူသည် ကာမကို မရှာ။

အညတရဝတ္ထု ပြီး၏။

အရဟန္တဝဂ် ပြီး၏။

◆◆◆◆◆

http://www.dhammadownload.com



# ဓမ္မပဒတရားတော်ပို့ချချက်

(ပထမတွဲ)

## မှီငြမ်းကိုးကားသောကျမ်းများ

| | |
|---|---|
| ၁။ ဓမ္မပဒပါဠိတော် | ဗုဒ္ဓသာသနာပုံနှိပ်တိုက် |
| ၂။ ဓမ္မပဒအဋ္ဌကထာ(ပထမတွဲ) | ဗုဒ္ဓသာသနာပုံနှိပ်တိုက် |
| ၃။ ဓမ္မပဒပါဠိတော်နိဿယ(ပ၊ဒု တွဲ) | သင်္ဂဇာဆရာတော် |
| ၄။ ဓမ္မပဒအဋ္ဌကထာမြန်မာပြန်(ပတွဲ) | ဗုဒ္ဓသာသနာပုံနှိပ်တိုက် |
| ၅။ ဓမ္မပဒအဋ္ဌကထာမြန်မာပြန်(ဒုတွဲ) | ဗုဒ္ဓသာသနာပုံနှိပ်တိုက် |
| ၆။ အဋ္ဌကထာအခြေပြု | အရှင်ဇနကာဘိဝံသ |
| ၇။ သရုပ်ပြဓမ္မပဒကျမ်း | ဒေါ်ဝိမ္မွေသီ(ပထမကျော်၊ဓမ္မာစရိယ၊ဘီအေ) |
| ၈။ ဗုဒ္ဓဝါဒအနှစ်သာရဓမ္မပဒ | ဦးသော်ဇင် |
| ၉။ ဓမ္မပဒ | ဦးရွှေအောင်(ဝသံဠုကာ၊သီရောမဏိ) |
| ၁၀။ဓမ္မပဒဂီတိ | အရှင်ပညာရက္ခိတ |
| ၁၁။ဓမ္မပဒလေ့လာသုံးသပ်ချက်များ | သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ |

http://www.dhammadownload.com


## အမတဒါနအလှူရှင်

"စာပေရေးသား၊ တရားဟော,စာချ
ဓမ္မသဘင်၊ ပြုစီရင်လျက်
စာစဉ်,ဓမ္မ၊ ဖြန့်ဝေငသော်
အမတအလှူ ပေးသူမည်၏"

**ဓမ္မစာအုပ်များထုတ်ဝေနိုင်ရန်အလှူ**

## မေတ္တာအလှူရှင်များ

၁။ မင်္ဂလာဗျူဟာ၊ဒွိကာကျော်သင်တန်းသူတစ်ဦး- ၁၀၀၀၀ဝိ
၂။ ကိုစိုးနိုင်+ဒေါ်မှူမှူလှ၊ ငွေကြာရုံရိပ်သာ၊ တောင်ဥက္ကလာ- ၅၀၀၀ဝိ
၃။ မိခင်ဒေါ်ခင်အေးမြင့်အားအမှူးထား၍-
သမီး ဒေါက်တာ ဒေါ်မြမြဝင်းမိသားစု၊လသာမြို့နယ်- ၅၀၀၀၀
၃။ မင်္ဂလာဗျူဟာသင်တန်းဆရာမ ဒေါ်ခင်ယုဝေ၊ ၁၀၀၀ဝိ
၄။ မင်္ဂလာဗျူဟာသင်တန်းဆရာမ ဒေါ်ခင်မာလာလွင်၊ ၁၀၀၀ဝိ
၅။ ဦးတင်မောင်ဝင်း+ဒေါ်ခင်လေးမိသားစု၊ တောင်ဥက္ကလာ- ၁၀၀၀ဝိ
၆။ ဒေါ်ကျင်နွဲ့၊ ဆက်သွယ်ရေး ၅၀၀ဝိ
၇။ ဦးသန်းဝင်း+ဒေါ်စိုးစိုးရီ၊ သင်္ကန်းကျွန်း ၅၀၀ဝိ
၈။ ဦးအောင်သိန်း+ဒေါ်ခင်မြင့် ၅၀၀ဝိ
၉။ ဒေါက်တာဦးအောင်ကိုကို+ဒေါ်ခင်စောဝင်း ၅၀၀ဝိ
၁၀။ဒေါ်ခင်စိုးရီ၊ သဇင်ဆေးဆိုင်၊ ကမ္ဘာအေး ၅၀၀ဝိ